မောင်ရှင်းဆွေ

စားနန်းတော်

သခင်မ



တ/စ နှစ်အုပ်တွဲပေါင်းချုပ်

မောင်နှင်းဆွေ

စားနှုန်းတော်သခင်ဖ



(တ+စ ပေါင်းချုပ်)

မောင်နှင်းဆွေ

ခေးနန်းတော် သခင်မ

(ငါးအုပ်တွဲ သိုင်းစာစဉ်)

(တတိယ * စတုတ္ထ နှစ်အုပ်တွဲ)

စီစဉ်သူ

နိုးမြတ်ဌေး

ဖြန့်ချိရေး

ညီညီစာပေ
အခန်း (၁)၊ တိုက် (၃၇)
ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

အပိုင်း (သုံး)

ရင်ထဲ တိတ်ခနဲ ခံစားလိုက်လေ၏။

ထိုအခါ ခေါင်းနပန်းကြီးသွားသည်ဟု ထင်၏။

ဘုရား ဝတ်ပြုနေသည်ကိုပင် စိတ်မဖြောင့်တော့ပေ။ သို့နှင့် ဝေဝေရန်သည် ရွှတ်ဖတ် သရဇ္ဈယ်ရန် ကျန်သေးသည် မှန်သော်လည်း ရောက်သည့်နေရာတွင်ပဲပင် ရပ်နားထားလိုက်သည်။

ညကား ထုးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းကို လိုလားတပ်မက်ကြသည်ဟု ဆို့သော်ငြားလည်း အခုလို တကယ်တမ်း ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသောအခါ ဝေဝေရန် ချောက်ချားနေမိသည်။

ဤသည်မှာ ဖခင်ကြီး အိမ်တွင်မရှိသည့် အချက်သည်လည်း အကြောင်းရင်းတစ်ရပ် ဖြစ်နိုင်သည်။ ဖခင်ကြီးမှာလည်း ဤနေ့ဤရက်မျိုးတွင် မည်သည့်ကိစ္စနှင့်မဆို မည်သည့်အရပ်ဒေသမျိုးကို မသွားသင့်ဟု ဖခင်ကြီးရော သမီးဝေဝေရန်ပါ သိထားသည်။

မှန်သည်။ ဝေးနှန်းရှင်က လူတွေ မိမိတို့သား အဖ ကို ခြေရာခံမိသွားပြီဆိုကတည်းက တစ်ခုတစ်ခုသော စိတ်အနှောင့်အယှက်မျိုးကို ပေးလိမ့်မည်ဟု မိမိတို့ သိထားကြသည်မှာတော်လား။ ယခုဆိုလျှင် ထိုအန္တရာယ် ကာကွယ်ထားရှိရေးအတွက် လိုအပ်သော ကြိုတင်အစီအစဉ်တွေကို လိုလေသေးမရှိ လုပ်ထားခဲ့ပြီးဖြစ်သည်။

တကယ့်လက်ရွေးစင် သိုင်းသမားများသာမက ခြံတစ်ခြံလုံးအတွက် လုံခြုံမှုအချက်ပြ ကရိယာသတော ခွေးဆိုးကြီးများကိုပင် မွေးမြူ၍ ဉာဘက်ခြံထဲ လွှတ်ထားပါ၏။

သမီးဝေဝေရန် တစ်ကိုယ်ရေ လုံခြုံရေးအတွက် ဖခင်ကြီး တတ်မြောက်ထားသော သိုင်းပညာများသာမက ဝမ်ယင်းရိုးထိမှ အရိုပ်ပြေး သိုင်းကွက်များပါ တတ်မြောက်စေခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့်လည်း ဖခင်ကြီး ဝေဇယန္တာသည် သုံးရက်ကာမျှ ကြာမည့် ခရီးကို မထွက်မဖြစ် ထွက်ခဲ့ခြင်းဖြစ်သည်။

ဖခင်ကြီး ခရီးမထွက်မီ....

'သမီး ဘာမှမစိုးရိမ်နဲ့နော်၊ သမီးလုံခြုံရေးအတွက် လိုအပ်တဲ့ အစီအစဉ်တွေအားလုံး အဖေအစီအစဉ် လုပ်ပေးထားခဲ့တယ်၊ သမီးအနားမှာ ကျွန်ဖောင်ကိုလဲ အမြဲရှိနေစေဖို့ မှာထားခဲ့တယ်၊ ဒီရက်အတောအတွင်းမှာ ဝမ်လင်းရိုးကောက်ဟာမှာဆိုတော့ သမီးအနားမှာ အဖေရှိနေသလို အားကိုးရမှာ မဟုတ်လား'

ဟု အသေအချာပြောကြားခဲ့ပြီးဖြစ်သည်။

ဖခင်ကြီး ခရီးထွက်သွားသည်မှာ တစ်ရက်ကျော်လာခဲ့ပြီ။

ဤသည်မှာ ဒုတိယညဖြစ်၏။

ဝမ်လင်းရိုကား ရောက်မည်ဆိုသော နေ့ရက် နှစ်ရက်လုံး မရောက်ခဲ့၊ တစ်ရက်ပင် စွန်းခဲ့ပါကောလား။ ဝမ်လင်းရိုကိုလည်း ကကီမတည်သော လူတစ်ယောက်ဟု တွေးထင်ရန် မဖြစ်သေးပေ။ သူ့နှင့်ထိတွေ့ခဲ့ရသော အချိန်မှာ မည်မျှကြာသေးသည် မဟုတ်တော်လည်း၊ သူ၏ ကိုယ်နှုတ်အမူအရာအတွေ့အခေါ် မျိုးရိုးဗီဇများကို ထောက်ချင့်၍ သူ့အကြောင်း သူ့ကိုယ်ကျင့်တရားတို့ကို ဝေဝေရန် နားလည်သဘောပေါက်ထားလိုက်ပါ၏။

ထို့ကြောင့် သူမမှာ မမျှော်လင့်သော အကြောင်းတစ်ခုကြောင့်သာ ဝေဝေရန်တို့ထံသို့ အရောက်နောက်ကျနေခြင်းဖြစ်မည်ဟု ဝေဝေရန် တွက်ဆလိုက်လေသည်။

မည်သို့ဆိုစေ ယခုည၊ ထူးထူးခြားခြား တိတ်ဆိတ်နေသည့် အချက်ကို ဝေဝေရန် လုံးဝမကြိုက်တော့ပေ။

'ဦးလေး ကျန်ဖောင်'

'ဦးလေး ကျန်ဖောင်'

'ဦးလေး ကျန်ဖောင်'

ဝေဝေရန်ထည် အလိုလို စိတ်မျှားလှုပ်ရှားလာသည်နှင့် ထိုင်နေရာမှ ဝုန်းခနဲထရင်း၊ ဦးလေး ကျန်ဖောင်ကို အကြိမ်ကြိမ် ခေါ်နေမိ၏။ ဦးလေး ကျန်ဖောင်သည် ဝေဝေရန် ပထမဆုံးခေါ်လိုက်တည်းက ကြားပုံရသည်။

နှစ်ဆစ်ချို့ လေ့ကားမှ တဒုန်းဒုန်း ပြေးတက်လာလေ၏။ ဝေဝေရန်မှာ ဘုရားခန်းဆောင်ထဲက ပြေးထွက်လာခဲ့သည်။ ဖယောင်းတိုင်မီးများထွန်းညှိထားသဖြင့် လင်းနေသော်လည်း ထူးထူးခြားခြား တိတ်ဆိတ် ငြိမ်သက်ခြင်းက ဝေဝေရန်ကို ခြောက်လှန့်နေသလို ဖြစ်နေသည်။

'တူမကြီး ဝေဝေရန်၊ ဘာဖြစ်လို့လဲဟင်.... ဘာဖြစ်လို့လဲ'

ဦးလေး ကျန်ဖောင်က ဝေဝေရန့်ကို တွေ့တွေ့ချင်းပဲ အလောတကြီး မေးလေသည်။

'ကျွန်မကြောက်လို့ ဦးလေးကျန်ဖောင်၊ ကျွန်မ ဘာကို ကြောက်မှန်းမသိဘူး၊ စိတ်ထဲမှာ ချောက် ချား လာပြီး ကြောက်လာလို့ပါ'

ဟု ဝေဝေရန်ပြောနေစဉ် ဝေဝေရန့် အခန်းဆောင်ထဲမှ အသက် ၃၀ ကျော် အမျိုးသမီးတစ်ယောက် မျက်လုံးများကို ပွတ်သပ်၍ ထွက်လာ၏။ သူမကား ဝေဝေရန့် အနားတွင် အမြဲအတူ ရှိနေသော အိစင်းကွမ် ဖြစ်သည်။

သူမလည်း ဝေဝေရန်၏ အသံကို ရုတ်တရက်ကြားလိုက်ရသည်နှင့် အိပ်မှုံစုံမှား ရုတ်ချည်းထွက်လာခြင်း ဖြစ်ပေလိမ့်မည်။

'ညီမလေး ဝေဝေရန် ဘာဖြစ်လို့လဲ၊ ဘာသံကြားလို့လဲ'

ဟု အိစင်းကွမ်က မေး၏။

'တစ်မျိုးပဲ၊ ကျွန်မ စိတ်ထဲ ချောက်ချား လာသလိုပဲ ခြံထဲမှာ တစ်ခုခု ဖြစ်နေတယ်လို့လဲ ထင်နေမိတယ်'

ဝေဝေရန် ပြောလိုက်သောအခါ ဦးလေးကျန်ဖောင်နှင့် အိစင်းကွမ်တို့ပင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ဦးလေးကျန်ဖောင်က ဝေဝေရန်အား....

'ဝေဝေရန် ဘာသံကြားလို့လဲ'

ဟု မေး၏။

ဝေဝေရန်က....

'ဘာသံကိုမှ မကြားလို့ ကျွန်မကြောက်နေတာ၊ အမှန်ဆိုရင် ခြံထဲမှာ ခွေးတွေလွှတ်ထားတယ် မဟုတ် ဘး၊ ခနည်းဆုံး ခွေးဟောင်သံ တစ်သံတော့ ကြားရမှာပဲပေါ့'

ဟု ပြောလိုက်၏။

သည်တော့မှ ဦးလေးကျန်ဖောင် အတွေးတစ်ခု ရလိုက်သည်။

ဝေဝေရန် ပြောသည်မှာ အကြောင်းရင်းခံ တစ်ခုရှိနေရပေလိမ့်မည်။

'အင်း....ဟုတ်သားပဲ၊ ခါတိုင်းညတွေက ခြံထဲမှာ ခွေးဟောင်သံကြားရမြဲပဲ၊ ဒီည ခွေးတွေ မနေဟောင်ဘူး၊ ခွေးတွေကို အခုည မလွှတ်ပဲ ကြိုးချည်ဆားတာမျှားလား'

'ဟုတ်တယ်နော်၊ အခုည အခြေအနေဟာ တစ်မျိုးခြည်းပဲ၊ ဒါကြောင့်လဲ ကျန်မဆိုရင် ဘုရားဝတ်ပြုရင်း ကျောချမ်းတာနဲ့ ခုလိုထပြီး ခေါ်မိခေါ်ဆ ခေါ်လိုက်မိတာ'

'ဘာမှမဖူပါနဲ့ ဟူမရယ်၊ အနားမှာ ဦးတို့ရှိသားပဲ၊ ခြံထဲမှာလဲ သိုင်းသမားတွေ အသင့်အနေအထားနဲ့ ရှိနေတာပဲ'

'ကျန်မတော့ အိပ်လို့ရမယ် မထင်ဘူး'

'စိတ်အားအေးထားပြီး အိပ်ပါတူမရယ်၊ ကဲကဲ....ဦးလေး ခြံထဲဆင်းပြီး လေ့လာလိုက်ဦးမယ်'

ဦးလေးကျန်ဖောင်က ပြောပြောဆိုဆို တံခါးကိုဖွင့်ကာ အိမ်အောက်သို့ ဆင်းသွားလေတော့၏။

ဦးလေးကျန်ဖောင် အိမ်အောက်သို့ ဆင်းသွားသည်နှင့် လေကာအဆင်း ကြမ်းခင်းအရောက်တွင် ရုတ်တရက်လဲပြိုသံမျှားကို ကြားလိုက်ရသည်။

'ဝုန်း....'

'ဒုန်း....'

'ဒုန်း....'

မည်သည့် အသံတွေဆိုတာကို ဝေဝေရန် မသိလိုက်ရတော့ပေ။ အကြောင်းမူကား မိမိ ရှေ့တူရွှဲ ပြုတင်းတံခါးသည် ဝုန်းခနဲပွင့်လာပြီး အပြာရောင်ဝတ်စုံနှင့် သိုင်းသမားတစ်ယောက် လွှားခနဲ ခုန်ပျံ ဝင်ရောက် လာသောကြောင့် ဖြစ်သည်။

နောက်ထပ် အပြာရောင်ဝတ်စုံမျှားနှင့်ပင် သိုင်းသမားသုံးယောက် ဘွားခနဲ ခုန်ပျံလျက် အခန်းတွင်းသို့ ရောက်ရှိလာ၏။

ရှေ့ဆုံးက ခေါင်းပေါင်းကြီး ပေါင်းထားသော လူကြီးကိုကား ဝေဝေရန် ကောင်းစွာသိထား၏။

ထိုသူကား ဓားနှန်းရှင်ထံမှ စေလွှတ်လိုက်သော ချန်စွမ်းတောင် မဟုတ်ပါလား။ သူတို့သည် ခြံထဲတွင် ထားရှိသော ခြံစောင့် ခွေးဆိုးမျှားကိုလည်းကောင်း၊ လက်ရွေးစင် သိုင်းသမားတွေကို လည်းကောင်း မည်သို့ ဖြတ်ကျော်လာကြပါသနည်း။

'ဦးဇီးတော်ချန်စွမ်းတောင်ပါလား၊ ဘယ်လိုအကြောင်းနဲ့ ဒီကို ခုလိုအချိန်မတော်ညကြီး သန်းကောင် ရောက်လာရတာလဲ'

ဒေဝေရန်က သိရှိနားလည်ထားပါလျက် မေးလိုက်မိသည်ဟု ချန်စွမ်းတောင်ဆိုသော လူကြီးကလည်း သိရှိဟန်တူသည်။

'ဟား ဟား ဟား ဟား'

ချန်စွမ်းတောင်က ခပ်ဆွဲဆွဲ တစ်ချက်ချင်း မရယ့်ချင့်၊ ရယ်ချင်၊ ရယ်မောကာ ရှေ့သို့တွက်လာလေသည်။

'ဘယ်လို အကြောင်းနဲ့ ရောက်လာတာလဲလို့ မေးနေစရာလိုသေးလို့လား'

ချန်စွမ်းတောင်က ဒေဝေရန်၏ မျက်လုံးနှစ်လုံးကို စူးစူးစိုက်စိုက်ကြည့်ကာ ပြောလိုက်ခြင်းဖြစ်သည်။

အိစင်းကွမ် ဆိုသော အမျိုးသမီးက အားကိုးရသလားမှတ်သည်။ ခုတော့ သူက ဒေဝေရန်ကိုပင် ပြန်၍အားကိုးနေရပါကော။

'ကျွန်မတော့ ဘာမှ နားမလည်ဘူး၊ ကျွန်မတို့သားအဖ အေးအေးဆေးဆေးလေး နေနေတဲ့ဘဝကို လာဖျက်ဆီးတာပဲလို့ တော့ ကျွန်မထင်မိတာပဲ'

ဒေဝေရန်က အရဲစွန့်၍ ပြောလိုက်ပြန်၏။

ချန်စွမ်းတောင်က၊ တစ်ချက်ပြုံးလိုက်ကာ....

'မင်း ထို့သားအဖကို လာခေါ်တာပဲလေ၊ အေးအေးလူလူ လိုက်လာဖို့ ကျုပ် မင်းတို့သားအဖကို အနှုံးအညွတ် တောင်းပန်တယ်၊ လိုက်လာသင့်တယ်လို့လဲ ကျုပ်ထင်တယ်'

ဟု ပြောလေသည်။

ထိုအခါ ဒေဝေရန် မျက်နှာကွက်ခနဲ ပျက်သွားပါတော့သည်။ ချက်ချင်းပဲ နောက်ဘက်သို့ ဆုတ်သွားသည်။

'အို.... ကျွန်မတို့သားအဖ ဘယ်ကိုမှလိုက်စရာမလိုဘူး၊ လိုက်လဲမလိုက်ဘူး၊ကျွန်မအဖေလဲ လောလောဆယ် ဒီအိမ်မှာမရှိဘူး၊ ခရီးထွက်နေပါတယ်'

ချန်စွမ်းတောင်က....

'လွယ်ပါတယ်၊ မင်းအဖေ ခရီးထွက်နေတယ် ဆိုတော့လဲ မင်းတစ်ယောက်တည်းကိုပဲ ခေါ်သွားရမှာပေါ့'

ဟု ပြောလိုက်သောအခါတွင်ကား ဒေဝေရန် လွန်စွာတုန်လှုပ်သွား၏။

အမျက်ဒေါသလည်း ထွက်လာလေတော့သည်။

ထို့ကြောင့် ဘာကိုမျှဆက်မတွေးတော့ဘဲ၊ ခန်းဆောင်ထဲတွင် အသင့်ဆောင်ထားသော ဓားကို ပြေးယူသည်။

ဓားလက်ထဲရောက်သည်နှင့်....

'ဝှစ်....'

'ဝှစ်....'

'ဝှစ်....'

အရိပ်ပြေး သိုင်းကွက်များကို ဖော်ထုတ်ပြလိုက်သည်။

ကောင်းလိုက်သည့် သိုင်းကွက်များပါတကား။

တစ်ခန်းလုံးပင် လေလိုင်းရိုက်ခတ်ခြင်းကို ခံလိုက်ရပေ၏။

ချန်စွမ်းတောင် ကမူ ပြုံးမြဲပြုံးလျက်....

'အလွန်ကောင်းမှန် လှပတဲ့ အရိပ်ပြေး သိုင်းကွက်ပေ

ပဲကိုး၊ အခုလို ကြိုတင်စီစဉ်မှုတွေ ရှိနေလိမ့်မယ်ဆိုတာကို သိ
ထားအောင် လုပ်ထားလို့ တော်သေးတာပေါ့'

ဟု ပြောလိုက်လေသည်။

နောက်လိုက် အပြာရောင် သိုင်းသမားများသည်လည်း
မိမိတို့တာဝန် မိမိတို့လုံခြုံရန် နေရာယူထားလိုက် ကြပြီဖြင်
သည်။

ဝေဝေရန်က....

'ဦးရီးတော် အချိန်ကုန်ပြီး လူတွေလဲ ပင်ပန်းမယ့်အလုပ်
တွေကို ဆက်လက်မလုပ်ချစ်ပါနဲ့တော့၊ ပြန်သာပြန်ပါတော့၊
ဦးရီးတော်မပြန်ရင် ကျွန်မ ဦးရီးတော်ကို တိုက်ခိုက်ရပါလိမ့်
မယ်'

ဟု ပြောလေ၏။

ချန်စွမ်းတောင်က....

'အဲဒီစကားကို ကျုပ်က ပြောရမှာပါ၊ အခုအချိန်မှာ
ခြံစောင့် ခွေးဆိုးတွေလဲ သေကုန်ပြီ၊ သိုင်းသမားတွေအားလုံး
လဲ အကြောပိုတ်ခံနေကြရပြီ၊ မင်းဦးလေးကြီး ကျန်ဖောင်
အပါအဝင်ပေါ့'

'ဒီအချိန်မှာမင်းတစ်ယောက်တည်းပဲရှိနေတော့တာကွယ့်
နောက်ပြီး မင်းမှာတတ်ထားတဲ့ သိုင်းပညာရပ်တွေကို ကျုပ်
က အသေအချာ လေ့လာထားပြီးမှ မင်း တတ်ထားတဲ့
သိုင်းပညာထက် အဆင့်မြင့်အောင် ပြင်ဆင်ပြီးမှလာခဲ့တာပဲ့

'ဓားနန်းရှင်မှာ သိုင်းပညာနဲ့ပတ်သက်လို့ ဘယ်လိုအခြေ
အနေမျိုးတွေ ရှိနေတယ်ဆိုတာလဲ သမီးအသိပဲမဟုတ်လား

'အေး အဲဒီတော့ သမီးကို ဦးရီးတော် ခေါ်သွားမယ့်
ဓားနန်းရှင်ဆီကိုသာ အသာတကြည်လိုက်ခဲ့ပါတော့ကွယ်'

ဟု ရှည်လျားပြည့်စုံစွာ ပြောလိုက်ပြီးသောအခါတွင်ကား
ဝေဝေရန်မှာ လက်ထဲတွင်ဆုပ်ကိုင်ထားသောဓားကို လွှတ်ချ
လိုက်ရပါလေတော့၏။

ချန်စွမ်းတောင်သည်လည်း သူ၏ နောက်လိုက်တစ်ဦးအား
ဝေဝေရန်၏ဓားကို ကောက်စေကာ အခန်းထဲမှ အလျင်ဆုံး
ထွက်ခွာသွားလေတော့သည်။

အခန်း [၃၇]

မနားတမ်းနှင့် မြင်းကို တရကြမ်း ဒုန်းစိုင်းလာခဲ့သည်မှာ အရုဏ်တက်တည်းက ဖြစ်သည်။

မြင်းညိုကြီးမှာ မြင်းကောင်း မြင်းသန့် ဖြစ်နေ၍သာ တော်ရော့သည်။

သာမန်မြင်းမျိုး ဆိုပါမူ အမောဆို့၍ သေပေရော့ပေမည်။

သည်လို အခြေအနေမျိုး မရောက်ရလေအောင် သူကြွယ်ကြီး ဝေအောလျှန်က ဝမ်လင်းရိကို အတန်တန်တားဆီးခဲ့ပါသေးသည်။

တစ်ခုတည်းသောလမ်း ဖြစ်နေခြင်းကြောင့် သည်လမ်းအတိုင်းဆက်လိုက်လျှင် ဝေဝေရန်နှင့်အတူ သူမအားဖမ်းဆီး

ခေါ်ဆောင် သွားသော ချန်စွမ်းတောင်တို့အဖွဲ့ကို တွေ့နိုင်သည် ဆိုကတည်းက ဝမ်လင်းရိ လိုက်ပါသွားလိမ့်မည်ဟု တွက်ထားပြီးသားဖြစ်သည်။

ထို့ကြောင့်လည်း....

သူကြွယ်ကြီးဝေအောလျှန် တားဆီးသည်ကို ငြင်းဆန်ဖြီး ထွက်လာခြင်းဖြစ်သည်။

'ချန်စွမ်းတောင်ဟာ သာမန်သိုင်းသမားမဟုတ်ဘူး၊ ဝမ်လင်းရိ ဟိုရောက်ရင် တူမောင်ဟာ မလွဲကေန် ချန်စွမ်းတောင်နဲ့ တွေ့မှာသေချာတယ်။

'သူ့ကို တူမောင် ယှဉ်ပြိုင်တိုက်ခိုက်မလားဆိုတာကိုအရင်ဆုံး စဉ်းစားဖို့လိုတယ်၊ အေး ယှဉ်ဝံ့တယ်၊ ယှဉ်နိုင်မယ် ဆိုရင်တော့ တူမောင့်ကို ကျုပ် တားစရာမလိုတော့ပါဘူး'

ဟူသောစကားကို သူကြွယ်ကြီး ဝေအောလျှန်က ပြောသည်။

သူ၏သမီးအား သွားရောက် ကယ်ထုတ်မည်ဆိုသော လူတစ်ယောက်ကို ဤသို့သောစကားမျိုး ပြောလာသည့်အတွက် ဝမ်လင်းရိကတော့ အတော်ကို သဘောကျသွားသည်။

တကယ်ဆိုလျှင်...

သူ့အနေနှင့် ခုလိုတားဆီးနေစရာမလို။

အမြန်ဆုံးဆွက်သွားပြီး သမီးဝေဝေရန်အား ကယ်တင်ဖို့ ကိုသာ တဖွဖွပြောနေရော့မည်။

ခုတော့....

တဖွဖွမပြော။

သိုင်းဆရာကြီးတစ်ဦး ဖြစ်နေသော ချန်စွမ်းတောင်နှင့် ပတ်သက်၍ အန္တဆုယ်ရှိနိုင်ကြောင်းကိုပင် ဆုတ်ဖော်၍ သတိပေးခဲ့သည်။

လောလောဆယ် လိုက်မသွားရန် တားဆီးနေသည်။

သည်လိုလူမျိုးကလည်း ခပ်ရှားရှားပင်။

သို့သော်လည်း....

ဝမ်သင်းရီကတော့ မိမိသိုင်းပညာကို ယုံကြည်နေသည်။

ဆရာကြီး နဂါးငွေခား ချင်းဟုန်ကလွဲ၍ ဘယ်လို သိုင်းပညာရှင်မျိုးမဆို မိမိအနေနှင့် ရင်ဆိုင်ယှဉ်ပြိုင်ရန် အချိန်တိုင်း အသင့်ရှိသည်ဟု ဆုံးဖြတ်ပြီးဖြစ်သည်။

ချန်စွမ်းတောင်တို့ အုပ်စုမှာ လူနှစ်ဆယ်လောက်တော့ ရှိမည်။

အားလုံးမှာ တကယ့် လက်ရွေးစင်သိုင်းသမားတွေချည်း ဖြစ်ကြသည်။

မည်သို့သော သိုင်းသမားတွေပဲဖြစ်ပါစေ ဝမ်လင်းရီက လုံးဝမမှုပေ။

သည်လို လက်ရည်တူ သိုင်းသမားမျိုးကိုမှ မိမိကလည်း တွေ့ချင်နေသည်ပဲ။

မြင်းညိုကြီးမှာ မည်မျှပင်သန်မာသောမြင်းမျိုး ဖြစ်လင့်ကစား အသွေးနှင့် အသားနှင့် တည်ဆောက် ထားရသော သတ္တဝါဖြစ်လေသောကြောင့် ဝမ်လင်းရီ စိတ်တိုင်းကျ မဖြစ်တော့ပေ။

အတော်လေး မောပန်းလာဟန်တူ၏။

သူ့အား ခြေနင်းကွင်းနှင့် ပိုက်ကိုဆောင့်သည်ကိုပင် သူကပို၍ မစိုင်းတော့ပေ။

'အခုလောက်ဆိုရင် ဝေဝေရန်တို့ကို မီလုပါပြီကွာ၊ နည်းနည်းလောက် ကြီးစားလိုက်စမ်းပါဦး မြင်းညိုကြီးရာ'

ဟု ပြောလိုက်မီပါသေးသည်။

သည်တော့လည်း မြင်းညိုကြီးသည် လူစကားကိုနားလည်သည့်အလား ဟီသံကိုပင် ပြုလိုက်ပါသေး၏။

'ဟီ....ဟီ....ဟီ'

သို့သော်လည်း....

သူ့ခြေတို့ကား တုံ့နှေးစပြုလာပါသည်။

နေကလည်း မြင့်လာပြီမဟုတ်လား။

ထို့ကြောင့်....

နေ့၏အပူရှိန်မှာ ပို၍ပြင်းလာသည်။

ထို့အပြင်....

ယခုလို တောင်ကုန်း တောင်တက်တွေ့ကို ဦးမော့ကာ မော့ကာ တက်နေရသောအခါ မြင်းညိုကြီး မရှုန်းသာတော့ပေပြီ။

မြင်းညိုကြီးအတွက် ကံကောင်းသည်ဟု ဆိုရမည်လားတော့ မသိ။

တောလမ်းအတွင်း မမျှော်လင့်ဘဲလျက် စမ်းချောင်းငယ်တစ်ခုကို တွေ့လိုက်ရခြင်းပင်။

'ကဲ မြင်းညိုကြီးလေဟုန်ရေ၊ မင်းလဲ ခြေကုန်နေတာနဲ့ အတော်ပါပဲကွာ၊ မင်းအတွက် စမ်းချောင်းကလေး တွေ့လာရပါပြီ၊ ငါလဲ စမ်းချောင်းတွေမှ ရေဆာနေမှန်း သိရတော့တယ်ကွာ'

ဟု ပြောကာ မြင်းဇက်ကြိုးကို ကုံ့ခနဲဆဲ့၍ ရပ်လိုက်၏။

ထို့နောက်....

မြင်းပေါ်က ခုန်ချလိုက်ကာ မြင်းညိုကြီးကို ရေစပ်သို့

ဦးတည်ကာ တင်ပါးကို လက်ဝါးဖြင့် ဖြောင်းခနဲ တစ်ချက် ပုတ်လိုက်လေ၏။

ဤသို့သောအပြုအမူကို မြင်းညိုကြီးလေဟုန်က ကောင်းကောင်းသိသည်။

ရေစပ်သို့ ဟီသံပြု၍ ပြေးသွားပါလေတော့၏။

သည်တော့မှ ဝမ်းသင်းရိုးသည်း စမ်းချောင်းရေစပ် တစ်နေရာသို့ဆင်းကာ ရေတဝသောက်၏။

မျက်နှာသစ်၏။ ဂုတ်ကိုရေဆွတ်၏။ ခုလို ပင်ပန်းနွမ်းနယ်လွန်းသော အချိန်မျိုး ရေကို ထိတွေ့ရသည့် ထိတွေ့မှုမျိုးမှာ အလွန်အဘာရှိပြီး အရဘာပြည့်ဝလှသော အစားအစာတစ်ခုကို စားလိုက်ရသည်သို့ ရှိသည်ထင်၏။

ထို့နောက်....

ကုန်းပေါ်ပြန်တက်မည်အပြု အပြာရောင်အရိပ်ဘစ်ရိပ်ကို တွေ့လာရပါတော့၏။

မျက်စိထဲ ရေတွေ့ သီးနေ၍ ရုတ်တရက် မထင်မရှားဖြစ်သွားခြင်းဖြစ်သည်။

အသေအချာ မျက်စိထဲက ရောတွေ လက်ဖမိုးနှင့် ပွတ်သပ်၍ ကြည့်လိုက်သော အခါတွင်ကား ခေါင်း ပေါင်းပါင်းထားသော ဝတ်စုံပြာနှင့် လူကြီးတစ်ယောက် ဖြစ်နေသည်။

ဓားကို နောက်ကျောတွင် ချီတ်လွယ်ထား၏။

သူ၏ ကိုယ်ဟန်အနေအထားမှာ တောင်ထောင် မောင်းမောင်းနှင့် သိုင်းသမားကောင်းတစ်ယောက် ပီသလွန်းပါ၏။

ပြီးတော့ သူ၏ကိုယ်ခန္ဓာ အနေအထားမှာ သိုင်းပညာလေ့ကျင့်မှုများ ပြည့်ဝနေမည်ဖြစ်သော အနေအထားမျိုးဖြစ်သည်။

သူ့ကိုတွေ့လိုက်ရပြီ ဆိုကတည်းက ဝမ်လင်းရိကတော့ သူကြွယ်ကြီး ဝေအောလျှန် ပြောသော ဝေဝေရန်၏ ဦးရီးတော် ချန်စွမ်းတောင်ပဲ ဖြစ်မည်ဆိုသည်ကို သိထားလိုက်ပါ၏။

တစ်ချက်ပဲ စဉ်းစားစရာရှိနေသည်။

သူ၏လူများ ဘာကြောင့် ပါမလာတာလဲ၊ ဝေဝေရန်ကော ဘယ်ကိုရောက်နေပြီလဲ၊ ဝေဝေရန်နှင့် နောက်လိုက်လက်ရွေးစင် သိုင်းသမားတွေကို ရှေ့သို့ကြိုလွှတ်လိုက်ပြီးသူက နောက်ကလိုက်လာမည်။

ရန်စွယ် အန္တရာယ်အသွယ်သွယ်ကို ချေမှုန်းတိုက်ဖျက်ရန် နေရစ်ခဲ့ဘည်ပဲလား၊ တွေးတောရင်း ဝမ်လင်းရိကုန်းပေါ်သို့ ပြန်တက်လာလေသည်။

'မိတ်ဆွေကြီးက ဓားနန်းရှင်က ချန်စွမ်းတောင် ထင်တယ်'

ဟု ဝမ်လင်းရိ မေးလိုက်သည်တွင်၊ ခေါင်းပေါင်းနှင့် လူကြီးက....

'မင်းဟာ သိုင်းသမားကောင်းတစ်ယောက် ပီသပါပေတယ်ကွာ၊ ဟုတ်ဘာပေါ့ ကျုပ်ဟာ ဓားနန်းရှင်က ချန်စွမ်းတောင်ဆိုတာ'

ဟု ပြောဏ်။

ဝမ်လင်းရိက....

'ဒီလိုဆိုရင် ကျုပ်ဟာ နဂါးငွေ့ဓား ဝမ်လင်းရိဖြစ်တဲ့ အကြောင်း အသိပေးချင်ပါတယ်'

ဟု ပြောလိုက်စဉ် ချန်စွမ်းတောင်က....

'ဟုတ်ပြီ....အကြောင်းကိုက'

ဟု သိလျက်နှင့် မေးလာလေရကား ဝမ်လင်းရိက ..

'သိလျက်နဲ့ ဘာကြောင့်များ အချိန်ကုန်ခံ မေးနေရတာလဲဗျာ၊ ကျုပ်ကတော့ တည့်တိုးပဲ့ မေးမယ်၊ ဝေဝေရန် ဘယ်မှာလဲ၊ သူ့ကို ခင်ဗျားတို့ ဘာကြောင့်ဖမ်းဆီး ခေါ်ဆောင်လာရတာလဲ၊ ဝေဝေရန်ကို ကျုပ် လာခေါ်တာပဲ'

ဟု ပြောလိုက်သေ၏။

ထိုအခါ ချန်စွမ်းတောင်က....

'ကုန်းပေါ် တက်လာခဲ့ပါဦး၊ ဒီအကြောင်း အေးအေးဆေးဆေးပြောကြရတာပေါ့'

ဟု ပြော၍ ဝမ်လင်းရိလည်း ကုန်းပေါ်တက်လာခဲ့လေ၏။

ချန်စွမ်းတောင် အနီးသို့ကား မကပ်၊ ခပ်လှမ်းလှမ်းတွင်သာ ရပ်လိုက်၏။

ချန်စွမ်းတောင်က စတင်၍....

'တူမောင်က ဘုမသိဘမသိ လိုက်တာပဲကိုး၊ တူမောင်ကို ဝေအောလျှန်က ဘာမှမပြောလိုက်ဘူးထင်တယ်၊ အခုကိစ္စကတို့ ဓားနန်းရှင်နဲ့ အရေးကိစ္စဘစ်ခု ဖြစ်တယ်ဆိုတဲ့ စကားအရိပ်အမြွက်ကိုတောင် သူက တူမောင်ကို မပြောပဲကိုး....

'ဒီအကြောင်းတွေအတွက် ကျုပ် သူ့ကို စာတစ်စောင်တောင် ရေးပေးထားခဲ့ သေးတာပဲ'

'ထားပါလေ၊ ဒီအကြောင်းတွေ မသိဘူးဆိုလဲ၊ နောက်တော့ သီရမှာပဲပေါ့၊ အခု ကျုပ် တူမောင့်ကို ပြောချင်တာကတော့၊ တောင်းပန်တယ်ပဲပြောပြော၊ မေတ္တာရပ်ခံတယ်ပဲဆိုဆိုပေါ့လေ၊ အဲဒီစကားကတော့ တူမောင် ဒီက အသာတကြည် လှည့်ပြန်ပါဆိုတဲ့ စကားပါပဲ၊ ဒီလိုပြောရတာ

ကလဲ အခုကိစ္စဟာ တူမောင်နဲ့ ဘာမှမပတ်သက်တဲ့ ဓားနန်းရှင်ရဲ့ကိစ္စ ဖြစ်နေလို့ပါပဲ'

ဟု ရှင်းလင်းပြောပြကာမှ ဝမ်လင်းရိ စဉ်းစားမရလောက်တောင် ရှုပ်ထွေးသွားပါလေတော့၏။

'အို.... ကျုပ် ဘာမှနားမလည်ဘူး၊ ရှင်းနေတဲ့ကိစ္စ တစ်ခုကို မရှုပ်ရှုပ်အောင် ပြောမနေစမ်းပါနဲ့၊ ဝေဝေရန်ကိုသာ ဒ မြန်ဆုံးထုတ်ပေးပါ၊ ကျုပ်နဲ့ဝေဝေရန် ဘာမှမပတ်သက်ဘူးဆိုတဲ့ စကားကိုလဲ ဦးကြီး ပြန် ရုပ် သိမ်း လိုက် ပါ၊ ကျုပ်ဟာ ကျုပ်လုပ်တဲ့ အလုပ်မှန်သမျှ ကျုပ်နဲ့မပတ်သက်ပဲ ဘယ်တော့မှ မလုပ်ခဲ့ဘူးဆိုတာကို ဦးသိစေချင်ပါတယ်'

ဝမ်လင်းရိက ဒေါသဖြင့်ယှဉ်သော စကားကို ပြောလိုက်သည်။

မိမိနှင့်ဝေဝေရန်မပတ်သက်ဘူးဆိုသောစကား ကြားလိုက်ရသည်ကိုပဲ အလွန်နာကြည်း ခံခက်လျက်ရှိနေလေ၏။

'ဒေါသတွေကို အသာထားလိုက် စမ်းပါဦး တူမောကောင်းပြီလေ၊ ဒီလိုဆိုလဲ ကျုပ်က တူမောင် ကျေနပ်လောက်တဲ့အထိ တစ်ခုကို လုပ်ပြရသေးတာပေါ့'

ဟု ပြောလိုက်ပြီးနောက်....

'ဖြောက် ဖြောက် ဖြောက်'

လက်ခုပ်သုံးချက်တီးလေ၏။

ထိုအခါ တောအုပ်သဲတွင် အယောင်ဖျောက်ထားသော မြင်ကွင်းတစ်ခု ပေါ်လာပါတော့၏။

ဝေဝေရန်နှင့် ဓားနန်းရှင်လက်ရွေးစင် သိုင်းသမားများ ပင် ဖြစ်ပါ၏။

ဝေဝေရန်က....

'အစ်ကို ဦးရီးတော် ချန်စွမ်းတောင်ကို မယှဉ်ပါနဲ့တော့၊ အစ်ကို့မှာ အန္တရာယ်တွေ ရှိနေလို့ပါ'

ဟု ပြောလေရာ ဝမ်လင်းရိက....

'အို.... မင်း ဒီဇကားတွေ ဘာ့ကြောင့် ပြောနေရတယ် ဆိုတာကို ကျုပ် ကောင်းကောင်း နားလည်တယ်၊ မင်း ဆက်မပြောနဲ့တော့'

ဟု ပြောကာ နဂါ ငွေ့ဓားကို ဆွဲထုတ်လိုက်လေ၏။

'ရှမ်း....'

ထိုအခါ ချန်စွမ်းတောင်က....

'ကဲ.... ဝေဝေရန် ဘယ်လိုသဘောရသလဲ၊ ဦးရီးတော် တိုကတော့ ဓားနန်းရှင်ရဲ့ အရေးကိစ္စ တစ်ခုကိုပဲ ဆက်လုပ်ရလိမ့်မယ်'

ဟု ပြောလေ၏။

ဝေဝေရန်သည် ရှေ့သို့ပြေးအထွက်....

လက်ရွေးစင်သိုင်းသမား နှစ်ယောက်၏ ဓားနှာ်လက်ကချပ်ခနဲ ထိမ့်ဆွဲသွားသည်အထိ ကာဆီးထားလိုက်လေ၏။

'အစ်ကို ကျွန်မကို ကယ်တင်လာခဲ့တဲ့အတွက် ကျွန်မမမေ့ပါဘူးရှင်၊ ဒါပေမယ့်'

ဟုပြောနေစဉ် ဝမ်လင်းရိက....

'ဝေဝေရန် မင်းဘာမှမပြောနဲ့တော့'

ဟု ပြောပြီး ချန်စွမ်းတောင်ကို စတင်တိုက်ခိုက်ပါလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

ချန်စွမ်းတောင်က ဓားကိုမထုတ်၊ ခံစစ်အသွင်နှင့် ဝမ်လင်းရိ၏ ရင်ဘတ်က သုံးနေရာကိုသာ လက်ညှိုးဖြင့် အမိအရဖမ်းထောက်လိုက်လေ၏။

သည်အချက်ကို ဝမ်လင်းရိ ဒေါသရှေ့ထားမိ သဖြင့် မတွက်မိလိုက်ပေ။ ခုတော့ လက်နှစ်ဖက်စလုံး လှုပ်မရတော့

သည်ပြင် ရပ်သည်၍လည်း မရတော့၊ ငုန်းခနဲ လဲကျသွား ပါလေတော့၏။

'ဦးရီးတော် ရက်စက်တယ်'

'ဦးရီးတော် မတရားဘူး'

'ဦးရီးတော် သိုင်းသမားကောင်း မဟုတ်ဘူး'

ဟူသော ဝေဝေရန်၏ စကားသံတို့သည်ကား တဖြည်းဖြည်း ဝေးကွာသွားပါလေတော့၏။

အခန်း (၃၈)

ရေခွက်ထဲက ရေကို ကုန်စင်အောင် သောက်လိုက်သည့်တိုင်အောင် ရေအဆာမပြေသေးသည်နှင့် နောက်တစ်ခွက်ခပ်၍သောက်ရပြန်၏။

သည်တော့မှ ရင်ထဲက အပူဟါငြိမ်းပြီး ရေအဆာသည်လည်း ပြေသွားလေ၏။

ဝမ်လင်းရိသည် သောက်ရေခွက်ကို သောက်ရေအိုးပေါ်ပြန်တင်ထားလိုက်ပြီးနောက် ပတ်ဝန်းကျင်တစ်ခုလုံးကို လေ့လာအကဲခတ် ကြည့်သည်။

မိမိအဖို့ကား ဤနေရာသည် နေရာသစ်တစ်ခုဖြစ်နေသည်။

သစ်များဖြင့် တည်ဆောက်ထားသော လုံးချင်းအိမ်ကလေးတစ်လုံးဖြစ်သည်။

တံခါးမှန်သမျှ အခိုင်အခန့် ပြုလုပ်ထားသဖြင့် စဉ်းစား စရာ ဖြစ်နေသည်။

'တီး တီး တစ် တစ် တီ

ကလစ် ကလစ် တွဲ တွဲ တွဲ

ဖလက် ဖလက် ဖလက်'

တောအုပ်အတွင်းမှ ပေါ်ထွက်လာတတ်သော တောဇ်ကျေးငှက်တို့အသံ မလံကို ဝမ်လင်းရီ အမြဲလိုလို ကြားဖူးခဲ့သည်ပဲ။

သို့နှင့် ဝမ်လင်းရီက မိမိက ဘယ်သူနှင့်တွေ့ပြီး ဘယ်နေရာ ရောက်လာသည်ကို တွေးကြည့်နေမိသည်။

ဝေဝေရန် နောက်ကို ကမူးရှူးထိုး လိုက်လာမိသော ဝမ်လင်းရီကို ဝေဝေရန်၏ ဦးရီးတော် ချန်စွမ်းတောင်က အကြောပိတ်ထားခဲ့ပြီးနောက် အတန်ကြာသည့်အထိ အတွင်းအားကို အသုံးပြုပြီး ပိတ်ထားသော အကြောတွေကို ဖြေကြည့်သည်။

အပေါ်ပိုင်း လက်တွေ ပြန်လည်လှုပ်၍လာသဖြင့် ပိတ်ထားသော အကြောတွေအားလုံး ပွင့်လိမ့်မည်ဟု ဝမ်လင်းရီ တွေးထားခဲ့သည်။

သို့သော် ထိုအတွေး မှားကြောင်း ချက်ချင်း သိလာ လေ၏။

ပိတ်ထားသော အကြောများက အချို့သာပွင့်ပြီး အချို့မှာမပွင့်တဲ့ စာင်းခံနေသည်။

ယိုအခါ ဒေါသဖြင့် မပွင့်ရကောင်းလားဟု ကြိုးစားရင်း သတိလစ်သွားခဲ့ခြင်းဖြစ်သည်။

မိမိကိုယ်ကို သေလောက်ပြီ ထစ်ထားပါလျက် သတိပြန်လည်လာသောအခါ အသက်မသေသည့်အပြင် ပိတ်ထားသော အကြောများ ပြန်ပွင့်နေ၏။

ပြီးတော့ မိမိမရောက်ဖူးသော နေရာကို ရောက်နေသည်ကို သိလာရ၏။

'ငါ ဘယ်နေရာကိုရောက်နေပါလိမ့်၊ တစ်ယောက်ယောက်တွေ့သွားတာပဲလား၊ ဒါမှမဟုတ် ဟိုလူကြီး ချန်စွမ်းတောင် ပြန်ခေါ်ပြီး သူပိတ်ထားတဲ့ အကြောတွေ ပြန်ဖွင့်ပေးလိုက်တာပဲလား၊ ဟုတ်တယ် ဖြစ်နိုင်တယ်၊ ဒါကြောင့် ပိတ်ထားတဲ့ အကြောတွေ နဂိုအတိုင်းဖြစ်နေတာဟု တွေးရင်း သောက်ရေထသောက်ခဲ့ခြင်းဖြစ်၏။

ရေနှစ်ခွက်ကို ဆင့်သောက်ပြီးသောအခါ အိမ်အပြင်သို့ ထွက်လာခဲ့လေ၏

ပထမဆုံး ဝမ်လင်းရီ တွေ့လာရသည်မှာ အိမ်ကလေး ရှေ့မှလှမ်းမကမ်းရှိ ချောင်းကူးတံတားလေး ဖြစ်၏။

တောကြီး မျက်မည်းထဲ သစ်လုံးများနှင့် ခပ်လွယ်လွယ်

နည်းကိုသုံးကာ ဆောက်လုပ်ထားသော ချောင်းကူးတံတား တစ်ခုဖြစ်နေသော်လည်း သစ်လုံးများဖြင့် ဆောက်လုပ်ထားသဖြင့် ခိုင်ခန့်လှပေသည်။

တံတားတစ်ဖက်တွင် အနီဆောင် ပန်းပွင့်များနှင့် အဖြူဆောင် ပန်းပွင့်မျိုး ငှားငှားနှင့်စွင့် ပွင့်နေလေ၏။

ပန်းပွင့်တွေ့ ဝေဆာနေသော ပန်းလိပ်ပြာကလေးတွေ၊ ပုဇွန်းကလေးတွေက ဟိုစပ်စပ် သည်စပ်စပ် ပျံသန်းဝဲလှည့်နေကြ၏။

'တီ တီတီ....တီတီ

ကျလစ်.... ကျလစ်'

တောင့်က် ကလေးတွေက ဘယ်နေရာကမှန်း မသိ၊ သူတို့၏ ထူးထွေဆန်းပြားသော အော်မြည်တွန်ကျူးသံများကို အမြဲလိုလို ကြားနေရလေ့ရှိသည်။

ဝမ်လင်းရိသည် အိမ်ကလေး၏ အနောက်ဘက်သို့ လှမ်းမျော်ကြည့်လိုက်ပြန်ရာ၊ ပင်လုံးများ ပြိုင်နေသည်အလား အထက်သို့ ထိုးတက်နေကြသည်ကို တွေ့ရ၏။

ပတ်ဝန်းကျင်တစ်ခုလုံးကို လေ့လာကြည့်လိုက်သောအခါ မိမိအား ချန်စွမ်းတောင် ခေါ်ဆောင်လာခြင်း မဟုတ်ကြောင်း သိလာ၏။

မှန်သည်၊ ချန်စွမ်းတောင်က မိမိအား သေလိုကသေစေကုန်သေးပါကလည်း ကံအကြောင်းတရားအတိုင်းသာ စေတော့သော သဘောဖြင့် ထားခဲ့သည် မဟုတ်ပါလား၊ ချန်စွမ်းတောင် ခေါ်လာသည်တော့ မဟုတ်နိုင်တော့ပေ။

'ခုမှ ခက်တော့တာပဲ ငါ့ကို သေတင်းက ကယ်လာတဲ့သာ ဘယ်သူများလဲ၊ ယောကျ်ားလား မိန်းမလား၊ တယ်လို့လှမျိုးလဲ ဒီပုဂ္ဂိုလ်ဟာ ငါ့ခဲ့အသက်သခင် ကျေးဇူးရှင်ပဲ၊ သူ့ကိုတွေ့မှဖြစ်မယ်'

တွေးရင်း ဝမ်လင်းရိ အိမ်ထဲကို ပြန်ဝင်၏။

အိမ်တွင်းရှိ အခြေအနေကိုကြည့်၏။

အိမ်မှာ လူနေထိုင်သော အရိပ်လူကွာဆို၍ ဝမ်လင်းရိ သောက်ခဲ့သော သောက်ရေအိုး တစ်လုံးသာ တွေ့ပါသေးသည်။

ဝမ်လင်းရိ အိပ်ခဲ့သော ကုပ်ပျစ်ပေါ် ခင်းထားသော အိပ်ဆာခင်းမှာ မိမိအိပ်ရာခင်းဖြစ်၏။

ထိုအခါ မြင်းညိုကြီး လေဟုန်ကို သတိရလာသည်။ မြင်းကြီးတော့ မိမိနှင့် ခွဲခွာခဲ့ရချေပြီဟု အတွေးရောက်ကာ စိတ်မကောင်း ဖြစ်နေသည်။

ရသေ့ကြီး မိမိမြင်းနှင့် လဲလှယ်ပေးလိုက်သော မြင်းညိုကြီး ဖြစ်နေ၍ သည်မြင်းပျောက်ဆုံး သွားခဲ့ရခြင်း အတွက် ရသေ့ကြီး သိရှိခဲ့မည်ဆိုလျှင် စိတ်မကောင်း ဖြစ်ပေတော့မည်။

ထိုအခိုက်။

မြင်းတစ်ကောင် နှာခေါင်းမှ လေမှုတ် ထုတ်လိုက်သည့် အသံကိုကြားလိုက်ရသဖြင့် ဝမ်လင်းရိစိတ်ထဲရှိသမျှအတွေးတွေ ရုတ်ခြည်း ပြတ်သွား၏။

ဝမ်လင်းရိသည် ထိုင်နေရာမှ ဝုန်းခနဲထ၍ အသံလာသည့် နောက်ဖေးဘက် ပြေးထွက်ခဲ့၏။

မီးဖိုပေါ်တွင် အိုးတစ်လုံးရှိနေပြီး မီးဖို့တွင်လည်း မီးက်ခဲရှိနေသေးသည်ကို တွေ့၍ ဝမ်လင်းရိ အံ့အြသွား၏။

သို့သော်....

မြင်းနှာခေါင်းမှ မှုတ်သည့်အသံရှိရာသို့ အရင်ဆုံး ပြေးကြည့်ဖြစ်လေ၏။

နောက်ဖေးဘက်ရှိ မြင်းဇောင်းထဲတွင် မြင်းညိုကြီး လေဟုန် မြက်အစာစိမ်းတွေ စားလျက် စည်းစိမ် ကျနေသည်ကို ဝမ်လင်းရိ ဘွားခန့် တွေ့လာရပါလေတော့၏။

'ဟာ....လေဟုန်က ဒီမှာစည်းစိမ်ကျနေတာပဲကိုး၊ အမှန်

လေးလေး ငါ့ကောင်ကြီးရာ မင်းကိုတွေ့ရတာမှပဲ ငါ့မှာ စိတ်ချမ်းသာလိုက်ရတာ တော်ပါသေးရဲ့'

ဟု ပြောကာ ဝမ်လင်းရိက မြင်းညိုကြီး ဘေးတွင် ရပ်လျက် လည်ဆံမွေးများကို ကိုင်ပွတ်သပ်ပေးနေသည်။

'မင်းသာ ကျုပ်ကို စကားပြန် ပြောတတ်မယ် ဆိုရင် အတော် ကို အဆင်ပြေမယ်၊ အခုတော့ ကျုပ်ကို ဘယ်သူက ဆယ်တင်ပြီး ဒီနေရာမှာ လာထားသွားသလဲ မသိဘူး'

ဟု တွေးတောရင်းက မီးဖိုဘက် ပြန်လှည့်ခဲ့၏။

မှန်သည်။

မီးဖိုတွင် မီးကျီခဲများ မငြိမ်းသေးပေ။ အိုးကို အပုံးဖွင့်ကြည့်သောအခါ ဆတ်သားကို ပြုတ်ထားခြင်းဖြစ်သည်။ ပြုတ်ထားကတည်းက အမွှေးအကြိုင်နှင့် ဆားကိုပါထည့်၍ ပြုတ်ထားပုံရသည်။

အဖုံးကိုဖွင့်သောအခါ စားသောက်ချင်လောက်အောင် မွှေးကြိုင်သွားလေသည်။

'တယ်ဟုတ်ပါလား၊ ပြုတ်ထားလိုက်တာကလဲ အများကြီးပဲ'

ဟု ပြောကာ တူနှင့် ပန်းကန်လုံးများ တွေ့လိုတွေ့ငြား ရှာကြည့်မိ၏။ မြေခွက်တစ်ခွက်နှင့် ဝါးတူ တစ်စုံကို တွေ့ရ ပြန်လေ၏။

သို့နှင့် ဝမ်လင်းရိသည် ထိုမြေခွက်နှင့် ဝါးတူတစ်စုံကို ယူပြီး မြေအိုးအဖုံးကို ဖွင့်ကာ အသားတစ်တုံးကို တူဖြင့် ညှပ်ထုလိုက်လေ၏။

တယ်အချိန်လောက်က တည်ထားသည်တော့ဖြင့် မသိ အသားတုံးကား နူးမြေ့နေလေပြီ။

ဝမ်းလင်းရိသည် ဆာဆာနှင့် အသားတုံးသုံးတုံးတိတ် အတောမသတ်နိုင်ဘဲ စားလိုက်မိလေ၏။ ထို့နောက်သောက် ရေအိုးဘက်သို့ ပြန်လျှောက်လာရပြန်၏။

အခုမှ ဝမ်လင်းရိမှာ အိမ်တစ်လုံးနှင့် လူတစ်ယောက် ဖြင်းတစ်ကောင် ဖြစ်နေပါတော့၏။ သောက်ရန် ရေနှင့် စားရန် အစားအစာကိုပါ တစ်ခါဘည်း ဖန်တီးပေးထား သည်ဖြစ်၍ မိမိအဖို့ ဆန်းနေသည့် ပုံပြင်ထဲက မင်းသား မင်း သမီး ဆိုပါမူ ဤသို့သော အဖြစ်ပျက်တွင် ကူညီသူတို့သည် နတ်ဒေဝါတွေပဲ ဖြစ်တတ်ပါ၏။

မိမိအား အခုလို ကယ်တင်စောင့်ရှောက်ခဲ့သူမှာ ပုံပြင်ထဲ ကလို နတ်ဒေဝါတစ်မျိုးပဲ ဖြစ်ကောင်း ဖြစ်မည်ထင်၏။

ဝမ်လင်းရိသည်သက်ပြင်းတစ်ချက်ကိုပင် ချလိုက်ကာခင်း ထားသော အိပ်ရာထက်တွင် ပြန်၍ အိပ်မည်အလုပ် နဂါးငွေ ဓားပါမပါသတိရသဖြင့် တစ်နေရာသို့ မှော်ကြည့်ရာ နံ ပေါ်တွင် ဆွဲချိတ်ထားသော နဂါးငွေဓားကို တွေ့လာ ပါ၏။

'ကေန္ဒ ဝါထင်သမျှ နတ်ဒေဝါ တစ်ပါးပါးက ဖန်တီး ပေးတာများလား၊ ကြည့်စမ်း ဘာမျှ လိုလေသေးမရှိဘူး'

ဟု တွေးမိပြန်တော် ဝမ်လင်းရိ ကျောချမ်းသွား၏။ တစ် ကိုယ်လုံး ကြက်သီးမွေးညှင်းထသွား၏။ အကြောင်းမူကား တောထဲတောင်ထဲတွင် ကြပ်ဆိုသော နာနာဘာဝ တစ်မျိုး သည် အခုလို အလုပ်မျိုးတွေကို လုပ်ပြတတ်သည် မဟုတ်ပါ ကား။

မည်သို့ဆိုစေ ဝမ်လင်းရိသည် မောမောနှင့် ကွင်ပျစ်ပေါ် ခင်းထားသော အိပ်ရာခင်းပေါ်ဦပင် လဲလျောင်း ဆန့်ရင်း အိပ်ပျော်သွားပါလေတော့သည်။ ဝမ်လင်းရိ မည်မျှ ကြာ သွားသည်မသိ၊ အိမ်ထဲသို့ လူကြီးတစ်ယောက် ဝင်လာသည်ကို တွေ့၍ အိပ်ရာမှ လူးလဲထကြည့်လိုက်မိပါတော့၏။

လူကြီးမှာ အဖြူရောင် ဝတ်စုံ ဝတ်ထားသည်။ ခပ်ဝဝ ဝိုက်ပူပူ လူကြီးတစ်ယောက်ဖြစ်သည်။ သူ့ကို ကြည့်ရသည် မှာ ခရီးသွားတစ်ယောက်နှင့်တူ၏။ သို့သော် ဤအဆောက် အအုံနှင့်လည်း အတော်လေး ရင်းနှီးနေဟန် တူသည်။

လူကြီးမှာ အသက် (၅၀) ကျော်လောက်ရှိပြီ၊ သူက ဝမ်လင်းရိကို တွေ့ရသည်နှင့် အသေအချာ စူးစိုက်ကြည့် ကာ....

'မင်းဘယ်သူလဲ'ဟု တစ်ခွန်းသာ မေးလိုက်လေ၏။

ဝမ်လင်းရိမှာ အံ့ဩသွား၏။

သူ ကြားရမည်ဟု ထင်သော စကားမှာ....

'ဩော်....တူမောင် အိပ်ရာကတောင် နိုးပြီလား'

ဟူသော စကားမျိုး ဖြစ်သည်။ ခုကြားရသော စကားက တစ်မျိုးဖြစ်နေသည်။

ဝမ်လင်းရိက....

'ကျုပ်ဘယ်သူဆိုတာထက် ဆရာကြီးကရော ဘယ်သူလဲ'ဟု မေးလိုက်ရာ။

လူကြီးက ဟက်ခနဲ ရယ်မောကာ....

'ချိတ်ထားတဲ့ ခေးကတော့ ဆရာကြီး နဂါးငွေခေး ချင်းဟုန်ရဲ့ ခေးပဲ'ဟု ပြောပြန်ရာ။

ဝမ်လင်းရိက....

'ဟုတ်တယ်၊ ကျုပ်ဟာ ပထမ နဂါးငွေခေးရဲ့ အရိုက်အရာကို ဆက်ခံလိုက်ဟဲ့ ဒုတိယနဂါးငွေ့ ခေးပဲ'ဟုပြောလိုက်လေ၏။

လူကြီးက....

'ဒီခေးကို တွေ့လိုက်ရကတည်းက ဒီလိုဖြစ်မယ်လို့ ကျုပ် အထင်သားပဲ၊ ဒီလိုဆိုရင် မင်းဟာ နန်စီမြို့စားမင်း ဝမ်ပို့ရဲ့ သား ဝမ်လင်းရိပဲပေါ့'

ဟု ပြောလိုက်ပြန်လေရာ ဝမ်လင်းရိမှာ ပို၍ပင် အံ့ဩခြင်းတေ အံ့သြသွားရပြန်ပါတော့၏။

'ဆရာကြီးက အတိအကျကို သိနေပါလားခင်ဗျာ'

'သိရမယ်လေ၊ ခုလိုအချိန်မှာ ဒီလိုမသိထားလို့ မဖြစ်ဘူးလေ'

'ဆရာကြီးရဲ့ နာမည်ကို ကျုပ်သိပါရစေခင်ဗျာ'

'နာမည်လောက်တော့ ဆရာကြီး အသိပေးနိုင်မှာပါ'

'ခုမှတော့ ကျုပ်နာမည် ဘယ်သူဆိုတာ ပြောရတော့မှာပေါ့၊ ဟိုနှင်းတောင်က လေသိုင်းဝိဇ္ဇာ လုံ့ကျုံဟုန်ဟာ ကျုပ်ပဲကွယ့်'

ဟု ပြောလိုက်သောအခါ ဝမ်လင်းရိ ပါးစပ်အဟောင်းသားဖြစ်သွား ရပါလေတော့၏။

ဆရာကြီး ဟိုကျောက်ကျ ိတို့ အရေးတော်ပုံကြီးတစ်ရပ်အတွက် စောင့်ဆိုင်းနေသော ဆရာကြီး လုံ့ကျုံဟုန်ပင် ဖြတ်ပါလား၊ သို့နှင့် ဝမ်လင်းရိက မိမိမှာ သူကြွယ်ကြီး ဘအောလျန် သမီး ဝေဝေရန်အား ခေးနှုန်းရှင်က လူတွေ့ ဘရားလာရောက် ဖမ်းဆီးခေါ်ဆောင်ရာသို့ လိုက်လာရင်း ဒီလိုက်ရသော အကြောင်းကို ပြောပြ၏။

ဆရာကြီး လုံ့ကျုံဟုန်က အားရပါးရ ရယ်မောကာ....

'မင်းကို မသတ်သွားတာတော်သေးရဲ့၊ သူတို့ကလဲ သိုင်း

ပညာကို ကိုးကွယ်ထားကြတဲ့ လူတွေမဟုတ်လား၊ တော်သေးတာပေါ့၊ တူမောင့်ကို မသတ်သွားတာ'

ဟု မှတ်ချက်ချလိုက်လေ၏။

မိမိ၏ အသက်သခင် ကျေးဇူးရှင်ကတော့ဖြင့် မဟုတ်သေးပါပေ။

* * *

အရက်ဘီး မိုးသောက်ယံ ရောက်စဉ်မျှားကို စူးစူးစိုက်စိုက် ကြည့်နေကြလေ၏။

ကြည့်နေသော မျက်လုံးတို့ကား လေးလုံးနှစ်စုံ ဖြစ်ကြပါ၏။

တောင်ကုန်းထိပ်တွင် အရှေ့မိုးကုပ်ဆိပ်မှ ဖြာဝေဖြန့်ကျက်လာသော အလင်းရောင်များကို တိုက်ဖျိုက်ခံစားနေသူ နှစ်ဦးမှာကား ဆရာကြီး လုံကျုံဟုန်နှင့် ဝမ်လင်းရိုတို့ပင် ဖြစ်သည်။

သူတို့သည် တစ်ယောက် တစ်နေရာ တင်ပျဉ်ခွေထိုင်ကာ လက်အစုံကို ဒူးနှစ်ဖက်ပေါ်တွင် တင်ထားသည်။

ခါးကို မတ်မတ်ထား၏။

တစ်နည်းအားဖြင့်တော့ဖြင့် နေကသိုင်းကျင့်စဉ်ကို လေ့ကျင့် နေခြင်းဖြစ်၏။

သိုန်းသမားများအဖို့ တတ်မြောက်ထားသော ပညာရပ်များကို အကြိမ်ကြိမ် အခါခါလေ့ကျင့်နေခြင်းသည် အဓိကကျသော အချက်တစ်ချက်ဖြစ်သည်။

ထိုသို့လေ့ကျင့်ရာတွင် အဓိက နေရမည့် အချက်မှာကား ဒူးတွင်းအား ခေါ် စိတ်အင်အား စိတ်တန်ခိုး ရရှိမှုဖြစ်သည်။

ဤအချက်ကို ဆရာကြီး လုံကျုံဟုန်က ပြောဆိုသတိပေးခဲ့မှက လွတ်တွေ့လေ့ကျင့်စေခဲ့သည်။

မှန်ပါသည်၊ မမျော်လင့်သော ရောက်ရှိလာသည့် ဤနေရာဤဌာနမှာ သိုင်းသမားများအဖို့ အလွန်သင့်မြတ်လှသော နေရာဌာနတစ်ခု ဖြစ်နေသောကြောင့်ပါပေ။

'ဒီလိုနေရာမျိုးဟာ သိုင်းသမားတွေအတွက် အလွန်လိုအပ်တာကွယ်၊ မင်းစဉ်းစားကြည့်လေ ကမ္ဘာပေါ်မှာ နက္ခတ်ဗေဒ ပညာရှင်တွေ ဘယ်နေရာက ပေါ်ထွက်လာသလဲ၊ ဟိုသဲကန္တာရကြီးတွေထဲ လှည့်လည်သွားလာနေတဲ့ လူတွေဆီမှာ စတင်ပေါ်ပေါက်လာတာပဲ မဟုတ်လား....

'အဲဒါဟာ တခြားမဟုတ်ဘူး၊ သူတို့ဟာ လှည့်လည်သွားလာလို့ပဲ၊ သူတို့ဟာ သူတို့ပတ်ဝန်းကျင်ရဲ့ သဘာဝတရားကို မှီပြီး သူတို့လိုချင်တဲ့ ပညာကို သူတို့ရှာဖွေရရှိလာကြတာပဲ'

'ဒါကြောင့်....ဟောဒီ ပတ်ဝန်းကျင်ကို ဆရာကြီးကတော့ အတော့်ကို သဘောကျနေပြီ၊ ဒီတော့ တို့တွေ ရှေ့မဆက်

သေးခင်မှာ ကိုအစ်တဲ့ လေ့ကျင့်မှုတွေ လုပ်ကြတာပေါ့၊ တူမောင်မှာ လောလောဆယ် ဘယ်အချက်တွေလိုအပ်နေတယ် ဆိုတာကို ဆရာကြီး ဝေဖန်သုံးသပ်ပြီး ဆက်လုပ်ကြရတာပေါ့၊ မဟုတ်တူးလား'

ဤသို့ လေသိုင်းဝိဇ္ဇာ ဆရာကြီး လုံကျုံဟုန်ကိုယ်တိုင်က တိုက်တိုက်တွန်းတွန်း ပြောလာပြန်သောအခါ ဝမ်လင်းရိ လက်မခံဘဲ ငြင်းဆန်ရန် မဖြစ်တော့ပေ။

အမှန်ကတော့ မိမိ ဝေဝေရန်နောက် လိုက်ခဲ့သော်လည်း လောလောဆယ် မအောင်မြင်ဘဲ အရှုံးနှင့် ပြန်လာခဲ့ရသည့် အကြောင်းကိုတော့ဖြင့် ဝမ်လင်းရိက ဝေဝေရန်၏ဖခင် ဝေအောလျှန်ထံ ပြန်သွားပြီး အကျိုးအကြောင်း ပြောပြချင်သေးသည်။

သို့သော်....

ဆရာကြီး လုံကျုံဟုန်က သိုင်းပညာ လေ့ကျင့်မှုများ ထမ်းဆောင်ပေးနေသောအခါ သူကြွယ်ကြီး ဝေအောလျှန်ထံသို့ မသွားနိုင်ဘဲ ရှိနေပါတော့၏။

ဝမ်လင်းရိ နေရောင်ခြည်ဦးကို အသေအချာ စူးစိုက်၍ ကြည့်နေသောအခါ နေရောင်မှာ ရောင်စုံရောင်စဉ်တန်းက တစ်ခုတည်းသော ရောင်စဉ်တန်းကိုမှ အမိအရ အာရုံခံစားကာ မျက်လွှာကို အသာချလိုက်လေသည်။

ဤလေ့ကျင့်မှုမှာ ပြင်းထန်သော လေ့ကျင့်မှုတစ်ခု ဖြစ်သည်။

အရုဏ်တက်နေရောင်မှာ တဖြည်းဖြည်း ပူပြင်း ခြောက်သွေ့ လာလေရာ တစ်ကိုယ်လုံးမှာ ချွေးများ တပြိုက်ပြိုက် ကျလာလေတော့၏။

တစ်မောင်းသာသာလောက် ကြာသောအခါတွင်မှ ဆရာကြီး လုံကျုံဟုန်က လေ့ကျင့်မှုကို ရပ်နားလိုက်လေ၏။

ဆရာကြီး လုံကျုံဟုန်သည် အတွင်းအားလေ့ကျင့်မှု ပြီးဆုံးသည်နှင့်....

'သိုင်းသမားကောင်း တစ်ယောက်မှာ အတွင်းအား အဆင့်မမြင့်လို့ကို မရဘူးကွယ့်၊ တူမောင် ဓားနှန်းရှင်က သိုင်းသမားကြီး ချန်စွမ်းတောင်ကို အနိုင်မတိုက်ခိုက်နိုင်ဘာ အဓိကဟာ သူက အကြောပိတ်ပညာနဲ့ အနိုင်ယူသွားတာပဲလို့ တူမောင် ထင်ခဲ့မိတယ် မဟုတ်လား'

ဟု မေးသည်။

ဝမ်လင်းရိဟ....

'ဟုတ်ပါတယ်'ဟု အရှိုးခံစိတ်ဖြင့် ဖြေ၏။

ဆရာကြီး လုံကျုံဟုန်က....

'အကြောပိတ် ပညာက အဓိက မဟုတ်ဘူး တူမောင်၊ အတွင်းအား သိုင်းပညာကသာ အခြေကပါ'

ဟု ပြောလေ၏။ ထိုအခါ ဝမ်လင်းရိ တအံ့တသြဖြစ်သွား ရလေတော့၏။

'ဘာဖြစ်လို့ပါလဲ ဆရာကြီး'

ဟု မေးလိုက်သော အခါတွင်ကား ဆရာကြီး လုံကျုံ ဟုန်က....

'တူမောင်ကလဲအဆင့်မြင့် သိုင်းသမားတိုင်း အကြောပိတ် ပညာလောက်ကိုတော့ တတ်ကျွမ်းထားကြတာချည်းပဲမှဟုတ် လားကွယ်'

'အဲဒီအကြောပိတ် ပညာကို အသုံးချနိုင်ဖို့အတွက် အခွင့် အလမ်းရှိ တိုက်ခိုက် ရထားတဲ့ နေရာမှာကျဟော့ အတွင်း အားကိုပဲ အသုံးပြုကြရတာပဲ မဟုတ်လား။

'အဲဒီတိုက်ပွဲမှာ တူမောင် ပြောပုံအရ တူမောင်က နဂါး ငွေ့ ဓား ဆရာကြီး ချင်းဟုန်ရဲ့ နဂါးငွေ့ ဓား ကိုင်ဆောင် တိုက်ခိုက်ပြီး ချန်စွမ်းတောင်က လက်နက်မဲ့ တိုက်ပွဲဝင်ခဲ့ တယ်ဆို'

'ဟုတ်ပါတယ် ဆရာကြီး'

'အဲဒီမှာပဲ ကြည့်လေ၊ နဂါးငွေ့ဓားနဲ့ တိုက်ခိုက်လာ တဲ့ သိုင်းသမားတစ်ယောက်ရဲ့ သိုင်းကွက်တွေကြား အမိအရ ဝင်ပြီး အကြောပိတ်နိုင်ခဲ့တဲ့ လျှို့ဝှက်ချက်ဟာ နယ်နယ်ရရ မဟုတ်ဘူးကွယ်။ ဒီတော့ တူမောင်ဟာ အခုလို အတွင်း အား လေ့ကျင့်မှုတွေ လိုလာပြီဆိုတဲ့ အချက်ကို သိဖို့လိုလာ ပြီပဲလေ'

ဟု ပြောကာ အဖြေထုတ်ပေးလေ၏။

ဝမ်လင်းရိမှာ ဆရာကြီး လုံကျုံဟုန်နှင့် ခုလိုမမျှော်လင့် ဘဲ ကြုံဆုံလာရခြင်းကို အထူးကျေနပ် နှစ်သိမ့်လာပါတော့ ၏။ အမှန်တော့လည်း ဆရာကြီး ဟိုကျောက်ကျိုသည်ပင်လျှင် ဆရာကြီး လုံကျုံဟုန်အား တသမ်းတတ ရှိခဲ့သည် မဟုတ် လား။

မိမိတို့လုပ်ငန်း စတင်မည့် အချိန်ကိုလည်း ဆရာကြီးလုံကျုံ ဟုန် ရောက်မှဟု သတ်မှတ်ထားပါ၏။

ဝမ်လင်းရိမှာ ဆရာကြီး လုံကျုံဟုန်၏ လေသိုင်းပညာ ကိုသိရှိလိုသော်လည်း မေးစမ်းကြည့်ရန် မှာကား မပြောသာပဲ ဖြစ်နေပြန်ပါ၏။

သို့သော်လည်း ဆရာကြီး လုံကျုံဟုန်က ဝမ်လင်းရိ၏ ခံစားချက်ကို နားလည် သဘောပေါက်နေပုံရသည်။

'တူမောင်လဲ ဆရာကြီး နာမည်ကို ကြားကတည်းက လေသိုင်းပညာနဲ့တွဲပြီး ကြားထားခဲ့တယ်ဆိုတော့ ခုလိုဆရာ

ကြီးနဲ့ တွေ့လာတဲ့အခါမှာ ဆရာကြီးရဲ့ လေသိုင်းပညာကို သိချင်နေမှာပေါ့'ဟု မေးလာလေ၏။

ဤစကားမျိုးကို ကြားလိုက်ရသောအခါ ဝမ်လင်းရိမှာ ဆရာကြီး လုံကျုံဟုန်အား အကြားအမြင်များ ရနေသလား ဟုပင် အတွေးရောက်မိပါလေတော့၏။

သို့နှင့် ဝမ်လင်းရိက....

'ဟုတ်ကဲ့ ဆရာကြီး၊ လူငယ် မျိုးဆက်သစ်တွေ ဆိုတော့လဲ ထူးခြား ဆန်းကြယ်တဲ့ ပညာရပ်တိုင်းကို စိတ်ဝင်စားမိတာ အမှန်ပါပဲခင်ဗျာ'ဟု ပြောလိုက်လေ၏။

ထိုအခါ ဆရာကြီး လုံကျုံဟုန်က....

'လေသိုင်းပညာရပ်ဟာ ကိုယ်ဖော့ သိုင်းပညာရပ်တွေအပေါ်မှာ အခြေခံထား အကြောင်းသိတယ်ဆိုရင်ပဲ အောင်မြင်ခြင်း ခရီးထက်ဝက်ကို ရောက်နေပြီပဲပေါ့ကွယ်၊ အမှန်ကတော့ လေသိုင်းပညာ တိုက်ခိုက်တဲ့အခါမှာ တစ်ဖက်ရန်သူကို ကောင်းကောင်း လှည့်စားလို့ ရတဲ့ သိုင်းပညာတစ်ရပ်လို့တို့ သတ်မှတ်လို့ ရတယ်လေ၊ ကဲ....လက်တွေ့ လုပ်ကြည့်ကြရအောင်'ဟု ဆရာကြီး လုံကျုံဟုန်က ပြောလေ၏။

ပြီးလျှင် သိုင်းပညာ ခြေစမ်းပြိုင်ပွဲတစ်ရပ် ကျင်းပသည်သို့ သစ်သား လုံးချင်းအိမ်ကလေးရှေ့ ပန်းပင်များ ကြားမြေသလင်းပြောင်ပြောင်တွင် ပွဲစဉ်ကိုစကြ၏။

'တူမောင် ကျုပ်ကို မညှာနဲ့နော်၊ ကိုယ်အသုံးပြုတဲ့ တိုက်ကွက်ကို သုံးဖြစ်အောင်သာသုံး ဟုတ်လား၊ ကဲ....စကြစို့'

ဆရာကြီး လုံကျုံဟုန်က ပြောပြောဆိုဆို ခြေထောက်နှစ်ဖက်ကို မြင်းစီးထိုင်ဟန် ခပ်ချဲချဲထား၍ ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ တစ်ဖက်ပြိုင်ဘက်၏ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေသည့်ဟန် ရပ်တည်လိုက်လေ၏။

'ယား'

အတွင်းအားကို ချက်ချင်း စုစည်းလိုက်ပြီးသည့်နောက် ဝမ်လင်းရိအား စိန်ခေါ်တိုက်ကွက်များကို ဆက်ကာဆက်ကာ ဖွင့်ထုတ်ပါလေတော့၏။

'ယား'

'ယား'

'ယား'

ဆရာကြီး လုံကျုံဟုန်သည် အားပြုသံ တစ်ခါ အော်ဟစ်လိုက်လေတိုင်း အထက်လေဟာနယ်အတွင်းသို့ လေဟုန်စီးသော မျောက်ကလေးတစ်ကောင်နှယ် ပေါ့ပါးစွာ ခုန်ပျံတက်သွားတတ်လေ၏။

အထက်သို့ တစ်ကြိမ်တစ်ခါ ခုန်ပျံ မြင့်တက်သွားသည့်အချိန်တိုင်း လေဟာပြင်ထဲတွင် သူသည် ကျွမ်းတစ်ကြိမ်မက

နှစ်ကြိမ်၊ နှစ်ကြိမ်မက သုံးကြိမ် ကစားပြတတ်သည်ရှိရာ ဝမ်လင်းရိမှာ ဆရာကြီး လုံကျုံဟုန်ကို ကြည့်ပြီး စိတ်ထဲမှ ကျိတ်၍ ချိးကျူးနေရပါတော့၏။

မှန်သည်။

ဆရာကြီး လုံကျုံဟုန်သည် သာမန်ကြည့်ပါမူ သူ၏ ခန္ဓာကိုယ်ကြီးကို အတော်ကို ထမ်းထားရမည့်ပုံ ရှိသည်။

အခုတော့လည်း အသက်ဆယ်ကျော်သက်ကလေးတွေထက် အဆများစွာ ပေါ့ပါး ဖျတ်လတ်နေသည်ကို အံ့ဩစရာ ကောင်းလောက်အောင် တွေ့မြင်လာရပါတော့၏။

ဝမ်လင်းရိမှာ ဆရာကြီး လုံကျုံဟုန်က မည်သို့ပင် မှညာတမ်း ဌာန်ကုန်အောင် တိုက်ခိုက်ရန် မှာကြားထားလင့်ကစား တိုက်ခိုက်၍ မရခဲ့ပေ။

ဆရာကြီး လုံကျုံဟုန် ဖြစ်နေသည်ဟူသော အသိတရားက ကြားခံနေသောကြောင့် ဖြစ်ပါ၏။

တစ်ကြိမ်တွင်မူ ဝမ်လင်းရိက ဆရာကြီး လုံကျုံဟုန်၏ လစ်ဟာနေသော နေရာသို့ လက်ဝါးရိုက်ချက် တစ်ချက်ကို စွန့်စွန့်စားစား ရိုက်သွင်းလိုက်လေ၏။

'ယား'

'ဖြောင်း....ဖြောင်း'

'ဝှစ်'

'ဟူး....ဟူး'

ရုတ်ခြည်း ပြောင်းလဲသွားသောအခြေအနေမှာ အလွန်ဆန်လှသဖြင့် မျက်နှာချင်းဆိုင် တိုက်ခိုက်နေသူ အချင်းချင်းသည်ပင်လျှင် မည်သို့ ဖြစ်ပျက်သွားသည်ကို သတိမထားတိုက်မိတော့ပေ။

ဝမ်လင်းရိ တွေ့မြင်လိုက်ရသည်မှာ အရိပ်လှိုင်းများသာ လှိုင်းထသွားသလို ရှိ၏။

မိမိရှေ့တွင် ယှဉ်ပြိုင်တိုက်ခိုက်နေပါလျက် ဆရာကြီး လုံကျုံဟုန် ဖြုတ်ခနဲ ပျောက်သွားသည်မှာ စဉ်းစားမရ ဖြစ်သွားရပါတော့၏။

ဝမ်လင်းရိက ဆရာကြီး လုံကျုံဟုန်ကို ရှေ့နောက်ဝဲယာ ကျီးကန်းတောင်းမှောက် လိုက်လံကြည့်ရှု၏။

သို့သော်လည်း....

ဝမ်လင်းရိမှာ ယှဉ်ပြိုင်တိုက်ခိုက်နေသူကို ရှာကြည့်၏။

'ဟေး....ဝမ်လင်းရီ၊ ကျုပ် ဒီမှာပါ'

ဟူသောအသံကို ကြားရတော့မှပဲ အိမ်ကလေးအမိုးပေါ် ရောက်ရှိနေသည်ကို တွေ့ရပါလေတော့၏။

ထို့နောက်....

ဆရာကြီး လုံကျုံဟုန်သည် အိမ်အမိုးပေါ်က တစ်ပတ်ပြန်ပစ်၍ ဂွမ်းစကလေး တစ်စအလား မြေကြီးပေါ် ဝမ်လင်းရိအနီးသို့ ဘုတ်ခနဲ ကျရောက်လာလေ၏။

'တူမောင်က ဆရာကြီးဆိုတဲ့အသိနဲ့ တိုက်ခိုက်နေတာကို
ကွယ်'

'ဟုတ်ပါတယ် ဆရာ'

'အင်းပေါ့လေ၊ ဒါမျိုးကလဲ ဖြစ်တတ်တာပါပဲ၊ ကဲ
ကူမောင် သိလိုမြင်လိုတဲ့ လေသိုင်းပညာ စာစီစာစပ်ပိုင်း
သိသွားပြီမဟုတ်လား'

ဆရာကြီး လုံကျုံဟုန်သည် သူ့စကားအဆုံးတွင် ဝမ်လင်
ရိအား ပခုံးမှသိုင်း၍ ဖက်လိုက်ပါလေတော့၏။

ကွပ်ပျစ်ပေါ်တွင် ခင်းထားသော အိပ်ရာလိပ်ကို အသေ
အချာ ခေါက်လိုက်ရချေပြီ။

မှန်သည်။

ဝမ်လင်းရိနှင့် လေသိုင်းဝိဇ္ဇာဆရာကြီး လုံကျုံဟုန်တို့
ဆရာတပည့်နှစ်ယောက် ဤနေရာ ဤစခန်းကို ပြန်လည်
ခွဲခွာရပေတော့မည်။

ဤအိမ်ကလေးသို့ မှည့်သို့မှည့်ပုံ ရောက်လာပုံကို မသိဘဲ
ဖြစ်ခဲ့ရသည့်အကြောင်းကိုကား ဝမ်ဟင်းရီ ခုထိ ဇဝေဇဝါ
ဖြစ်မြဲဖြစ်လျက်ပင် ရှိ၏။

အံ့ဩစရာကောင်းနေသည်မှာ မီမိအတွက် သောက်ရေအိုးရေအပြည့်နှင့် တားပေး၏။

သုံးလေးရက်လောက်အထိ အေးအေးလူလူ မရှာမဖွေ့စားရန်အတွက် အသားပြုတ်ကို အိုးလိုက် ပြုတ်ပေးထားခဲ့သည်။

ထိုကျေးဇူးရှင်၏ စေတနာကိုကား မိမိသည် အသိအမှတ်မပြုဘဲ နေရန်မသင့်တော့ပါပေ။

ထိုအကြောင်းကို တွေးမိသောအခါ ဝမ်လင်းရိက ဆရာကြီး လုံကျုံဟုန်အား....

'ဆရာကြီးခင်ဗျာ၊ လောကမှာ ကျေးဇူးရှိသူရဲ့ကျေးဇူးကို ဆပ်ချင်ပါလျက်နဲ့ ဆပ်ခွင့်မရတာ ဘာဖြစ်လို့များပါလဲ ခင်ဗျာ'

ဝမ်လင်းရိစကားကို ကြားလိုက်ရသောအခါ ဆရာကြီး လုံကျုံဟုန်လည်း သူ၏အိပ်ရာလိပ်ကို လိပ်သိမ်းနေရာမှ ရုတ်တရက် မော့ကြည့်လိုက်လေသည်။

ပြီး....

တစ်ချက် ပြုံးလိုက်လေ၏။

ဝမ်လင်းရိရင်ထဲတွင် မည်သို့သော ခံစားချက် ရှိနေသည်ကို ဆရာကြီးလုံကျုံဟုန် ဒက်ခနဲ နားလည်လိုက်လေ၏။

'တူမောင့်မှာလဲ အဲ့ဒီကိစ္စက ပဟေဠိတစ်ခု ဖြစ်နေတာပဲကိုး၊ ဟုတ်တော့လဲ ဟုတ်တာပေါ့လေ။

'မိမိကို သေတွင်းက ကယ်တင်လာတဲ့လူမျိုးဟာ ဘယ်သူ ဘယ်ဝါ ဆိုတာ သိချင်ကြတာပေါ့၊ ပြီးတော့ ကျေးဇူးလဲ ဆပ်ချင်မှာပဲပေါ့'

ဟု ပြောလေ၏။

ဝမ်လင်းရိက....

သူ မျှော်လင့်သောစကားကို ကြားရတော့မည် ဆထင်နှင့် အိပ်ရာလိပ်ကိုပင် ချည်နှောင်ထားခဲ့ပြီး ဆရာကြီးလုံကျုံဟုန် ဆန်းသို့ လျှောက်လာလေ၏။

ဆရာကြီး လုံကျုံဟုန်က....

သူ၏အိပ်ရာလိပ်ကို နောက်ကျောမှီ၍ထိုင်ရင်း....

'ဒီကိစ္စမှာ တူမောင်က ကျုပ်ကို ထင်နေတာပဲကိုး၊ ကျုပ်မဟုတ်ပါဘူး၊ ကျုပ် ဒီခရီးကိုလာတဲ့အခါတိုင်း ဟောဒီအဆောက်အအုံကလေးကို ဝင်လာတတ်တာ အလေ့အထတစ်ခု ဖြစ်နေပြီကွယ်။

'ဒီမှာ တစ်ခါတစ်လေတော့လဲ သစ်ခုတ်သမား တွေနဲ့တိုးခဲ့ဖူးတယ်၊ သူတို့ဆောက်ထားတဲ့ အိမ်ဆိုတော့လဲ ကိုယ်ကပဲ ရှောင်ပေးရတာပေါ့။

'နောက်ပြီး ကိုယ်က တစ်ယောက်သမား၊ သူလို့ကအများမှဟုတ်လား၊ ဒီတစ်ခေါက် ဒီဘက်ကို အလာမှာတော့ တူမောင်နဲ့တိုးတော့တာကွယ်။

'ပိုကောင်းသွားတာက ကျုပ်က ဒီမှာ တစ်လလောက်သိုင်းပညာ လေ့ကျင့်မှုတွေယူမယ်ဆိုပြီး ရက်စော ထွက်လာတာပဲကွယ်။

'ဒီလို ထွက်လာတဲ့အတွက် တူမောင်ပါ အကျိုးရှိလာရ တော့တာပဲပေါ့'

ဟု ပြောလေ၏။

ဆရာကြီး လုံကျုံဟုန်စကားတွင် မိမိအား ကျေးဇူးပြုခဲ့သူနှင့်ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ မပါရှိဘဲ ရှိနေပြန်သဖြင့် ဝမ်လင်းရိမှာ စိတ်မောသွားရပြန်၏။

ဆရာကြီးလုံကျုံဟုန်သည် ယိုင်ရာမှထ၍ ပြတင်းပေါက် အနီးသို့ သွားရောက်ရပ်လျက် အပြင်ဘက်ရှိ တောအုပ် မြင်ကွင်းကို ငေးမောကြည့်နေလေ၏။

သစ်ပင်များမှာ ဤအနီးတစ်ဝိုက်တွင် အလွန် ကြီးမား သော သစ်ပင်ကြီးများကို မတွေ့ရဘဲ လူတစ်ဖက်စာ သစ်ပင် ခပ်ရွယ်ရွယ်တို့သည်သာ နောက်ခံ အစိမ်းရောင်ပြင်ကြီးထဲတွင် ဒေါင်လိုက် မျဉ်းများသဖွယ် အကန့်လိုက်၊ အကန့်လိုက်ရှိနေလေ၏။

နေရာခပ်များများတွင် အဖြူရောင် အကွက်အပြောက်များရှိသလို အချို့နေရာများတွင်ကား အဖြူရောင်လေထုဝင်ကာ ခပ်ဖျော့ဖျော့ ခပ်ပါးပါးရှိနေလေ၏။

ဆရာကြီး လုံကျုံဟုန်သည် အပြင်ဘက်ရှိ မြင်ကွင်းကို ငေးမောကြည့်နေရာမှ ဝမ်လင်းရိဘက်သို့ ရုတ်တရက်ပြန်လှည့်ကြည့်ကာ....

'တူမောင် စဉ်းစားစရာတစ်ခုတော့ရှိတယ်'

ဟု ပြောလေရာ ဝမ်လင်းရိက....

'ဟုတ်ကဲ့ ပြောပါ ဆရာကြီး'

ဟု ပြောလိုက်လေ၏။

ဆရာကြီးလုံကျုံဟုန်က ဆက်လက်၍....

'ကျုပ် စဉ်းစားမိတာကိုပြောမှာနော်၊ ဒီလိုပါ၊တူမောင့်ကို ချန်စွမ်းတောင်က အကြောပိတ်လိုက်တဲ့အချိန်မှာ ဝေဝေရန် ရှိတယ်မဟုတ်လား'

ဟု ပြောပြီး စကားကိုဖြတ်ထားလိုက်ပြန်ရာ ဝမ်လင်းရိက....

'ဝေဝေရန်က ကျုပ်ကိုလာကယ်တာ သီခဲ့တယ်လို့ ဆိုလိုတာလား ဆရာကြီး၊ ဖြစ်ပါ့မလား ဆရာကြီးရယ်၊ အဲဒီအချိန်မှာ ဝေဝေရန်ဟာ သူတို့အချုပ်အနှောင်မှာ ရှိနေရတောမဟုတ်လား'

ဟု ပြောသဖြင့် ဆရာကြီးလုံကျုံဟုန်က....

'အေး ဟုတ်တယ်၊ အဲဒီအချက်ကြောင့် ဝေဝေရန်ပါလို့ ပြောရ ခက်နေတာပဲကွယ်'

ဟု ပြော၏။

ထိုအခိုက်....

နောက်ဘက် မြင်းတင်းကုပ် အတွင်းက မြင်းနှစ်ကောင် လှုပ်လှုပ်ရှားရှားဖြစ်နေသည့်အသံကို ကြားရသဖြင့် ဆရာကြီး လုံကျုံဟုန်သည် အသံလာရာဘက်သို့ နားစွင့် လိုက်ကာ အိပ်ရာလိပ်တွင် ကပ်၍ချည်ထားပြီးဖြစ်သော ဆောင်ဓားကို ဆွဲထုတ်လိုက်လေ၏။

ပြီးလျှင်...

ဆောင်ဓားကို ခါးတွင်ချိတ်၏။

ဆရာကြီးလုံကျုံဟုန် စတင်လှုပ်ရှားသည့်နှင့် ဝမ်လင်းရိ
မှာအည်း နောက်မကျ။

တစ်ချိန်တည်းလိုပင် လှုပ်ရှားခဲ့လေ၏။

ထို့နှင့်....

အိပ်ရာလိပ်တွင် ရော၍ စည်းနှောင်ထားပြီး ဖြစ်သော ဆောင်ဓားမှာ သူ၏ခါးသို့ ရောက်ရှိလာပါလေတော့၏။

ဆရာကြီးလုံကျုံဟုန်က အပြင်ဘက်သို့ နှားရော မျက်စိပါ အာရုံစူးရောက်စေလျက်....

'တို့ကို ရန်သူတွေ ငိုင်းထားပုံရတယ်၊ ဓားနန်းရှင်က လူတွေ တူမောင့်ကို လာတိုက်တာလား၊ ဒါမှမဟုတ် တုချင်းလူတွေပဲလား လောလောဆယ် ခွဲခြားမရတာပဲရှိတယ်'

ဟု လေသံကိုအုပ်၍ ပြောလိုက်လေထည်။

ဝမ်လင်းရိက....

'ကျုပ်အထင်တော့ တုချင်းလူတွေ အများဆုံး ဖြစ်မယ် ထင်တာပဲ၊ ဟိုတစ်နေ့က ထင်းခုတ်သမား သုံးယောက်လောက် ကျုပ်တို့ကို တွေ့သွားတာကို ဆရာကြီး သတိထားမိမှာပါ၊ သူတို့ကတစ်ဆင့် တုချင်းသိသွားပုံရတယ်'

ဟု ပြောလေ၏။

'ဖြစ်နိုင်တယ်၊ ဒီနေရာဟာ တုချင်းချုပ်ကိုင် ထားတဲ့ စီချမ်းမြို့နဲ့လဲ အတော်လေးနီးတယ်၊ သူ့ဆီက လူတွေဆိုရင် အကြောင်း မဟုတ်ပါဘူး၊ ကျီးခြောက်သလို ခြောက်လှတ်ရုံနဲ့ ရပါတယ်'

'တိဘက်သိုင်းသမားတွေကို ဆိုလိုတာလား ဆရာကြီး'

'အေး....ဟုတ်တယ်၊ တိဘက်သိုင်းသမားသုံးဆယ် ရောက်နေတယ်ဆို၊ အဲဒီအဖွဲ့ကို ခေါင်းဆောင်လာတဲ့ပုဂ္ဂိုလ်က ထန်ဆန်းမားလို့လဲ သိထားရတယ်၊ ထန်ဆန်းမားကတော့ အတော်ထက်တဲ့ သိုင်းပညာရှင်တစ်ယောက်ပဲကွယ်.'

ထိုအခါ....

ဝမ်လင်းရိက နယ်စားကြီးတိန်ယုမိန် ဥယျာဉ်တော် ဧည့်ခံပွဲနေ့ အခမ်းအနားတွင် ထန်ဆန်းမား တစ်ကိုယ်ရည် သိုင်းစွမ်းရည် ပြခဲ့ပုံများကို တွေ့ခဲ့မြင်ခဲ့ရသည့်အတိုင်း ပြန်လည် ဖောက်သယ်ချလိုက်လေ၏။

'ကြောက်စရာတော့မလိုပါဘူး၊ သိုင်းပညာရှင်တွေမှန်သမျှ ကိုယ်ပိုင်လျှို့ဝှက် သိုင်းပညာတွေ ရှိနေကြတာ ချည်းပါပဲ၊ ကိုယ်ရဲ့ ပျော့ကွက်ဟာကွက် ရန်သူမသိအောင် တိုက်ခိုက်နိုင်ဖို့သာ အဓိကပါ'

ဟု ပြော၏။

'တုချင်းမှာ အားကိုးရတဲ့ သိုင်းသမားတစ်ယောက် ရှိပါသေးတယ် ဆရာကြီးရဲ့'

'ဘယ်သူများလဲ ဝမ်လင်းရိ'

'သိုင်းလောကမှာတော့ သူ့နာမည် မထွက်ဘေးပါဘူး၊ ဒါပေမယ့် တုချင်းရဲ့ညာလက်ရုံးသဖြစ် အားကိုး နေရတဲ့ သိုင်းသမားကောင်းတစ်ယောက် ဖြစ်နေခဲ့ပါပြီ၊ သူက မိန်းမလျှာ ကော်ပျံရှားပါ ဆရာကြီး'

ဆရာကြီးဝမ်လင်းရိက ရယ်၏။

ဘူးဆို ဖရုံမသီးခဲ့ဘူး၊ ဒါဆို ဒါသမား ဖြစ်ခဲ့တယ်၊ ဒါနဲ့ပဲ နယ်စားကြီးက နှမမျက်နှာကို ထောက်ထားပြီး အကျဉ်း ထောင်က တစ်နည်းတစ်ဖုံ ဝေအောလျှနကိုခိုးထုတ်ဖို့ ကျုပ်ကို အမိန့်ပေးလို့ ကျုပ်ကိုယ်တိုင်ပဲ ဒီကိစ္စ ဆောင်ရွက်ပေးခဲ့ ပါသေးတယ်၊ ဒီလိုလုပ်မှလဲ နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက် ရှူးက ကျေနပ်မှာမဟုတ်လား'

ဟူသော စကားလုံးများကို အမတ်ချုပ်ကြီး ချန်စွမ်း တောင်ထံမှ ကြားသိလာရသောအခါ ဝမ်လင်းရိမှာ ဝေ ရန်တို့၏ ဖြစ်ကြောင်းကုန်စင်ကို သီရှိနားလည်ခွင့် ရလာပါ လေတော့သည်။

ထိုအခါ ဝမ်လင်းရှိ၊ စေဟောင်းရှောင်နှင့် ဟိုမင်းလူ သုံးယောက်မှာ လာရောက် တည်ခင်းပေးသော အစား အသောက်များကိုပင် မစားနိုင်ဘဲ အမတ်ချုပ်ကြီး ချန်စွမ်း တောင်ထံတွင် စိတ်အာရုံ ရောက်နေပါတော့၏။

သည်လိုဆိုတော့လည်း ဤနယ်စားကြီးထက် အမတ်ချုပ်ကြီး၏ စွမ်းဆောင်နေမှုများက အများဆုံး အရာထင်နေပါ ပေါ့လား။

ပြီးတော့ ရှေ့မီနောက်မီပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်နေ ပါကလားဟု ဝမ်လင်းရှိ အတွေးရောက်လိုက်မိလေ၏။

'ဒါနဲ့ပဲ မြို့စားသုံးဦးနဲ့ အခုထိ လိပ်ခဲ့တည်းလည်းဖြစ်နေ တယ် ဆိုပါတော့ကွယ်၊ သူတို့သဘောပေါက်ပြီး လက်ခံမယ် ဆို၊ လိုက်လျောမယ်ဆိုရင် ကောင်းတဲ့လက္ခဏာပဲပေါ့၊ သူတို့ က သဘောမကူ လက်မခံဘဲ အများသဘောတူညီချက်ကိုပဲ အတည်ယူမှာဖြစ်တဲ့အတွက် အစီအစဉ်ကတော့ မပျက်ပါဘူး'

ထိုသို့ ပြောနေစဉ် အမတ်ချုပ်ကြီးအား စံအိမ်တော် အစောင့်အကြပ်တစ်ဦးက လာရောက်၍ တိုးတိတ်ညင်သာစွာ ပြောလာသည်နှင့် အမတ်ချုပ်ကြီးလည်း....

'ကဲ.... စကား ကောင်းနေလိုက်တာ အချိန်တွေတောင် အတော်နှောင်းသွားပြီ၊ ကျုပ်လဲစံအိမ်တော်ဝင်ပြီး နယ်စား ကြီးနဲ့ တွေ့လိုက်ဦးမယ်၊ တူမောင်တို့လဲ ဧည့်ရိပ်သာအဆောင် ကို ပြန်နိုင်ပါပြီကွယ်'

ဟု ပြောပြီး ကပျာကသီထကာ ထွက်ခွာသွားပါလေ တော့၏။

ဝမ်လင်းရိတို့သည်လည်း အစည်းအဝေး ခန်းမဆောင် အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့ရာ အပြင်တွင် အစောင့် အကြပ်များ၊ ရဲမက်များသည် မိမိတာဝန်ကိုမိမိထမ်းဆောင် လျက် ရှိနေကြသည်။

ထိုအခိုက် မုတ်ဆိတ်မွေး ပါးမြှိုင်းမွေး ဗလပျစ်အပြင်

သူတို့လည်း ခရီးထွက်လာစဉ်ကသာ အတော် ပင်ပန်းနှမ်းနယ်ခဲ့ကြရသည်။

အခုတော့လည်း အမိုးအကာအောက်တွင် နေရသည်။ အစားအသောက်ကျတော့လည်း မြက်နုနုတွေကိုမှ စားနေရသည်။

မြက်စိမ်း မြက်နုများကို ဝမ်လင်းရိုက ညနေတိုင်း ရှာပေးရိတ်သိမ်းပေးထားသည်။

'ဘာဖြစ်နေတာလဲ လေဟုန်၊ လှုပ်လှုပ်ရှားရှား၊ မင်းက ဘာကိုမြင်နေလို့လဲ၊ ငြိမ်ငြိမ်လေးနေစမ်းပါကွာ'

ဟု ပြောကာ ဝမ်လင်းရိုက မြင်းညိုကြီး လေဟုန်၏ လည်ဆံမွေးများကို ပွတ်သပ်ပေးလိုက်လေသည်။

ကျန်လက်တစ်ဖက်က ဆရာကြီး လုံကျုံဟုန်၏ မြင်းနီကြီး၏ လည်ဆံမွေးများကို လှမ်းကိုင်ပေးရပြန်သည်။

ထို့နောက်....

မြက်အချို့ကို သွားသယ်ဖြီး မြင်းများရှေ့ မြေကြီး ပေါ်မှာပဲ ချကြွေးလေသည်။

စားခွက်မရှိသောကြောင့် အစာကို မြေကြီးပေါ် ချကျွေးရခြင်း ဖြစ်၏။

မြင်းကြီးနှစ်ကောင်သည် အစာမြက်များကို တွေ့မြင်လိုက်သောအခါ ပျော်မြူးနေကြသည်။

'ကဲ....ငါ့ကောင်ကြီးတွေ အစာတွေချည်း နင်းကန်မစားကြနဲ့ဦး ခရီးထွက်ကြတော့မှာ'

ဟု မြင်းကြီးနှစ်ကောင်အား သူတို့ထိန်းလည်လေဟန်နှင့် ပြောနေလေ၏။

ထို့နောက်....

အိမ်ကလေး ဖက်သို့ ပြန်လည် လျှောက်လာခဲ့လေသည်။

'ဝုန်း....'

ဝမ်လင်းရိသည် ဝုန်းခနဲအသံကို ကြားသည်နှင့် ဝုန်းခနဲခန့်ကိုယ်ကို တစ်ဘက်သို့ ခုန်ခရာင်ရင်း အသံပေါ်ထွက်သည့် အရာကို သတိပြုလိုက်သည်။

ဘာမျှမဟုတ်။

ဘေးတွင် ထောင်ထားသော သစ်လုံးတစ်လုံး လဲကျလာခြင်းပင်ဖြစ်သည်။

သည်တော့ ဝမ်လင်းရိက သက်မချလိုက်သည်။

အိမ်နောက်ဘက် တံခါးပေါက်သို့ ဆရာကြီး လုံကျုံဟုန် ချောက်ချင်းရောက်ရှိလာ၏။ သူက ဝမ်လင်းရိအား စိုးရိမ်မှုများဖြင့် လှမ်းမျှော်၍ ကြည့်နေသည်။

'တူမောင် ဝမ်လင်းရီ ဘာဖြစ်တာလဲဟေ့'
ဆရာကြီး လုံကျုံဟုန်က လှမ်းမေးလိုက်လေသည်။
ဝမ်လင်းရီကတော့ လဲကျနေသော သစ်လုံးကို ညွှန်ပြ
လိုက်လေ၏။

အခန်း [၄၁]

'ဖျတ်' ခနဲ အရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်နှင့် ဝမ်လင်းရီ
'ဝုန်း' ခနဲ ဆင်းလိုက်သွားလေသည်။
ဝတ်စုံနက်နှင့် သိုင်းသမားတစ်ယောက် ဖြစ်နေသည်ကို
ဝမ်လင်းရီ တွေ့မြင်ရချပြီ။
သိုင်းသမားမှာ ပိန်ပိန်ပါးပါး သိုင်းသမားတစ်ယောက်
ဖြစ်သည်။
ထို့ကြောင့်....
'ကဲ.... မင်းကပဲ ပြေးနိုင်မလား၊ ငါကပဲ လိုက်နိုင်မလား
တွေ့ကြသေးတာပေါ့ဗျာ'

ဟု ပြောပြီး ကိုယ်ဖော့ပညာကိုပင် အသုံးပြု၍ လှစ်ခနဲ လှစ်ခနဲ ခုန်ပျံလိုက်သွားရပါလေတော့၏။

သည်တော့မှ ကိုယ်တော်ချောကို ကျောက်ကမ်းပါးတစ်ခု ရှေ့က ပိတ်ဆို့တားဆီးကာ ရှေ့ဆက် မပြေးနိုင်တော့ဘဲ လမ်းစပျောက်နေလေတော့၏။

ဝမ်လင်းရိက....

'ငါ့ညီ မင်းရှေ့ဆက် ပြေးလို့လဲ မလွယ်တော့ဘူးကွာ၊ လာစမ်းပါ၊ ကျုပ်ဆီကို လာစမ်းပါ၊ ကျုပ်က မင်းကို သိုင်္ဂဗာလေး မေးပြီး မင်းကိုပြန်လွှတ်လိုက်ပါ'

ဟု ပြောသော်လည်း သိုင်းသမားက ဝမ်လင်းရိထံသို့ မလာဘဲ ကျောက်သား ကမ်းပါးရံအပေါ်သို့ မော်၍ကြည့်လိုက်သည်။

ထို့နောက် သူသည် မည်သည့်အရာကို တွေ့မြင်လိုက်သည်မသိ။

'ယား....'

ဟု အားပြုသံတစ်သံကို ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြီး၊ ကျောက်ကမ်းပါးရံ အလယ်လောက်ရှိ ကျောက်ခွက်ထဲသို့ ခုန်ပျံကူးသန်းသွား၏။

အမြင့်ဆုံးနေရာသို့ တိုက်ရိုက်ရောက်ရှိသွားသည် တော့ဖြင့် မဟုတ်ပေ။

အလယ်လောက်တွင် ကျောက်လှေကား သဘောမျိုး ဖြစ်တည်နေသည်ကို တွေ့လိုက်ရ၏။

ဝမ်လင်းရိသည်လည်း ဘာကိုမျှ ဆက်လက်မတွေးတော့ထိုနေရာသို့ရောက်သည်အထိ ကိုယ် ဖော့ ပညာ ကိုအသုံးမရာ ခုန်ပျံတက်လိုက်၏။

'ဝှီး'

'ဟူး'

'ဟူး'

အပေါ်သို့ကား ရောက်ချေပြီ။ သိုင်းသမားကား ပျောက်ခဲ့မလှ ပျောက်သွားချေပြီ။ ဝမ်လင်းရိ တွေးကြည့်သည်။

သင်း ဘယ်ကိုမှ ပြေးသွားလိမ့်ဦးမည်မထင်။ ဝမ်လင်းရိ တွေးထင်သည့် အတိုင်းပင်။

'ဝုန်း'

သိုင်းသမားက ဝမ်လင်းရိနောက်မှ ခေါင်းခုတ်ပိုင်းချလိုက်၏။

'ဝှစ်'

ဝမ်လင်းရိသည် လူကိုမတွေ့ ခေါင်ပဲကိုသာတွေ့သည်။

သည်လိုအကွက်မျိုး တွေ့ကြုံခဲ့ပေါင်းများပြီ။သည်လောက်ဘာမှဖြင့် မရသေးပေ။ စုန်းခနဲရှေ့သို့ ခုန်ဝင်ကာ ခေါင်းသော လက်ကောက်ဝတ်ကို ဖျတ်ခနဲဖမ်းဆုပ်ကိုင်လိုက်၏။

သိုင်းသမားက ခေါင်းလက်ကို အသုံးပြုရသောအခါ ဝမ်လင်းရိ၏ ဗိုက်ကို ဗယ်လက်သီးဖြင့် ပစ်သွင်းလိုက်သည်။

သို့သော်လည်း ပစ်သွင်းလိုက်သော လက်သီးအား မှာ တစ်ဝက်တွင်ပင် ပျော့ခွေသွား၏။

အကြောင်းမူကား ဝမ်လင်းရိက ဓားကိုင်လက်ကို လိမ်၍ ချိုးချလိုက်သောကြောင့် ဖြစ်၏။

'အား'

သည်တော့မှ ဝမ်လင်းရိက ဓားကို တစ်နေရာသို့ တွန်းပင်လိုက်ပြီး ရန်သူ၏ မေးဖျားကို လက်ဝါးစောင်းဖြင့် ခတ်တင်လိုက်လေ၏။

'အင့်'

သိုင်းသမားသည် ကျောက်နံရံဘက်သို့ လန်ကျသွား၏။ ဝမ်လင်းရိက ထက်ကြပ်မကွာ လိုက်သွားပြီးနောက် ရန်သူ သိုင်းသမား၏ လည်မျိုကို ခြေဖြင့် နင်းထားလိုက်၏။

'မင်း ဘယ်သူလဲ ပြောစမ်း'

ဝမ်လင်းရိက ခပ်မာမာ ခပ်ပြတ်ပြတ် မေး၏။

ရန်သူသိုင်းသမားသည် ခြေကားယား လက်ကားယား ဖြင့်

'ကျုပ်....ကျုပ်...'

ဟုသာ ပြော၏။

ရှေ့ဆက် မထွက်။

ပြီး....

ရန်သူသိုင်းသမား၏ မျက်လုံးအကြည့်က ဝမ်လင်းရိကို ကျော်၍ ကြည့်နေသည်။

သူ ဘယ်ကိုကြည့်နေသည်ဆိုတာကို ဝမ်လင်းရိ ချက်ချင်း သိ၏။

ပြီး နောက်ကျောဘက်မှ လေတိုးသံ တစ်သံကို ကြားသည်။

လေတိုးသံမှာ ခပ်ဝေးဝေးမှ အမြန်ဆုံး နီးကပ်လာသော အသံမျိုး ဖြစ်၏။

လက်နက်ပစ္စည်းတစ်ခု မိမိ၏ကျောကို ပစ်ဖောက်တော့သည့် အခြေအနေမှန်း သိလိုက်သည်။

သို့နှင့် ရန်သူ၏လည်မျိုကို ခြေဖြင့်နင်းထားသည်ကို ပုံစံပြောင်းလိုက်ပြီး တစ်ဖက်ဘေးသို့ ဝုန်းခနဲ တိမ်းရှောင်လိုက်၏။

'ဝုန်း'

'ဝှီး'

'ဒုတ်'

'အား'

အချိန်တိုကလေးအတွင်း၌ပင် အဖြစ်အပျက် ဖြစ်စဉ်တစ်ခုမှာ တဖျပ်ဖျပ် ဖြစ်သွားခဲ့လေ၏။

ဝမ်လင်းရိကိုယ်တိုင် ရုတ်တရက် မည်သို့ ဖြစ်သွားသည်ကို သိလိုက်ဘဲ ဖြစ်သွားရလေတော့၏။

လဲပြိုရာမှ ပြန်လည်ကုန်း၍ ထလိုက်သော အချိန်တွင်ကား ဘောစောက မိမိနှင့် တိုက်ခိုက်ခဲ့သော ရန်သူသိုင်းသမားသည် ဝင်ဘတ်တွင် မြားတန်းလန်းနှင့် လဲကျနေသည်ကို တွေ့၏။

သူ၏အောက်တွင်လည်း သွေးများ အိုင်ထွန်းနေလေပြီ။

အပေါ်ဘက်သို့ မော်၍ ကြည့်လိုက်သောအခါတွင်ကား
မြားတစ်စင်း ပစ်ပြေးသွားသော ရန်သူကို လုံးဝ မတွေ
တော့ပေ။

မည်သို့ဆိုစေ ဝမ်လင်းရီ မကျေနပ်။

ဝုန်းခနဲ ထလိုက်သွားလေသည်။

ကျောက်နံရံ လှေကားထစ်သဏ္ဌာန် အထစ်အထစ် အဆ
အဆင့်များကို ကိုယ်ဖော့ပညာကိုအသုံးပြု၍ ခုန်ပျံကျော်လွှ
ကာ တက်လိုက်သွား၏။

အပေါ်ဘက်သို့ ရောက်သောအခါ အနက်ရောင်ဝတ်စုံနှ
ရန်သူသည် အောက်ဘက်သို့ ပြေးဆင်းနေသည်ကို တွေ့သည်
ဝမ်လင်းရီက ရပ်၍ စဉ်းစားလိုက်၏။

ဆက်လိုက်သွားလျှင် သူ အပြေး ကိုယ်ကအလိုက် အားပြိုင်
နေသဖြင့် ခရီးဝေးသွားမည်။

အကယ်၍ ရန်သူက မိမိအား မျှားခေါ်သွားလျှင် ရန်သ
များ ကြားသို့ ရောက်ပြီး ဝိုင်းဝန်းတိုက်ခိုက်ခြင်းကို ခံရလိမ့်
မည်။

ထောင်ချောက်ဆင်ထားလျှင် ထိုထောင်ချောက်ထဲ ကျွမ်
ထိုး မှောက်ခုံ ကျသွားပေလိမ့်မည်။

ရန်သူသည် အရှေ့လမ်းကြောကို မရွေးဘဲ အနောက်
လမ်းကြောကို ရွေးချယ်၍ ပြေးလေပြီ။

ထိုအခါ ဝမ်လင်းရီက အနောက်လမ်းကြောကို အပေါ်
ဘက်က ပတ်လိုက်ပြီး တားဆီးတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်
၏။

'ဝှစ်'

'ဟူး....ဟူး'

ဝမ်လင်းရီသည် အပေါ်ဘက်မှ ပတ်လိုက်သွားလေသည်။

အခုလိုအခြေအနေမျိုးမှာ ရန်သူကို တွေ့မြင်ပြီး လိုက်ရ
သော အခြေအနေမျိုး မဟုတ်၍ တွက်ချေ လွှဲသွားတတ်၏။

မိမိတွက်သလို မဟုတ်ခဲ့လျှင်ကား ခဲ့လေသမျှ သဲရေကျ
ဖြစ်ရတတ်ပါ၏။

နောက်ဆုံးနေရာသို့ အရောက်တွင် လမ်းကြောပေါ်သို့
ပြန်လည် ရောက်ရှိရန်မှာ အမြင့် တောင်ကမ်းပါးယံတစ်ခု
ကာဆီးနေပြန်၏။

ဝမ်လင်းရီက ထိုကမ်းပါးယံအမြင့်ပေါ်မှ အောက်သို့
ကျားခနဲ ခုန်ချလိုက်လေပြီ။

ထိုအခါ တိုက်တိုက်ဆိုင်ဆိုင် ရန်သူ၏ ကျောပေါ်သို့
ဝန်းခနဲ ကျရောက်ကာ နှစ်ယောက်လုံး တစ်ဖက်သို့ လိမ့်ဆင်း
သွားပါလေတော့၏။

ရန်သူသိုင်းသမားမှာ စောစောက ရန်သူသိုင်းသမားနှင့်
တစ်ဖွဲ့တည်း ဖြစ်ဟန်တူ၏။

ဝတ်စုံနက်ကိုပင် ဝတ်ဆင်ထားသည်။

သူက အသက်ပိုကြီးသည်။ အသက်(၄၀)လောက် ရှိမည်
ဆင်၏။

ရန်သူသိုင်းသမားသည် လက်ထဲကိုင်ထားသော လေးကိုင်း
ကို လက်နက်သဖွယ် အသုံးပြု၍ ဝမ်လင်းရီကို ထိုးနှက် တိုက်
ခိုက်လေတော့၏။

'ဝှစ်'

'ဝှစ်'

ထိုသူက ဝမ်လင်းရိကို သူ၏လေးကိုင်းဖြင့် ချိတ်ဆွဲ
လက်ဝါးရိုက်ချက် ပစ်သွင်းရန် ကြိုးစားသည်။

မရပေ။ သူက ထိုသို့ကြိုးစားလေတိုင်း ဝမ်လင်းရိ
တိမ်းရှောင်ပြီး၊ ခြေဖျားဖြင့် ကန်သွင်းမြဲဖြစ်သည်။

ထိုသို့ ခြေဖျားဖြင့် ကန်သွင်းလိုက်သည့် အချိန်တိုင်း ပ
မှတ်ကို ထိသဖြင့် နောက်သို့လွှင့်၍ လွှင့်၍ သွားမြဲဖြစ်၏။

သုံးကြိမ်မြောက် ရန်သူသိုင်းသမားနောက်သို့ လန်လဲ
သွားစဉ်မှာတော့ ဝမ်လင်းရိက ခါးတွင် ချိတ်ထားသော
ဆောင်ဓားကို ဆတ်ခနဲထုတ်ပြီး ရန်သူ သိုင်းသမား ကြီး
ရင်ဘတ် တည့်တည့်ကို ဓားဦးချွန်ဖြင့် ထောက်ထားလိုက်၏

'မကြိုးစားနဲ့တော့'

ဝမ်လင်းရိက ပြောလိုက်လေ၏။

ရန်သူသိုင်းသမားမှာ မျက်တွင်းနှက်နက်၊ နှုတ်ခမ်းမွေးနှ
အရှပ်ဆိုးဆိုး လူတစ်ယောက် ဖြစ်နေသည်။

'ကျုပ်ကို မသတ်ပါနဲ့'

'ကျုပ်ကို မသတ်ပါနဲ့'

ရန်သူသိုင်းသမား တစ်စာစာ အော်ပြောနေ သည်
စောစောပိုင်းက အကြောင်းတွေသာ ဆက်စပ်မတွေးလ
အတော်သနားစရာ ဖြစ်နေသည်။

'မင်းက.... ကိုယ့်လူအချင်းချင်း သတ်တဲ့နေရာမှာ မစဉ်း
စား သတ်ရဲခဲ့ပြီး၊ အခု မင်းအလှည့်လဲရောက်ရော၊ ကြောက်
လိုက်တာ လွှန်ပါရော၊ ယောကျ်ားဆိုတာ ဒီလိုမဟုတ်ဘူး
လေ၊ ကိုယ်က သူများကိုလုပ်ထားရင် ကိုယ့်အလှည့်ကျရင်လဲ
ခံရဲရတယ်ကွ'

ဟု ဝမ်လင်းရိက ပြော၏။

'မင်း ဘယ်သူလဲ'

'ကျုပ် မော်ကျန်ပါ'

'တုချင်းလူ မဟုတ်လား'

'ဟုတ်....ဟုတ်ပါတယ်'

'ဘာလာလုပ်ဟာလဲ'

'သတင်းရလို့ လာစုံစမ်းတာပါ'

ဝမ်လင်းရိက တစ်ချက်ပြုံးလိုက်ပြီး....

'ဒီအတိုင်းဆိုရင်တော့ မင်းကို အရှင်ထားလို့ မဖြစ်တော့
ဘူး'

ဟု ပြောကာ ဓားကိုပြင်၍ ကိုင်လိုက်စဉ် ရန်သူသိုင်း
သမားက...

'သခင်ကလေး၊ ကျုပ်ကို အသက်ချမ်းသာပေးပါ၊ ကျုပ်
သခင်လေးကျေးဇူးကို မမေ့ပါဘူး'

ဟု ပြောဆိုကတိပေး၏။

ထိုစဉ်....

'တူမောင်ရေ သူ့ကိုလွှတ်ပေးလိုက်ပါကွယ်၊ ရန်သူဆို
ပေမယ့်လဲ၊ တို့ကတော့ မေတ္တာရှေ့ထားရမှာပဲပေါ့'

ဟု ပြောလာသူကား ဆရာကြီး လုံကျုံဟုန်ပင် ဖြစ်၏။
ဆရာကြီး လုံကျုံဟုန်သည် တောင်ကုန်းကမ္ဘာထက်ဘက်မှ ဆင်းလာခဲ့လေ၏။
အချိန်မှာကား နွေလည်ခင်းပေါ်ပေ။

* * *

ကျောက်ချပ်ကြီး စခန်းသို့ ရောက်သောအခါ၊ ဆရာကြီး ဟိုကျောက်ကျိနှင့် ဝမ်လင်းရိ စကား အနည်းအကျဉ်းမျှသာ ပြောလိုက်ရ၏။
ရသေ့ကြီး ရောက်နေသည်ဆို၍ဆရာကြီး ဟိုကျောက်ကျိနှင့် ဆရာကြီး လုံကျုံဟုန်တို့ သွားရောက်တွေ့ဆုံကာ၊ အရေးကိစ္စများကိုပင် ဆွေးနွေးနေကြသည်။
ဝမ်လင်းရိမှာ အခုမှ ဘာဆက်လုပ်ရမည်မသိ ဖြစ်နေသည်။
ပန်းကမ်ပိုးတို့ ရောက်ရောက်ချင်း တွေ့မည်ထင်သော်လည်း ပန်းကမ်ပိုးက ခရီးလွန်နေသည်။

သခင်ကြီးထံသို့ လက်နက်အချို့ သွားပို့နေသလိုလိုပြော သည်။

သည်တော့ ဝမ်လင်းရိုက ပန်းစမ် မြို့ကလေးသို့ အသေ နှင်ချသွားလိုက်ချင်၏။

ဟိုမှာ....ဝေဝေရန်၏ ဖခင်၊ သူကြွယ်ကြီး ဝေအောလှုံ့ ကျန်ရှိနေသေးသည်။

သူက မိမိအတွက် စိုးရိမ်ကြောင့်ကျ ဖြစ်နေမည်မှာအမှန်၊ မိမိအနေနှင့်လည်း ဝေဝေရန်နောက်ကို လိုက်ခဲ့သော အခြေ အနေနှင့် ပတ်သက်၍ မည်သို့သော အခြေအနေရှိသည်ဆိုသော အကြောင်းကိုကား ပြန်လည်ပြောကြားသင့်သည်။

နောက်တစ်ကြောင်းက၊ ဦးလေးရန်ဇေနှင့် ပြန်မဆုံသည့် အကြောင်းဖြစ်သည်။ ကျောက်ချပ်ကြီးကို ရောက်သောအခါ၊ ဝမ်လင်းရိုက ဆရာကြီးအား ဦးလေးရန်ဝေ အကြောင်း မေးမည် စိတ်ကူးရှိသည်။

ပန်းကမ်ပိုးနှင့်တွေ့လျှင် သိရလိမ့်မည်ဟုလည်း တွက်ထားမိ သည်။

ထို့ကြောင့် ဆရာကြီးအား မမေးဖြစ်ခဲ့။

ပန်းကမ်ပိုးကို မေးမည်ဆိုသောအခါ၊ စခန်းနေအဖွဲ့သား များက....

'သူတို့အဖွဲ့ သခင်ကြီးဆီကို လက်နက်တွေ သွားပို့ကြ တယ်'

ဟု ပြောလေ၏။

'လက်နက်တွေကခုထိပို့လို့ မပြီးသေးဘူးလား'

ဟု ဝမ်လင်းရိ မေးသောအခါ အဖွဲ့သား လူကြီးက....

'ဘယ်ပြီးမှာလဲ၊ တစ်ခါပို့ရင် နည်းနည်းချင်း ခဲ့ပို့နေ ရတာပဲ၊ များများပို့တော့လည်း နယ်စားကြီးလူတွေက ရိပ်မိသွားမှာ မဟုတ်လား'

ဟုပြော၏။

ကျုံကင်းမြို့ ပန်းဘဲဖိုကို မီးစတင်ဖာရှို့ခံရစဉ်က လုပ် ထားပြီးသော ဓား၊ လှံ၊ လက်နက် အတော်များများ ကျန် ရှိခဲ့လေ၏။

ထိုလက်နက်များကို အခုအခါ မိမိတို့အဖွဲ့တွေ ခဲ့ပြီး သခင် ကြီးထံသို့ ပို့ပေးနေခြင်း ဖြစ်သည်။

သခင်ကြီးဆိုသူမှာကား အခြားသူမဟုတ်။

မင်းသားကြီး တိန်ဂျေဟုန်ပင် ဖြစ်သည်။

သူကယခုအခါ ဆရာကြီး၊ ရသေ့ကြီး ရေခဲနှင်းတောင်က ရောက်လာသော လေသိုင်းဝိဇ္ဇာ ဆရာကြီး လုံကျုံဟုန် စသော တကယ်ကို သိုင်းပညာရော၊ တိုင်းပြည်နှင့်လူမျိုး ချစ်သောစိတ်ဓာတ်မျိုး ရှိသူများ စုစည်းလျက်၊ အရေးတော် ပုံကြီးတစ်ခု ပြီးမြောက်အောင်မြင်ရေးအတွက် လူတွေစုကာ တာစူနေကြသည် မဟုတ်ပါလား။

တစ်ခါတစ်ခါတော့ ဝမ်လင်းရိက၊ ဆရာကြီး နဂါးငွေ့ ဓား ချင်းဟုန်၏ အမှာစကားအရ၊ သိုင်းပြိုင်ပွဲကြီးတွင် ပါဝင် ယှဉ်ပြိုင်ရမည့် အရေးထက် သခင်ကြီး၏ အရေးတော်ပုံ လုပ်ငန်းတွင် စောက်ချပြီး လုင်းကိုင်ဆောင်ရွက်ရန် ဆုံးဖြတ်မိ သည်။

သို့သော် သခင်ကြီးနှင့် တွေ့ရန်မှာ အခွင့်မသာခဲ့ပေ။

သခင်ကြီးထံ သွားကြသည်ဟုသာ ပြောသည်။

မိမိကိုယ်တိုင် သခင်ကြီး မည်သည့်နေရာတွင် ရှိနေသည်ကို ဝမ်လင်းရိ မသိရသေးပေ။ ခုနေအချိန်မျိုးတွင် မိမိတို့အရေး တော်ပုံ အောင်မြင်ရေးဆိုတာကလည်း သခင်ကြီးသာအဓိက ကျနေသည် ဖြစ်၏။

သခင်ကြီးကို လူတိုင်းနှင့် အတွေ့ပေးရန် မဖြစ်သေးပေ။

ဖွဲ့စည်းထားသော အရေးတော်ပုံ တပ်ဖွဲ့ထဲ၌ပင်လျှင်၊ လက်ရှိနယ်စားကြီး တိန်ယုမိန်နှင့် စီချန်မြို့စား တုချင်းတို့လူတွေ၊ သူ့လူ ကိုယ်ဖက်သား သဘောနှင့် ထိုးဖောက်မဝင်လာဟု သူပြောနိုင်ပါမည်နည်း။

ပြီးတော့ တောပုန်းကြီး ကွာလျှံရှိနှင့် ကြုံစီ၊ ကွာရှိုးစသော ခေါင်းပြအဖွဲ့တွေကလည်း အခြေအနေကို ကြည့်ပြီး သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။

သူတို့က မည်သို့မျှ မဟာမိတ်ဖွဲ့ကြသည် မဟုတ်။

မည်းမည်းမြင်ရာ လုယက်တိုက်ခိုက်နေကြသော အဖွဲ့မျာ်း ဖြစ်သည်။

ခရီးသွားအဖို့ ကွာလျှံရှိလို တောပုန်း ခေါင်းပြများနှင့် တွေ့ဆုံခြင်းသည် သေမင်းနှင့် တွေ့ဆုံရသည်ဟုပင် မှတ်ယူနိုင်ပါ၏။

တစ်ညနေ၊ ကျောက်ချပ်ကြီးစခန်းအတွင်း တောင်ကုန်းတစ်ခုပေါ်သို့ အတက်၊ နောက်မှ ပြေးလိုက်လာသော ခြေသံကိုကြား၍ လှည့်ကြည့်လိုက်သောအခါ၊ ဝမ်လင်းရိသည် ပန်းကမ်ပိုးကို တွေ့လိုက်ရလေ၏။

တွေ့ချင်သောဆန္ဒနှင့် မျော်လင့်နေသော ပန်းကမ်ပိုးကို ခုလို မမျော်လင့်ပါပဲလျက် တွေ့မြင်လိုက်ရသောအခါ ဝမ်လင်းရိ အလွန်ဝမ်းသာသွား၏။

ပန်းကမ်ပိုးကို ရုတ်တရက်အမြင်တွင် စကားကိုပင် မပြောနိုင်ရှိ၏။

ပန်းကမ်ပိုးဘက်မှာကျတော့ကော တစ်ပါးသော မိန်းမတစ်ယောက်အပေါ်တွင် စိတ်ဝင်စားမှု အမျှားအပြားနှင့် သွားရောက်ခဲ့သော ဝမ်လင်းရိမှန်းသိထားပါလျက် တကယ်တမ်းကျတော့လည်း အချိန်တန် လွမ်းရပါကလားဟု သိခဲ့ရမည်မဟုတ်လား။

ပန်းကမ်ပိုးက ကလေးဆိုးနှယ်ရှိ၏။

အခုကြည့် ဟိုးအဝေးကပြေးလာတုန်းက အကောင်းသား သည်အနီးရောက်ကာမှ ဝမ်လင်းရိ ခြေအစုံကိုလျှောချ၍ ကိုင်ရင်းထိုင်သည်။

'အစ်ကိုပြန်ရောက်နေကာကို ဘယ်သူကမှ မပြောကြဘူး၊ ဆရာကြီးတို့ စကားပြောတဲ့ အထဲမှာ အစ်ကို့နာမည်ကြားမှ အစ်ကိုပြန်ရောက်နေတယ်ဆိုတာ သိရတာ'

ဟု ပြောလေသည်။

ဝမ်လင်းရိပါ မနေသာတော့ပြီ၊ ပန်းကမ်ပိုး၏ဘေးတွင် ဝင်ထိုင်သည်။

သို့သော်လည်း....

ဝမ်လင်းရိ၏မျက်နှာမှာ လန်းလန်းဆန်းဆန်း ရွှင်ရွှင်ပျပျ မရှိပေ။

'အစ်ကို့ မျက်နှာကြီးကလဲ စိတ်ပျက်စရာ ကောင်းလိုက်တာ၊ အစ်ကို ဟိုမှာ ဘာတွေဘယ်လိုဖြစ်လာလို့လဲ၊ မမလေး ဝေဝေရန်နဲ့ စကားများလာကြလို့လားဟင်'

ပန်းကမ်ပိုးက မသိသားဆိုးဝါး ပြောနေသည်။

သူမစကားတွေ ဘယ်ကိုသဝေထိုးနေပြီလဲ၊ သူမသိတော့ပေ။ သူမအဖို့မှာကျတော့လည်း ဝမ်လင်းရိကို တွေ့ရသည်နှင့် အပျော်ကြီးပျော်နေလေ၏။

ထိုအခါ....

ဝမ်လင်းရိက ဝေဝေရန်နှင့်ပတ်သက်သမျှ ကြုံဆုံခဲ့ရသမျှ အားလုံး ပြန်လည်ပြောပြလိုက်လေသည်။

သည်တော့မှ ပန်းကမ်ပိုးမျက်နှာကလေး ချက်ချင်း ညှိုးကျသွားပါလေတော့သည်။

သို့သော်လည်း သူမစကားက ဝေဝေရန်နှင့် မပတ်သက် ဝမ်လင်းရိနှင့်သာ ပတ်သက်နေသည်။

'အစ်ကို့ကို အဲဒီ ဦးရီးတော်ချန်စွမ်းတောင်ဆိုတဲ့ လူကြီးက အသေသတ်တာပေါ့၊ အစ်ကိုက အဲဒီလူကြီးကို ဘာဖြစ်လို့နိုင်အောင် မတိုက်ခိုက်နိုင်တာလဲဟင်၊ သူတို့သိုင်းပညာက

ပြိုင်နေလို့လားဟင်၊ တော်ပါသေးရဲ့ အစ်ကို ကံကြီးပေလို့ဖဲ့ပေါ့'

ပန်းကမ်ပိုးမှာ သူခိုးပြေးမှ ထိုးကွင်းထသောအဖြစ်မျိုးကြုံနေရသည်။

သူမမှာ ဝမ်လင်းရိအတွက် အကဲခတ်ရသည်ကိုလည်း မမှု။

'နေပါဦး၊ အဲဒီ ဓားနန်းရှင်ကလူတွေဟာ ဘယ်လိုလူတွေလဲ၊ သူတို့က မမလေး ဝေဝေရန်တို့သားအဖကို ဘာဖြစ်လို့ဝမ်းတာလဲ၊ သူတို့နဲ့ ရန်ငြိုးရန်စတွေရှိနေလို့လား'

ဟု ပန်းကမ်ပိုးက မေး၏။

ဝမ်လင်းရိက အခက်ကြုံရပြန်ချေပြီ။

အမှန်တော့ ဝမ်လင်းရိကိုယ်တိုင် ဝေဝေရန်နှင့် ပတ်သက်ခဲ့သမျှ ဘာတစ်ခုကိုမျှ အတိကျသိခဲ့သည်မှ မဟုတ်ဘဲကလား။

'သူတို့သားအဖမှာ ကျုပ်မသိတဲ့ လျှို့ဝှက်ချက်တစ်ခုရှိနေတာ အမှန်ပဲပိုး၊ အဲဒီလျှို့ဝှက်ချက်ကို သူတို့သားအဖက ကျုပ်ကို ခုထိ မပြောထားတော့လဲ ကျုပ်မှာ ကူညီပါဆိုလို့သာ ကူညီနေရတာ၊ ခုထိ ဘာမှန်းကိုမသိတာအမှန်ပဲ ပိုးရယ်'

ထိုစကားမျိုးကို ကြားရသောအခါ ပန်းကမ်ပိုးသည် ဝမ်လင်းရိ၏လက်များကို ဆုပ်ကိုင်ကာ ဝမ်လင်းရိ၏မျက်နှာကို မော်၍ကြည့်နေလေသည်။

အတန်ကြာမှ....

'အစ်ကိုက ဝေဝေရန်ဆိုတဲ့ မိန်းကလေး အပေါ်မှာ အတော်ကိုချစ်တာပဲနော်' ဟု ပြော၏။

ဝမ်လင်းရိကမူ....

'မဟုတ်ပါဘူး ပန်းရယ်၊ အစ်ကိုက သံယောဇဉ် ကြီးနေတာပါ'

ဟု ပြန်ပြော၏။

'ချစ်တာနဲ့ သံယောဇဉ် ဘာမျှားထူးခြားလို့လဲ အစ်ကို ရယ်၊ ချစ်ရင်သံယောဇဉ်ရှိကြတယ်၊ သံယောဇဉ်ရှိလာ တော့လဲ အချစ်ပို့ရတာပဲမဟုတ်လား အစ်ကို'

ဟု ပြောပြီး ထိုင်ရာမှထကာ တောင်ကုန်းထိပ်သို့ လျှောက်လာခဲ့လေ၏။

ထိုအခါ....

ဝမ်လင်းရိသည်လည်း ရုတ်ချည်းထကာ ပန်းကမ်ပိုးနောက်သို့ လိုက်သွားလေ၏။

ပြီး ပန်းကမ်ပိုးဘေးမှာ ဝင်ရပ်သည်။

ပန်းကမ်ပိုးက ဟိုးအဝေး မိုးကုပ်စက်ဝိုင်းကို လှမ်းမျှော်ကြည့်နေရာမှ ထိုအကြည့်ကို ပြန်လည်ရုတ်သိမ်းပြီး ဝမ်လင်းရိကို စူးစူးစိုက်စိုက် ကြည့်၏။

လေက တိုးသောအခါ သူမ၏ဆံနွယ်စကလေးများ သူမ၏ဆံနွယ်စကလေးများ သူမ၏နောက်ကျောဘက်တွင် အငြိမ်မနေရဘဲ တဖျပ်ဖျပ်တလူးလူး လှုပ်ရှားနေကြ၏။

သူမ၏ ရင်စေ့အင်္ကျီစကလေးမှာလည်း လေက တိုးတိုက် တိုက်နေသဖြင့် ပုံမှန်အနေအထားမဟုတ်မူဘဲ တစ်ဘက်သို့ လန်ချနေလေရာ ဖြူဝင်းချိမို့မောက်သော ရွှေရင်အစုံကို တစ်စိတ်တစ်ပိုင်း ရစ်ဝိုင်းချ မြင်နေရပြန်ပါ၏။

ဤသည်ကို ဝမ်လင်းရိသည် အမှတ်မဲ့ တော့ဖြင့် ယောကျ်ားတို့အသိစိတ်ဖြင့် ကြည့်မိသည်ရှိလေရာ အဖြစ်မှန်ကို ရိပ်စားလိုက်သော ပန်းကမ်ပိုးမှာ အင်္ကျီစကလေးကို မှသိမသာ ဖိလိုက်ခြင်းနှင့်အတူ မျက်လွှာကလေးချ ခေါင်းကလေး ငုံ့ဖြစ်သွားရပါလေတော့၏။

နှစ်ဦးသား၏ရင်မှာ လှုပ်ရှားလာကြသောအခါ ပြောလက်စ စကားလုံးတွေ ပျောက်ဆုံးသွားကြရလေသည်။

အတန်ကြာငြိမ်သက်ပြီးကာမှ ပန်းကမ်ပိုးက ထိုဧလိုက်ပြန်သည်။

မြိုးလျှင် အဝါအပြာ အစိမ်း လိမ္မော်ရောင်တို့က အစရောထွေးကာ ရောင်စုံပန်းချီကားကြီး တစ်ချပ်လို့ လှပနေသော ဟိုအနောက်မိုးကုပ်အလှကို ကြည့်ငေးနေလေ၏။

ဝမ်လင်းရိသည် သက်ပြင်းတစ်ချက်ကို ရှူသွင်း မှတ်ထုတ်လိုက်ပြီးနောက် ပန်းကမ်ပိုးအနီးမှခွဲခွာ၍ ထိုတောင်အောက်ဘက် ပြန်ဆင်းရလေမလားအတွေးနှင့် ခြေကိုလှမ်းမည်အပြု ပန်းကမ်ပိုးက လှည့်မကြည့်သော်လည်း နားနှင့်ကြည့်နေလေသည်။

ဤသည်ကိုလည်း ဝမ်လင်းရိသည် ကောင်းစွာ သိရှိနားလည်လိုက်ပါ၏။

အမှန်တော့ အသံတိတ် အသဲနှလုံးဘာသာရပ်ဖြင့် သူတို့တစ်ယောက်ကိုတစ်ယောက် ပြောနေကြသည်ပဲ မဟုတ်ပါလား။

သို့နှင့် စမ်လင်းရိသည် ကြွေခြေကို ပြန်လည်၍ရုတ်ကာ ပန်းကမ်ပိုးအနီးတွင် အသာအယာဆိုင်ကာ ပန်းကမ်ပိုး၏ မွေးညှင်းနုကလေးများ ပြေးနေသည့် လက်ကလေးများကို ဆုပ်ကိုင်လိုက်ရလေတော့သည်သာ။

အပျော်ကြီး ပျော်ခဲ့သွားလေ၏။
ပြုံးနေသောမျက်လုံးများဖြင့်....
'ဟုတ်ရဲ့လား ပိုးရယ်'
ဟု ဝမ်လင်းရီက မေးလိုက်ရပြန်သည်။
ပန်းကမ်ပိုးက....
'အစ်ကိုကလဲ ကျွန်မက ဘယ်တုန်းက အစ်ကို့ကို နောက်နေးနောက်တောက် လုပ်ဖူးလို့လဲ၊ တကယ်ပါအစ်ကိုရဲ့'
ဟု ပြောကာ မျက်စောင်းကလေးပင် ခဲလိုက်ပါ၏။

အမှန်တော့ ဝမ်လင်းရိမှာ ဆရာကြီး နဂါးငွေခေ
ဟုန် စေလွှတ်လိုက်ကတည်းက ရည်ရွယ်ချက်နှစ်ချက်ကို
ထား ဆောင်ရွက်ရမည်ဟု ဆိုသည်မဟုတ်လား။

ပထမရည်ရွယ်ချက်က သိုင်းပြိုင်ပွဲကြီးတွင် ပါဝင်ယှ
နိုင်ရေး ဖြစ်သည်။

နောက်ရည်ရွယ်ချက်မှာကား သခင်ကြီး၏ အရေးက
မိမိ နိုင်နင်းကျွမ်းကျင်သောနေရာက ပါဝင်လှုပ်ရှား
ရွက်နိုင်ရေးဖြစ်သည်။

အခုတော့ သိုင်းပြိုင်ပွဲကား ဘယ်လိုအခြေအနေရှိနေ
မသိ။

ရောက်စကလို သိုင်းပြိုင်ပွဲအကြောင်းကို ပြောကြ
မရှိဘဲ ပြန်လည်ငြိမ်နေသည်။

တိုဗက် သိုင်းသမားတွေ ရောက်ရှိလာသောကြော
လည်း ပြောနိုင်သည်။

အချို့ကဆိုလျှင်....

'သိုင်းပြိုင်ပွဲ လာဖြစ်မှဖြစ်ပါ့မလား မသိပါဘူး'

ဟု ပြောနေကြသည်။

မည်သို့ဆိုစေ အခုတော့ဖြင့် ပန်းကမ်ပိုးက....

အစ်ကိုနဲ့ကျန်မ သခင်ကြီးဆီကို သွားတွေ့ရမယ်တဲ့ဆို
စကားကို ကြားလိုက်ရကတည်းက ဝမ်လင်းရိ အပျော်
ပျော်သွား၏။

သခင်ကြီးနှင့် တွေ့ရတော့မည်ဆိုသော အခွင့်အရေးမျိုး
ဆိုသည်မှာ အလွန်မဆန် မလွယ်ကူသော အခွင့်အရေး
သည်။

အမှန်တော့လည်း ယခုအချိန်မျိုးတွင် သခင်ကြီးအတွက်
စိတ်ဒုက္ခရန် အထူးလိုအပ်နေသည်ပဲ။

ဘာရုံတန်ခိုး စိတ်ချယုံကြည်လောက်သော အခြေအနေ
သခင်ကြီးကို တွေ့ခွင့်ပေးရမဖြစ်ပါလေ။

သခင်ကြီးနဲ့သွားတွေ့မယ်လို့ ပိုးကို ဘယ်သူက ပြောလိုက်
ကျုပ် မသိရဘူးလား'

ဝမ်လင်းရိက စမ်းသာအားရဖြစ်နေသည့်ကြားက မေး
သောအခါ ပန်းကမ်ပိုးက....

'ဘယ်သူပြောရမှာလဲ၊ ဆရာကြီး ဟိုကျောက်ကျီပဲပေါ့'
ပြော၏။

'ဩော်...ဆရာကြီးဟိုကျောက်ကျ ပြန်ရောက်နေမှကိုး၊
တွေ့ဦးမှပဲ'

အစ်ကို့ကိုအခေါ်ခိုင်းလိုက်တာ၊ ကဲ....လာ သွားကြစို့'
သို့ဖြင့် ဝမ်လင်းရိ၏ ယောင်တောင်တောင် ဖြစ်နေ
အခြေအနေမှာ ပြန်လည်နိုးကြားစပြုလာသည်ဟု ဆိုရ
ဖြစ်သည်။

ဆရာကြီးဟိုကျောက်ကျ ရှေ့သို့ ရောက်သောအခါ ဆရာ
ဟိုကျောက်ကျ က....

'အခြေအနေတွေကတော့ တစ်နေ့တခြား အရေးတော
ကြီးနဲ့ နီးသထက်နီးကပ်လာပြီပဲပေါ့ တူမောင်ရေ၊ ဘာ
ပြောပြော တို့တွေအားလုံးဟာ အသက်ကို စွန့်စားကြရမ
ဆိုရင်လဲ အချိန်မရွေး အသက်ကိုစွန့်စားဖို့ ဝန်မလေးမှ
ဖြစ်မှာကွယ့်၊ ဒါမှလဲ တို့တွေမျှော်မှန်းထားဟဲ့ အရေးတော
ပုံကြီး အောင်မြင်မှာဖြစ်တယ်'

ဟု ပြောလေ၏။

ဆရာကြီးဟိုကျောက်ကျိုက ဤသို့ပြောနေသည်ကို ကြ
ရသည့်အတွက် ဝမ်လင်းရီရော ပန်းကမ်ပိုးပါ ဝမ်းမြေ
ဝမ်းသာဖြစ်၍ နေလေသည်။

'ကျုပ်တို့အသက်ကို စွန့်စားဖို့ ဝန်မလေးပါဘူး ဆရာ
ခင်ဗျ၊ အသက်ကို တိုင်းပြည်နဲ့လူမျိုးအတွက် ပေးအပ်
သားပါ'

'ဒီလိုစကား ကြာရမယ်ဆိုတာ ဆရာကြီးတို့အား
ယုံကြည်ပြီးသားပါကွယ် ယုံကြည်ပြီးသားပါ၊ တိုင်းပြ
လူမျိုးအတွက် အသက်ကိုစွန့်လွှတ်တယ်၊ ပေးအပ်ထားတ
ဆိုတဲ့ဂုဏ်ဟာ အလွန်ကြီးမြင့်တာပါ'

'ဟုတ်ကဲ့၊ ဆရာကြီး ပေးအပ်တဲ့တာဝန်ကို ကျွန်မ
ဦးလည်မသုဉ်ဆောင်ရွက်ဖို့ ကတိခံဝန်ချက် ပြုထားပါတ
'အေး....ဟုတ်ပြီ၊ ဒီစကားမျိုးကြားရတာ အလွန်ပီ
ဖြစ်ရပါတယ်၊ ကောင်းပြီ မင်းတို့သွားရမယ် နေရာကို ဆ

ကြီးတို့က ညွှန်ကြားလိုက်မယ်၊ ဘယ်လိုတာဝန်တွေ ဆက်လက်
ထမ်းဆောင်ရမယ်ဆိုတာကိုတော့ သခင်ကြီးဆီကို ရောက်တဲ့
အခါ မင်းတို့သိရလိမ့်မယ်၊ အရေးအကြီးဆုံးက မင်းတို့
ကျုံကင်းနယ်ကို ဖြတ်တဲ့အခါ သတိထားကြဖို့ ဖြစ်တယ်၊
တုချင်းရဲ့လူတွေဟာ တိဗက်သိုင်းသမားတွေရဲ့ သိုင်းပညာ
နည်းဗျူဟာ အသစ်အဆန်းတွေနဲ့ မင်းတို့ကို အနှောက်
အယှက်ပေးကြမှာ သေချာတယ်၊ သတိ လက်မလွှတ်စေနဲ့
ဟုတ်လား'

ဆရာကြီးဟိုကျောက်ကျိုက ဝမ်လင်းရီနှင့် ပန်းကမ်ပိုးတို့
နှစ်ယောက်ကို သခင်ကြီး၏စခန်းသို့ မည်ကဲ့သို့ သွားရမည့်
လမ်းညွှန်ကို နှုတ်ဖြင့်သာ ပြောပြသည်။

အမှာစကားများကိုလည်း ပေပုရပိုဒ် တစ်စုံတစ်ရာတွင်
ရေးမှတ်ခြင်းမပြု နှုတ်ဖြင့်သာပြောလိုက်သည်။

ဝမ်လင်းရီနှင့် ပန်းကမ်ပိုးတို့က ကျေးတောသား လင်
မယားအသွင်သဏ္ဌာန်ဖြင့် ခရီးထွက်ခဲ့ကြသည်။

မြင်းကိုမသုံးဘဲ မြင်းလှည်းကိုသာသုံးသည်။

မြင်းလှည်းပေါ်တွင် ပရဆေးမြစ်များကို တင်ဆောင်
လာခဲ့သည်။

ယခုအချိန်တွင် နယ်စားကြီးတိန်ယုမိန်နှင့် စီချမ်မြို့စား
တုချင်းတို့လူတွေကလည်း ဆရာကြီးသုံးပါး ဖြစ်ကြသော

ဟိုကွမ်ယု၊ ဟိုကျောက်ကျ ိနှင့် လုံကျ၊ဟုန်တို့၏ လှုပ်ရှားမှု များကို အထူး ပိုက်စိတ်တိုက်နေသော အချိန်ဖြစ်သည်။

ဆို့ကြောင့် သွားရေးလာမှုမှာ ယခင်ကနှင့်မကူတော့ဘဲ ဘေးအန္တရာယ်တွေ အသွယ်သွယ် များလာခဲ့၏။

တကယ်ပဲ အသက်စွန့်၍ သွားလာနေရသော အချိန်မျိုး ဖြစ်နေပါ၏။

ယခု....

ဝမ်လင်းရိတို့ သွားရမည့်ခရီးလမ်းမှာ ကျ၊်ကင်းနယ်ကို မဖြတ်မဖြစ် ဖြတ်ကြရမည်ဖြစ်နေသည်။

လမ်းတွင် မည်သည့်ထမင်းဆိုင်ကိုပဲ ဝင်ကြသည်ဖြစ်စေ၊ တုချင်း၏လူတွေကိုသာ တွေ့နေရလေ၏။

သို့သော်လည်း သူတို့အားလုံး ဝမ်လင်းရိနှင့် ပန်းကမ်ပိုး တို့ကို တကယ့် အကြင်လင်မယားဟုသာ မှတ်ထင်ထားကြ သည်။

ပရဆေးမြစ် ရောင်းချသူများဟုလည်း ယုံကြည်ထားကြ သည်။

သူတို့ ပိုယုံကြည်ရန်အတွက် တောရွာ တောမြို့ကလေး ရောက်လေတိုင်း ဝမ်လင်းရိတို့က ဈေးလမ်းဘေးတွင် မြင်း လှည်းကလေးရပ်ကာ ပရဆေးမြစ်များကို ခင်း၍ အရောင်းပြ ရပါသေးသည်။

တောမြို့ကလေးတစ်မြို့၏ ဈေးလမ်းဘေး ပရဆေးမြစ် များ ခင်းကျင်းရောင်းချနေစဉ် တစ်နေ့မှာ ဝမ်လင်းရိမှာ မျော်လင့်သော အခြေအနေတစ်ရပ်နှင့် တိုးခဲ့ပါလေတော့ သည်။

အခြားမဟုတ်ပေ....။

ဝမ်လင်းရိမိဘများ မြေပုံများကို သွားရောက်ကန်တော့ ခဲ့က တွေ့ဆုံတိုက်ခိုက်ခဲ့ဖူးသော တိမ်ညွှန့်စား ဌက်ခါးဆို သည့် သိုင်းသမားနှင့် အမှတ်မထင် ပက်ပင်းပါ တိုးခဲ့ရခြင်း ဖြစ်သည်။

ထိုအခြေအနေကို ပန်းကမ်ပိုးကတော့ ပထမ မှသိရှာပေ။

သို့သော်....

ချက်ချင်း အခြေအနေမှန်ကို ရိပ်မိလိုက်ပါ၏။

'ဘယ်သူများလဲလို့ လက်စသပ်တော့ မိတ်ဆွေဟောင်း နဂါးဌေးပါကလား၊ အခုလို ပရဆေးမြစ် သယ်လိုပုံနဲ့ လာတော့လဲ အတော့်ကိုတူသားပဲ'

ဌက်ခါးက နှာက်လိုက်နှစ်ယောက်နှင့် ဝမ်လင်းရိကို ပြော လာခြင်း ဖြစ်သည်။

နောက်လိုက်တွေ အများကြီးမဟုတ်၍ တော်၏ဟု ဝမ်လင်းရိ တွေးမိ၏။

သို့သော်....

မည်ကဲ့သို့ ဤအခြေအနေက ဖြတ်ကျော်ရမည်ကို တွေးမခဲ့ဘဲရှိ၏။

ပန်းကမ်ပိုးမှာ မျက်နှာအပျက်ကြီး ပျက်နေပါတော့၏။

'ရှင်တို့ လူမှားနေပြီ ကျွန်မယောကျ်ားပါရှင်၊ တစ်ရွာတည်းနေ တစ်ရေဘည်းသောက်ပြီး လူကြီးမိဘတွေ ပေးစားခဲ့မိတဲ့ လင်မယားတွေပါ'

ဟု ပန်းကမ်ပိုးဝင်ပြောတော့မှပဲ ဝမ်လင်းရိလည်း ရေယောင်လိုက်ရပါတော့သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ဟာ လင်မယားတွေပါ၊ ခင်ဗျား လူမှားနေတာပါ'

ထိုအခါ ငှက်ခါး ဇဝေဇဝါ ဖြစ်သွာ ပုံရသည်။

ဝမ်လင်းရိမျက်နှာကို အသေအချာပြန်ကြည့်သည်။

ထို့နောက် တွေသွား၏။

တစ်ဖန်....

'ကျုပ်ကို ဘာဖြစ်လို့ လိမ်ချင်ရတာလဲ၊ မင်းတို့ မင်းသားကြီးရဲ့ အဖွဲ့တွေမဟုတ်လား မှန်မှန်ပြောစမ်း'

ဟု မေးနေပြန်၏။

သူက ဤသို့ မေးနေသည်ဆိုကတည်းက သူကလည်း မှန်လို မှန်ငြား မေးနေမှန်း ဝမ်လင်းရိသိနေသည် မဟုတ်ပါလား။

'မလုပ်ပါနဲ့ဗျာ၊ ကျုပ်တို့လင်မယား ဘာဆိုဘာမှ နားမလည်ပါဘူး၊ မင်းသားကြီးလဲမသိ၊ မင်းသမီးကြီးလဲမသိ၊ ဘာဆိုဘာမှမသိပါဘူး၊ ကျုပ်တို့ရွာကိုက ဟိုရိုးထဲက ရွာသိမ်ရွာမွှားကလေးပါဗျာ'

'ဟုတ်ပါတယ်ရှင်၊ အစ်ကိုကြီးတို့မယုံရင် ကျွန်မတို့ရွာကို လိုက်ခဲ့ပါ၊ ကျွန်မတို့ ခေါ်သွားပြီးပြပါ့မယ်'

ဤသို့ဖြင့်....

ဝမ်လင်းရိတို့ဘက်ကလည်း မလျော့သောဇွဲနှင့် ပြောလေရာ နောက်ဆုံးမှာတော့ ငှက်ခါးလည်း ဇဝေဇဝါဖြစ်ပြီး....။

'အေးလေ....ဟုတ်တော့ ဟုတ်မှာပါ၊ ကျုပ်က ဟုတ်လို ဟုတ်ငြား အစ်အောက်ကြည့်တာပါ'

ဟု ပြောပြီး ပြန်သွားကြလေ၏။

သို့သော်လည်း ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့မှာကား စျေးရောင်းရသည်ကိုပင် ဆက်လက် မရောင်းရဲတော့သဖြင့် ငှက်ခါး ပြန်သွားသည်နှင့် ပရဆေးမြစ်များ ပြန်သိမ်းကာ မြင်းလှည်းကလေးပေါ်တင်၍ ခပ်သုတ်သုတ် ထွက်လာခဲ့လေတော့၏။

မြို့ပြင်ကိုထောက်တော့မှပဲ ဝမ်လင်းရိရော ပန်းကမ်ပိုးပါ စိတ်အေးသွားကြရလေ၏။

'ဟား ဟား ဟား ဟား'

ရယ်မောသံများကိုကြား၍ အသံလာရာကို ကြည့်လိုက်သောအခါ သစ်ပင်သုံးပင် နောက်ကွယ်မှ ထွက်လာသော ဌက်ခါးတို့သုံးဦးသားကို တွေ့ရပါလေတော့၏။

'မင်းတို့ကို မသက်သလို ဒီက လာစောင့်ကြည့်နေတာ၊ ခုတော့ ကျုပ်ထင်တဲ့အတိုင်းပါပဲလား၊ မင်းတို့ အခု ယွက်ပြေးကြတာ မဟုတ်လား'

ဌက်ခါးက ပြောပြောဆိုဆို ရှေ့သို့ ထွက်လာ၏။ ဆောင် ဓားများကို အသင့်ကိုင်ဆောင်လျက်ရှိ၏။

ထိုအခါ....

ဝမ်လင်းရိက ပန်းကမ်ပိုးကို မျက်ရိပ်ပြလိုက်သည်၊ ချက်ချင်းပဲ မြင်းလှည်းပေါ်က ကိုယ်ဖော့ပညာကို အသုံးပြု၍....

'ဝိုး....ဝိုး....ဝိုး'

'ဖျပ်....ဖျပ်....ဖျပ်'

အောက်သို့ ခုန်ပျံဆင်းလာပြီး ဝမ်လင်းရိက ဌက်ခါးကို ဘာဝန်ယူ၍ ပန်းကမ်ပိုးက ဌက်ခါးနောက်လိုက် နှစ်ယောက်ကို တာဝန်ယူကာ စတင်တိုက်ခိုက်ပါလေတော့၏။

'ယား'

'ယိစ်'

'ဝှစ်....ဝှစ်....ဦ'

တိုက်ပွဲမှာ လက်နက်နှင့်တိုက်ခိုက်သူ သုံးဦးအား နှစ်ဦးက လက်နက်မဲ့ ပြန်လည်တိုက်ခိုက်ခြင်း ဖြစ်သည်။

ဤတိုက်ပွဲမျိုးတွင် အချိန်ကို မပေးနိုင်၍ ဝမ်လင်းရိရော ပန်းကမ်ပိုးပါ ရန်သူတို့၏ ပျော့ကွက်ကိုသာ အရင်ဆုံးရှာ၏။

ဝမ်လင်းရိက အရင်ဆုံး တွေ့၏။

ဌက်ခါးသည် ဘယ်သန်ပြီး ညာမသန်သူ ဖြစ်၏။

သည်တွင် သိုင်းကွက်သုံးကွက်အပြီးတွင် ဘယ်လက်ကို ရိုက်ချိုး၍ အရှိုက်ကို အတွင်းအား သုံးလက်ဝါးနှင့် ရိုက်ချလိုက်ရာ၏တော့၏။

'အား....အု'

ဌက်ခါး မော့ကသွားသောအချိန်တွင် ပန်းကမ်ပိုးက လည်း ဌက်ခါးနောက်လိုက် နှစ်ယောက်၏ ဇီဝိန်ကို အပြတ် ချေလိုက်ပါလေတော့၏။

'အား'

'အင့်'

မတတ်သာတော့ပေ။
သည်လိုအချိန်တွင် ညာနေ၍ရမည်မဟုတ်။
ထို နောက် ရုပ်အလောင်းတွေကို လမ်းဘေး ချုံထဲ ဆွဲသွင်း ထား၍ပြီး မြင်းလှည်းကလေးပေါ်သို့ တက်ပြီး ဝမ်လင်းရှိနှင့် ပန်းကမ်ပိုးတို့ နေရာမှ အမြန်ဆုံး ထွက်ခွာလာကြပါလေတော့ ၏။

'ယား'
'ယား'
တိုက်ခိုက်ရေး သိုင်းသမားနှစ်ယောက် အမြင့်ခုန် ခုန်၍ ဟန့်ချက်ချင်းဆိုင် တိုက်ခိုက်၏။
တစ်ယောက်တာ ဝတ်စုံဖြူ။
ကျန်တစ်ယောက်မှာကား စတ်စုံနက်။
အဖြူနှင့်အနက်။
သုစရိုက်သိုင်းသမားနှင့် ဒုစရိုက်သိုင်းသမားဘဝ။
'လာပြန်ပြီဟေ့'

'ဝုန်း'

အပေါ်စီး လက်ဝါးရိုက်ချက်များကို မိုးကာလိုက်ခြင်းဖြင့် ဘေးဘက်သို့ ရှောင်တိမ်းထွက်လိုက်သည်။

ပြိုင်ဘက်သိုင်းသမားဝတ်စုံနက်က ထက်ကြပ်မကွာ လိုက်တိုက်ခိုက်၏။

ရိပ်ခနဲ....

ရိပ်ခနဲ....

'ဖြောင်း....ဖြောင်း'

'ဃိစ်'

တိုက်ကွက် ၅ ကွက်တိတိ ဆက်လက်တိုက်ခိုက်သည်။

ဝတ်စုံနက်၏ ပါးချိတ်ကို သုံးချက်ထိသည်။

ဝတ်စုံဖြူ၏ ပခုံးစွန်းကို နှစ်ချက်ထိသည်။

အတွင်းအားကို လိုအပ်မှသာ စုစည်းတိုက်ခိုက်၏။ မလိုအပ်သေးလျှင် သာမန် သဘာဝအင်အားကို သူ့နေရာနှင့်အသုံးပြု၍ တိုက်ခိုက်၏။

အောက်ခံမြေသားမှာ အနည်းငယ် စွတ်စိုနေသည်။

နှင်းရိုက်ထားခြင်းကြောင့် ဖြစ်သည်။

သို့သော်

အောက်ဘက်မြေသားမှာ မာကျောသဖြင့် တိုက်ကွက်အနေအထား ကောင်းသည်ဟု ဆိုနိုင်၏။

သိုင်းသမားကောင်းတစ်ယောက်အဖို့ တိုက်ကွင်း၏ ရေခဲလေထု ရေထု အားလုံးကို သတိပြုမိရန် လိုသည်။

ဆို့နေကာ....

အဖြူနှင့်အနက် သိုင်းသမားနှစ်ယောက်တို့သည် ကိုယ်ဖော့ကို အသုံးပြုပြီး သစ်ပင်ကိုင်း တစ်ကိုင်းပေါ်သို့ ခုန်ပျံတက်သွားသည်။

ကောင်းလိုက်သည် ကိုယ်ဖော့ပညာ။

ဒုက်နှစ်ကောင် ပျံသန်းသွားသည့်အလား ထင်မှတ်ရပါ၏။

ဝတ်စုံဖြူနှင့် ဝတ်စုံနက် သစ်ကိုင်းတစ်ကိုင်းထဲပေါ်တွင် ဘူယှဉ်တွဲ၍ တစ်ယောက်တစ်ပြန် သိုင်းကွက် သုံးကွက် တိတိကျကျလက် တိုက်ခိုက်ပြန်၏။

'ဖြောင်း....ဖြောင်း....ဖြောင်း'

'ဖောက်....ဖောက်....ဖောက်'

'ဝုန်....ဝုန်....ဝုန်....'

ဤနေရာတွင် ဟန်ချက်နိုင်နိုင် ထားနိုင်သူသည် အသာယာသာဖြစ်သည်။

ဝတ်စုံနက်က ဝတ်စုံဖြူကိုလှမ်းအရိုက် ရိုက်လိုက်သောလက်ဝါးက ဝတ်စုံဖြူကိုမုထိဘဲ အားလွန်သွား၏။

'ဝီး... ဟူး'

'ဝုန်း....'

ထိုအချိန်....

ဝတ်စုံဖြူက သစ်ကိုင်းပေါ်ကခုန်ချပြီး ဝတ်စုံနက်ကို ဆက်လက်တိုက်ခိုက်မည်အပြု ဘေးတွင် တပည့်ငါးယောက်နှင့် အတူ ရပ်လျက်ကြည့်နေသော ဆရာကြီးဟိုကျောက်ကျိက ဝတ်စုံနက်ဝတ်သားသော ဝမ်လင်းရိနှင့် ဝတ်စုံဖြူဝတ်ထားသည့် ပန်းကမ်ပိုးတို့ကို....

'ဖြောင်း....'

'ဖြောင်း....'

'ဖြောင်း....'

လက်ခုပ်သံ သုံးချက်ပေး၍ နှုတ်မှလည်း....

'နားလိုက်ပါဦး'

ဟု ပြောလိုက်လေ၏။

ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့သည်လည်း သိုင်းကွက်များ အစမသပ်မီ ရပ်ထားလိုက်ရသည် ဖြစ်လေရာ သိုင်းသမား ရုပ်ထုများနှယ် ဖြစ်၍သွားပါလေတော့၏။

အခုမှ အတွင်းအားများကို လျှောချကာ ပုံမှန် အနေ အထားဖြင့် ပြန်နေကာ ဆရာကြီး ဟိုကျောက်ကျိရှေ့သို့ ကျောက်လာကြ၏။

နှစ်ယောက်လုံး၏ ဝတ်စုံများမှာကား ချေးများ စိုရွှဲ ကျက်ရှိ၏။

ဤသည်မှာ အခြားမဟုတ်။

တောင်စဉ်ခုနစ်ထပ်စခန်းသို့ ရောက်ရောက်ချင်း ဝမ်လင်း နှင့် ပန်းကမ်ပိုးတို့ တက်ရောက်ရသည့် သခင်ကြီးခေါ် ခင်းသားကြီး တိန်ရှေဟုန်အတွက် အသေခံတပ်သားအဆင့် သိုင်းပညာသင်တန်း တက်ကြရခြင်းဖြစ်သည်။

ဝမ်လင်းရိမှာ သိုင်းပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်မှု အစ်ခုဖြစ်သည်မှန်သော်လည်း သူတွေ့ချင်နေသော သခင်ကြီး ကိုကား မတွေ့ရသေးပေ။

ဆရာကြီး ဟိုကျောက်ကျိက ဝမ်လင်းရိနှင့် ပန်းကမ်ပိုး တို့ကို ပမာထား၍ ကျန်သိုင်းသမားအားလုံးကို ပြောသည့် သဘော ပြော၏။

'မင်းတို့အခု ဘာတွေ့တွေ့လိုက်သလဲ၊ သူတို့နှစ်ယောက် တိုက်ခိုက်တဲ့ပွဲမှာ ဘယ်နေရာမှာ ပျော့ကွက်ဟာကွက် ရှိတယ် ရှိတူး သိသလား၊ ကဲ....သမီးကွာလျှံရှိ မင်းတွေ့မြင် သလောက် ပြောပြစမ်း'

ဟု ဆရာကြီးဟိုကျောက်ကိုက အသက်နှစ်ဆယ်ကျော်ခန့် အမျိုးသမီး တိုက်ခိုက်ရေးသမား ကွာလျှံရှိကို မေးလိုက်လေ၏။

ကွာလျှံရှိမှာ ပိန်ပိန်သွယ်သွယ်ဟု ဆိုရသော်လည်း ကိုယ်ခန္ဓာ မာရေး ကောင်းမွန်သူတစ်ဦးဖြစ်သည်။

တောက်ပသော သိမ်းစွန်ဒုက်မျက်လုံးများ ပိုင်ဆိုင်သူ မိန်းကလေးတစ်ဦးဖြစ်သည်။

'ဟုတ်ကဲ့ ဆရာကြီး၊ သူတို့နှစ်ယောက် တစ်ယောက် တစ်ယောက် ညှာတာနေတယ်လို့ ထင်မိပါတယ်'

ဟု ပြော၏။

ဆရာကြီးဟိုကျောက်ကို ကြုံးသည်။

ပြီး '...ဝမ်လင်းရိန္ဒ့် ပန်းကမ်ပိုးဘက်လှည့်ကာ....

'ကွာလျှံရှိပြောတာ ဟုတ်သလားဟေ့'

ဟု မေး၏။

ဝမ်လင်းရိက ပန်းကမ်ပိုးဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး နောက် ဆရာကြီးဟိုကျောက်ကိုဘက် ပြန်လှည့်ကာ....

'ဟုတ်ပါတယ်'

ဟု ဖြေ၏။

ဆရာကြီးဟိုကျောက်ကို က....

'အခု တို့တွေလုပ်နေတဲ့အလုပ်ဟာ သာမန်အားဖြင့် ကြည့်ရင် သခင်ကြီးအတွက်လို့ ဆိုနိုင်တာပေါ့၊ အမှန်က သခင်ကြီးကိုယ်တိုင် တို့နဲ့အတူ တိုင်းပြည်နဲ့ လူမျိုးအတွက် လုပ်နေကြတဲ့ အလုပ်တစ်ခုပဲ၊ မင်းတို့ကို ဆရာကြီး ပြောဖူးခဲ့တဲ့စကားကို ထပ်ပြောရရင် ကိုယ်တိုင်းပြည် နှိုင်ငံဆိုတာ တို့အားလုံးရဲ့ အိမ်တစ်လုံးပဲ၊ ဒီအိမ်ပေါ် မပြောနဲ့ ခြံဝင်းထဲ ကျူးကျော် ဝင်လာခဲ့ရင်တောင် အားလုံး စည်းလုံးညီညွတ်မှုနဲ့ တိုက်ထုတ်ရမှာပဲ၊ တို့သွေး သားထဲက လောက်တက်လာရင်လဲ ဖယ်ရှားသန့်စင်ပစ်ကြမှာပဲ၊ တို့အခုလုပ်နေတာ အဲဒီအလုပ်ပဲကွယ်၊ မင်းတို့ တောပေါက်တယ်နော်'

ဟု ပြော၏။

အားလုံးက....

'သဘောပေါက်ပါတယ် ဆရာကြီး'

ဟု တညီတညွတ်တည်း အဖြေပေး၏။

'အခုသင်တန်းဟာ အဆင့်မြင့် သိမ်းပညာသင်တန်း ဖြစ်

တယ်၊ တစ်ယောက်ကိုတစ်ယောက် ညာစရာမလိုဘူး၊ မည
မှသာ အညာကိုတွေ့မှာကွယ်။ ကဲ....လုပ်ပါဦး၊ စေဟော
ရှောင်ကဆော ဝမ်လင်းရိန် ပန်းကမ်ပိုးတို့ တိုက်ခိုက်ခဲ့တဲ့ ဂို
ကွက်တွေကို ဘယ်လိုတွေ့မြင်ရသလဲ၊ ပြောစမ်းပါဦး'

ဟု အမျိုးသားသိုင်းသမား အသက်သုံးဆယ်ခန့်ရှိ
ဟောင်းရှောင်ဆိုသူအား မေးလေ၏။

စေဟောင်းရှောင်မှာ ဝဝတုတ်တုတ် ထောင်ထော
မောင်းပေါင်း လူရွယ်တစ်ယောက်ဖြစ်သည်။

ဝဝတုတ်တုတ်ဆိုသော်လည်း သူ၏ကြွက်သားနှင့် အသ
စိုင်မျှားမှာ သူ့နေရာနှင့်သူ ကျစ်လျစ်သိပ်သည်းမှုရှိသည်။

ကြည့်၍ အချိုးအဆစ်ပြေပြစ်သော ဖွံ့စည်းမှုမျိုး ရှိ
တည်း။

စေဟောင်းရှောင်က ဝမ်လင်းရိန်နှင့်ပန်းကမ်ပိုးတို့ တိုက်ခိုက
နေစဉ်ကတည်းက တွေ့မြင် ပြောကြားချင်ပုံရ၏။

'အတွင်းအားကို မှလိုအပ်တဲ့အချိန်မှာထုတ်ဘုံးပြီး လိုအ
ကဲ့ နေရာမှာကျတော့ အတွင်းအားကိုထုတ်မသုံးဘဲ သဘာ
အင်အားတစ်ခုတည်းကိုပဲ အသုံးပြုတိုက်ခိုက်တာကို တွေ့မိ
တယ်ဆရာကြီး'

ဟု ပြော၏။

ဆရာကြီးဟိုကျောက်ကျ ခေါင်းတညိတ်ညိတ် လုပ်နေ
သည်....

'ဘယ်လိုလဲ'

ဟု မေး၏။

စေဟောင်းရှောင်က....

'နှစ်ယောက်လုံးမှာ တွေ့ရတာပဲ'

ဟု ဖြေ၏။

ဆရာကြီးဟိုကျောက်ကျက....

'အေး....ဟုတ်တယ်၊ ဒီအချက်ကို မင်းမြင်တဲ့အတွက် အား
သုံးကို အကျိုးဖြစ်စေတာပေါ့ကွယ်၊ မှန်ပါတယ် ဆရာကြီး
ဟဲ့ အဲဒီအချက်ကို အမှုမဲ့ရှိခဲ့တယ်၊ အခု စေဟောင်းရှောင်
ထောက်ပြလိုက်တော့ ပြန်စဉ်းစားရင်းပေါ်လာတယ်၊ သိုင်း
သမားကြီးတွေမှာလဲ ဒီအချက်တွေကို တွေ့ရတတ်တာ အမှန်
ပဲ'

'....အမှန်ကတော့ ကိုယ်သုံးမယ့်တိုက်ကွက်ကို တည်လိုက်

တာနဲ့ ဘယ်လိုနေရာမှာ အတွင်းအားကိုသုံးရမယ်၊ မသုံးရ ဘူး အချိန်အဆဘတ်ဖို့ လိုတဲ့သဘော ဖြစ်ပါတယ်၊ အတွင်းအား ဆိုတာ အသုံးပြုတိုင်း မကောင်းဘူးဆိုတဲ့ အချက်ကို သိုင်းသမား အတော်များများ မသိကြဘူး၊ အဲဒီလို မသိကြလို့လဲ ကိုယ်ထုတ်သုံးလိုက်တဲ့ အတွင်းအားဟာ ကိုယ့်တိုက်ကွက်'

နောက်ဆုံး ပြောင်းရွှေ့ပြီး အနေအထားသို့အရောက်တွင် ဟိုမင်းလူက စတင်၍ ကျင်ကျင်ချူးကို ခုန်အုပ်၍ တိုက်ခိုက်သည် ရှိသော်လည်း သူ၏ပစ်မှတ်မှာ မဆိုသလောက် လွဲချော်သွားသည် ဖြစ်ရလေကာ ပြေးဝင်လာသော ဟိုမင်းလူ့ အတွင်းအား အသုံးပြုထားသော တိုက်ကွက်ကို ၎င်းတိုက်ကွက် အတိုင်းထားလိုက်ပြီး ကျင်ကျင်ချူးက ဟိုမင်းလူ၏ ခန္ဓာကိုယ်ကို အလိုက်သင့် ပစ်ပေါက်လိုက်ပါလေတော့၏။

'ဝိုး'

'ခုန်း'

'အား'

ဟိုမင်းလူမှာ ခပ်ရွယ်ရွယ် သစ်ပင်ပေါ်သို့ပင် ရောက်ရှိ၍ ရှိုက်မိကာ အတော်လေး အထိနာသွားရပါလေတော့၏။

သည်တော့လည်း....

ဆရာကြီး ဟိုကျောက်ဂျိကိုယ်တိုင် ပြေး၍ ဖေးမကာ ဒဏ်ကြေးဆေးမျှ သုတ်လိမ်းပေးလေ၏။

ကျင်ကျင်ချူးက ဟိုမင်းလူကို တောင်းပန်နေသော်လည်း ဟိုမင်းလူက ကျေနပ်စွာပင် အပြုံးဖြင့်....

'ကျေနပ်ပါတယ်၊ ပညာယူနေကြတာပဲ'

ဟု ပြောပါလေတော့၏။

အခန်း [၄၅]

သိုင်းသင်တန်းပြီးသောအခါ သင်တန်းသား သိုင်းသမားတွေ အားလုံး ရေပူစမ်းသို့ လာရောက်ကာ ကိုယ်လက်သန့်စင်ကြသည်။

ရေပူစမ်းမှာ အခိုးအငွေ့များ အမြဲတစေ လျှံထွက်ဝေ့ဝဲနေသည်မှလွဲ၍ အလွန်အမင်း ရေထဲဆင်း၍ ရေချိုးမရှလောက်အောင် ပူပေ။

ရေသည် နွေးနွေးထွေးထွေး ရှိ၏။

ကျန်းမာရေးအတွက် ရေမိုးချိုးရန် ဆေးတစ်မျိုးဟုပင် မှတ်ယူနိုင်ရေသည်။

ထိုရေပူစမ်းတွင် သင်တန်းသား သိုင်းသမားတွေ ကိုယ်အစုနှင့် ကိုယ် ရေမိုးချိုးကြ၏။

အထူးသဖြင့် အမျိုးသားများက အမျိုသားအစုံ။

အမျိုးသမီးက အမျိုးသမီးအစုံ သီးခြား ရေမိုးချိုးကြ၏။

ဝမ်လင်းရိသည် ရေပူစမ်းတွင် ရေမိုးချိုးပြီးသည်နှင့် ကျန်ရေမိုးချိုးနေသူများကို....

'မင်းတို့ ရေမိုးချိုးနေကြဦးမှာလား၊ ကျုပ် ဟိုတောင်ကုန်းပေါ် တက်လိုက်ဦးမယ်'

ဟု ပြောရှ် ရေထဲကတစ်ယောက်က....

'သွား....သွား၊ ကျုပ်တို့ပြန်ရင် အသံပြုလိုက်မယ်'

ဟု ပြောဏ်။

ဝမ်လင်းရိသည် အပေါ်ဝတ်စုံ ကြိုးစည်းများကို အစသတ် ချည်နှောင်ရင်း တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။

တောင်ကုန်းပေါ်သို့ ရောက်သောအခါ မိမိအရင် ရောက်နေသော ပန်းကမ်ပိုးနှင့် ကျင်ကျင်ချူးတို့ကို တွေ့၏။

သို့သော်...

ကျင်ကျင်ချူးက ဝမ်လင်းရိတို့နှစ်ဦး၏ အခြေအနေကို သိထားသူ ဖြစ်သဖြင့်....

'စကားပြောကြဦး'

ဟု ပြောပြီး တောင်အောက် ရှားရှံ့ချီ ရေချိုးနေသည့် ရေပူစမ်းကမ်းစပ်သို့ ပြန်ဆင်းသွားလေသည်။

ဝမ်လင်းရိက ပန်းကမ်ပိုးအနီးတွင် ဝင်ထိုင်ပြီး....

'သူတို့တောင် ကျုပ်တို့အကြောင်းကို သိနေကြပြီနော်'

ဟု ပြော၏။

ပန်းကမ်ပိုးက ပြုံး၍....

'သဘာဝတရားပဲလေ'

ဟု ပြန်ဖြေ၏။

ပြီးလျှင် ဆက်လက်၍....

'ဝေဝေရန်ကို သတိမရဘူးလား အစ်ကို'

ဟု မေးလိုက်လေရကား ဝမ်လင်းရှိမှာ အနာပေါ်ကို တုတ်ကျသက့်သို့ ရင်ထဲ စစ်ခနဲ ခံစားလိုက်ရပါလေတော့၏။

'အမြဲတော့ မဟုတ်ပါဘူး၊ သတိရတာကတော့ အမှန်ပါပဲလေ'

'အစ်ကို ဝေဝေရန်ကို မေ့ပစ်လိုက်လို့တော့ မရဘူးပေါ့နော်'

'ပိုးက ကျုပ် ဝေဝေရန်ကို သတိရနေတာကို တောင် ခွင့်မပြုနိုင်တော့ဘူးလား'

'ကျွန်မ အဲဒီလိုရည်ရွယ်ချက်နဲ့ ပြောတာ မဟုတ်ပါဘူး'

'ကျုပ် သဘောပေါက်ပါတယ်၊ ဘယ်လိုချစ်သူတွေပဲမဆို ကိုယ့်ကမ္ဘာလေးနဲ့ကိုယ် သီးခြား နေချင်ကြတာချည်းပါပဲ၊ ကိုယ့်ကမ္ဘာလေးထဲကို ကိုယ်ချစ်တဲ့လူပဲ ရှိနေစေချင်ကြတာပဲပေါ့၊ ကိုယ့်ချစ်သူအပြင် တခြား ဘယ်လိုလူမျိုးကိုမှ ဝင်ခွင့်မပေးချင်ကြဘူးပေါ့'

ပန်းကမ်ပိုး ဘာမျှ ပြန်မပြောဘဲ ငြိမ်နေလေ၏။

ဘေးနားတွင်ရှိနေသော သစ်ကိုင်းတံမှ သစ်ရွက်ရှည်ရှည်ကလေးတစ်ရွက်ကို အမှတ်မဲ့ ဖြုတ်ခြွေ၍ ရှေ့သွားကလေးဖြင့် သစ်ရွက်ရှည်ရှည်ကလေးကို ကိုက်ကာ မျက်လွှာကို ချထား၏။

အတွေးစိတ်တွင်ကား မိမိပြောလိုက်သောစကား မှားများမှားသွားလေသလား အတွေးရောက်လိုက်မိလေ၏။

လေတိုးသံနှင့် တော၏ ကျေးငှက်သံတို့ကို သတိထားသည့်အခါ ထင်ထင်ရှားရှား ကြားလာရလေ၏။

'အမှန်မှာတော့ ကျုပ်ဟာ ဝေဝေရန်ကို ချစ်တယ်ဆိုတဲ့စကား ဒီနေ့အထိ မပြောမိပါဘူး၊ ပိုးကိုသာ ကျုပ်က ချစ်တယ်လို့ ယောကျ်ားစကား ပြောခဲ့တာပါ၊ ယောကျ်ားစကား

ဆိုတဲ့ အဓိပ္ပာယ်က ကျုပ် ပိုးကို လက်ထပ်မယ်၊ သေဘစ်ပန် သက်တဆုံး ပေါင်းသင်းသွားမယ်၊ ပြီးတော့လေ တိုင်းပြည်နဲ့ လူမျိုးအတွက် တကယ့်ကိုလိုအပ်တဲ့ သားကောင်း သမီး ကောင်း မျိုးဆက်သစ်တွေကို မွေးမယ်ဆိုတဲ့ စကားတွေပါ ပိုးရယ်'

ဝမ်လင်းရီက ပန်းကမ်ပိုး၏ မျက်နှာကို ကြည့်လိုက်ချေ၊ မကြည့်လိုက်ချေနှင့် သူ့ရင်ထဲကစကားကို ပြောနေလေ သည်။

သည်လိုစကားမျိုးကို ကြားရသောအခါ ပန်းကမ်ပိုး ရင် ဆဲမှာ ဝမ်းသာလွန်း၍ဖြစ်သော ရင်လှိုင်းတွေခတ်ကာ တလှပ် လှပ် ခံစားလာရလေတော့၏။

ဤသို့သောစကားမျိုးမှာ အမျိုးသမီးတို့ အမျှော်လင့်ဆုံး စကားပင် မဟုတ်ပါလား။

'ကျွန်မကို အစ်ကို စိတ်ဆိုးလို့ ပြောနေတာများလား အစ်ကိုရယ်၊ ကျွန်မက မမလေး ဝေဝေရန်ကို မမြင်ဖူး မတွေ့ ဖူးပေမယ့်လဲ သူ့အပေါ်မှာ မေတ္တာလဲ မပျက်ပါဘူး၊ ခုလို ဘဝမျိုး ကျရောက်နေတာကိုပဲ ကျွန်မစိတ်ထဲ မကောင်းပါ ဘူး၊ ကယ်တင်နိုင်ရင် သွားပြီး ကယ်တင်ချင်ပါတယ် အစ်ကို ရယ်'

ဟု ပြောလိုက်သောအခါ ပန်းကမ်ပိုး၏စကားကို ကြား လိုက်ရသောအခါ ဝမ်လင်းရီမှာ ကျေနပ်နှစ်သိမ့်ရပြန်ပါ၏။

ထိုအခိုက်....

တောင်အောက်မှ စေဟောင်းရှောင်တို့ဟ....

'ဝမ်လင်းရီရေ သွားကြမယ်ဟေ့'

ဟူသော အသံကို ကြား၏။

ဝမ်လင်းရီက....

'သွားနှင့် သွားနှင့်'

ဟု ပြန်လည် အသံပေးလိုက်ရင်း ထိုင်ရာမှ ထလိုက်၏။

ကျင်ကျင်ချူးတို့ လူစုကတော့ အသံမပြု လက်ပြသွားကြ လေ၏။

ပန်းကမ်ပိုးသည်လည်း ထိုင်ရာမှထ၍ ဝမ်လင်းရီနှင့်အတူ တောင်ကုန်းအရှေ့ဘက်ဆီသို့ လမ်းလျှောက်လာခဲ့လေ၏။

တောင်ကုန်းပေါ်တွင် လမ်းလျှောက်ရသည်မှာ မြေပြင် တွင် လမ်းလျှောက်ရသည်နှင့် လုံးဝမတူပေ။

လေက တဟူးဟူးတိုးနေသည်။

မြင်ကွင်းကြီးကို အပေါ်စီးနှင့် ဖြန့်ကျက်ပြီး ကြည့်နေ
ခြင်းကြောင့် အဝေးအနီး အားလုံးကို မြင်နေရသည့် ခံစား
မျိုး ခံစားလာရတတ်၏။

'သိုင်းသင်တန်းကို တက်ရတာကတော့ အတိုင်းထ
အလွန်ပဲပေါ့ ပိုးရယ်၊ ဒါပေမယ့် လေ ကျုပ်က သခင်ကြီး
တွေ့ချင်နေဟာ၊ သခင်ကြီးကို ပိုး တွေ့မြင်ပြီးပြီလား၊ ကျု
ဖြင့် သခင်ကြီးကို ဘယ်လိုတွေ့ချင်နေမှန်း မသိဘူး'

ဟု ဝမ်လင်းရိက ပြောသောအခါ ပန်းကမ်ပိုးက ဝမ်လင်
ရိ ဘာကြောင့် သည်စကားမျိုး ပြောကြောင်း သိနေလေ၏

အကြောင်းမူကား ဝမ်လင်းရိသည် ပန်းကမ်ပိုးအား သူနှ
ရဲ့ ရိုးဆိုသော စိတ်ဝင်စားစရာ လူကြီးတစ်ယောက်ကို ရသေ
ကြီး ဟိုကွမ်ယု၏ ကျောင်းသင်ခန်းတွင် တွေ့ဆုံခဲ့ဖူးသည့်
အကြောင်း၊ ထိုလူကြီးသည် ရသေ့ကြီး ဟိုကွမ်ယုနှင့်လည်း
ပတ်သက်နိုင်စရာ ရှိကြောင်း၊ ထိုကျောင်းသင်ခန်းတွင် မိုး
တည်းခိုခဲ့သည့်ညက လျှပ်တစ်ပြက် တွေ့ခဲ့ရသော အမျိုးသမီး
သိုင်းသမားတစ်ဦးမှာလည်း နောက်ပိုင်းဆရာကြီးဟိုကျောင်
ကျော် ပန်းဘဲဖိုတွင် ပြန်လည်ကြုံဆုံခဲ့ရကြောင်း၊ ထိုအမျိုး
သမီး သိုင်းပညာရှင်မှာ သခင်ကြီးစခန်းတွင် ရှိနေကြောင်း
ပန်းကမ်ပိုးအား ပြောပြဖူးသောကြောင့် ဖြစ်ပါ၏။

ပန်းကမ်ပိုးသည် သစ်ကိုင်းခြောက်တစ်ခုကို ခေါင်းငုံ့၍
ရွေ့လိုက်ရင်း....

'အစ်ကိုက အစ်ကိုတွေ့ဖူးထားတဲ့ ရဲ့ရိုးဟာ သခင်ကြီး
များ ဖြစ်လေမလားဆိုတဲ့ အတွေးအထင်ကြောင့် သခင်ကြီး
တွေ့ချင်နေတာမဟုတ်လား၊ အချိန်မတန်သေးလို့ မကြုံရ
သေးတာပါ၊ အချိန်တန်တော့ တွေ့ရမှာပေါ့အစ်ကိုရှယ်'

ဟု ပြောလေ၏။

ဝမ်လင်းရိက....

'အရင် ဒီကိုပို့ လက်နက်တွေလာပို့ ဖူးတယ်ဆို၊ အဲဒီတုန်း
ပဲ ပိုးသခင်ကြီးကို မတွေ့ခဲ့ရဘူးလား'

ဟု မေးမြန်းရာ ပန်းကမ်ပိုးက....

'အစ်ကိုကလဲ၊ ကျွန်မက စခန်းအစအဆုံး သွားရတာမှ
မဟုတ်ဘဲ၊ စခန်း၁၂ခန်းအနက် ကျွန်မတာဝန်ယူရတဲ့စခန်း
က စခန်းတစ်က စခန်းအမှတ်နှစ်အထိမဟုတ်လား၊ သခင်
ကြီးနဲ့တွေ့ဖို့က စခန်းအစကအဆုံး တာဝန်ယူရမှာအစ်ကိုရဲ့၊
တောင် အခါအခွင့်သင့်ဦးမှ'

ဟု ပြောလေ၏။

သည်တော့လည်း ဝမ်လင်းရိသည် သက်ပြင်းတစ်ချက်ကို
ခွာထုတ်လိုက်ရလေသည်။

ပန်းကမ်ပိုးက ဆက်လက်၍....

'နိုးတော့နိုးစမ်းပါတယ်'

ဟု ပြောလိုက်သဖြင့် ဝမ်လင်းရိက ဖျတ်ခနဲ ပန်းကမ်ပိုး
ဆီလှည့်ကာ....

'ဘာဖြစ်လို့လဲ'

ဟု မေးလေ၏။

'သခင်ကြီးက အစ်ကိုပြောတဲ့ ပုံစံမျိုးပဲ့ဆို၊ ဆရာကြီး ဟိုကျောက်ကျိ ပြောပြဖူးလို့ပဲပေါ့၊ ပြီးတော့ သိုင်းပညာမှာလည်း ဆရာကြီး နဂါးငွေ့ဝေး ချင်းဟုန်ဆီမှာ တပည့်ခံပြီး နှစ်ရှည်လများ ဆည်းဗူးသင်ကြားခဲ့ဖူးတယ်တဲ့၊ စိတ်ကောင်းလဲ အလွန်ရှိတာတဲ့'

ဟု ပြော၏။

'စိတ်ကောင်း ရှိလွန်းလို့လဲ အခုလို ညီတော်မင်းသားတိန်ယုမိန် လူပေါင်းအမှားမှာ တစ်ချက်တည်း ခံလိုက်ရတာ မဟုတ်လား၊ အင်း....လောကမှာ စိတ်ကောင်းရှိတယ်ဆိုတာဟာလဲ နေရာတိုင်းမကောင်းဘူးနော်'

ဟု ပြောနေသည့်အခိုက် စခန်းအဝင်လမ်းမကြီးဘက်မှ ဖုန်မှုန့်များ တထောင်းထောင်းထနေသည်ကို တွေ့မြင်လိုက်လေ၏။

ပန်းကမ်ပိုးလည်း လှမ်းမြင်ရပေ၏။

ထိုသို့ ဖုန်မှုန့်များ ထနေသည့်နေရာသို့ စူးစိုက်၍ကြည့်နေသည်။

ထိုအခါ ဖုန်မှုန့်များ ပါးလျားသည့်အချိန် မြင်းစီးသမားသုံးဦးသား စခန်းဆီသို့ ဒုန်းစိုင်းလာနေသည်ကို တွေ့လိုက်ရလေ၏။

'ဘယ်သူတွေလဲမသိဘူး'

ဟု ပန်းကမ်ပိုးက မှတ်ချက်ချ၏။

မိမိတို့လှမ်းမြင်နေရသော နေရာမှာ ဤတောင်ခုနစ်လုံးခန်းအပြင်ဘက် မဟုတ်ပေ။

ရှေ့တွင် ပထမစခန်းနှင့် ဒုတိစခန်း ရှိနေပါသေး၏။

မိမိတို့ရောက်ရှိနေသောစခန်းမှာ တတိယစခန်းဖြစ်သည်။

သို့ကြောင့် မြင်းစီးသမားသုံးဦးသည် ရန်သူမဖြစ်နိုင်။

ဖြစ်နိုင်သည်မှာ မိမိတို့၏ အဝေးရောက်ဆက်သားများပင်ဖြစ်သည်။

ဆက်သားတို့ကား သတင်းများ သယ်ပို့ရေးသမားများ ဖြစ်သည်။

သူတို့ကိုသာ အားကိုးနေကြရသည်။

သူတို့၏ ဆက်သွယ်ရေး လုပ်ငန်းများမှာလည်း တိုက်ပွဲနေရသူများနှင့်မခြား အသက်စတေးထားရသူများ ဖြစ်သည်။

သူတို့သည် အသက်ဘေးအန္တရာယ် အသွယ်သွယ်ကြား စွန့်သွားလာနေကြသူများတည်း။

'လာ....အစ်ကိုရေ ဘာသတင်းထူး ပါသလဲမသိဘူး၊ ဘင်အောက်ဆင်းပြီး သတင်း စနည်းနာကြရအောင်'

ဟု ပြော၍ ပန်းကမ်ပိုးသည် ပေါ့ပါးလျင်မြန်စွာ ရှေ့ကဆင်းသွားပါလေတော့၏။

ဝမ်လင်းရိ အနောက်မှလိုက်သွား၏။

ဝမ်လင်းရိုတို့ တောင်အောက်သို့ ရောက်သွားသော အ
ဆက်သား မြင်းစီးသမားသုံးဦး မရှိတော့ပေ။

စခန်းလေးဘက်သို့ ဦးတည်၍ ထွက်ခွာသွားကြလေ

ဆရာကြီးဟိုကျောက်ကျ၏ ရုံးခန်းဘက်မှ ဟိုလူမင်း
လှည့်လာနေသည်ကို တွေ့၍....

'စောစောက မြင်းစီးသမားတွေ လာသွားတာ ဘာမျ
ထူးလို့လဲ ဟိုလူမင်း'

ဟု မေးလိုက်သောအခါ ဟိုလူမင်းက

'ထူးတယ်၊ အဲဒီသတင်းကို ကျုပ်ကြားတာ အကုန်
ပြောပြမယ်၊ ဟိုကိုမသွားနဲ့'

ဟု ပြော၍....

ဝမ်လင်းရိက...

'ဘာဖြစ်လို့လဲ'

ဟု မေးလိုက်လေ၏။

'ဆရာကြီးဟိုကျောက်ကျ ဒေါသထွက်နေလို့ သစ်
တာပါ'

'ဆရာကြီး ဒေါသထွက်ရလောက်အောင် ဘာသ
များလဲ၊ မြန်မြန်ပြောဗျာ'

ဟု အလေသုံးဆယ်မေး၏။

ထို့အခါ ဟိုလူမင်းက....

'တုချင်းလူတွေ ကျောက်ချပ်ကြီးစခန်းကို လာတိုက်သွား
ကျုပ်တို့ဘက်ကလူတွေကုန်သလောက်ပဲတဲ့ဗျာ၊ ခင်ဗျား
တောင် ဒီကိုရောက်နေလို့ လွတ်တာတဲ့၊ တိုဗက်သိုင်းသမား
ပါလာတယ်လို့ပြောတယ်'

ဟု ပြောလိုက်သောအခါ ဝမ်လင်းရိနှင့် ပန်းကမ်ပိုးတို့မှာ
ပါးစပ်အဟောင်းသား ဝေးမောနေမိပါလေတော့၏။

ရှိုင်းစိုင်းသော မြေဟော်က်တွေ ပါးပျဉ်း တစ်ထောင်ထောင် နှင့် ကူးဆက်နေကြသကဲ့သို့ မြစ်ရေလှိုင်းတို့သည်လည်း မြင့်တက်သော လှိုင်းတွေကို တထောင်ထောင်ဖန်တီးလျက် စီးဆင်းနေလေသည်။

ထိုသို့သော မြစ်ရေစီးတွင် စုန်ဆင်းနေသော လှေနှစ်စီးမှ လှိုင်းတွေကို ဖြတ်ကျော်သည့်အချိန်တိုင်း လှေဦးတွေ မော့ကာမော့ကာနှင့်ရှိ၏။

ရေမျှား ဘုန်းခနဲဘုန်းခနဲ လာရိုက်သောကြောင့်လည်း လှေဦးစိုရုံမက လှေဝမ်းထဲကလူတွေပါ ရေမျှား စိုစွဲနေကြ ရလေ၏။

ထိုသူတို့ကား ဝမ်လင်းရိတို့ နောက်ဆုံးပတ်သင်တန်းသား သိုင်းသမားအုပ်စုဖြစ်၏။

ကျောက်ချပ်ကြီးစခန် ကို လာရောက်တိုက်ခိုက်သူသည် တခုပင်၏လူမျှားကို ဂလဲစားချေရန် သခင်ကြီး၏အမိန့်ဖြင့် ထွက်လာကြသော တိုက်စစ်မှုးများပင်တည်း။

အမှန်တော့ ယခင်သင်တန်းမှ လှိုင်းသမား အကျော် အမော်မျာကိုလွှတ်ရန် အစီအစဉ်ရှိသည်။

သို့သော်....

ကစ်ခုသော ဆောင်းဦးနှံနက်ခင်းဖြစ်သည်။

အာအေးဒဏ်ကို ဂရုမစိုက်နိုင်အားဘဲ လူတစ်စုသည် အနှစ်စုခွဲ၌ လှေနှစ်စီးဖြင့် မြစ်ရေပြင်ကို စုန်ဆင်းလျက်ရှိသည်။

မြစ်ရေပြင်မှာ အခြားနေရာများတွင် ကျယ်သော်လည်း ရှိနေရာတစ်စိုက်တွင် ကျဉ်း၏။

တဝှက်တစ်ချက် မြစ်ကမ်းတို့ကို ထုင်ထင်ရှားရှား လှမ်းမြင်နေရသည်။

မြစ်ကျဉ်းတွင် စုန်ဆင်းနေကြသည်ဖြစ်၍ မြစ်ရေစီးအလွန်သန်နေသည်။

ဝမ်းလင်းရိတို့က သွားရောက်တိုက်ခိုက်လိုသော ဆန္ဒတွေ ပြင်းထန်နေခြင်းကြောင့် သူတို့အဖွဲ့ကို စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ဝမ်းလင်းရိတို့အဖွဲ့ကို အုပ်စုခေါင်းဆောင်အဖြစ် ဝမ်းလင်းရိကို တာဝန်ပေးလိုက်လေ၏။

ထို့ကြောင့်....

ဝမ်းလင်းရိသည် ရှေ့ဂိုဏ်းဆောင်နေသောလေ့တွင် လေ့ဦးတွင်ထိုင်ကာ အရှေ့တူရွှေ့ကြည့်နေလေသည်။

ဆောင်းဦးနှံနက်ခင်း ဖြစ်နေသဖြင့် မြင်ကွင်းမှာ အနှီးတွင်သာ ပြတ်သားပြီး ဟိုးအဝေးတွင် မှုပြတ်မထွား ဝိုးတိုးဝါးတား ဖြစ်နေလေသည်။

ရေစီးခပ်ကြမ်းကြမ်း နေရာအဇရာက်တွင် လှေနံရံမျှားကို ကျစ်ကျစ်ပါအောင် ကိုင်ထားရ၏။

လှေနှစ်စင်းမှာ မြုပ်လုမြုပ်ခင် လူးလွှဲနေ၏။

ရေစီးမှာ အလွန်လို ကိုယ်တိုင်ကိုယ်ကျ ရောက်ရှိ ထိုင်တွေနေသောအခါ အလွန်မဆန် အစီးသန်နေကြောင်း သိရှိရလေ၏။

'ဇရှေ့မှာ ခဲ့....ဝဲ'

'ရှေ့မှာဝဲဟော့ သတိထား'

'လှော်တက်တွေဖော်ထဝး၊ လိုမှသုံး'

ရေတွင် ကျွမ်းကျင်သော ဝါးမော်က ရေတွေ့ ပါးစပ်ထဲ ဝင်နေသည့်ကြားက ဗလုံးဗထွေးအသံနှင့် အော်ဟစ် သတိပေးလေသည်။

ရေစီးကြမ်းကြမ်းကို မြုပ်လုမြုပ်ခင် ဖြတ်ကျော်လာပြီးနောက် ဝဲကတော့ထဲသို့ ဦးတည်နေ၏။

ဝဲထဲကိုရောက်သွားလျှင်ကား လှေနှစ်စင်းလုံး ဝဲအောက်သို့ ရောက်သွားပေတော့မည်။

ထိုအခါ....

ဝမ်းလင်းရိတို့ သိုင်းသမားခုနစ်ဖော်လည်း တလောကလုံးနှင့် နောက်တစ်ကြိမ် တစ်ခေါက်မရောက်တော့ဟု ပြောဆိုနှုတ်ဆက်ခွင့်ပင် ရလိုက်ထော့မည်မဟုတ်ပေ။

တော်သေးသည်။

လှေနှစ်စင်းသည် ဝဲကလွတ်သွားသည်။

ထို့နောက် တောင်ဘက်ကမ်းကိုကပ်သွားသည်၊

မြစ်ရေစီးသည်ကား ကမ်းစပ်သို့ ရောက်သောအခါ သူမှုတ်သည့်အတိုင်း ငြိမ်သက်နေသည်။

ရေလို့ငိုး ဂယက်ကလေးတွေ သဲသောင်ခုံကို ဦးလာရောက် ပုတ်ကစား သည်ပင် နားထောင်မကောင်းသော သံစဉ် တေးဂီတဖြစ်၍ နေလေ၏။

ဝမ်လင်းရိတို့သည် လှေနှစ်စင်းကို သဲသောင်ခုံသို့ ဦးတည်၍ လှော်ခတ်တက်လိုက်လေရာ လှေနှစ်စင်းမှာ ဒုတ်ခနဲ ထိုးဆိုက်ရပ်တန့်သွားလေတော့၏။

လှေပေါ်က ရေထဲသို့ တဝုန်းဝုန်း တဒိန်းဗွမ်းနှင့် ဆင်းကြသည်။

လှေကို ဆွဲတင်ပြီး တောချုံစပ်တွင် ထိန်းကြို့များ ချည်ထားလိုက်လေသည်။

ထို့နောက်....

သိုင်းသမားခုနစ်ယောက် ကျေးတောသားဝတ်စုံများနှင့် ကမ်းပေါ်သို့ တက်လာခဲ့ကြလေ၏။

သဲသောင်ခုံတစ်လျှောက် ခြေရာများ တိန်းစီ၍ထင်ကျန်ရစ်လေ၏။

ကမ်းစပ်မှ စပါးခင်းတစ်ခုကို ဖြတ်၍ကျော်လာခဲ့ကြသည်။

စပါးပင်များကြားသို့ ရောက်ရှိသွားသောအခါ အားလုံး စပါးခင်းထဲ မြုပ်ဆုန်သကဲ့သို့ထင်ရ၏။

သစ်ခြောက်ပင်တစ်ပင်ကို ကျော်ဖြတ်လိုက်သည်နှင့် ကိုင်းပင်ထောင်အစည်းများကို တွေ့၏။

အစည်းတွေက များလှ၏။

ကိုင်းပင်ထောင်အစည်းကြီးများကို ဖြတ်ကျော်သွားသည်နှင့် ထိုအစည်းများက ရုတ်တရက်ဝန်းခိုင်း၍သွားကာ အစည်းများအတွင်းမှ ရန်သူဝတ်စုံဝတ် သိုင်းသမားများ ဝုန်းခနဲ ခုန်ပျံ၍ထွက်လာကာ ဝမ်လင်းရိတို့အဖွဲ့ကို စတင် တိုက်ခိုက်ကြပါလေတော့၏။

'ဝှစ် ဝှစ် ဝှစ်'

'ချင် ချင် ချင်'

ရန်သူသိုင်းသမားအားလုံး ဆံပင်ကို ဖားလျားချကာ အောက်ခံအနီဝတ်စုံနက်များကို ဝတ်ထားကြသည်။

သူတို့က စတင်တိုက်ခိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဝမ်လင်းရိတို့ လူစုကလည်း လက်နက်မဲ့ သုံးကွက်မှ ရှောင်အိမ်းရင်း ဆောင်ခေးများကို ဆွဲထုတ်ကြသည်။

ထို့နောက် ခံစစ်အသွင်မှ ရုတ်ချည်း တိုက်စစ်အသွင်သို့ ပြောင်းလဲတိုက်ခိုက်၏။

'ယား ယ'

တိုက်ခိုက်နေသည့် ကြားမှာမဲ့ လက်နက်ပုန်းတွေကလည်း ဘွားခနဲ ဘွားခနဲ ပြေးဝင်လာ၏။

'ထန် ထန် ထန်'

ဝမ်လင်းရိတို့အားလုံး ခုနစ်ဖော်ဖြစ်သည်။

ခုနစ်ဖော်လုံး လက်ရည်တူနေကြသဖြင့် လက်နက်ပုန်းများသည် ဝင်းခနဲ လက်ခနဲ သူတို့ထံ ပြန်လည်လွှင့်ပစ် သွားသဖြင့် သူတို့ကိုယ်တိုင် လွတ်အောင် ရှောင်တိမ်းနေကြရ၏။

ဝမ်လင်းရှိနှင့် ပန်းကမ်ပိုးတို့သည် ကြောချင်းကပ်ကာ၊ ရန်သူများ၏ ခေါင်းများကို ခုခံခုတ်ပိုင်းနေရာမှ လက်နက်ပုန်းများကို ခတ်ထုတ်နေရလေ၏။

သို့သော် လက်နက်ပုန်းများက သူတို့ထံ ပြန်လည်ဦးလှည့် နေသဖြင့် ဆက်လက်မပစ်ဝံ့ကြတော့ပေ။

တိုက်ပွဲမှာ ပြင်းထန်လွန်းသဖြင့် ကိုင်းပင့်ထောင် စည်းများ အစည်းပြေကာ၊ တစ်စချင်း ပြန့်ကြဲသွားလေသည်။

အချို့ကား အထက်သို့ လွှင့်ပစ် နေလေ၏။ ရန်သူ ဝတ်စုံနက် သိုင်းသမား ၁၀ ယောက်လောက်မှာ သိုင်းပညာ

အဆင့်အား ဖြင့် ဝမ်လင်းရိတို့၏ သိုင်းပညာအဆင့်ကို မမီမဲ့ ရှိနေရကား သိုင်းကွက် အကွက် နှစ်ဆယ် မပြည့်မီ ဝတ်စုံနက် ခြေဝဲက်ယောက် မျောက်သွေးကြတော့၏။

တိုက်ကွင်းအတွင်း သွေးစများလည်း နေရာအနှံ့စွန်းပေသွားလေ၏။

ထိုအခါ ကျန်ရှိသော ဝတ်စုံနက် သိုင်းသမားတို့သည် ဆက်လက်တိုက်ခိုက်ပါက သေဖွယ်ရာသာရှိသည်နှင့် ထွက်ပြေးကြတော့၏။

သို့သော်....

'ဝှစ် ဝှစ် ဝစ်'

အဆိပ်လူး အဝေးပစ်မြား လက်နက်ပုန်းမျာ ရှေ့တူရှန့်ဝဲယာနှစ်ဖက်မှ ပြေးဝင်လာလေ၏။

ဝမ်လင်းရိတို့က ဆောင်ခားများဖြင့် ပြန်လည်ခတ်ထုတ်ကြ၏။

'ထဲန် ထန် ထန်'

လက်နက်ပုန်းများ ပစ်ရှ မိတိုးသောအခါ လောင်စာယမ်းမီးထုပ်များ ကျရောက်ကာ တိုက်ကွင်းအတွင်း တဝုန်းဝုန်း ပေါက်ကွဲကြလေ၏။

ထို ယမ်းထုပ်မျာ့းမှာ ဝမ်လင်းရိတို့ သိုင်းသမား ခုနှစ်ဖော်၏ အသက်ကိုအန္တရာယ်မပြုနိုင်သော်လည်း မီးခိုးလုံး မျာ့းအဆမတန် ထုတ်လွှတ်သဖြင့် မျက်လုံးမျာ့းကို ကျိန်းစပ်စေပါ၏။

ထို့ကြောင့် ဝိုသို့တိုက်ကွင်း၏ အနောက် မြစ်ဆိပ်ကမ်းသဲပေါ်ပြင်သို့ ပြန်လည်ဆုတ်ခွာကြပြီး မျက်လုံးမျာ့းပြန်လည်အကြည်ဓာတ် ရရှိစေရန် ရေမျာ့းဖြင့် မျက်နှာသစ်ကြရလေ၏။

မျက်နှာသစ်ပြီး၍ နောက်သို့အလှည့်တွင် ကား....

သိုင်းဆရာကြီးတစ်ဦး ကျွမ်းပစ်၍ ဝင်လာလေ၏။

လူပ်ရှားနေသဖြင့် အစိမ်းရောင်ဝတ်စုံအရိပ်တစ်ရိပ်ကိုသာတွေ့မြင်နေရသည်။

မည်သူမည်ဝါမှန်း မသိရသေးပေ။

ထို့နောက် ထိုသိုင်းဆရာကြီးက သူ၏ သိုင်းစွမ်းရည်ကို ရှင်းလင်းလိုက်လေသည်။

'ဘယ်သူမျာ့းလဲလို့၊ မိန်းမလျာ ကော်ပျံ ရှာပေကိုး' ဟု ဝမ်လင်းရိက ရေရွတ်နေစဉ်အချိန်မှာပဲ၊ အဝါရောင် ရောင်စဉ်အမျှင်တန်းမျာ့း ခန္ဓာကိုယ်မှ လှုင့်ထုတ်နေသကဲ့သို့ ရှိလေသော အဝါရောင်ဝတ်စုံနှင့် သိုင်းသမားတစ်ဦး ရောက်ရှိလာပြန်၏။

အမှန်စင်စစ် ထိုသိုင်းသမားသည် ခန္ဓာကိုယ်မှ အဝါရောင် ရောင်စဉ်မျာ့း လှုင့်ထုတ်နေသည် မဟုတ်ပေ။ အဝါရောင်

ချိတ်ပါသော ကြိုးနှစ်ချောင်းကို အဝေးအနိုးပစ်လွှင့်လိုက်ကစား ပြနေခြင်းဖြစ်သည်။

သူ၏ ဆံခုံချိတ်ပါသော အဝါရောင်ကြိုး လက်နက်ဆန်းမှာ ခြားသူမျာ့း အသုံးမပြုနိုင်သော လက်နက်ဆန်းတစ်ခု ဖြစ်သည်။

ပစ်လွှင့်နေစဉ် အလွန်ကြည့်ကောင်းသလောက် အလွန် ခြောက်မက်ဖွယ်လက်နက်တစ်မျို့း ဖြစ်ပေသည်။

ထို သိုင်းပညာရှင် လူပ်ရှားမှု ရပ်နားလိုက်သောအခါ၊ မျို့းသမီး သိုင်းပညာရှင်တစ်ဦးဖြစ်နေသည်ကို ဝမ်လင်း သိရှိလာရလေ၏။

အမျို့းသမီးကြီးမှာ မျက်တွင်းနက်နက်နှင့် ကဝေမကြီး ထင်ယောက်နှင့်မခြား ရှိ၏။

ထိုသူကား အဝါရောင်ဝတ်စုံရှင် ရှားရှားဖြစ်သည်။

"ဆီဗက်သိုင်းသမားတစ်ဦးဖြစ်၏။

ဤသတင်းကို ဝမ်လင်းရိ၊ ကြားသိထားပြီး ဖြစ်သည်။

ထို့နောက် အနီရောင်ဝတ်စုံဝတ် ဆံပင်ဖားလျား မျက်ခုံးထင်ဘက်တည်းနှင့် သိုင်းသမားကြီး၊ တုံးစီ ကျွမ်းပစ်၍ ဝင်လာပြန်၏။

တုံးစီကား ထိဗက် သိုင်းသမားမဟုတ်၊ တောပုန်းကြီးသာလျှ ရှိ၏၊ လက်ရုံးဖြစ်ခဲ့ဖူးသော လူဆိုးလူမိုက် သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

သူ့ကို ဒုဗျရိုက်လောကသားများက၊ မျက်ခုံးမွေးတစ်ဖက်
တည်းနှင့်လူ ဟု သိထားကြသည်။

တုံးစီတွင် ထူးခြားဆန်းကြယ်သော လက်နက်တစ်ခုပါ
သည်။ ထိုလက်နက်မှာ ထိမိသီးတွင် သံလုံးတစ်လုံးပါရှိသော
သံကွင်းဆက် ကြိုးလက်နက်ဖြစ်သည်။ ထိုလက်နက်ကို တွင်
ရှည်တစ်ချောင်း ဒေ့ယမ်းလွှက် ရန်သူပစ်မှတ်သို့ အရှိန်နှင့်
ပစ်ပေါက်တိုက်ခိုက်ခြင်းနည်းကို အများဆုံး အသုံးပြုလေ၏

'ယာ'

''ဝုန် ဝုန်'

'ဟူး ဟူး ဟူး'

သံလုံးပြေး လမ်းကြောင်းမှ လေလှိုင်းများ ရိုက်ခတ်ရာ
လေထိုးသံများ အဆက်မပြတ်ပေါ်ထွက်နေ၏။ တိုအာသံသည်
ပုဇဉ်းအကောင်တစ်ရာ မိမိနှားအနီးတွင် ဖြတ်၍ ပျံသန်းနေ
သည်နှင့်ပင်တူ၏။ မည်သည့် လက်နက်ဆန်းမျိုးကို အသုံး
သည်ဖြစ်စေ အဆုံးပြုသူ သိုင်းသမား၏ ကျွမ်းကျင်မှုလို၏
ကျွမ်းကျင်မှုရှိလျှင် ရှိသလောက် လက်နက်ဆန်း၏ အစွမ်း
အာနိသင် ရှိနေမည်ဖြစ်သည်။

တုံးစိက သူ၏ သံလုံး သံကွင်းဆက် ကြိုးလက်နက်ကို
ဒေ့အယမ်း အပစ်အပေါက် အရှိန်အဟုန်ကို ထိန်းချုပ်မှု
အားလုံးကျွမ်းကျင် နေပါ၏။ ယခုပင် သူက သိုင်းကွက်
သုံးကွက်တိတိကို ဖော်ပြလိုက်ပြီးဖြစ်သည်။

ထိုသုံးကွက် ပြီးလျှင်ပြီးချင်း လှုပ်ရှားမှုအား လုံးကို
ဘွင်းအားဖြင့် ထိန်းချုပ်ကာ တုံရပ်သွားစေပါတော့၏။
သိုင်းပညာရှင် သုံးဦး ယခုတဲ့သို့ ရှေ့သို့ထွက်လာသော
ဝမ်လင်းရိတို့လည်း တန့်သွားရပါလေတော့၏။

'ဟုတ်တယ်၊ ဇာကျခက်ချပ်ကြီးကို ကျုပ်တို့အလစ်မှာ တိုက်ခိုက်အနှိုင်ယူသွားတဲ့အတွက် ခင်ဗျားတို့လူတွေကို ကောင်းကောင်း မှတ်လောက်သားလောက်အောင် ဆုံးမဖို့ ကျုပ်တို့ အခုလိုလာခဲ့ကြတာပဲ'

ဟု ပြောလိုက်လေ၏။

မိန်းမလျာသည် အသံကိုထုတ်၍ ရယ်ပါလေတော့၏။

'ဟား....ဟား....ဟား....တား'

ရယ်မောသံသည် အလွန်ကျယ်လောင်လှသည်ဖြစ်၍ အနီးဘဝိုက် လွှမ်းခြုံသွားပါလေတော့၏။

ပြီးလျှင် သူက....

'မင်းတို့က တကယ့်ကို ကြောက်စရာကောင်းတဲ့ သူရဲကောင်းကြီးတွေပါပဲလား'

မိန်းမလျာ၏ ခပ်ထေ့ထေ့ ခပ်လှောင်လှောင်စကားကို ကြားလိုက်ရသောအခါ ဝမ်လင်းရိုနှင့်အဖွဲ့က အလွန်အမင်း ဒေါသဖြစ်သွားကြလေ၏။

စစ်ဟောင်းရှောင်က ရှေ့ထွက်ကာ....

'ကျုပ်တို့ သူရဲကောင်းကြီးတွေ ဟုတ်မဟုတ် စမ်းလိုက်လေ၊ ကျုပ်တို့အကြောင်း ကောင်းကောင်းသိသွားရတာပေါ့'

အခန်း [၄၇]

သိုင်းပညာရှင်သုံးဦး သူတို့ သိုင်းစွမ်းရည်မျှားကို အသီးသီး ဖော်ထုတ်ပြလိုက်ပြီးသောအခါ အစိမ်းရောင်ဝတ်စုံကြီး ဝတ်ထားသော မိန်းမလျာ သိုင်းပညာရှင်က အမျိုးသမီးတစ်ဦးနှင့်မခြား ကန်ကလျိထွက်လာကာ....

'မင်းတို့နှစ်ယောက်ဟာ မင်းသားကြီး တိန်ရှေဟုန်လူတွေမဟုတ်လား'

ဟု ဆိုမေး၏။

ဝမ်လင်းရိက....

ဟု ပြောပြီး မိုးလုံးညံသိုင်းကွက်ကိုတည်ကာ....

'ယား....'

လေထဲတွင် တစ်ပတ်ကျမ်းပစ်လိုက်ပြီး မိန်းမလျာကို စံတံ တိုက်ခိုက်ပါလေတော့၏။

ထိုအခါ အဆင့်မြင့်သိုင်းသမားအချင်းချင်း နားလည်ကြသည်။

စေဟောင်းရှောင်က သိုင်းသမား အကျော်သုံးဦးထဲက မိန်းမလျာကိုသာ စိန်ခေါ်လိုက်ခြင်းမဟုတ်လား။

ကျန်နှစ်ဦးက နောက်ဘက်သို့ ရှောင်ထွက်သွားလေ၏။ တိုက်ကွင်းထဲတွင် ယှဉ်ပြိုင်တိုက်ခိုက်မည့် သိုင်းသမား နှစ်ဦးသာ ရှိနေသည်။

ဝမ်လင်းရိက မိမိလူအတွက်စိတ်မချ စိုးရိမ်နေလေ၏။

ပန်းကမ်ပိုးကလည်း ဝမ်လင်းရိအား....

'ဖြစ်ပါ့မလား အစ်ကို၊ အစ်ကိုဝင်ကူမှ ဖြစ်မယ်ထင်တယ်'

ဟု စိုးရိမ်စကားပြော၏။

ဝမ်လင်းရိက....

'အခြေအနေ ကြည့်သေးတာပေါ့'

ဟု ပြောလိုက်လေ၏။

'ယား'

မိန်းမလျာကလည်း စေဟောင်းရှောင်ကို အားကျမခံသဖြင့် ကျမ်းနှစ်ပတ်ပစ်လိုက်ပြီး ပြန်အကျတွင် ခေါင်းကို ဆုတ်၏။

ထိုအခါ....

စေဟောင်းရှောင်က သူ၏ခေါင်းကို ဆွဲထုတ်လေ၏။

'ချွင်....ချွင်....ချွင်'

စေဟောင်းရှောင်၏ ခေါင်းချက်များက မိန်းမလျာထံသို့ စဉ်ပထမ ဝင်ရောက်သွားလေသည်။

မိန်းမလျာမှာ ကန့်ကလျ ကိုယ်ဟန်အမူအရာဖြင့်ပင် ပြေးဝင်လာသောခေါင်းချက်များကို ပုတ်ကာသီကာ ရှောင်တိမ်းလျှောသွားသည်မှာ အံ့မခန်းသိုင်းကွက်များဟု ပြောနိုင်၏။

ပြီးတော့ ပေါ့ပါးလွန်း၏။

သွက်လက်လွန်း၏။

သူ့အသက် ငါးဆယ်ကျော်နှင့်နိုင်းစာလျှင် ထူးဆန်းလှ၏။

တွေ့ရခဲ့၏။

တစ်ချက်တစ်ချက် ကြောက်မက်ဖွယ် အသံမျိုးပေးတတ်ပါသေး၏။

'ယား....ယိ'

စေဟောင်းရှောင်သည်လည်း မည့်ပေ။

ရန်သူ၏လစ်ဟာနေသော အကွက်အကွင်းကို ကောင်းကောင်း ရွေးတတ်သည်။

ထိုသို့သော အကွက်အကွင်းကိုတွေ့လျှင် တွေ့သည့်အတိုင်းခုန်ဝင်ထိုးခုတ်လေတော့၏။

'ချင်....ထန်'

မိန်းမလျာက စိုက်ဓားတစ်ချက်ပေးပြီး တိုက်ကွင်းအပြင်ခုန်ထွက်၏။

စေဟောင်းရှောင်က တရကြမ်း လိုက်လံတိုက်ခိုက်လေ၏။

သူတို့သည် အတွင်းအားများကို ထည့်သွင်းတိုက်ခိုက်ခြင်းဖြစ်၍ ခုတ်ချက်များ ပြင်း၏။

မီးပွားများ ဖြာခနဲထွက်၏။

ဤသို့ဖြင့် သိုင်းကွက်ငါးကွက်သို့ ရောက်ရှိလာလေ၏။

သိုင်းကွက်ငါးကွက်အရောက်တွင် မိန်းမလျာ အခွင့်သာနေသည်။

နောက်ဆုံးဓားချက်မှာ ကြောက်စရာကောင်း၏။

သူ၏ဓားဦးသည် စေဟောင်းရှောင်၏ ရင်ညွန့်တည့်တည့်ထိုးချလိုက်ခြင်းဖြစ်၏။

ဝမ်လင်းရိတို့အားလုံး တုန်လှုပ်သွားစေသော တိုက်ကွက်ဖြစ်၏။

တော်သေး၏။

စေဟောင်းရှောင်က တစ်ဖက်သို့ တိမ်းညွှတ်လျက် သူ၏ဓားကို ပက်ထုတ်လိုက်၏။

'အင့်'

အခြေအနေမှာ ပြောင်းပြန်ဖြစ်သွား၏။

ပခုံးစွန်း သွေးစွန်းသွားရသူမှာ မိန်းမလျာ ဖြစ်နေပါလေတော့၏။

'ဘယ်လိုလဲ၊ ကျုပ်တို့ဓားအကြောင်း သီပြီမဟုတ်လား'

ဟု စေဟောင်းရှောင်က လှမ်းပြောလိုက်၏။

'ဟား....ဟား....ဟား....ဟား'

ဝမ်လင်းရိတို့လူစုက ခပ်လှောင်လှောင် ရယ်မောပေးလိုက်လေသည်။

ထိုအခါ....

မိန်းမလျာ၏မျက်နှာကြီးမှာ မည်း၍သွားလေ၏။

အဝါရောင်ဝတ်စုံရှင် ရှားရှားက သံလုံးသံကြိုးကို တလှုပ်လှုပ် တဆဆ လုပ်နေရာမှ မိန်းမလျာကို တစ်စုံတစ်ရာသော စကားကို လှမ်းပြောလိုက်သည်။

ထိုအပြုအမူကို ဝမ်လင်းရိသိလိုက်၏။

စင်စစ် ရှားရှားဆိုသူ အမျိုးသမီးသိုင်းပညာရှင်က မိန်းမလျာအား စေဟောင်းရှောင်၏ ပျော့ကွက်ဟာကွက်ကို အသိပေးလိုက်ခြင်းပင်။

သည်တော့လည်း ဝမ်လင်းရိက မိမိတို့လူ၏ ပျော့ကွက်ဟာကွက်ကို သတိထားကြည့်မိ၏။

တစ်နေရာကိုတော့ သတိထားလိုက်မိသည်။

စေဟောင်းရှောင်သည် ညာဘက်လက်ကို မြောက်လေတို့င်း အမြောက်လွန်နေသည်ထင်၏။

သို့နှင့်....

ဝမ်လင်းရိကလည်း တိုက်ကွင်းအနီးသို့ ခုန်ဝင်သွားကာ စေဟောင်းရှောင်အား....

'မင်းရဲ့ညာဘက်လက် သိပ်မမြောက်နဲ့ ချိုင်းနဲ့နံစောင်းမလုံဘူး'

ဟု လေသံဖြင့် သတိပေးလိုက်၏။

ထိုအခါ....

အဝါရောင်ဝတ်စုံရှင် အမျိုးသမီး ရှားရှားက သူ့အကြံ ဝမ်လင်းရိ သိသွားသည့်အဖြစ်ကို ပြန်လည်သိရှိပြီး ဝမ်လင်းရိကို ဝင်ရောက်တိုက်ခိုက်လေတော့၏။

သူတို့နှစ်ယောက် တိုက်ခိုက်ကြပြီဆိုသောအခါ ပန်းကမ်ပိုးတိုလူစုံက မျက်ခုံးမွေးတစ်ဖက်တည်းနှင့် လူတုံးစီကို ဝုန်းခနဲ ခုန်ဝင် တိုက်ခိုက်ကြပြန်၏။

ထိုအခါ....

တိုက်ကွင်းကြီးမှာ ပြဲပြန့်ထွက်သွားလေတော့၏။

'ယား'

'ဟိတ်'

'ချင်....ချင်....ချင်....ချင်

'ထန်....ထန်'

ဓားသံများ ဓားဓားချင်းဆော်သံများ ဓားနှင့် လက်နက်ကိုင်းများ ရိုက်ခတ်မိသည့်အသံများနှင့် သိုင်းသမားတို့၏ အားပြုသံများမှာ ဆူညံ၍နေလေသည်။

အမှန်စင်စစ်မှာတော့ ဝမ်လင့်ရိတို့ဘက်တွင် သိုင်းသမား ခုနှစ်ဦးဟု ဆိုသော်လည်း တကယ်တမ်း၊ တစ်ဖက်ရန်သူ သိုင်းပညာရှင်ကြီးများနှင့် လက်ရည်တူ တိုက်ခိုက်နိုင်သူမှာ ဝမ်လင်းရိ တစ်ဦးတစ်ယောက်သာ ဖြစ်သည်ဟုဆိုရပေမည်။

စေဟောင်းရှောင်၏ ပျော့ကွက် ဟာကွက်ကိုသာ ဝမ်လင်းရိ ထောက်မပြနိုင်ခဲ့လျှင် စေဟောင်းရှောင်သည် မိန်းမလျာ၏ လက်ချက်ဖြင့် အသက် ထွက်နေ ရော့ပေ လိမ့်မည် မဟုတ်ပါလော။

သို့သော်လည်း ဝမ်လင်းရိတို့လူစုံမှာ အနိုင်မခံ အရှုံးမပေးဘဲ ရရှိလာမည့် အခွင့်အလမ်းကိုသာ စောင့်၍ တိုက်ခိုက်နေ၏။

ပန်းကမ်ပိုး ကျင်ကျင်ချူးတို့ နှစ်ယောက်က မျက်ခုံးမွေး တစ်ဖက်တည်းနှင့် လူတုံးစီကိုအသဲအမဲဝင်ဆောက်တိုက်ခိုက်၏။ သူ့ကို အသဲအမဲတိုက်လျှင် သူ၏ သံလုံးသံကြိုး လက်နက်ကို စီမီတို့၏ ရင်ဘတ်ကို လာရောက်ရိုက်ခတ်တော့မည် မဟုတ်ပါလား။

သံလုံးသည် မိမိတို့၏ နားအနီးမှ မကြာခဏ ဖြတ်သန်း သွားလာလျက်ရှိ၏။

သူ့ကို လွတ်အောင်ရှောင်ရသည်မှာ နည်းပရိယာယ်တစ်ခု ဖြစ်သည်။ အကယ်၍ သံလုံးနှင့် တစ်ချက်ထိပါမှ ချက်ချင်း လျှပ်စီးကျကာ ခေါင်းရှစ်စိတ် ကွဲရမည်မှာ အမှန်ပါပေ။

'ယား'

'အား'

အဝါရောင်ဝတ်စုံရှင် အမျိုးသမီး ရှားရှား၏ သံချိတ်ကြိုးလက်နက်က ဝမ်လင်းရိ ရင်ညွန့်ဆီသို့ လှစ်ခနဲပြေးဝင်သွား၏။

ဝမ်လင်းရိက ကိုယ်ကိုမရွေ့ ခါးကိုသာ နောက်သို့ ကော့ပေးလိုက်၏။

သံချိတ်ကြိုး ဝမ်လင်းရိ၏ ရင်ညွန့်ပေါ်က ဖြတ်သွား၏။

ဝမ်လင်းရိသည် ထိုသံချိတ်ကြိုးကို ဖယ်ရှားနိုင်မှဖြစ်တော့သည်ဟု တွက်၏။

သို့နှင့် မိမိအား စိတ်ဝင်စားမှု လျော့နည်းစေရန် နောက်ဘက်တွင် တိုက်ခိုက်နေသော တိုက်ပွဲသို့ ကူးပြောင်းတိုက်ခိုက်၏။

ထိုတိုက်ပွဲမှာ တုံးစီနှင့် ယှဉ်ပြိုင်တိုက်ခိုက်နေသော တိုက်ပွဲဖြစ်သည်။

အဝါရောင် သိုင်းပညာရှင်အမျိုးသမီး ရှားရှား မိမိအား သတိမေ့သည်နှင့် ဝမ်လင်းရိသည် အနောက်ဘက်သို့ ရုတ်တရက် ပြန်လည်ကူးပြောင်းကာ မိမိ၏ နဂါးငွေ့ခားဖြင့် သံချိတ်သံကြိုးကို အလယ်မှ ပိုင်းဖြတ်ချလိုက်၏။

ထိုအခါ....

သံချိတ် သံကြိုးလက်နက်မှာ ရှားရှားအတွက် လုံးဝ အသုံးပြု၍ မရတော့သော လက်နက်တစ်ခု ဖြစ်သွားလေဘော့၏။

ဤသို့သော လက်နက် ဆန်း မျိုး ဖျက် ဆီး သည် နေရာတွင် အခြားမည်သည့် ဓားမျိုးကိုမျှ သုံး၍မရပေ။

သံကြိုးကိုဖြတ်နိုင်သောဓားမှာ ဤနဂါးငွေ့ ဓားမျိုးဖြစ်ပေသည်။

ရှားရှားသည် သူ၏လက်နက်ဆန်းကိုအပြတ်ဖြတ်ပစ်သူမှာ ဝမ်လင်းရိသာဖြစ်၍ ဝမ်လင်းရိကို အမုန်းချည်း မုန်းကာ ဝမ်းလင်းရိမှ ဝမ်လင်းရိ သတောထားကာ လိုက်လံ တိုက်ခိုက်၏။

သည်တစ်ခါတော့ သူက သူ့ခါးတွင်ချိတ်ဆွဲထားသော ဓားကိုထုတ်သုံး၏။

ထို အချိန်တွင်....

'အား'

ဟူသော ဝါးမော်၏ အသံကိုကြား လိုက်ရလေ၏။

အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ....

'ဟင်'

ဝါးမော်ရင်ဘတ် ဓားတန်းလန်းနှင့် လဲကျသွားသည်ကို တွေ့၏။ မည်သူက ဓားဖြင့် ထိုးချလိုက်လေသလဲ၊ ဝမ်လင်းရိ မျက်လုံးတွေကို ဝေ့ဝဲကာ ဖြန့်ကျက်ကြည့်လိုက်သည်။

တွေ့လိုက်ရပါ၏။

ထိုသူက သူ့ဓားတွင် သွေးစများ စွန်းပေနေသဖြင့် အင်္ကျီ စနှင့် သုတ်လိုက်လေ၏။

'ဦးနှုန်း'

ဝမ်လင်းရိက ဝါးမော် အသတ်ခံခဲ့ရသည့်ကိစ္စနှင့် ပတ်သက်၍ ရင်ထဲ မခံမရပ်နိုင်ဖြစ်လာလေရကား ထိုသူအား နံပါတ် တိုက်ခိုက်လေတော့၏။

ထိုသူကား အခြားသူမဟုတ် မျက်ခုံးမွေးတစ်ဖက်တည်းနှင့် ဦးမိုက်ကြီး ဟုံးစီပင်လျင် ဖြစ်၏။

အခန်း [၄၈]

နဂါးငွေ့ဓား အမှတ်စဉ် ၉ သိုင်းကွက်ဖြင့် တိုက်
ဝမ်လင်းရီ တာစူလိုက်ချေပြီ။ ခြေတိုင်ခွဲရပ်လျက် နဂါးငွေ
ဓားကို ဗယ်ဘက်လက်မောင်းဘေးတွင် အသာကပ်ထ
သည်။

တုံးစီ၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ်ကြည့်
ရသည်။

သိုင်းသမားကောင်းတို့မှန်လျှင် အသေးစိတ် ကြည့်မြ
နိုင်ရမည်သာဖြစ်သည်။

ပန်းကမ်ပိုး တို့သည် လည်း သူတို့၏ သိုင်းကွက် များကို နည်း အကောင်းဆုံး ဖြစ်အောင် ဖော်ထုတ်တိုက်ခိုက်လျက် ရှိသည်။

မည်သို့ဆိုစေ အစဉ်အလာရှိခဲ့သော ဒုစရိုက်သိုင်းပညာ ရှင်ကြီးများကို လက်ရည်တူတိုက်ခိုက်နိုင်ခြင်းပင်လျှင် မိမိတို့ ဆရာကြီး ဟိုကျောက်ကျီတို့၏ သိုင်းပညာသင်ကြား ပို့ချမှု နိုသျံမှန်ကန်နေကြောင်း သက်သေပြလိုက်ခြင်းပါပေ။

ထိုအခိုက်....

မျက်ခုံးမွေးတစ်ဖက်တည်းနှင့်လူ တုံးစီက လွှားခနဲ ခုန်ပျံ၍အဝင် ဝမ်လင်းရီသည် ကပ်ထားသောဓားကို အတွင်းအားသွင်း၍ ဆန့်ထုတ် ဆွဲပစ်လိုက်လေ၏။

'ဝှစ် ဝှီး'

တုံးစီကလည်း ခုန်ပျံခြင်းကို တုံ့ရပ်စေပြီး သူ့ဓံားကို ဆုပ်ဆွဲလိုက်၏။

'ဝှစ်....ဝှစ်....'

'ဟူး....'

'ထန်း'

ဓား ဓားချင်း ထိခတ်သွားသည့်နောက် ဝမ်လင်းရီ ဓားကိုင်လက်ကို နောက်သို့ပစ်ထားရာမှ ရုတ်တရက် လက် ရှေ့ဘက်သို့ ဆန့်ဆွဲလိုက်ပြန်၏။

'ဝှစ်'

ဤသို့ဖြင့်....

ဝမ်လင်းရိ၏သိုင်းကွက်မှာ လိုသလို လှုပ်ရှားနိုင်သည် နှင့် အမျှ တုံးစီ ဟန်ချက်ပျက်ခဲ့ရလေတော့၏။

ထိုအခါ....

ဝမ်လင်းရိက ရှေ့သို့ တိုးဝင်တိုက်ခိုက်၏။

လှုပ်ရှားမှုများမှာ မြန်၏။

ရိပ်ခနဲ ရိပ်ခနဲ။

တုံးစီပျာ နေပြီ။

ဝမ်လင်းရိကမူ နဂါးငွေ့ဓားဏ်လျှို့ဝှက်တိုက်ကွက်များကို ထုတ်မသုံးသေးပေ။

အတွင်းအားကိုသာ စုစည်း၏ ။

ထို့ကြောင့်လည်း တုံးစီမှာ....

ဝမ်လင်းရိ၏ဓားကို ဆိုင်၍ မခုတ်ခံ့တော့သည့် အခြေအနေမျိုး ဖြစ်နေလေပြီ။

တုံးစီ နောက်ဘက်သို့အတိမ်း ဝမ်လင်းရိ ဝိုက်ဆွဲလိုက်သော ဓားချက်အစ်ချက်ကမူ တုံးစီ၏နောက်ကျောပြင်ကို စလွယ်သိုင်းဖြတ်သွားတော့၏။

'အား'

သွေးမျခားဖြာခနဲပနီးထွက်ကာ နောက်ကျောတစ်ပြင်း စီရှဲသွားလေ၏။

'ဝှစ် ဝှစ် ဝှစ်'

ရန်သူ၌ သိုင်းကွက်မဆင်နိုင်တဲ ရောထွေးသိုင်းကွက်ဖြင့် မိအား သွေးရှားသွေးတန်း တုံ့ပြန် တိုက်ခိုက်လာခြင်းမှာ သည်း စင်စစ် ကြောက်စရာတစ်မျိုးဖြစ်သည်။

ဤသည်မှာ သွေးရှားသွေးတန်း တိုက်ကွက်များဟု ဆိုနိုင်သည်။

သို့သော်....

တုံးစီက သူ့အမှားကို သူသိသည်။

ချက်ချင်း တောင်ကုန်းပေါ်သို့ ပြေးတက်သွား၏။

ဝမ်လင်းရိ နောက်က လိုက်သွားသောအခါ တုံးစီ မရှိတော့ပြီ။

တိုယ်ယောင်ဖျောက်တိုက်ကွက်နည်းကို သုံးလိုက်ပြီ မဟုတ်ပါလော။

ဝမ်လင်းရိသည် ရှေ့ကိုလည်းဆက်မသွား နောက်ကိုလည်း ဆုတ်တဲ မျက်လုံးနှစ်လုံးကိုသာ အလုပ်လုပ်ခိုင်းထားသည်။

ပြီး နားအာရုံဖြင့် ပတ်ဝန်းကျင် လေဘုအပြောင်းအလဲ အဆိပ်လိုစသည်တို့ကို အာတွင်းအားသုံး၍ ကြည့်ရှု နားဆင်နေလိုက်သည်။

'ဝုန်း'

အသံမှာ အပေါ်ဘက်က ပေါ်ထွက်လာသော အသံဖြစ်သည်။

တုံးစီသည် ခုန်ဆင်းတိုက်ခိုက်လာခြင်း ဖြစ်သည်။

'ဝှစ်ဗွစ် ထန်ထန်'

အမှတ်မဲ့ ပစ်သိုက်ခံသည့် တစ်ခဏာတွင် ဝမ်လင်းရိ၏ ဗဟိုဘက်လက်မောင်း ခေါင်းချက်ဘစ်ချက် ထိသွားရပါ၏။

သွေးများယိုစိမ့်ထွက်လာလေရာက ဝမ်လင်းရိမှာ အတွင်းအားကို စောစောပိုင်းကလောက် မထုတ်သုံးနိုင်တဲ့ ဖြစ်သွားသည်။

ဤတွင်....

တုံးစီက ရန်သူ့အသက် ခေါင်းတစ်ချက် သိုင်းကွက်ကို အခြေခံလျက် တိုက်စစ်ဆင်လာလေ၏။

ခေါင်းချက်များကား မရပ်မနားတော့ပေ။

ခေါင်းချက်ကိုင်း ဝမ်လင်းရိ၏ ခန္ဓာကိုယ်အသက်ပိုင်းကို ဦးတည်ခုတ်ပိုင်းလျက် ရှိသည်။

ခေါင်းရောင်တို့ကား တဝင်းဝင်းတလက်လက် ဝမ်လင်းရိက ချောင်ရင်းကိမ်းရင်း နောက်သို့ ဆုတ်၍ဆုတ်၍လာ၏။

ဝမ်လင်းရိမှာ ရန်သူတုံးစီ၏သိုင်းကွက်ကို သိရှိထား၍သာလို ဝင်လာသမျှခေါင်းချက်များကို မိမိခေါင်းကို ဝေ့ကာ ရှောင်းကာ ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ရန်သူ၏သိုင်းကွက် ဌာန်ကုန်လောက်ပြီ ဆိုသောအချိန်ကို ဝမ်လင်းရိ စောင့်ဆိုင်းနေလိုက်ခြင်းဖြစ်သည်။

အခုတော့....

တုံးစီ၏ရန်သူ့အသက် ခေါင်းတစ်ချက်သိုင်းကွက် ဌာန်ကုန်သွားချေပြီ။

လက်ရည်လည်းကုန်ပြီ။

ဤတွင်....

ဝမ်လင်းရိက နဂါးငွေ့ခေါင်း အမှတ်စဉ်တစ်ဆယ့်ဝိညာဉ် လေပြေရိုင်းသိုင်းကွက်ကို စတင်အသုံးပြု၍ တိုက်စစ်ဆင်လေတော့၏။

'ဝှစ် ဝှစ်'

'ထန် ထန်'

သိုင်းကွက်မှာ အလွန်မြန်၏။ ခေါင်၏ပြေးလမ်းသည် အရိပ်သာသာဖြစ်နေသည်။

ခေးချက် အနှုတ်အသိမ်းမှာ ကြောက်စရာ ကောင်း
ထို့နောက် တုံးစီ အင်္ကျီလက်တစ်ဖက်ကို ခါယမ်း၍ လက်နှ
ပုန်းများကို ပစ်သွင်းလိုက်လေ၏။

'ဝုန် ဝုန်'

သည်အချိန်မှာတော့ ဝမ်လင်းရိုက လက်နက်ပုန်းများ
ပြန်လည်ဝတ်ထုတ်ခြင်း မပြုဘဲ သိုင်းကွက်အပြင်ထွက်နေသော
ထိုလက်နက်ပုန်း လက်တစ်ဖက်ကို ဖြတ်ချလိုက်လေတော့၏

'အား...'

တုံးစီသည် အသံနက်ကြီးဖြင့် အော်ဟစ်နေရာမှ သွေး
သွေးတမ်းဖြင့် သူ၏ ခြေထောက်အောက် ရောက်ရှိနေသော
လက်ပြတ်ကြီးကို ရုတ်ခနဲကောက်ကာ တောင်ကုန်း၏ တို
ဘက်ခြေင်းအောက်သို့ ပြေးဆင်းသွားပါလေတော့၏။

ဝမ်လင်းရိမှာ တုံးစီအဖြစ်ကို ရပ်၍ ကြောင်ကြည့်
မိသည်မှာ မည်မျှကြာသွားမိသည်ပင် မသိလိုက်...

'ဟား ဟား ဟား'

ရယ်မောသံကိုကြားတော့မှ လှည့်ကြည့်လိုက်သော အ
အဝါရောင်ဝတ်စုံရှင် အမျိုးသမီး ရှားရှားကို တွေ့လိုက်
လေသည်။

သူမကို တွေ့လိုက်ရသောအခါ ဝမ်လင်းရိ ရင်ထဲ ထိတ်ခနဲ
သွားလေ၏။

'သူ ပိုးတို့ကိုအပြတ်ရှင်းပြီးမှ ငါ့ဆီကို ရောက်လာတာ
း၊ ဒါမှမဟုတ် တုံးစီ အခြေမဟန်မှန်း သိလို့လာရောက်
တိုက်ခိုက်တာလား'

ဝမ်လင်းရို၏ စိတ်ထဲ စနိုးစနေဖြစ်သွား၏။

နားစွင့်လိုက်သောအခါ တောင်ကုန်း အောက်တက်တွင်
သစ်သံများနှင့် ခေးသံများကို ကြားမြဲကြားနေရပါ၏။

ဘာပဲ ပြောပြော မိမိလူများ အခြေအနေကောင်းနေနိုင်
ဟု တွက်လိုက်မိလေ၏။

ရှားရှား စောစောပိုင်းက ကိုင်ဆွဲသော သံချိတ်ကြိုး
နှက်ကိုလည်း မတွေ့တော့ပြီ။

'သိပ်လဲ ရယ်မနေနဲ့ဦး၊ ခင်ဗျားလူ တုံးစီ ခွေးပြေး
ပြေး ပြေးသွားတာကို တွေ့တယ်မဟုတ်လား'

'တုံးစီက လက်ပြတ်သွားလို့ ပြေးသွားနိုင်တာ၊ ခင်ဗျား
ခြေတစ်ဖက်ပြတ်ပြီး မပြေးနိုင်ဘဲ နေဦးမယ်'

ဟု ဝမ်လင်းရိက ပြောလိုက်သောအခါ....

ရှားရှားက....

'ဟဲ့....နင်က နဂါးငွေ့ဓံား ချင်းဟုန်ရှဲတပည့်ဆိုတာ
သတိပြုလိုက်ပါဦး၊ ငါက နင့်ဆရာကြီး နဂါးငွေ့ဓ
ချင်းဟုန်ကိုမှ တိုက်ခိုက်လာတာ သိရှဲလား'

ဟု လှမ်းပြောလိုက်လေသည်။

ထိုစကားသံ ကြားလိုက်ရသဖြင့် ဝမ်လင်းရိ အနည်း
လန့်သွားသည်။

သို့သော် ဣန္ဒြေမပျက် နေလိုက်ကာ....

'ဒီလို အတည့်ပေါက်ပြောပြီး ခြောက်လုံးတွေ မ
နဲ့လေ၊ လက်တွေ့ကြည့်ကြသေးတာပေါ့'

ဟု ပြောပြီး။

'ဝိညာဉ်ချွေလေ အရိုင်း'

သိုင်းကွက်ကိုပင် တည်ပြီး လက်စနှင့်ဆက်တည်လိုက်သ

ရှားရှားက မိန်းမကြမ်း မိန်းမှုရိုင်းပုံ ပေါက်၏။

'ဝုန်း'ခနဲ ခုန်ဝင်တိုက်ခိုက်လေတော့၏။

'ဝှစ် ဝှစ်'

'ယား ချင် ချင်'

ဓားချက်များက ဝမ်လင်းရိကို လွှမ်းခြုံသွားလေ၏။

သို့သော် ဝမ်လင်းရိက ရုတ်ခြည်းဖောက်ထွက်၏။

ထို့နောက် လေထဲသို့ ဝဲပျံတက်သွား၏။

'ဝှီး.... ဟူး ဟူး'

ရှားရှားက နောက်က ဝဲပျံလိုက်၏။

လေထဲတွင် ကိုယ်ဖော့ပညာကို အသုံးပြုကာ သိုင်းကွက်
သုံးချက်တိတိ တိုက်ခိုက်၏။

'ထန် ထန် ထန်'

ထို့နောက် နှစ်ဦးလုံး မြက်ခင်းပေါ်သို့ ပြန်ကျလာ၏။
ဆက်လက်တိုက်ခိုက်၏။

ဓားချက်များ၏ အနှုတ်အသိမ်းများမှာ အလွန်ပိရိ၏။

'ရှမ်း'

ရှားရှား၏ ပင့်တင်လိုက်သော ဓားချက်က ဝမ်လင်း
ရိ၏ ရင်ဘတ် အင်္ကျီစကို ခွဲသွားရုံမက အရေပြားကိုပင်
ဆုတ်ဖြဲသွားလေ၏။

သွေးများ ရင်ဘတ်တစ်ပြင်လုံး မြင်မကောင်းအောင်
စိုရွှဲသွားလေ၏။

ဝမ်လင်းရိမှာ ဘယ်ဘက်လက်မောင်းတွင်လည်း တုံးစီ
လက်ချက်ဖြင့် ထိထားခဲ့ပြီးဖြစ်၍ ခန္ဓာကိုယ် အပေါ်ပိုင်း
တစ်ပိုင်းလုံး အင်္ကျီစများ စုတ်ပြတ်၍ ဖွာလန်ကြဲကာ သွေး
များလည်း နီရဲ၍ နေလေသည်ရှိရာ မိမိအခြေအနေမှာ
အတော်လေး ဆိုးနေမှန်း သိလိုက်သည်။

သို့သော် စိတ်ဓာတ်ကား လုံးဝမကျ၊ အဝါရောင်ဝတ်စုံရှင် အမျိုးသမီးကြီး ရှားရှားကို ပြန်လည် သွေးကြွး ဆပ်ရမှ ကျေနပ်မည်ဟု ဆုံးဖြတ်ကာ ရင်ဘတ်က သွေးများကို ဘယ်လက်ဖြင့် သုတ်သတ်ချလိုက်ပြီး....

'ယား....'

အားမာန် အပြည့်နှင့် ရှားရှားအား ပြေးဝင်တိုက်ခိုက်လေတော့၏။

သိုင်းကွက် ၅ ကွက် အရောက်တွင်ကား ဝမ်လင်းရိက ရှားရှား၏ဓားကို သွင်သွင်ကျိုးအောင် ခုတ်ပိုင်းချလိုက်ပါတော့၏။

'ချမ် ဘုတ်'

'ဘယ်လိုလဲဗျ.... ခင်ဗျားဓားချက်တွေက ကောင်းလှပါလား၊ ဆရာကို တိုက်ခိုက်လာတယ်ဆိုတဲ့လူ၊ အဲဒီဆရာရှဲ တပည့်ကိုကျမှ မနိုင်ဘူးဆိုတာ ယုံကြည်စရာလား၊ အလိမ်မကြီး ခင်ဗျားကို အရှင်ထားလို့မဖြစ်ဘူး'

ဟု ဝမ်လင်းရိက ပြောဆိုပြီး တိုက်ခိုက်မည်အလုပ်မှာတော့ ရှားရှားသည် သူ၏လက်ဆက ဓားအကြီးကြီးဖြင့် ဝမ်လင်းရိကို ဖစ်ပေါက်လိုက်လေ၏။

'ထန်း....'

ဝမ်လင်းရိ သူ၏နဂါးငွေ့ဓားဖြင့် ပက်ထုတ်လိုက်ရာ ဓားကြီးကြီး နောက်ဘက်သို့ လွင့်သွားပြန်၏။

'ထန်....'

တဖန် ဓားကျိုးကြီးကို တစ်စုံတစ်ယောက်က ပက်ထုတ်လိုက်သံကြား၍ လှည့်အကြည့် ပန်းကမ်ပိုးတို့အားလုံးကို တွေ့လာရလေတော့၏။

ထိုအချိန်တွင် ရှားရှားဆိုသော တိဗက်သိုင်းသမားအမျိုးသမီးကြီးလည်း ထွက်ပြေးသွားချေပြီတကား။

အချိန်မှာ ညနေပိုင်းဖြစ်သည်။

တောင်စဉ်ခုနစ်ထပ် တတိယစခန်း အနောက်ဘက်တော အုပ် တစ်နေရာတွင် အသက်နှစ်ဆယ်ကျော် သုံးဆယ်အတွင်း အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးတို့သည် မျက်နှာချင်း ဆိုင် ရပ်လျက်ရှိ၏။

သူတို့ခြောက်ဦးသည် မျက်နှာချင်းဆိုင်ရပ်လျက် အလယ် တွင် သေချာကျနစွာ စိုက်ထားသော ပန်းပင်တစ်ပင်ကို ငေး စိုက်ကြည့်နေကြလေသည်။

သူတို့ခြောက်ဦးကား ဝမ်လင်းရိ၊ စေဟောင်းရှောင်၊ ဟိုမင်းလူနှင့် ပန်းကမ်ပိုး၊ ကျင်ကျင်ချူး၊ ကွာလျှံရှိတို့ ဖြစ် ပါ၏။

အခုတော့လည်း ဝါးမော်လူရွယ် သိုင်းသမား ကျဆုံးခဲ့ရ ပြီဖြစ်၍ သိုင်းသူရဲကောင်း ခြောက်ဖော်ဟု ဆိုရမည်ဖြစ်လေ သည်။

မှန်ပါသည်။

အခုလည်း သူတို့သည် တုချင်းလူများနှင့် တိုက်ခိုက်စဉ် အသက်ပေးသွားသော သိုင်းသူရဲကောင်းဝါးမော် ကျဆုံးခဲ့ သည့်အတွက် သီးခြားဆုတောင်းပဲ့ ပြုလုပ်နေကြခြင်းဖြစ်၏။

ထို့ကြောင့်လည်း ပန်းကမ်ပိုး၏ အတွေးစိတ်ကူးအရ နေ ရာ တစ်နေရာရွေးပြီး နှစ်ရှည် ပန်းပင်မျိုးဖြစ်သော စိန်ပန်း ပင်တစ်ပေါက်ပင်ကို ဝါးမော်ကိုယ်စား အထိမ်းအမှတ် အဖြစ် စိုက်ကြသည်။

ပြီးတော့မှ သည်စိန်ပန်းပင်ပေါက်ကလေးဘေးတွင် တစ် ဖက် တစ်ချက် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသည်။

အခုတော့လည်း အားလုံး၏ရင်ထဲတွင် မိမိတို့ရှေ့ ဝယ် ရှိနေသော စိန်ပန်းပင်ကလေးကိုပဲ ဝါးမော်လေလေးအတွေး စိတ်ကူးဖြင့် ဝမ်းနည်းကြေကွဲနေကြရသည်။

မည်သို့ပင် စိတ်ကိုထိန်းထားသော်လည်း မရ။

မျက်ရည်ကြည်များ မျက်လုံးအိမ်တို့တွင် ရစ်ဝိုင်းလာလေသည်။

ဆုတောင်းခြင်း ရွတ်ဆိုပေးရမည့် တာဝန်ယူထားသော ဝမ်လင်းရိကိုယ်တိုင် ဆုတောင်းခြင်းရွတ်ဆိုရန် မေ့လျော့နေသည်။

အကြည့်များက စိန်ပန်းပင်ကလေးဆီသို့ ရောက်ရှိနေလေသည်။

စိန်ပန်းပင်ကလေးမှာ မြောက်လေအလာတွင် သူ၏အရွက်ကျဲကျဲသာရှိသေးသော ကိုင်းတံကလေးများမှာ လေတိုးဝှေ့လေတိုင်း လှုပ်ယမ်း လှုပ်ယမ်း ရှိနေလေသည်။

သည်လိုနေရာမျိုးကျတော့ ပန်းကမ်ပိုးက ခံစားမှု ပိုပြီး ဖြင်းဖြင်းရှရှ ခံစားတတ်သည်ထင်၏။

ရှိုက်သံတစ်ချက်ပင် ပေါ်ထွက်လာလေသည်။

ဝမ်းလင်းရိကိုယ်တိုင်လည်း ဝါးမော်ကျဆုံးခဲ့ရသည့်အတွက် တွေးမိတိုင်း ယူကျုံးမရဖြစ်နေမိသည်။

မကျဆုံးသင့်ဘဲ ကျဆုံးခဲ့ရသည်ဟုလည်း တွက်သည်။

ဆက်လက်ကြုံတွေ့တိုက်ပွဲဝင်ကြရဦးမည့် ခရီးစဉ်တွေအထိ မိမိတို့က လက်တွဲမဖြုတ် ရှိနေစေချင်သည် မဟုတ်လား။

အားလုံးစိတ်အာရုံဦးပင် ဝါးမော်၏မျက်နှာကို မြင်ယောင်လာသည်။

ဝါးမော်ပြောဆိုခဲ့သော စကားသံတွေကို ကြားယောင်လာသည်။

နောက်ဆုံး ဝါးမော် မိမိတို့နှင့် အတူရှိနေသည်ဟုပင် အတွေးရောက်လာကြပါ၏။

'ကဲ....သွေးသောက်တို့ အခုအချိန်ကစပြီး ကျုပ်တို့ရဲ့သွေးသောက် ဝါးမော်အတွက် ဆုတောင်းခြင်းရွတ်ဆိုကြပါမယ်၊ သွေးသောက် ဝါးမော်သည် ကျွန်ုပ်တို့နှင့်အတူ တိုင်းပြည်၏ ရန်သူ အဖျက်မိစ္ဆာများကို တိုက်ခိုက်နိမ့်နင်းစဉ် ကျဆုံးခဲ့ရသောကြောင့် သင့်အားကျွန်ုပ်တို့က တိုင်းပြည်၏သွေးသောက် ဘနည်အဖြစ် သတ်မှတ်ဂုဏ်ယူပါ၏....

'ဤသို့သောဂုဏ်သိန်မြင့်တင်သော ဝါးမော်သည် ကောင်းမွန်သောဘုံဘဲ ရောက်ပါစေသားဟု ကျွန်ုပ်တို့ ဆုတောင်းလိုက်ပါ၏'

ဟု ဝမ်လင်းရိက ရွေ့ကတိုင်ပေးခြင်းဖြင့် ကျန်သူများက တညီတညွတ်တည်း လိုက်ဆိုကြလေသည်။

ဆုတောင်းခြင်းရွတ်ဆိုပြီးစီးသွားသောအချိန်တွင် နောက်ဘက်မှ မြင်းခွာသံပေါ်ထွက်လာ၍ အားလုံး နောက်သို့လှည့်

ကြည့်လိုက်ကြလေရာ မြင်းစီးသမားတစ်ယောက် ဖြစ်နေလေသည်။

သူဝတ်ထားသော အဖြူရောင်ဝတ်စုံကို တွေ့မြင်ရရုံနှင့် မိမိတို့စခန်းမှလူမှန်း သိလိုက်သည်။

အသေအချာ ကြည့်လိုက်သောအခါ ဆက်သားကလေး ကွေဆန်း ဖြစ်နေသည်။

သည်တော့လည်း အားလုံး၏အသိတွင် အခြားတစ်နေရာ သွားရောက်တိုက်ခိုက်ရန် တာဝန်ကျရောက်လာပြန်ပြီလားဟု အတွေးရောက်မိ၏။

စေဟောင်းရှောင်က....

'ကျုပ်တို့ကို အထက်က တာဝန်သစ်တစ်ခု ပေးလိုက်ပြန်ပြီနဲ့ တူတယ်'

ဟု ပြောသည်။

ဟိုမင်းလူက....

'အခုလို တိုက်ပွဲဆက်တာ တစ်မျိုးကောင်းတယ်၊ သွေးမအေးဘူး'

ဟု မှတ်ချက်ချ၏။

ဤသို့ဖြင့် တစ်ယောက်တစ်မျိုးမှတ်ချက်ချကာ ကွေဆန်းရှိနေသည့်နေရာသို့ လျှောက်လာခဲ့သည်။

ကွေဆန်းက သစ်ပင်ကြီးတစ်ပင်အောက်တွင် မြင်းဇက်ကြီးကိုဆွဲကိုင်လျက် မြင်းနားတွင် ရပ်စောင့်နေလေသည်။

'ဘယ်လိုအရေးထူးလို့ ဦးဦးဖျားဖျား ရောက်လာရပြန်တာလဲ'

ဟု မေးသည်။

သည်တော့လည်း ကိုယ်တော်ချောလေး ကွေဆန်းက ထူးဆူးခြားခြားစကားကို ပြောသည်။

မိမိတို့အထင် အမြင်က တစ်မျိုး ကြားရသည်ကတစ်ဖုံ ဖြစ်နေသည်။

'ဆရာကြီးဟိုကျောက်ကျိခိုင်းလို့ စတုတ္ထစခန်း ရောက်နေတဲ့ ဆရာကြီးလုံကျုံဟုန်ဆီကို သွားမလို့ပါ'

ဟု စကားစရုံရှိသေးသည်။

ဝမ်လင်းရိက လောဆော်၏။

'အဲဒီကိစ္စက တို့နဲ့ ဘယ်လိုပတ်သက်နေလို့လဲ'

ဟု မေးလိုက်၏။

ဆက်သားကလေးကွေဆန်းက ဝမ်လင်းရိကိုသာ ဦးတည်ကျရယ်လျက်....

'အစ်ကိုကြီး မိတ်ဆွတစ်ဦးရောက်နေပါတယ်၊ အဲဒါကိုအသိပေးလိုက်ပါ၊ပြောလို့ ကျုပ် လာအသိပေးတာပါ'

ဟု ပြောလေသည်။

'ကျုပ်မိတ်ဆွေဟုတ်လား၊ ဘယ်သူသို့ပြောလိုက်သေး

'ဟုတ်ကဲ့၊ သူ ဘယ်သူလဲဆိုတာ မပြောလိုက်ပါဘူး ပြော
မှာ ကြိုသိနေသလားမသိဘူး၊ သူဘယ်သူဆိုတာ လုံး
သဏ္ဌာန်ကအစ မပြောဖို့တောင် မှာလိုက်ပါသေးတယ်'

ဟု ပြောလေသည်။

ထိုစကားကို ကြားလိုက်ရသူများအနက် ပန်းကမ်ပိုး
မျက်နှာကလေး ကွက်ခနဲ ပျက်သွားသည့်အဖြစ်ကိုကား ဝ
လင်းရိသဲ့ ရိပ်စားလိုက်မိပါ၏။

သို့ပေမယ့် သူမ ဘာတွေးမိလေသလဲဆိုတာ ဝမ်လင်
ဆက်မတွေးမိသေးပေ။

အပြန်လမ်းရောက်ကာမှ ...

'ဩော်....အခုရောက်လာတယ်ဆိုတဲ့ မိတ်ဆွေဟာ ဝင
ရှန် ဖြစ်ရလိမ့်မယ်လို့ ပိုး တွေးလိုက်မိပုံရတယ်၊ ဟုတ်တော့
ဟုတ်တာပဲလေ၊ ဝေဝေရှန် ငါ့နောက်ကိုလိုက်လာပုံရတယ်
ခဝေးနန်းရှင်က ထွက်ပြေးလာသလားမသိဘူး'

ဟု တွေးရင်း ဝမ်လင်းရိမှာ ဘာဆက်လုပ်ရမည်မသိ
နေသည်။

စခန့် အတွင်းသို့ ရောက်သောအခါ အသီးသီး လမ်းခွဲပြန်
သည်။

ဝမ်လင်းရိမှာမူ ဟိုမင်းလူနှင့်အတူ နေဆဖြင့် အတူ ပြန်
ခဲ့ကြသည်။

ခါတိုင်းက မိမိတို့လမ်းခွဲကြပြီဆိုလျှင် စကားတွေ ပြော
မြဲ။

အကြောင်းရှိသည်ဖြစ်စေ၊ အကြောင်းမရှိသည်ဖြစ်စေ၊
ဆက်စကားများ ပြောတတ်သည်။

သည်နေ့ လမ်းခွဲပြန်ကြသောအခါ ပန်းကမ်ပိုး ဘာမျ
ပြော မျက်လွှာကလေးချ၍ ကျင်ကျင်ချာ တို့နှင့်အတူ ဆက်
လျှောက်သွားပါ၏။

ဟိုမင်းလူက ရိပ်မိသည် ပုံ

'ပန်းကမ်ပိုး အစ်ကို့ကို ဘယ်လိုမြင်သွားသလဲ မသိဘူး
နော်'

'ဟုတ်တယ်၊ ကျုပ်မိတ်ဆွေဆိုတာ ကျုပ်ပြောပြောနေတဲ့
ဝေဝေရှန်လို့ ထင်သွားပုံရတယ်'

'ဝေဝေရှန်ပဲ မဟုတ်လားအစ်ကို'

သည်တော့လည်း ဝမ်လင်းရိက အဖြေရခက်ရပြန်၏။

သို့သော် အဖြေက ချက်ချင်းထွက်မလား။

အကြောင်းကား....

ဦးလေးရန်ဝေကို အဝေးကလှမ်းမြင်လိုက်ရသော ကြော
ဖြစ်ပါ၏။

ပန်းကမ်ပိုးအတွက်ကတော့ စိတ်အေးသွားရပြီ မဟု
ပါလား။

'တော်သေးရဲ့ ဟိုမင်းလူရေ၊ ဦးလေးရန်ဝေလိုက်လာတာ

ဟု ဝမ်လင်းရိက ဟိုမင်းလူကိုပြောပြီး ဦးလေးရန်ဝေ
ပြေးသွားသည်။

ပြီး....

'ဦးလေးရန်ဝေပါလား၊ တွေ့ရတာကိုပဲ ဝမ်းသာလို
တာဗျာ'

ဟု ပြော၍ ဦးလေးရန်ဝေကို ပွေ့ဖက်လိုက်သည်။

ဦးလေးရန်ဝေမှာ စကားမပြောနိုင်ရှိ၏။

ဝမ်လင်းရိကို ပြန်လည်ပွေ့ပိုက်ဖက်ထားသည်။

ဟိုမင်းလူသည် ဝမ်လင်းရိတို့ တူဝရီးနှစ်ယောက်၏ ဝမ်း
ာမှုကိုကြည့်ပြီး ပီကိဖြစ်နေသည်။

ထို့နောက် နှစ်ယောက်သား ကိုယ်ချင်းခွာလိုက်ကာ
စ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။

ရင်မှာ ဝမ်းသာခြင်းက လှိုင်းလုံးတွေဖြစ်နေ၏။

ဦးလေးရန်ဝေက နယ်စားကြီးတိန်ယုမိန်၏ ဥယျာဉ်တော်
ကွင်း တိဗက်သိုင်းသမားများ ညှော်ခံပွဲကအပြန် ဝမ်လင်းရိ
နောက် လိုက်ခဲ့သော်လည်း ပန်းပဲဖို မီးကြိုခံရသည့်အဖြစ်ကို
ပြင်သာမြင်ရပြီး အားလုံး ပျောက်ခြင်းမလှ ပျောက်သွား
ဖြင့် သည်ကအဖွဲ့ကိုပင် ပြန်လည် အကူအညီတောင်းပြီး
ည်းခိုခဲ့ကြောင်း ပြောပြသည်။

'ကျုပ်လဲ ဦးလေးရန်ဝေကိုလာခေါ်ဦးမလို့ပဲ၊ ဆရာကြီး
ဟိုမှာ အဆင်ပြေမှာပါ၊ ဒီမှာလဲ အခြေမကျသေးဘူး
ဟုတ်လား၊ ပြောလို့နေလိုက်တာ၊ ဒီကြားထဲ သခင်ကြီးက
ခေါ်ထားတော့ ဦးလေးရန်ဝေနဲ့ အနေပိုဝေခဲ့ရတာပေါ့'

ဝမ်လင်းရိကလည်း သူ့ဘက်က အတွေ့အကြုံကလေးတွေ
မှတ်မိသမျှသာ ရှင်းပြထားလိုက်လေသည်။

ဦးလေးရန်ဝေက စကားပြောနေရင်း အရေးကြီးသော အကြောင်းအရာတစ်ရပ်ကို သတိရလိုက်ဟန်ဖြင့်....

'ဩော်....မင်းကို အရေးကြီးတဲ့ စာပလွှေတစ်ခုကို ပေး ရှိတယ်'

ဟု ပြောလိုက်စဉ်မှာတော့ အနီးသို့ ပန်းကမ်ပိုး ရောက် လာလေ၏။

သူမက ဝေဝေရန် မဟုတ်ဘဲ ဦးလေးရန်ဝေဖြစ်နေသည် အတွက် အတော်လေး ကျေနပ်နှစ်သိမ့်သွားပုံရ၏။

သို့သော် ဦးလေးရန်ဝေက...

'ဒီစာပလွှေက သူကြွယ်ကြီးဝေအောလျန်ပေးလိုက်တဲ့ စာ ပလွှေကွယ့်၊ ဝေဝေရန်နဲ့ ပတ်သက်တဲ့ အကြောင်းတွေ ဖြစ် များတယ်'

ဟု ပြောဆိုပေးလာသည်ရှိလေရကား ပန်းကမ်ပိုး မျက် လွှာကလေးများ ချသွားပြန်ပါ၏။

သို့သော်....သို့သော်....

အခန်း [၅၀]

'တောက်....'

တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခတ်လိုက်သည်။ အံကို တင်းတင်းကြိတ်၏။

ညာလက်သီးကို ဘယ်ဘက် လက်ဖဝါးတွင် ထု၍ ထု၍ အကြည့်ကိုမူ အဝေးသို့ ပြတင်းပေါက်မှ ဖြတ်ကျော်ကြည့်နေ သည်။

ရင်ထဲမှာကား ဝေဒနာခံစားချက်တွေ ပြည့်နေသည်။

တံတွေးကို မျိုချနေရသည်မှာ အကြိမ်ကြိမ်။

သည်လိုဝေဒနာမျိုး အခုတလော ခံစားနေရတတ်သည် မှာ အကြိမ်ကြိမ်။

ထိုသူကား ဝေအောလျန်ပင် ဖြစ်ပေ၏။

ဝေအောလျန်မှာကား အရှေ့မြောက်ပိုင်း နှန်ချမ်းပြည်နယ် နယ်စားကြီး ရှောင်ဖင်းလီ၏ ယောက်ဖတော်ကြီး ဖြစ်သည်။

နယ်စားကြီး ရှောင်ဖင်းလီ၏ ညီမ ရှောင်ရှောင်ချူးခင် ခင်ပွန်းဖြစ်သောကြောင့်တည်း။

ထို့ကြောင့်လည်း ဝေအောလျန်သည် အရေးပါလှသော မြို့စားမင်း အဖြစ်နှင့် ရှန်အန်းမြို့တွင် နယ်စား ပန်စား၏ အချုပ်အနှောင်၊ အဆောင်အယောင်များဖြင့် နှင်းစံအိမ်ကြီးတွင် နေထိုင်လာခဲ့သည်မှာ ကြာချေပြီ။

သမီးလေး ဇဝဝေရန်သည်ပင်လျှင် အပျိုဖြန်းအရွယ်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

သားယောကျ်ားကလေးကို မျှော်လင့်ခဲ့သော်လည်း မမျှော်ခဲ့သည့်အဆုံး သည်သမီးလေး ဇဝဝေရန်ကိုပင် မိန်းကလေးလို တစ်မျိုး၊ ယောကျ်ားလေးလိုတစ်ဖုံ ပညာမျိုးစုံအောင် သင်ကြားပေးခဲ့ပါ၏။

မိမိတို့ဒေသမှာက ကိုယ်ခံသိုင်းပညာကို လူတိုင်း မတတ်မြောက်လျှင် မဖြစ်သောကြောင့် သိုင်းပညာကို အထူးကလည် သင်ယူတတ်မြောက်ထား ကြရသည်။

အုပ်ချုပ်သူများ အနေနှင့်ဆိုပါမူ အထူးတလည်း အဆင့်သို့ သိုင်းပညာများကို သင်ယူတတ်မြောက်ကြရပါ၏။

ဤသည်မှာ အခြားကြောင့် မဟုတ်ပေ။

မွန်ဂိုမျိုးနွယ်စုများထဲကဖြစ်သော နယ်လှည့်မျိုးနွယ်စုကြီးများ မကြေခဏ မိမိတို့နယ်မြေများဘက်သို့ ကျူးကျော်ရောက်တတ်သော အန္တရာယ်များ ရှိနေသောကြောင့်ပါ။

သည်တော့ ဇနီးနှင့် သမီးတို့ကိုလည်း အဆင့်မြင့် သိုင်းပညာများကို တိုတင်သင်ကြားပေးထားရပါ၏။

ဤသို့လော အခြေအနေမျိုးမှာ မကြာမီကမှ မိမိတို့ထံ တစ်စ တစ်စ ရောက်ရှိလာသော အယူသီးသမား တစ်စုကမူ သောက်ဖတော်ကြီး ရှောင်ဖင်းလီနှင့်ဆက်ဆံရာတွင် လွှမ်းမိုးနှိပ်စက်သည် ထင်၏။

မိမိတို့ ယုံကြည်ကိုးကွယ်သော ထေရဝါဒ ဘာသာတရားသည်း မဟုတ်ခဲ့။

သူတို့က နတ်မိစ္ဆာကြီးများမှ စေလွှတ်လိုက်သော နတ်ဆိုးများနှင့် ခံယူထားကြသည်။

ရှောင်ဖင်းလိက နှတ်မိစ္ဆာမျှားဟု ခံယူထားသူ ချုပ်ငြိ
ရူးကို တလေးတစား ဆက်ဆံ နေရာပေးရခြင်းမှာ၊ သူ
နှတ်မိစ္ဆာဟု ပြောနေခြင်းကြောင့် မဟုတ်ပေ။ သူတို့နှင့်အ
ရှိနေသော ထူးခြားဆန်းကြယ်သည့် သိုင်းပညာကို ခံ
နှစ်သက်လို၍ ဖြစ်ပေသည်။

သည်ဘို့စွန့်ပတ်သက်ပြီး ဝေအောလျှန် အခုလို မေး
မချမ်းဖြစ်နေရခြင်းပင်။

'တောက်'

နောက်တစ်ကြိမ် 'တောက်' ခတ်သံနှင့်အဘူ အနီး
ရောက်လာသူမှာကား ဇနီးသည် ရှောင်ရှောင်ချူးပင် ဖြ
သည်။

ရှောင်ရှောင်ချူးသည် ခန္ဓာကိုယ် အထက်အောက် ပြ
ပြစ်ပြီး ပီတုန်းရောင် ဆံပင်သာဖြင့် အလွန် ကျက်သရေ
ပြည့်စုံသော အမျိုးသမီးကြီး တစ်ဦးဖြစ်သည်။

သူမသည်လည်း ခင်ပွန်းသည်၏ လက်ရှိခံစားနေရသော
ဝေဒနာကို နားလည်သဘောပေါက် လာပါ၏။

သို့နှင့် ရှောင်ရှောင်ချူးက ခင်ပွန်းသည် ဝေအော
လျှန် အား....

'အခုလို မကျေနပ်ဟိုင်း ဒေါသထွက်နေလို့ရော ဘာဖြစ်
မှတ်လို့ မော့ငေးကြီးရယ်၊ သူတို့က အယူဝါဒရော သိုင်း
ညာနဲ့ လောကီအတတ်ပညာတွေပါ ကျွန်မတို့ထက် အများ
ည်းသာလွန်နေတယ် ဟုတ်လား' ဟု ပြောလိုက်လေ၏။

'မင်းပြောတာ ဟုတ်ပါတယ်၊ ဒါကြောင့်လဲ မောင်
ကြီးက ယောက်ဖတော် ရှောင်ဖင်းလိုကို မချင့်မရဲ ဖြစ်နေ
ရတာပဲပေါ့၊ ဒီလိုလူမျိုးတွေကို ဆက်ဆံခဲ့ရင်၊ တစ်နေ့ သူတို့
အယူဝါဒတွေက ကိုယ့် တိုင်းပြည်နဲ့ ကိုယ့် လူမျိုး တွေ
အပေါ်မှာ တဖြည်းဖြည်း ဝါးမြိုဖုံးလွှမ်း သွားမယ်ဆိုတာ
သင်းအစကတည်းက သိဖို့ကောင်းတာပေါ့'

ဝေအောလျှန်က ခံစားချက်အပြည့်ဖြင့်ပြော၏။ ရှောင်
ရှောင်ချူးသည်ပင် ခင်ပွန်းသည်၏ အခုလို ပြင်းပြသော
ခံစားချက်မျိုးဖြင့် ပြောသည့် အပြောမျိုးကို မကြုံစဖူးခဲ့
သည်မှာ အမှန်ဖြစ်သည်။

'ကျွန်မတို့လိ ဒေသကတည်းက ဒီအကြောင်းတွေကိုမပြော
တာမှ မဟုတ်တာပဲ၊ ပြောခဲ့ကြတာမှ အခါအခွင့်သင့်တိုင်းပဲ
မဟုတ်ပါလား မောင်ကြီးရယ်'

'ခက်တယ်၊ ရှောင်ဖင်းလိက ဒီနှတ်မိစ္ဆာတွေ ဆီက
လျှို့ဝှက်လက်နက်နဲ့ သိုင်းပညာတွေကို အလွန်မတန် လိုချင်
နေတာကလား'

'သူတို့ သိုင်းပညာကလဲ အံ့ဖွယ်တန်းပဲ မဟုတ်လား ကျွန်မတို့ရှိရင်း စွဲ သိုင်းပညာတွေနဲ့ နှိုင်းစာလိုက်ရင်၊ အမျှင်ကြီး လျှို့ဝှက် ဆန်းကြယ်နေတယ်လေ မောင်ကြီးရဲ့'

ထိုအခါ ဝေအောလျှန် သက်ပြင်းချသည်။

ပြီး သူ့စကားကို ဆက်သည်။

'အဲဒါဆက်တာပေါ့၊ သူက ဒီသိုင်းပညာကိုသာ အလို့ငှာ နေဘာ၊ သိုင်းပညာကိုယူပြီး သူတို့ရဲ့ နတ်မိစ္ဆာ အယူသီးဓလေ့ကို လက်မခံပဲနေရမှာ၊ အခုတော့ သိုင်းပညာကိုယူရင်း သူတို့ရဲ့ နတ်မိစ္ဆာအယူသည်းမှုတွေကို မင်းနောင်တော်ကြီးက မိုက်မိုက်မဲမဲ လက်ခံနေပါပကောလား'

ထိုအခိုက်....

စံအိမ်တော်ဝင်းအတွင်းသို့ မြင်းသည်တော် တစ်ဦး ဝင်ရောက်လာခဲ့လေရာ ဝေအောလျှန်နှင့် ဇနီး ရှောင်ရှောင်ချူတို့ စကားစမျှား ပြတ်တောက်သွားရလေတော့၏။

မြင်းသည်တော်သည် စံအိမ်တော်အလယ် တံခါးရှေ့ အထိ မြင်းကိုစီးလာပြီးနောက်၊ မြင်းပေါ်ကဆင်းသည်။

မြင်းဇက်ကြိုးကို အစောင့်အကြပ် တစ်ဦးအား လှမ်းပေးပြီး....

'သခင်ကြီး ရှိသလား'

ဟုမေးသည်။

အစောင့်အကြပ်က ရှိကြောင်းဖြေ၏။

သို့နှင့် သွေ့ခန်းဆောင်အတွင်းသို့ လျှောက်လှမ်း ဝင်ခဲ့လေသည်။

ထိုသူမှာ နယ်စားကြီး ရှောင်ဖင်းလ်ထံတွင် အမှုထမ်း ဆောင်နေသော ပေါင်းချီဟန် ဖြစ်သည်။

သူက ရှောင်ဖင်းလ်၏ လက်ရှိအပြုအမူမျှားကို လက်ခံ ခွင့်သူမဟုတ်ပေ။

ထို့ကြောင့် ဝေအောလျှန်နှင့် သဘောအယူအဆ တူနေသဖြင့် အကြောင်းထူးရှိလေတိုင်း ဝေအောလျှန်ကို လာ ရောက်၍ ကြိုတင်အသိပေးမြဲဖြစ်သည်။

ပေါင်းချီဟန်သည် ဝေအောလျှန်နှင့် ရှောင်ရှောင်ချူတို့ ဇနီးမောင်နှံတို့အား အရှိအသေပေး၍ နှုတ်ခွန်းဆက်သပြီး နောက် ထိုင်ခုံတွင် ဝင်ထိုင်လေ၏။

'ဘယ်လိုအကြောင်းထူးမျှား ရှိနေပါသလဲ၊ ပေါင်းချီဟန်ရဲ့ အကြောင်းထူးတွေက ကြားရတတ်လွန်းလို့'

ဟု ဝေအောလျန်က မေးလိုက်သောကခါ ပေါင်းခိုဟန်က စိတ်ပျက်နေဟန်ဖြင့်....

'အကြောင်းထူးရယ်လားတော့မသိဘူး ဆရာလျန်၊ နယ်စားကြီး ဟိုနတ်မိစ္ဆာတွေအပေါ် အရေးပေးလိုက်ပုံကဖြင့် ပြောမပြောချင်တော့ဘူး၊ အခုမနက်ပဲ နတ်မိစ္ဆာဂိုဏ်း ချုပ်ချုပ်ပိုက်ရူးအဘိုးကြီးကို မြို့မြောက်ဖျားမှာ သူတို့နေထိုင်ကျောင်းအဆောက်အအုံကြီးတစ်ခု ဆောက်ပေးဖို့ ကတိပေးလိုက်ပြီလေ'

ဟု ပြောလိုက်လေရာ ဝေအောလျန်တို့လင်မယားမျက်နှာများမှာ ချက်ချင်း ညှိုးနွမ်းသွားရပါလေတော့၏။

ဝေအောလျန်က....

'ကဲ....အခုကြည့် ကျောင်းတွေဝင်းတွေ လုပ်ပေးနေရပြီး ဒီကိစ္စဟာ သူတို့တောင်းတဲ့ အခွင့်အရေးပဲ ဖြစ်လိမ့်မယ်၊ နောက်ဆက်တဲ့က သူတို့လိုဂိုဏ်းသားတွေ အသစ်ရောက်လာကြလိမ့်မယ်၊ ဒါဟာ ကျူးကျော်တဲ့သဘောပဲ၊ တိုက်ခိုက်ပြီး ကျူးကျော်တာက မြင်သာပေမယ့် အခုလိုနည်းက မမြင်သာဘူးနော်၊ ကြောက်စရာလဲ အလွန်ကောင်းတာ'

ဟု ပြောလိုက်လေရကား ရှောင်ရှောင်ချူးက....

'စိတ်ပျက်စရာတွေ တော်ပါတော့ရှင်'

ဟု ဟန့်တားလိုက်လသည်။

'မင်းမှာလဲ မကြားဝံ့တာနဲ့ မမြင်ဝံ့တာနဲ့ ရှက်နေတာပဲ၊ အခုကိစ္စက မကြားဝံ့မမြင်သာ လုပ်နေလို့ မရတော့ဘူး ရှင်မရေ မရတော့ဘူး'

ဟု ပြောလိုက်လေ၏။

ရှောင်ရှောင်ချူးကမူ....

ဝေအောလျန် အပြစ်တင်ပြောနေသည်ကိုပင် မည်သို့မျှ သဘောမထားပေ။

ထိုစဉ် စံအိမ်တော်အခြေအရံထွိုက ညှော့သည်တော် ပေါင်းခိုဟန်အတွက် စားသောက်ဖွယ်ရာပန်းကန်များကို ငွေဗန်းတစ်ခုပေါ် တင်လျက် ယူဆောင် တည်ခင်းပေးလေ၏။

ရှောင်ရှောင်ချူးက တစ်စုံတစ်ခုကို သတိရဟန်ဖြင့်....

'အမှတ်ချုပ်ကြီး ချန်စွမ်းတောင်ကို ကျွန်မတို့ ပြောထားခဲ့ပြီ မကောင်းဘူးလား၊ အမှတ်ချုပ်ကြီးက နောင်တော်ကြီးကို အတော်လေး ဩဇာညောင်းတယ်လေ'

ဟု ပြောလေရာ ခေါင်းတည်တည်တယ်လုပ်ကာ....

'ဟုတ်တော့ဟုတ်တယ်၊ ဒီကိစ္စ ကျုပ်တို့အမတ်ချုပ်ကြီး ချန်ထွမ်းတောင်နဲ့တွေ့ပြီး အသေးစိတ်ဘိုင်ပင်ကြရင် ကောင်းမယ်'

ဟု ပြောလေ၏။

ပေါင်းချိဟန်က

'ဒီအကြံဟာ ဖြစ်နိုင်စရာ အကြောင်းတစ်ခုပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အမတ်ချုပ်ကြီးဟာ ကျုပ်တို့လို ထေရဝါဒ ဘာသာတရားကို အလွန်ကိုးကွယ်ဆည်းကပ်တာပါ၊ ယုံကြည်မှုပဲပေါ့လေ၊ နတ်မိစ္ဆာအယူဝါဒတွေဟာ မကောင်းပါဘူး၊ နောက်တစ်ခု သတိပေးထားရဦးမယ်'

ဟု ပြော၏။

'ဘာမျာလဲ'

'တောင်တောင်လေး သတိထားရမယ့်အချက်ပဲ၊ ဘာလဲဆိုတော့ ဒီအဘိုးကြီးချုပိုက်ဂူးက အိမ်ဆောင်ပြုမယ်ဘဲ့၊ အခြေအတူနေမှာလဲ ပဟုတ်ဘူးတဲ့၊ နောက်ပြီး ကျုပ်တို့ရဲ့ သား

သမီးတွေရဲ့ အိမ်ထောင်ဘက်ရွေးချယ်တဲ့နေရာမှာ သူတို့က ကြိုပေးမယ် ရွေးချယ်ပေးမယ်တဲ့၊ လောကီပညာတွေကို အသုံးပြုလိုပေါ့'

ထိုစကားကို ကြားလိုက်ရသော ဝေအောလျှန်နှင့် ရှောင်ရှောင်ချူးတို့၏ မျက်နှာများမှာ အလွန်တရာ စက်ဆုတ်ရုံရှာဘူးသည်သို့ မျက်နှာများပျက်ကာ ငြိမ်ဆက်သွားကြပါလေတော့၏။

သော မြင်းနှစ်ကောင်ဆွဲကာ မြင်းရထားလုံးကို ဝေအော်လျန်က ငယ်ငယ်ချွန်ကြီးကျွန်ဖောဝဲကို တက်မောင်းခိုင်း၏။

သူ့ကို မြင်းရထားမောင်းခိုင်းရသည်မှာ ယခုလာရောက်သည့် အခြေအနေကို မည်သို့မည်ပုံရှိသည်ဆိုတာကို ကြုံတွေ့တွက်ဆမရသောကြောင့် ဖြစ်သည်။

ဝေအော်လျန်သည် ဇနီးသည် ရှောင်ရှောင်ချူး၏ အကြံပေးထားသည့်အတိုင်း မိတ်ဆွေ ပေါင်းချီဟန်နှင့် တိုင်ပင်ဆွေးနွေးကာ နယ်စားကြီးများ၏ အစဉ်အဆက်ကတည်းက မမိတ်ဖွဲ့နယ်မြေအားလုံးနှင့်ပတ်သက်၍ အချက်အလက် အတော်ခပ်များများကို စာအုပ်ထဲက စာရင်းဇယားထက် မှန်ကန်အောင် အလွတ်တစ်ဇာနှင့် ပြောဆိုနိုင်သော အမတ်ချုပ်ကြီး ချန်စွမ်းတောင်ကို အရင်ဆုံးချဉ်းကပ်၏။

အမတ်ချုပ်ကြီး ချန်စွမ်းတောင်ကို အယူသည်းသော နတ်မိစ္ဆာဂိုဏ်းနှင့်ပတ်သက်ပြီး တဖြည်းဖြည်းနှင့် ကြောက်စရာစုံးရှဲစရာရှိနေကြောင်း ပြောပြ၏။

ချန်စွမ်းတောင်က ဝေအော်လျန်တို့၏ တင်ပြချက်ကို လက်ခံမဟုတ် လက်ခံခဲ့၏။

'ဒါပေမယ့် လဲ ဒီလိုရှိတယ် ဝေအော်လျန်ရဲ့၊ အခု အခြေအနေမှာ သူတို့ ဘာတွေ တိုးပြီးလုပ်လာမလဲဆိုတာကို အလိုက်

အခန်း [၅၁]

နန်ချမ်းပြည်နယ် နယ်စားကြီး၏ စံအိမ်တော်ကြီးမှ အဆောက်အအုံသုံးခုသည် အဓိကကျ၏။

ထို အဆောက်အအုံကြီးများမှာ ဘုံဆောင်အဆင့်ဆင့် ရှိသဖြင့် အထက်သို့မြင့်တက်လျှက် ရှိလေရာ သစ်ပင်ကြီးများကိုပင်လျှင် အပေါ်က အုပ်မိုးနေလေ၏။

ထို့ကြောင့် နန်ချမ်းမြို့သို့ဝင်လာသည်နှင့် နယ်စားကြီး ဘုံဆောင်ကြီးသုံးခုကို လှမ်းမြင်နေရသည်။

ကျန်အဆောက်အအုံများစွာ ရှိသော်လည်း သစ်ပင်မြ အောက် တွင် နစ်မြုပ်နေသဖြင့် အပေါ်ကသာ လှမ်းမျှော်ကြည့်မြင်နိုင်ပေသည်။

ဝေအော်လျန်သည် မြို့စားအဆောင်အယောင် တစ်ခုပြ

သင့် အလျားသင့် စောင့်ကြည့်ဖိုပဲရှိမယ်လို ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် နယ်စားကြီး ရှောင်ဖင်းလီကိုယ်တိုင်က နတ်မိစ္ဆာဂိုဏ်းအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ အားကိုးအား ထားရှိနေလို့ပဲ'

ဟု မဟုတ်မဟန်စကားကို ပြောလေသည်။

သည်စကားကို ဝေအောလျန်က မှုကြိုက် မနှစ်သက်ပေ။

လက်ခံတယ်၊ လက်ခံဘူး တစ်ခုခုသို့ ပြတ်ပြတ်သားသား ရှိစေချင်ခဲ့သည်။

'ကျုပ်ကတော့ စောင့်ကြည့်တဲ့အလုပ်ကို မလုပ်ချင်ဘူး အမှန်တော့လဲ ကျုပ်တို့အားလုံးဟာ နယ်စားကြီးရှောင်ဖင်း လီကို ဝိုင်းဝန်းပုံပိုးပြီး ကိုင်းကျွန်းမှီ ကျွန်းကလဲ ကိုင်းကို နေလာခဲ့ကြတဲ့ အစဉ်အလာအတိုင်း ကျုပ်တို့က အမှား အမှန် အပေါ်မှာသာ တရားနည်းလမ်းကျကျ လုပ်သွားချင် ပါတယ်'

ဟု ဝေအောလျန်ပြောသောအခါ အမှတ်ချုပ်ကြီး ချန် စွမ်းတောင် အတော်လေး ဦးနှောက်ခြောက်သွားပုံရသည်။

ခေါင်းကို လက်ထိုးကုတ်လိုက်ချေ၊ သက်ပြင်းချလိုက်ချေ ဖြစ်နေသည်။

ဝေအောလျန်က ဆက်လက်၍...

'ဒီလူတွေဟာ လောကီ အတတ်ပညာတွေနဲ့ လူတွေကို ကိုလှန့်စည်းရုံးထားတာ၊ တကယ်မှာ လောကီအတတ် ဆိုတာ အဆင့်မြင့်တဲ့ မျက်လှည့်အတတ်ပညာတွေပါ။ ပ်တို့မှာ စစ်မှန်တဲ့ ထေရဝါဒဘာသာတရား လက်ကိုင်ရှိ ားပဲ၊ မဇျိမအရပ်က ဗုဒ္ဓရဲ့ကျမ်းဂန်တွေလဲ ကျုပ်တို့မှာ ပြီဖြစ်ပါတယ်၊ သူတို့ရဲ့နတ်မိစ္ဆာဂိုဏ်းကို အမှုထားစရာ ဘူး'

ဟု ပြောသည်ကိုကား အမတ်ချုပ်ကြီး ချန်စွမ်းတောင် ပေ။

ဘိုသော် သူက....

'ဝေအောလျန်...ကျုပ် ခပ်ဗျားကိုပြောမယ်၊ နယ်စား ရှောင်ဖင်းလီက အဲဒီ လောကီအတတ် ပညာတွေထဲက ပညာရပ်ကို လိုချင်နေတာကလား၊ ဒါမှ ကျုပ်တို့ဝေး ဆိုတဲ့ ဘွဲ့ဟာ ပိုပြီးအဓိပ္ပာယ်ရှိမယ်လို့ ရှောင်ဖင်းလီ ကြည်နေတာ'

ဟု ပြန်ပြော၏။

ဟုပြောတော့လည်း သူ့ဘက်က မှန်ကန်နေသည်၊

နယ်စားကြီး ရှောင်ဖင်းလီသာမက အထက်က နေ
တော်. နောင်တော်ကြီးတွေအားလုံး နန်ချမ်းပြည်နယ်
စားကြီး အရိုက်အရာကိုခံသည်နှင့် ထိုအရိုက်အရာကိုဆက်
ပုဂ္ဂိုလ်သည် အမျိုးသား၊ အမျိုးသမီးမခွဲခြား 'ဓားနန်း
'ဓားနန်းသခင်မ'ဘွဲ့ကို ခံယူပွဲကျင်းပမြဲဖြစ်၏။

ထိုအခါ 'ဓားနန်းရှင်၊ ဓားနန်းသခင်မ' ဘွဲ့တံဆိပ်
ရရှိသည်နှင့်အညီ ထိုပုဂ္ဂိုလ်တွင် သိုင်းပညာကို တစ်ဖက်
ခတ် တတ်မြောက်ထားရမည် မဟုတ်ပါလား။

အထူးသဖြင့် သိုင်းလောကကြီးတစ်ခုလုံး ဖိန့်ဖိန့်တုန်
သည့် သိုင်းပညာမျိုးကို လက်ဝယ်ရရှိပါက ပို၍ လျော်
သင့်မြတ်လှသည် မဟုတ်ပါလား။

'အဲဒီလိုသဘောကို နယ်စားကြီးရှောင်ဖင်းလီမှာ ထ
နေပြန်တော့ ဒီကိစ္စရှေ့တိုးမှလုပ်ဖို့ ကျုပ်တို့ ပြောလို့
မလာ ၊ လူတစ်ဦးတစ်ယောက် စိတ်ဆန္ဒပြင်းပြနေတဲ့အ
မှာ မိမိတို့က ဒါဖြင့်မလုပ်ပါနဲ့ ပြောလိုက်လို့တော့ရမလ
ကျုပ်တော့ မထင်ဘူး'

ဟု ချန်စွမ်းတောင်က ပြောလေသည်။

ဝေအောလျန်သည် ဤကိစ္စနှင့် ပတ်သက်ပြီး ချန်
တောင်နှင့် တိုင်ပင်ဆွေးနွေး၍ မရတော့ကြောင်း ချက်
သိလိုက်သည်။

သို့နှင့် အခြားမြို့စား၊ နယ်စားတွေကို တီးခေါက်ကြည့်

သူတို့အားလုံးကမူ အမတ်ချုပ်ကြီး ချန်စွမ်းတောင်ကဲ့သို့
အကျိုးသင့် အကြောင်းသင့် ရှင်းလင်းမပြောနိုင်။

ဤကိစ္စကို နှာစေးနေသည်။

အဆိုးအကောင်း ဘာမျှမပြော။

စိတ်ငြိမ်နေသည်။

ဝေအောလျန်သည် အတွေးစိတ်ကူးများနှင့်အတူ နယ်
ကြီး စံအိမ်တော်ဝင်းကျယ်ကြီး အတွင်းသို့ ရောက်ရှိလာ
သည်။

စိတ်တံခါးတွေက အထပ်ထပ် အခါခါ။

နေရာတိုင်းက စစ်မေးကြသည်မှန်သော်လည်း စင်စစ် ဤ
ရထားကို စွေ့မြင်လိုက်ရကတည်းက ရှန်အန်းမြို့စား ဝေ
အောလျန်မှန်း သိသည်။

နယ်စားကြီးရှောင်ဖင်းလီ၏နှမ ရှောင်ရှောင်ချူး၏ ခင်
သည် ဖြစ်နေသည်ကအစ သူတို့သိထားကြလေသည်။

ဝေအောလျှန်က ကျန်းဖောင်ကို မြင်းရထားမှမဆွဲရန် ကြားပြီး နယ်စားကြီးညွှန်ခန်းဆောင်ဘက်သို့ လျှောက်ခဲ့လေသည်။

သို့သော် စံအိမ်တော်မှူးများက....

'နယ်စားမင်း ညွှန်ခန်းဆောင်မှာမရှိဘူး၊ ဥယျာဉ်တော်မှာ ရှိနေပါတယ်'

ဟု အသိပေး၏။

သို့သော်လည်း သူတို့ကြည့်ရသည်မှာ ဥယျာဉ်တော်ဘက်သို့ မိမိမသွားစေလိုသည့် အမူအရာမျိုးရှိနေသည်။

'တို့မှာ ဘာတွေများ မဟုတ်တာတွေ တွေးရမလဲ မသိဘူး သွား ကြည့်လိုက်တာပဲ ကောင်းတယ်၊ သိရတာပေါ့'

ဟု တွေးတောဆုံးဖြတ်ပြီး ဝေအောလျှန်က ဥယျာဉ်တော်ဘက်သို့ ဆက်လက်လျှောက်သွားလေ၏။

ထိုအခါမျိုးကျတော့လည်း စံအိမ်တော်မှူးများမှာ နယ်စားကြီး၏ ယောက်ဖတော်ပဲလေ။

အသိစိတ်ဖြင့် မပြောသာခဲ့ပေ။

ဥယျာဉ်တော်အတွင်းသို့ ရောက်သောအခါ နွေဆုသီစံအိမ်ရိပ်သာတွင် လူပ်လူပ်ရှားရှား ဖြစ်နေသည်ကို တွေ့၏။

ခပ်ဝေးဝေးကအမြင်တွင် သူတို့ ဘာတွေလုပ်နေသလဲ သိရသော်လည်း အနီးသို့ရောက်လာသောအခါ ရှေနတ်မိစ္ဆာ ဂိုဏ်မှ ဂိုဂ်း ချုပ် ချုပ်ငြိမ်းရှူးအတိုးကြီးကို တွေ့မြင်လိုက်ရလေသည်။

ချုပ်ငြိမ်းရှူးသည် စင်စစ် သာမန်အရပ်သူ အရပ်သားအဆင့်တွင်သာ ရှိသည်။

သူသည် နယ်စာ မင်းရှောင်ဖင်းသိန့်ဉ် တန်းတူရည်တူ မထိုင်ရပေ။

အသေတော့ ချုပ်ငြိမ်းရှူးသည် နယ်စားမင်းရှောင်ဖင်းသိန့်ဉ် တန်းတူရည်တူထိုင်ကာ စကားတွေကို ဟောင်ဖွာ ဟောင်ဖွာပြော နေ၏။

သိုင်းပညာရပ်နှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို ဖော်ထုတ်ပြောပြနေခြင်းဖြစ်၍ ရှောင်ဖင်းမှာ သိုင်းပညာလျှို့ဝှက်ချက် တစ်မျိုးတစ်မျိုး ထုတ်ပြလိုက်လေသိုင်း တအံ့တသြဖြစ်၍နေ၏။

ထိုအခိုက်....

ရှောင်ဖင်းလီသည် ဝေအောလျန်ကို လှမ်းမြင်လိုက်ခြင်း ဖြစ်၏။

သို့နှင့် သူက ချုပိုက်ရှူးအဘိုးကြီးကို ခွင့်တောင်းကာ ဝေအောလျန်ရှိရာသို့ ခပ်သုတ်သုတ်လျှောက်၏။

နယ်စားကြီးရှောင်ဖင်းလီ လျှောက်လာသောအခါ လမ်းဖယ်ပေးရုံမက အရှိအသေပေးကြ၏။

မြို့စားများနှင့် စံအိမ်တော်အမှုထမ်းများ သက်တော် ရှည်အမတ်များ ဖြစ်သည်။

အမတ်ချုပ် ချန်စွမ်းတောင်ကိုမူ မတွေ့ရပေ။

နယ်စားကြီးရှောင်ဖင်းလီက သူခေါ်ထားသည်ကို သိရှိ နေသည်။

'ဝေအောလျန်၊ ခင်ဗျား ဒီကို ဘာကြောင့် လိုက်လာ ရထာလဲ'

ဟု မေးလေ၏။

ဝေအောလျန်က....

'အရေးတကြီး အမှာတော်ရှိတာကြောင့် အရေးကြီးတဲ့ အကြောင်းအရာကိုမူတည်ပြီး အချိန်မဖြုန်းဘဲ ဥယျာဉ်တော်ကို လိုက်လာတာပါ'

ဟု ပြောလိုက်သောအခါ ရှောင်ဖင်းလီ ငြိမ်သွားသည်။

ဘာပဲပြောပြော ယောက်ဖတော် ဝေအောလျန်သည် ထက် နေရာတိုင်း သာနေတတ်သည်။ သူသည် မသိမဟုတ် လေသည်။

ရှောင်ဖင်းလီသည် တစ်ချက် တွေခနဲစဉ်းစားလိုက်ပြီး....

'ဩော်....ကျုပ် အခု လျှို့ဝှက်သိုင်းပညာတွေကို ဆရာ ချုပိုက်ရှူးဆီက ခံယူနေတာ ဒီကိစ္စ ခင်ဗျားနဲ့ နှမတော် က ဘယ်လိုမြင်သလဲ'

ဖြုန်းစားကြီး မေးလိုက်လေ၏

ဝေအောလျန်မှာ စဉ်းစားချိန်ပင် မရတော့ပေ။

သည်တော့လည်း မူလစိတ်အလျှဉ်ကို တားဆီးမရတော့ ဘဲ....

'ကျုပ်ကတော့ ဒီကိစ္စတွေကို မနှစ်မြို့ဘူး၊ နှမတော် နှောင်ရှောင်ချူးတော့ မပြောတတ်ဘူး၊ ကျုပ်တို့ရဲ့ ဘာသာ သာသနာကိုပါ သူတို့ လှုပ်မိုးနိုင်ပါတယ်၊ နယ်စားမှင်း တိုက်ရာယှဉ်ပြီး စဉ်းစားပါ'

ဟု ပြောလိုက်လေရာ နှယ်စားကြီး ရှောဝံဖင်းလိ
တစ်ချက်ပြုံးပြီး နောက်ပြန်လှည့်သွားပါလေတော့၏။

အနှီး [၅၂]

'ကျုပ်ကမှား နှလို့ လျှောရမှာတဲ့လား၊ ကျုပ် ဘာတစ်ခု
မှားခဲ့လို့လဲ'

'ဟုတ်ပါတယ် မောင်ကြီးမမှားပါဘူး၊ လောလောဆယ်
ဒီကိစ္စတွေကို ဘာမှမပြောဘဲ အလိုက်အထိုက်နေပေးဖို့ ပြော
တာပါ...

'အမတ်ချုပ်ကြီး ပြောတာကတော့ မောင်ကြီးကသာ
ဒီနေ့ လျှောလိုက်ပါ၊ ဒီနေ့ အကျဉ်းခန်းထဲက အပြင်ကိုရောက်
အောင် သူလုပ်ပေးပါ့မယ်လို့ ပြောပါတယ်'

ထိုအခါ ဝေအောလျန်က မြုံးလေသည်။

ဤသည်မှာ ယောက်ဖတော်၏ လှည့်ကွက်ဟု ထင်၏။

မိမီအား အကျဉ်းခန်းထဲ ထည့်ထားလိုက်ပြီး မိမိဘက်က လျှောပေးရန် ပြောခိုင်းမည်။

မိမီက လွယ်လွယ်နှင့် အလျှောပေးလိုက်လျင် သူတို့အတွက် ဆူးညောင့်ခလုတ်တစ်ခု ကင်းရှင်းသွားမည်။

စသည်ဖြင့် ကြိုတင်တွေးတောထားပြီးဖြစ်ဟန် တူ၏။

ဝေအောလျန်သည် ရှောင်ရှောင်ချူးအား အသေအချာ စိုက်ကြည့်ကာ....

'ဒီမှာ ရှောင်ရှောင်ချူး၊ မင်း ဒီကိုစွန့်ပတ်သက်လို့ ဘာမှ ထပ်မကြိုးစားနဲ့တော့၊ အမတ်ချုပ်ကြီး ချန်စွမ်းတောင်ဆီကိုလဲ ထပ်ပြီး သွားစရာမလိုဘူး၊ မင်းနောင်တော်ကြီး ရှောင်ဖင်းလီကိုလဲ ခြေသလုံးဖက် တောင်းပန်စရာမလိုဘူး၊ ကဲ.... မင်းပြန်တော့'

ဟု ပြောလိုက်လေ၏။

'မောင်ကြီးရယ် စဉ်းစားပါဦး'

'ဘာစဉ်းစားစရာ လိုသလဲ၊ ဘားမဲ့စဉ်းစားစရာမလိုဘူး'

ထိုအခိုက် အစောင့်အကြပ်က ရှောင်ရှောင်ချူးနားသို့ ကပ်ကာ....

'အကျဉ်းခန်းမှူးကြီး လာတော့မယ်၊ သွားမှဖြစ်တော့မယ်'

ဟု ပြောလေ၏။

ထို့နောက်....

ရှောင်ရှောင်ချူးသည် ခင်ပွန်းသည်၏မျက်နှာကို အသေအချာ ပြန်ကြည့်ပြီး ချာခနဲလှည့်၍ ပြန်လည် ထွက်ခွာသွားလေတော့၏။

အစောင့်က ရှောင်ရှောင်ချူးနောက်သို့ လိုက်သွားကာ ကွေ့ချိုးတစ်ခုအရောက်တွင် ပျောက်ကွယ်သွားလေတော့၏။

သူတို့၏ခြေသံမျှသာလည်း မကြားရတော့ပေ။

သို့သော်....

ဝေအောလျန်၏ရင်ထဲတွင် ပေါက်ကွဲလုနီး မီးတောင်ကြီးတစ်ခုလို တပွက်ပွက် ဆူပွက်ကျန်နေပါတော့၏။

ဝေအောလျန်သည် သစ်သားတိုင်မျှားကြားတွင် ခေါင်း

ကို တို ဝှေ့လျက် လက်သီးကိုဆုပ်ကာ အံကိုကြိတ်လိုက်လေ
သည်။

အနီးသို့ လူရွယ်ကျူးဝမ်ရောက်ရှိလာကာ...

'မြို့စားကြီးခင်ဗျား....စိတ်ကို ထိန်းထားပါ၊ လောကမှာ
ကျုပ်တို့တွေအားလုံး ဒီလိုအဖြစ်တွေဟာ အနည်းနဲ့အများ
ကြုံတွေ့နေရတာပါပဲ၊ အခုကိစ္စမှာ မြို့စားကြီးအက်က လျှော့
စရာ မလိုဘူးလို့ ကျုပ်ထင်မိပါတယ်'

ဟု နှစ်သိမ့်စကားကို ပြောနေလေသည်။

ဝေအောလျန်က ကျူးဝမ်ဘက်လှည့်ကာ....

'ဩော်....တူမောင်ကတော့ ကျုပ်မမှားဘူး၊ ကျုပ်ဘက်
က လျှော့စရာမလိုဘူးလို့ ပြောနေပါလား၊ ကျုပ်က ကျုပ်
လို လူမျိုး တစ်ယောက်မှမရှိတော့ဘူးလို့ ထင်နေတာ၊ အခု
လို ကြားလိုက်ရတာ ဝမ်းသာလိုက်တာကွယ်'

ဟု ပြောကာ ကွပ်ပျစ်ပေါ်သို့ သွားရောက်ထိုင်လေ၏။

လူရွယ်ကျူးဝမ်က နောက်မှ လိုက်လာကာ...

'ဦးတော်ရယ် ဒီလိုပါပဲ၊ ကောင်းတာ မှန်တာကို လက်ခံ
နိုင်ဖို့ဆိုတာမလွယ်ပါဘူး၊ ငွေကြောင့်ပဲဖြစ်ဖြစ် ဘာကြောင့်ပဲ

ဖြစ် ကြုံနေရတာပါပဲ၊ အမှန်တရားကို ရင်ဆိုင်ကြမယ်ဆို
ကိုယ့်ဘက်က အနစ်နာခံကြရမှာပါပဲ'

ဟု ပြောလေ၏။

'အင်းပေါ့လေ... ကျုပ်ဇနီးကတော့ မိန်းမတစ်ယောက်
တက်လား၊ မိန်းမဆိုတဲ့အမျိုးကတော့ စိတ်ပျော့ကြတယ်
၊ အရှုံးပေးဖို့ကိုသာ အများဆုံး စိတ်ကူးတတ်ကြတာ
လား'

ဟု ပြောကာ ကွပ်ပျစ်ပေါ် ပက်လက်လှန်ချလိုက်လေ
သည်။

ကျူးဝမ်မှာ မြို့စားကြီးဝေအောလျန်ကို ငေးစိုက်ကြည့်
စိတ်မကောင်းဖြစ်နေပါတော့၏။

အစောင့်ရဲမက်ကို ခြေထောက်နှစ်ဖက်မှဆွဲပြီး လမ်းဘေး
ခြက်တောထဲ လှိမ့်ချလိုက်သည်။

သေတော့ မသေနိုင်ပေ။ ခေတ္တခဏ လောကကြီးနှင့်
အဆက်အသွယ်ပြတ်သွားရုံလောက် လက်ကိုဆန့် ရိုက်ချလိုက်
ခြင်း ဖြစ်သည်။

ညမှာ လကွယ်ညဖြစ်သည်။

အရာရာတို့သည် မည်းမည်းအရိပ်များအဖြစ်သာ တွေ့မြင်
နေရသည်။

မျက်နှာ အဝတ်စည်းထားသော လူသည် အရပ်ထောင်
ဘောင်မောင်းမောင်း အမျိုးသားကြီး တစ်ဦးဖြစ်သည်။

သူသည် အစောင့်ရဲမက်တစ်ယောက်ကို တိုက်ခိုက်ပြီး
သည်နှင့် အကျဉ်းခန်းဘက်သို့ ဖျတ်ခနဲ ပြေးချီသွားလေ၏။

'ဝုန်စ် ဟူး ဟူး'

အကျဉ်းခန်းကို သွားရာလမ်းတစ်လျှောက် ဖြတ်ကျော်
မည့် ကင်းမှာ သုံးကင်းဖြစ်သည်။

အခု ပထမကင်းကို ဖြတ်ကျော်လာခဲ့ပြီ။

ဒုတိယကင်းနှင့် တတိယကင်းကို ဖြတ်ကျော်ရပေမည်။

အစောင့်ရဲမက်၏လည်ပင်းကို နောက်က ရုတ်တရက် ခြေ
ချုပ်လိုက်ပြီး ဆဲလှည့်ကာ အရှိုက်ကို တစ်ချက်တည်း
လုံးဝ မှောက်သွားနိုင်သော ရိုက်ချက်တစ်ချက် ပစ်သွင်း
လိုက်လေ၏။

'အင့်....'

အစောင့်ရဲမက်သည် မြေကြီးပေါ်တွင် ပိုးလိုးပက်လက်
လန်သွားပါတော့၏။ လူးလွန့်လှုပ်ရှားခြင်း လုံးဝမရှိတော့
ပေ။ ထိုအခါမျက်နှာကို အဝတ်စည်းထားသော လူသည်

ဒုတိယကင်းသို့ မျက်နှာဖုံးသိုင်းသမားက အရှေ့ဖက်
မဝင်ဘဲ ဘေးဘက်ကလှည့်၍ ဝင်သည်။

အစောင့်ရဲမှက် နှစ်ယောက် အတူလျှောက်လာ၏။

သူတို့နှစ်ယောက်ကို အပေါ်မှ ခုန်အုပ်ဖမ်းချုပ်လိုက်သော
သည်။

အစောင့်ရဲမက်နှစ်ယောက်သည် ရုတ်တရက် ခံလိုက်ရခြင်း
ဖြစ်သည်။

ထိုသို့ ရုတ်တရက် အမှတ်မထင် ဝင်ရောက်တိုက်ခိုက် ခြင်း
ကြောင့် အစောင့် ရဲမက်နှစ်ဦးမှာ ပြန်လည် ခုခံတိုက်ခိုက်း
ဆိုင်းကွက်ပင် မတည်နိုင်။

အကြောပိတ်ခံလိုက်ရလေ၏။

အစောင့်ရဲမက်နှစ်ဦးအား တိုက်ခိုက်ပြီးသောအခါ မျက်နှာ
အဝတ်စည်းထားသောလူက တတိယကင်းသို့ဝင်သည်။

သည်ကင်းမှာ လူများသည် အားလုံး ၆ ယောက်လောက်
ရှိမည်ထင်၏။

၆ ယောက်လုံးကို တိုက်ခိုက်မည်ဆိုလျှင် အချိန်တွေကုန်
မည်။

သည်အထဲ မိမိဒက်ရာ အနာတရ မဖြစ်ဟု ပြောရမလိုပေ။
သို့နှင့် မျက်နှာအဝတ်စည်းထားသော လူကြီးသည် သစ်
ခြောက်ကို စုပုံ၍ မီးရှို့လိုက်သေသည်။

သစ်ရွက်ခြောက်မီးသည် ရုတ်ဘရက် ဝုန်းခနဲ ထ၍တောက်
လောင်တော့သည်ရှိရာ တတိယကင်းမှ အစောင့်ရဲမက်များ
သည်း....

'မီးတွေ... မီးတွေ'

'ဟာ မီးတွေ မနည်းဘူး'

'လာ လာ သွားပြီး ငြိမ်းကြစို့'

အစောင့်ရဲမက်များသည် တစ်ယောက်တစ်မျိုး မြောပြီး
လာက် မီးတောက်လောင်နေသော နေရာဆီ ပြေးသွားကြ
သည်။

သူတို့သည် မီးလောင်နေသည်ကို တွေ့ရသော အခါ
မှာမှန် အတွေးစိတ်ကူးအတိုင်း မီးလောင်လျှင် ဝိုင်းဝန်း
ငြိမ်းသတ်ရမည်။

ဒါမှ မီးများမကူးစက်ပဲ တစ်ခဏနှင့် မီးငြိမ်းသွားမည်
သည်ဖြင့် အစဉ်အလာရှိသည် မဟုတ်လား။

ထိုအခိုက် အစောင့်ရဲမက် ခြောက်ယောက်အနက် ခေါ်
ဆောင် ဖြစ်ဟန်တူသော ဗလကောင်းကောင်း အစော
ရဲမက်က မီးများငြိမ်းသတ်၍ ပြီးသည်နှင့် တစ်စုံတစ်
သတိရကာ သူနှင့်အနီးဆုံး အစောင့်ရဲမက်အား....

'ချောင်းချင်း တို့တွေဒီမှာ အကုန်လာပြီး မီးငြိမ်သတ်
လို့ မဖြစ်ဘူး၊ နောက်ပိုင်းပြန်ကြည့်ဦးမှ ထင်တယ်'

ဟု သတိပေးလိုက်လေ၏။

ချောင်းချင်းဆိုသူ အစောင့်ရဲမက်က....

'အစောင့်မှူး ဟန်းထိပြောမှ သတိရတော့တယ်၊ ဟု
တယ်၊ ဒီသစ်ရွက်ခြောက်တွေ စုပုံမီးရှို့သွားတဲ့လူဟာ မ
သားဘူး၊ အကျဉ်းခန်းထက အကျဉ်းသားတွေကို လာထု
တာများသား မသိဘူး'

ဟု ပြောလိုက်လေရာ အစောင့်မှူး ဟန်းထိဆိုသူလည်
ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ....

'ကဲ ကဲ ...လာကြဟေ့၊ လာကြ'

ဟု အော်၍ပြောပြီး ရှေ့ကဦးဆောင် ပြေးပါလေတော
သည်။

အကျဉ်းခန်း အဆောက်အအုံ ရှေ့က တံခါးမှာ ပွင့်နေ
သည်ကို တွေ့ရပါတော့၏။

အစောင့်မှူးနှင့်နောက်လိုက်အစောင့်ရဲမက်များ အကျဉ်း
ခန်းအပြင်တွင် အကျဉ်းခန်းကို ပြန်လည်သတိရလာသော
အချိန်တွင် မျက်နှာအဝတ်စည်းထားသော လူကြီးသည် ဝေ
အောလျန်နှင့် ကျူးဝမ်ရှိသော အကျဉ်းခန်းတံခါးပေါက်
မင်းတုံးကြီးများကို ဖြုတ်နေသည့်အချိန် ဖြစ်သည်။

ဝေအောလျန်နှင့် ကျူးဝမ်တို့သည် တံခါးမင်းတုံးဖြုတ်
နေသည်ကို တွေ့ရသောအခါ မျက်နှာအဝတ်စည်းထားသူ
လူကြီးအား မည်သူမည်ဝါ ဂရုမထားနိုင်။

အစောင့်အကြပ်ရဲမက်များ မရောက်လာမီ အကျဉ်းခန်း
အပြင်ဘက်ရောက်ရန် တာစူနေကြရပါတော့၏။

တံခါးပေါက် ပွင့်သွားသည်အထိ အစောင့်အကြပ်မျခး
ရောက်မလာသေးပေ။

မျက်နှာအဝတ်စည်းထားသော လူကြီးက ဘာမျှမမြော
ရှေ့ကပြေးထွက်သွားလေသည်။

ဝေအောလျန်နှင့် ကျူးဝမ်တို့ နှစ်ယောက်ကား နောက်
မှ ပြေးလိုက်ခဲ့ကြ၏။

အခြားအကျဉ်းခန်းများကို ဝေအောလျန်က ဖွင့်ပေးရန် ဆန္ဒရှိလာသဖြင့် အကျဉ်းခန်းတစ်ခန်းရှေ့မှ မင်းတုံးကြီး ဆွဲထုတ်နေစဉ်မှာတော့....

'ဟေ့....ဘာလုပ်တာလဲ၊ အခုရပ်လိုက်ပါ'

ဟု အော်ပြောလိုက်သောအသံကို ကြားရရုံမကဘဲ အစောင့် အကြပ် ရဲမက်များ ဓားများဖြင့် ဝင်ရောက်တိုက်ခိုက်ပါလေ တော့၏။

ဝေအောလျန်သည် ကျူးဝမ်အားအကာအကွယ်ပေးရင် အစောင့်အကြပ်များအား လက်နက်မဲ့ တိုက်ခိုက်နည်းဖြင့် ခုခံတိုက်ခိုက်၏။

'ဝှစ် ဝှစ်'

ဓားချက်များကို အလွတ်ရှောင်တိမ်း၍ ထွက်ပေါက်ကို လုနေရ၏။

အကြောင်းမူကား ဝေအောလျန်တို့မှာ ဤအကျဉ်းခန်း အဆောက်အအုံအပြင်ကိုရောက်ရှိရန်သာ အရေးကြီးနေသည် မဟုတ်ပါလား။

မျက်နှာအဝတ်စည်းထားသော လူကြီးမှာ အစောင့်မှူး

ဟန်းထိန့င့် နောက်လိုက်သူ ဟို့အား ဓား ဓားချင်း ယှဉ် ပြိုင် တိုက်ခိုက်နေပါ၏။

ဝေအောလျန်မှာကား အစောင့်အကြပ်နှစ်ဦးအား တိုက် ခိုက် နေရလေသည်။

နောက်လိုက်များမှာ သိုင်းပညာကို အတန်အသင့်သာ ရှိသော်လည်း အစောင့်မှူး ဟန်းထိကမူ အဆင့်မြင့် သိုင်း ပညာကို တတ်မြောက်ထားသူဖြစ်လေရကား မျက်နှာအဝတ် စည်းထားသော လူကြီးပင်လျှင် အတော်လေး ဂရုတစိုက် တိုက်ခိုက်နေရ၏။

'ဝှစ် ဝှစ် ဝှစ်'

'ချင် ချင် ချင်'

'ထန် ထန် ထန်'

'ယား အု အား'

တိုက်ပွဲမှာ မကြာလှပေ။

အစောင့်အကြပ်ရဲမက်များအားလုံးလိုလို ပိုးလိုးပက်လက် ဖြစ်ကုန်ကြပါလေတော့၏။

ထို့နောက် မျက်နှာအဝတ်စည်းထားသော လူကြီးက ဝေအောလျန်အား လက်ယပ်ခေါ်၍ ၎င်းနောက် ဆက်လိုက်ကြသည်။

တစ်နေ့ရာသို့ ရောက်သောအခါ မြင်းနှစ်ကောင် အသင့်စီ နေသည်ကို တွေ့သည်။

မြင်းတစ်ကောင် အပိုယူလာပုံရသည်။

ဤသည်မှာ ဝေအောလျန်အတွက် မြင်းတစ်ကောင်အပို ယူလာခြင်း ဖြစ်နိုင်သည်။

ခုတော့ ထိုအပိုယူလာသော မြင်းတွင် ဝေအောလျန်နှင့် ကျူးဝမ်တို့ တက်စီ ကြရပါတော့၏။

'ခလောက်ခွပ် ခလောက်ခွပ်'

မြင်းများကား ညအမှောင်ထုကို ခွင်းကာ စိုင်းခဲ့ကြလေသည်။

မြို့၏ ဆင်ခြေဖုံးအိမ်ရပ်များကို ဖြတ်ကျော်လာသည်အထိ မည်သည့်အသွေးအယှက်မျှ မရှိခဲ့ပေ။

မြို့စောင့်ရဲမက်များ၏ အရိပ်အယောင်ကိုမျှ မတွေ့ရသည်မှာ ဝေအောလျန်တို့အဖို့ အခြေအနေကောင်းသည်ဟု ဆိုနိုင်ပေသည်။

ကျူးဝမ်သည် ဝေအောလျန် နောက်ကျောဘီ ထိုင်လိုက်သာရုံမှ....

'မြို့စားမင်းခင်ဗျား.... အခု ကျုပ်တို့ ဘယ်ကိုသွားကြရမလဲ'

ဟု မေး၏။

ဝေအောလျန်က မြင်းဇက်ကြိုးကို ကိုင်၍ မြင်းကိုစိုင်းနေ၏။

'ရှေ့ကဆရာကြီး ဘာအစီအစဉ်ရှိသလဲ မသိရသေးဘူး၊ အပြင်ရောက်မှ အခြေအနေကို ကြည့်ကြသေးတာပေါ့'

ဟု ပြော၏။

သို့နှင့်....

မြို့အဝင်အထွက်တံခါးကို ဖြတ်ကျော်လာခဲ့လေသည်။

သည်မှတစ်ဖန် အချိန်တစ်မောင်းခန့် အကြာတွင်ကား မျက်နှာအဝတ်စည်းထားသောလူကြီးက မြင်းကို လမ်းဘေးဆင်းသွားလေသည်။

ဝေအောလျန်တို့လည်း အနောက်မှ လိုက်သွား၏။

တစ်နေရာအရောက်တွင်ကား အိမ်ခြံဝင်းအတွင်းသို့ ဝင်ရန် မျက်နှာအဝတ်စည်းထားသော လူကြီးက လက်ဝှေ့လက်ဟန် ပြ၏။

အိမ်ခြံဝင်းအတွင်းက ခွေးတစ်ကောင်က ဝုန်းခနဲ ထိုးဟောင်၏။

'ဝေါင်း....ဝေါင်း....ဝေါင်း'

ခွေးဟောင်သံနှင့်အတူ ခြံထဲမှ လူတစ်ယောက်၏ အသံတစ်ခု ပေါ်ထွက်လာလေ၏။

'ဟဲ့....ခွေး၊ ဟဲ့....ခွေး၊ သွားစမ်း၊ ည့ှေသည်တွေနဲ့ တူတယ်'

လူကြီးတစ်ယောက် ပြောပြောဆိုဆို ထွက်လာလေသည်။ လူကြီးက....

'ဘယ်သူတွေလဲ'

ဟု မေး၏။

ဝေအော်လျှန်က....

'ကျုပ် ဝေအောလျှန်ပါ'

ဟု ပြောလိုက်သည်နှင့် လူကြီးက....

'ဩော်.... ဩော်.... မြို့စားမင်းပါလား၊ ကြွပါခင်ဗျာ ကြွပါ'

ဟု ပြောနေသည့်အခိုက်မှာ တဲအိမ်ပေါ်ထပ်က အမျိုးသမီးကြီးတစ်ဦးနှင့် မိန်းကလေးတစ်ဦး ကသောကမျောဆင်းလာကြလေ၏။

ထိုသူများမှာကား အခြားသူများမဟုတ်၊ ဝေအောလျှန်၏ ဇနီး ရှောင်ရှောင်ချူးနှင့် သမီး ဝေဝေရန်တို့ ဖြစ်ပေသည်။

ရှောင်ရှောင်ချူးသည် ဝေအောလျှန် မြင်းပေါ်မှ ဆင်းနေစဉ်မှာပင် အိမ်ရှေ့ဘက်သို့ ပြေးထွက်လာလေသည်။ ဝေအောလျှန်က....

'ဟင်....မင်းတို့ ဒီကိုရောက်နေတယ် ဟုတ်လား'

ဟု မေးလိုက်လေ၏။

သမီးလေး ဝေဝေရှန်က ဖခင် ဝေအောလျှန်၏ခါးကို လာဖက်လိုက်လေသည်။

'သမီးလေးပါ ပါလာပါလား'

'ဟုတ်တယ်၊ အခြေအနေအရပဲဆိုပါတော့ မှောင်ကြီးရယ်'

ထိုအခါကျမှ ဝေအောလျှန်က ခြံဘက်သို့ လှမ်း၍ ကြည့်နေသည်။

မျက်နှာ အဝတ်စည်းထားသော လူကြီးကား မရှိတော့ပေ။

စောစောကတည်းက ထွက်ခွာသွားဟန် ကူ၏။

သည်မှာ ဝေအောလျှန်က အကျဉ်းခန်းထဲက ထွက်ပြေးလာရသည့်အကြောင်းကို မျက်နှာ အဝတ်စည်းထားသော လူကြီးအား ပင်တိုင်ထား၍ ပြောပြလေ၏။

'အဲဒီလူကြီးဟာ ဘယ်သူပဲဖြစ်စေ၊ ကျွန်မတို့ရဲ့ ကျေးဇူးရှင်ပါပဲ'

ဟု ရှောင်ရှောင်ချူးက ပြော၏။

ဝေအောလျှန်က....

'ဒါထက် မင်းတို့ကို ဘယ်သူ ဒီကိုခေါ်လာတာလဲ၊ ပြောပြစမ်းပါဦး'

ဟု မေးလေရာ ရှောင်ရှောင်ချူးက....

'အဲဒါလဲ ခပ်ဆန်းဆန်းပဲ'

ဟု ပြောပြီး လူတစ်ယောက် လာပေးသွားသည့် စာတစ်စောင်ကို ထုတ်ပြလေတော့၏။

ဝေအောလျှန်က ထိုစာကို ဖတ်ကြည့်သောအခါ....

မြို့စားမင်းကတော်ရှောင်ရှောင်ချူးခင်ဗျား-

အခုလောလောဆယ် ဒီစာကို ရုရုချင်း သမီးနှင့်အတူ မြို့တော်အထွက် တံတားဦး ရွာထိပ်ရှိ အန်းကူကြီး အိဖန်၏အိမ်ကို အမြန်ဆုံး သွားပါ။ မကြာမီ မြို့စားမင်း ရောက်လာပါလိမ့်မယ်။

အကျိုးဆောင်တစ်ဦး

အထက်ပါစာကို ဖတ်လိုက်ရသဖြင့် ဝေအောလျှန် တွေသွားလေသည်။

ဝေအောလျှန်သည် အန်းကူကြီး အိဖန်ဘက်လှည့်ကာ....

'အန်းကူကြီး အိဖန်ကရော ဒီအကြောင်းတွေကို ကြိုသိဆားပါသလားခင်ဗျာ'

ဟု မေးလိုက်လေ၏။

အိဖန်ဆိုသော အဘိုးကြီးက....

'အိမ်း....ကျုပ်လဲ ဘုမသိဘမသိပါပဲကွယ်'

'လူတစ်ယောက်လာပြီး အကူအညီ တောင်းတယ်ကွယ်. အသပြာအချို့လဲ ကန်တော့သွားတယ်၊ ကျုပ်ကဘယ်သူ့ကို မှဆို ကူညီနေတာ သိလို့နေမှာပေါ့'

ဟု ပြောလေ၏။

ထိုအခါ တစ်ချိန်လုံး သူများပြောသမျှ နားထောင်ပြီး စိတ်ဝင်စားနေသော ကျူးဝမ်က ရှေ့ထွက်လာကာ....

'ဒီကိစ္စမှာ အဓိကလူကတော့ မျက်နှာ အဝတ်စည်းထား တဲ့ လူကြီးပါပဲဗျာ'

ဟု ပြောလိုက်ပါလေတော့သည်။

အခန်း [၁၄]

ကျူးဝမ်ကား မြို့စားမင်းဝေအောလျန်ကို အကြောင်းပြု အကျဉ်းခန်းက လွတ်မြောက်လာရခြင်း ဖြစ်သည်ဟု ဆို သည်။

ထို့ကြောင့်....

ကျေးဇူးရှိသည်ဟုဆိုကာ သူ၏ရွာ သူမဖြန်သေးဘဲ ဝေ အောလျန်တို့ မိသားစုနောက်သို့ လိုက်ပါလာခဲ့လေ၏။

မြင်းသုံးစီးအနက် မြင်းတစ်စီးတွင် ရှောင်ရှောဝ်ချူးတို့ သားအမိ အတူစီးခဲ့ကြသည်။

ပြီးတော့ သူတို့သားအမိကို အလယ်တွင်ထား၍ လိုက်
သည်။

ရှေ့တွင် ကျူးဝမ်ကသွား၍ ဝေအောလျန်က နော
က လိုက်ခဲ့လေသည်။

ဝေအောလျန်တို့ တံတားဦးရွာ အန်းကူကြီးအိုဖန်၏
အိမ်သို့ ရောက်ရှိသောအချိန်မှာ ညသန်းခေါင်ကျော်နေ
ဖြစ်သည်။

ထို့ကြောင့် အရှက်ဦးမိုးသောက်ချိန်ရောက်သည်နှင့် ဆ
လက် ထွက်လာခဲ့ကြသည်။

ရှောင်ရှောင်ချူးတို့ သားအမိမှာ မြင်းတစ်ကောင်
လာခဲ့ခြင်းဖြစ်၍ မြင်းသုံးကောင် အသင့်ဖြစ်ခဲ့၏။

အမျိုးသမီးနှစ်ဦး ပါရှိသဖြင့် ခရီးမှာ တွင်သင့်သလော
မတွေ့ခဲ့ပေ။

ထို့ကြောင့် နေထန်းတဖျားသို့ ရောက်သည့်အချိန်အ
နယ်စားကြီး ရှောင်ဖင်းလီ၏ နယ်မြေထဲက မထွက်နိုင်သေး
ရှိ၏။

ဝေအောလျန်သည် မျက်နှာပေါ်က သွေးဖျားကို လ
ဖြင့် သုတ်သင်လိုက်ရင်း....

'ဒီနယ်မြေထဲက အမြန်ဆုံး အမြန်ဆုံး အပြင်ရောက်ဖို့ လို
ဒါမှ ကျုပ်တို့အတွက် စိတ်ချရမှာ' ဟု ပြောလိုက်လေ
သည်။

ကျူးဝမ်က...

'ဟုတ်တယ် မြို့စားမင်း၊ သူတို့နောက်က လိုက်လာမယ်
သားဆိုတာ ပြောနိုင်တာမဟုတ်ဘူး'

ဟု ပြောလေရာ ဝေအောလျန်က မြို့စားမင်း ဟူသော
းအန္တရာယ်ကို ဘဝင်မကျဖြစ်ကာ....

'ကျူးဝမ်ကို ပြောရဦးမယ်၊ အခုအချိန်မှာ ကျုပ်ဟာ
းမင်း မဟုတ်တော့တဲ့အတွက် ကျုပ်ကိုမြို့စားလို့ မခေါ်
ဘူးကွယ်' ဟု ပြောလိုက်လေ၏။

ထိုစကားကို ကြားလိုက်ရသာအခါ ရှောင်ရှောင်ချူး
နှာပျက်သွား၏။

မှန်သည်။

ထအခါ မိမိတို့အား မြို့စားမင်းဟူသော ရာထူးကို စွန့်
ခဲ့သည်သာမက အကျဉ်းသားဘဝမှ လွတ်မြောက်ခဲ့ကြရ
၍ ဝရမ်းပြေးဘဝသို့ပင် ရောက်ရှိခဲ့လေပြီဖြစ်၏။

ကျူးဝမ်ကမူ....

'လေးစားမှုနဲ့သုံးနှုန်းမိတာပါ၊ ကျုပ်ကို ခွင့်လွှတ်ပါ
တော်'

ဟု ပြန်ပြင်၍ ခေါ်လေ၏။

ဝေအောလျန်က ရှေ့ခရီးကို လှမ်းမျှော်ကြည့်လိုက်ပြီး

နောက်ထပ် တစ်တောင်ကိုကျော်ရင် တစ်ရွာရွာ တွေ့မ
ထင်တာပဲ၊ အဲဒီရောက်မှ နားကြမယ်ဆိုရင် လူရော မြင်း
ရောသက်သာမယ်မထင်ဘူး၊ ဒီတော့ ရှေ့နားက ဝက်
ချပင်ကြီးတွေအောက် ရောက်ရင် တစ်ထောက် နားကြ
ကောင်းမယ်'ဟု ပြောလေ၏။

အားလုံးမှာ နားနေချင်သူများ ဖြစ်နေသဖြင့် ဝက်
ချပင်များအောက်သို့ ရောက်သောအခါ နားနေလိုက်
တော့၏။

ထိုအခါ....ကျတော့လည်း တောင်တုန်းထက်တွင် ရော
နေသဖြင့် လေပြည်တဖြူးဖြူး တိုက်သွင်းကာ ခရီးပန်း
သူများကို ချော့သိပ်နေသကဲ့သို့ရှိ၏။

မိမိတို့ ခရီးစထွက်ချိန်မှာလည်း နံနက်အာရုံမတတ်မီအ
ဖြစ်၍ အိပ်စက်ရသည်ဟူ၍ မရှိခဲ့သေးပေ။

ထို့ကြောင့်....

ဝေအောလျန်က အားလုံး အစားအစာ ခြောက်များ
စားသောက်၍ ရေသောက်ပြီး အိပ်ပျော် သွား သည့် တိုင်
အောင်သူ့မှာ အိပ်ချင်ပါလျက် မအိပ်မိစေရန်ထ၍ လမ်း
လျှောက်နေရ၏။

မထိုင်ရဲ မမှီရဲဘဲ ဖြစ်နေ၏။

ဝေအောလျန်က ခုလို ဇနီးနှင့်သမီးအပြင် ကျူးဝမ်ကို
ပင် ညှာပြီး လုံခြုံရေး ကင်းစောင့် ပေးနေသည့် အဖြစ်ကို
ကျူးဝမ် သိသည်နှင့် ချက်ချင်း ထလာကာ....

'ဦးတော် တစ်ရေးလောက် အိပ်လိုက်ပါဦး၊ ညက တစ်
ရေးမှ မအိပ်ခဲ့ဘူး မဟုတ်လား၊ ကျုပ်စောင့်နေပါ့မယ်'ဟု
ပြောလေ၏။

ဝေအောလျန်က....

'အေးကွယ်၊ ဒီလိုဆိုလဲ ကျုပ် တရေးလောက် အိပ်လိုက်
ပါဦးမယ်'ဟု ပြောကာ ဝက်သစ်ချပင်ကြီး တစ်ပင်ဘေးတွင်
ထိုင်ချလိုက်လေ၏။

ပြီးလျှင်....

'မင်းလဲ ကျုပ်တို့နဲ့ လိုက်လာရတာ ဒုက္ခရောက်ပါတယ်၊
မင်းရွာကိုပြန်ပါလား'

ဟု မေး၏။ ကျူးဝမ်က....

'မြေပြန့်ရောက်တဲ့အထိ ကျုပ်လိုက်မလို့ စိတ်ဆုံးဖြတ်ပြီးသား၊ ခုနေ ရွာပြန်လဲ မလွယ်သေးဘူး ဦးတေဒ်ရဲ့၊ ဟိုသူကြီးက ရှိသေးဘယ်၊ သူတို့ကလဲ နှစ်မိန္ဓာဂိုဏ်းတက် ပါချင်နေကြတဲ့ လူတွေ့ မဟုတ်လား၊ ကျုပ်ကို တစ်နည်းနည်း အကျဉ်းခန်းဆဲ ပြန်ပို့ကြဦးမှာပဲ' ဟု ပြောလေ၏။

ထို့နောက်။

ကျူးဝမ်သည် ဝေအောလျန် အနီးတွင်ရှိနေလျှင် တင်းထမော မရမည်စိုး၍ တစ်ဖက်သို့ လျှောက်လာပြီး ဒီမိုကို ကျောဖြတ်လာခဲ့သော လမ်းတွေကို လှမ်းမျော်ကြည့်နေလေသည်။

ထို့နောက်။

အိပ်ချင်လည်း ပြေစေ၊ မြင်းများကိုလည်း အစာမြက်နှံများ ကျေးလိုသည့်ဆန္ဒ ပြည့်ဝစေ သဘောနှင့် မြင်းများကို မြက်နုများ ရှိနိုင်သော နေရာသို့ ဆွဲခေါ်ကာ မြက်နုများကို စားစေ၏။

မြင်းများ သည်လည်း အစာပြတ်နေသည်နှင့် ခေါင်းမော်ကြတော့ပေ။

ကျူးဝမ်ကလည်း အမှတ်မထင် စိတ်ကူးတစ်ခု ရှိသည်နှင့် ဝက်သစ်ချပင်ပေါ်သို့ တက်၏။

သူက သစ်ပင်တက်တုံး အလွန်ထူးချွန်သူဖြစ်၏။ ဝက်သစ်ချပင်ပေါ်သို့ သူ တက်ဖို့ စိတ်ကူးရလိုက်မိသည်ကိုပဲ မိမိကိုယ်ကို ကျေးဇူးတင်ရမလို ဖြစ်သွား၏။

ကျူးဝမ်သည် မိမိတို့ကျော်ဖြတ်လာခဲ့သော လမ်းကြောများတက်မှ လူပေါင်းဦး၊ မြင်းငါးစီးဖြင့် ဒုန်းစိုင်းလာနေသည်ကို တွေ့မြင်လိုက်ရပါလေတော့၏။

'ဟာ....နယ်စားကြီး ရဲမက်တွေနဲ့ တူတယ် မဖြစ်ဘူး၊ လမ်းတော် ဝေအောလျန်ကို အမြန်ဆုံးသွားပြောမှဖြစ်မယ်'

ဟု ရေရွတ်ပြီးနောက် ဝက်သစ်ချပင်ကြီးပေါ်မှ မျောက်တစ်ကောင်နှင့်မခြား ဆင်းလာခဲ့လေသည်။

အောက်သို့ ရောက်သောအခါ မြင်းများကို အမြန်ပြန်သိမ်းဆွဲခေါ်လာ၏။

ဝေအောလျန်တို့ မိသားစုမှာ ထိုင်၍ စကားပြောနေကြဆဲ ဖြစ်သည်။

သူတို့သည်လည်း ကျူးဝမ် ကဆိုက်ကရိုက် လာနေသော ဆိုဖြစ်ကို တွေ့မြင်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

ဝေအောလျန်က ကျူးဝမ်အား....

'ကျူးဝမ် ဘာဖြစ်လာတာလဲ၊ ဘာဖြစ်လာတာလဲ'

ဟု စိုးရိမ်တကြီး မေးလေ၏။

ကျူးဝမ်က....

'ဟိုမှာ....ဟိုမှာ နယ်စားကြီး ရဲမက်တွေလား မသိတူး မြင်းစီးသမား ငါးယောက်တွေတယ်'

ဟု ပြောလေ၏။

ဝေအောလျန်သည် ထိုစကားကို ကြားကြားချင်း ရှောင် ရှောင်ချူးတို့ သားအမိကို မြင်းပေါ်သို့ တက်စေပြီ။

'ကဲ....ကျူးဝမ် မင်းလဲ မြင်းပေါ်တက်။ ကျုပ်ဇနီး သမီးကို စောင့်ရှောက်ပြီး ခေါ်သွားပေတော့'

ဟု ပြောလိုက်လေရာ ဇနီးသည် ရှောင်ရှောင်ချူးက...

'မောင်ကြီးက နေခဲ့မှာလား'

ဟု မေးလေ၏။

ဝေအောလျန်က....

'ကျုပ် သူတို့ကို ဒီနေရာက ထိုးစစ်ဆင်ပြီး တိုက်ခိုက်မှင်းတို့အသက် ချမ်းသာရာရမှာ'

ဟု ပြောလေရာ ရှောင်ရှောင်ချူးက....

'အို....မောင်ကြီးကလဲမဟုတ်တာပဲ၊ ကျွန်မပါ နေခဲ့မယ်၊ ....ကျူးဝမ် သမီးလေးကို မင်းပဲ ခေါ်သွားပေတော့၊ ....မလဲ ဒီက ကျုပ်မောင်ကြီးနဲ့ ခုခံတိုက်ခိုက်မယ်'

ဟု ပြော၏။

အခြေအနေမှာ စဉ်းစားချိန် မပေးနိုင်တဲ့ ရှီလေရာနောက်ဆုံး ကျူးဝမ်ကသာ သမီးလေး ဝေဝေရန်ကို သူ၏ မြင်းပေါ်သို့ ဆွဲတင်ကာ ထိုနေရာမှ ထွက်ခွာသွားပါလေတော့၏။

မကြာလှပေ။

မြင်းစီးသမား ရဲမက် ငါးဦးတို့ တောင်ပေါ်သို့ ရောက်ရှိလာကြလေတော့၏။

ထိုစဉ်။

ဝေအောလျန်တို့ဇနီးမောင်နှ၏အချိန်ကိုက်ကြိုးစားချက်အရ လူတစ်ကိုယ်စာပမာဏရှိ ကျောက်တုံးကြီး တစ်တုံးကို

အကိုင်း တစ်ကိုင်းဖြင့် ထိုးကော်၍ လိုမှ်၍ လိုက်လေ ကျောက်တုံးကြီးမှာ ဥန်၍ ခုန်၍ ဆောင့်၍ ဆောင့်၍ ဆင်းကာ မြင်းစီးသမား ငါးဦး၏ အလယ်တည့်တည့်သို့ ရောက်သွားလေတော့၏။

'အယ်လေးဗျ'

'သေပါပြီဗျာ အား'

မြင်းစီးသမား ငါးဦးအနက်သုံးဦးသာ လွတ်ကင်းသွားသည်။

နှစ်ဦးမှာ ကျောက်တုံးကြီးနှင့်အတူ မြင်းရော လူတွေပါ တောင်ကမ်းခါးပတ်လမ်း ဟိုမှာဘက်ချောက်ထဲသို့ လိမ့်ဆင်းသွားကြပါတော့၏။

ကျန်ရှိသော မြင်းစီးသမား ရဲမက် သုံးဦးသည်လည်း မြင်းများပေါ်က အမြန်ဆုံး ခုန်ဆင်းလိုက်ကြ၏။

သို့သော်....

နောက်ကျခဲ့လေပြီ။

ဝေအောလျှန်နှင့် ရှောင်ရှောင်ချူးတို့ နှစ်ယောက်က ဆီးကြိုတိုက်ခိုက်၏။

'မြို့စားမင်း အဆင်မလွဲပါနဲ့ ကျုပ်တို့က မြို့စားမင်းကို လာခေါ်တာပါ'

ဟု ခေါင်းဆောင် ရဲမက်ကြီး လက္ခန်းချွန်က ပြောသော်လည်း ဝေအောလျှန်ကမူ....

'ဒီမှာ မင်းတို့ နယ်စားမှင်းကိုသာ အဆင်မပြေသလို တင်လျှောက်လိုက်ပါတော့၊ ကျုပ်ကတော့ ဒီခရီးစဉ်ကို ဘယ်တော့မှ မလှည့်တော့ဘူးမှတ်ပါ'

ဟု ပြောလိုက်လေ၏။

ထို့နောက်လက္ခန်းချွန်သည်လည်းအတတ်နိုင်ဆုံး တောင်းပန် ပြောဆို၍ မရသည့်အဆုံး နေရစ်ခဲ့ကြလေတော့၏။

ဝေအောလျှန်နှင့် ရှောင်ရှောင်းချူးတို့ကား ဆက်လက် ထွက်ခွာလေတော့၏။

ကြောက်မက်စရာ ချောက်ချားစရာ အဖြစ်များကို ကျော်ဖြတ်လာပြီးနောက်တွင်ကား ဝေအောလျန်တို့ မိသားစုမှာ သာယာငြိမ်းအေးမှု အရိပ်အာဝါသ အောက်သို့ရောက်ရှိသည်သို့ ခံစားလိုက်ရပါလေတော့၏။

အကြောင်းမူကား တရုတ်ပြည် မြောက်ပိုင်းနှင့် တောင်ပိုင်း နယ်ခြားဒေသဟု ဆိုရမည်ဖြစ်သော ကျုံကင်းနယ် အတွင်းသို့ ရောက်ရှိလာသောကြောင့်ပင်ဖြစ်၏။

ထိုအခါ။

ဝေအောလျန်သည် ကျန်တောင်မြို့ပေါ်တက်၍ နေမည် စိတ်ကူးရှိသော်လည်း တကယ်တမ်းကျတော့ မိမိတို့ဘဝမှာ ဓားနန်းရှင်က လူများမမြင်ကွယ်ရာတွင် သိုသိုသိပ်သိပ် နေသွားရမည်ဖြစ်၍ မြစ်၏တစ်ဖက်ကမ်း ပန်းစမ်မြို့ကလေးကို သာ ရွေးလိုက်လေသည်။

သည်မြို့ကလေး ဝန်းကျင်တွင် လိမ္မော်ပင်များ၊ သစ်တော်သီးပင်များ စိုက်ပျိုးကြသည်ဖြစ်၍ ဝေအောလျန်လိုလည်း အကြံရကာ ပါရှိသော ကျောက်မျက်ရတနာအချို့ကိုရောင်း ချကာ ပန်းစမ်မြို့ကလေးတွင်ပင် စိုက်ပျိုးမြေ သမား ကြီး အဖြစ် ခံယူလိုက်လေသည်။

ကျူးဝမ်ကား ဝေအောလျန်၏ ယုံကြည် စိတ်ချရသော တပည့်တစ်ယောက် ဖြစ်လာခဲ့ပါ၏။

ဝေဝေရန်ကိုလည်း နှမအရင်းနှင့်မခြား သံယောဇဉ် ကြီးခဲ့လေသည်။

သည်လို ဘဝမျိုးသို့ ရောက်ရှိလာပါသော်လည်း တစ်ခါတစ်ခါကျတော့ အတိတ်ဖြစ်ရပ်များကို ဖြန်လည် ပြောမိကြလေ၏။

'အဲဒီတုန်းက မျက်နှာကို အဝတ်စည်းပြီး ကျုပ်တို့ကို အကျဉ်းခန်းထဲက ကယ်ထုတ် ခဲ့လဲ လူကို ဘယ်သူ ဆို တာ တူမောင် ဘယ်လိုစဉ်းစားကြမိသလဲ'

ဟု ဝေအောလျန်က ကျူးဝမ်ကို မေးလိုက်သည်။

'ဒီအမေးကို ကျုပ်လဲ အကြိမ်ကြိမ်အခါခါ တွေးတောစဉ်းစားခဲ့တာပါပဲ၊ ကျုပ်ထင်တာကတော့ ဖြစ်နိုင်တဲ့ လူဟာ နှင်ဦးပဲ ရှိတယ်လို့ ထင်ပါတယ်'

ဟု ကျူးဝမ်က ပြော သော အ ခါဝေ အော လျန်က ကျူးဝမ်ကို ကျိတ်၍ စဉ်းစားလိုက်မိလေ၏။

ထိုအချိန်တွင် အနီးတွင် ချောင်ချောင်ချူးနှင့် သမီးလေး ဝေဝေရန်တို့ သားအမိလည်း ရှိနေပါ၏။

မိမိတို့ကို ကယ်တင်ခဲ့သူမှာ နှစ်ဦးသာ ဖြစ်နိုင်သည်ဟု

ကျူးဝမ်က ပြောလိုက်သောအခါ ရှောင်ရှောင်ချူးကပ စိတ်ဝင်စားသွားလေ၏။

ဝေအောလျှန်သည် အဖန်ရည်ရေနွေးကြမ်း သောက်နေရာမှ....

'ဘယ်သူမျှားလဲကွယ်၊ ကျုပ်အထင်နဲ့ တူမှားတူမလား သို့ ပြောပြစမ်းပါဦး'

ဟု မေးလိုက်လေ၏။

ကျူးဝမ်မှာ အရာရာကိုးစ စပ်သေချာပြီး စဉ်းစားတွေးခေါ်ရတုံ့ဆိုင်လည်း အလွန်ချိန်ဆတတ်သူ ဖြစ်သည့်အလျောက် ထိုစကားကို ဖွင့်ပြောရန် ဝန်လေးနေဟန်တူ၏။

'ပြောသာပြောပါ'

ဝေအောလျှန်က ထပ်မံ မေးလိုက် တော့မှ ကျူးဝမ်က....

'ကျုပ်အထင်ပြောတာနော်'

ဟု ပြောနေသဖြင့် ဝေအောလျှန် စိတ်မရှည်တော့။

'ဟုတ်ပါပြီလေ၊ တူမောင်ထင်တာက လူနှစ်ယောက်

ဟုတ်လား၊ ကဲ....ကျုပ်ကပဲပြောပါတော့မယ်၊ အဲဒီ လူနှစ်ယောက်ဟာတစ်ယောက်က နယ်စားကြီး ရှောင်ဖင်းလီနဲ့ အတ်ချုပ်ကြီး ချဲန်စွမ်းတောင် မဟုတ်လား'

ဟု ပြောလိုက်ပါလေတော့သည်။

သည်တော့မှ ကျူးဝမ်က....

'ဟုတ်ပါဘယ်၊ ဦးတော်က သိနေလျက်နဲ့ ကျုပ်ကို သာမေးနေတော့တာပဲကိုး'

ဟု ပြောကာ အဖန်ရည် ရေနွေးကြမ်းပန်းကန်ကို ကောက်ငုံ၍ လိုက်လေသည်။

ထိုစဉ်....

ရှောင်ရှောင်ချူးက ထိုအကြောင်းတွေ သမီးလေး ဝေဝေသိရှိပြီး စိတ်မကောင်းဖြစ်မည်စိုး၍....

'သမီးလေး အချိန်မနည်းတော့ဘူး၊ သွားအိပ်တော့နော်'

ဟု ပြော၏။

ဝေဝေရန်ကလည်း မိခင်ဘာကြောင့် မိမိအား အိပ်ရာဝင်

ခိုင်းမှန်း သိသည်နှင့် မိုးတနှစ်ပါးကိုနှုတ်ဆက်ပြီး အိပ်ရာဝင်လေ၏။

သည်တော့ စကားဝိုင်းကပြန်ဆက်၏။ သည်တစ်ခါတော့ ဖြင့် ရှောင်ရှောင်ချူးကစတင်၍....

'နောင်တော်ဘုရား ဖြစ်နိုင်ပါ့မလားမှောင်ကြီးရဲ့၊ မောင်ကြီးသာ စိတ်ရင်းမှန်ခဲ့မယ်ဆိုရင် မောင်ကြီးကို ဒီလောက် ပြေလုံဆိုရုံလောက်နဲ့ အကျဉ်းခန်းထဲကိုပို့မှာတဲ့လား'

ဟု ပြောလေသည်။

ကျူးဝမ်ကပါ....

'ဟုတ်ပါတယ် ဦးတော်၊ နယ်စားကြီးဟာ သူကိုယ်တိုင် အခုလို အခန်းကျဉ်းထဲရောက်လာတဲ့အထိ စွန့်စားမှုမျိုးကိုလည် လုပ်မယ် မထင်ဘူး'

ဟု ဝေဖန်ဆန်းစစ်၏။

ထိုအခါ....

ဝေအောလျှန်က စားပွဲပေါ်တင်တားသော စံချိန်ကိုက် လိမ္မော်သီးများကို အသေအချာ ကြည့်ရှုနေရာမှ....

'နယ်စားကြီးကျတော့လဲ သူကိုယ်တိုင် အကျဉ်းခန်းထဲ ရောက်တဲ့အထိ ဘယ်လောမှာလဲ၊ သူ့လူယုံသစ္စာတော်ခံ တစ်ယောက်ယောက်ကို လွှတ်ပြီးခိုင်းမှာပေါ့ မဟုတ်ဘူးလား'

ဟု မေး၏။

'ပထမပိုင်းကတော့ သူ့ကိုမထင်ခဲ့ပါဘူး၊ ဒါပေမယ့် ကျောက်ဖြူတောင်ကြားလမ်းမှာ လက္ခန်းချမ်းပြောတဲ့စကား က စဉ်းစားစရာဖြစ်သွားလို့ပါ'

'....နတ်မိစ္ဆာဂိုဏ်းချုပ် ချုံပိုက်ရူးစကားမှာ နားဝင်ပြီး မစဉ်းမစားလုပ်လိုက်မိလို့ ပြန်ခေါ်တာလား၊ ဒီ စိတ်ကူး ကြောင့် အကျဉ်းခန်းထဲကလွှတ်ပေးလိုက်တာလား၊ အဲဒီလို တွေးခဲ့မိတာပါ'

'....ဒါပေမယ့်လဲ ကျုပ်က သူ့စကားကို ဘယ်လိုလုပ်ပြီး ယုံကြည်တော့မှာတဲ့လဲ'

ဟု ပြော၊လေ၏။

'ဒီအတိုင်းဆိုရင် ကျုပ်တို့ကို အကျဉ်းခန်းထဲက ကယ် ထုတ်ခဲ့တဲ့လူဟာ အမှတ်ချုပ်ကြီး ချန်စွမ်းတောင်ပဲ ဖြစ်နိုင် မယ် ထင်တယ်'

'ဟုတ်တယ် ကျူးဝမ်၊ အစ်မကြီးလဲ အဲဒီလိုထင်မိတယ်၊

ဘာကြောင့်ဆိုတော့ အမတ်ချုပ်ကြီး ချန်စွမ်းတောင်ထွားပြောတုန်း သူက မင်းခင်ပွန်းကို တစ်ချက်ကလေး လှည့်ခိုင်းလိုက်ပါ၊

'....ဒီလို လျှောခိုင်းရတာကလဲ သူယုံကြည်ချက်ကို ဖျက်ဖျက်ဆီး လုပ်တဲ့သဘော မဟုတ်ပါဘူး၊ ချုပ်ပိုက်ရှုး ကြားကောင်းရုံပါလို့ ပြောပါတယ်'

'ချန်စွမ်းတောင်ကိုတော့ ကျုပ်လဲထင်မိတယ်၊ သူကိုယ်တိုင် လာကယ်တာလို့တောင် ထင်မိပါတယ်'

ဟု ဝေအောလျန်ကပါ ဝင်ပြောလေ၏။

'ဒီအတိုင်းဆိုရင် ကျုပ်ဘို့အားလုံး ကတော့ အမတ်ချုပ်ကြီး ချန်စွမ်းတောင်ကို ကျုပ်တို့ဘဝ ကယ်တင်ခဲ့သူလို့ တွေးထင်ခဲ့ကာ တူညီမှုတစ်ခုပဲပေါ့နော်'

သည်မှာ ရှောင်ရှောင်ချူးက တစ်စုံတစ်ခုကို စဉ်းစားပြီး....

'နောက်စဉ်းစားစရာ အချက်တစ်ချက် ရှိနေသေးတယ် မောင်ကြီး'

ဟု စကားကို စလိုက်လေရာ အားလုံး ရှောင်ရှောင်ချူးထံသို့ စိတ်အာရုံ ရောက်ရှိသွားလေသည်။

ရှောင်ရှောင်ချူးသည် ပိုးအင်္ကျီတစ်ထည်ကို ချုပ်သိနေမှ ပြောဆိုနေခြင်းဖြစ်၏။

ထို့ကြောင့် ပိုးအင်္ကျီစချုပ်ရီး အတွက်အချက်၊ အကွပ်အင်း၊ အဖောက်အကျော် မမှားရန်ကိုလည်း သတိထားနေရ၏။

'တခြားမဟုတ်ပါဘူး၊ စားနှုန်းရှင်မျိုးဆက်ကိစ္စပါ'

'ဘာ....စားနှုန်းရှင်မျိုးဆက် ဟုတ်လား'

ထိုစကားကို ဝေအောလျန်ကိုယ်တိုင် မူစဉ်းစားမိသေး၏။

အခု ဇနီးသည်က အစဖော်ပြောလိုက်မှ စိတ်ဝင်တစားဖြစ်သွား၏။

မှန်သည်။

စားနှုန်းရှင်မျိုးဆက်အနှစ်ပြောရလျှင် လက်ရှိ နှယ်စားကြီး ရှောင်ဖင်းလီကလွဲလျှင် ရှောင်ရှောင်ချူးတို့ သားသမီးသာပဲ ရှိနေသည်။

ရှောင်ဖင်းလီမှာ သားသမီး မထွန်းကားခဲ့ပေ။

ထို့ကြောင့် သူသာမရှိတော့ဟုဆိုလျှင် ဓားနန်းရှင် အ
အရာကို ရှောင်ရှောင်ချူး သို့မဟုတ် ဝေဝေရန်တို့သား
နှစ်ယောက်သာ ရှိသည်။

မည်သို့ဆိုစေ....

နယ်မြေမျိုးနွယ်စုများ၏ သဘောဆန္ဒအရနှင့်လည်း ကို
ညီရလေအောင် ရှောင်ရှောင်ချူးတို့ သားအမိကို စဉ်း
ကြရတော့မည် ဖြစ်သည်။

ထိုအကြောင်းကို ရှောင်ရှောင်ချူးက ထပ်ပြီးရှင်းလ
ပြောပြလိုက်သောအခါ ဝေအောလျန် မျက်နှာအပျက်ကြီ
ပျက်သွားပါလေတော့၏။

'ဒီအတိုင်းဆိုရင်တော့ ခက်တာပဲကွယ်၊ ကျုပ်ကထွက်လ
ပြီဆိုကတည်းက ထွက်လာတဲ့နေရာကို မျှော်လင့်ချက်တစ်
ပြန်ဖို့ စဉ်းစားခဲ့တာ မဟုတ်ဘူး'

ဟု ဝေအောလျန်က ပြောလေ၏။

သည်တော့လည်း ရှောင်ရှောင်ချူးက မိမိခင်ပွန်းသည်
စိတ်မကောင်းဖြစ်မည့် အကြောင်းအရာကို ဆက်လက်မပြော
တော့ပေ။

ဤသို့ဖြင့်....

အတိတ်ကအကြောင်းများ မေ့မေ့ပျောက်ပျောက်နေလာ
ခဲ့ကြသည်။

စီးပွားရေးလုပ်ငန်းကိုကား စောက်ချ၍ လုပ်ကိုင်လာခဲ့
လေ၏။

တစ်နှစ်တွင်ကား ကျူးဝမ်သည် သူ၏ ဦးတော်လည်း
ဖြစ်၍ ကျေးဇူးရှင်လည်းဖြစ်သော ဝေအောလျန်အား ထူး
ထူး ခြားခြား....

'ဦးတော်ကို ကျုပ် ခွင့်တောင်းပါရစေ၊ စိတ်တော့
မကောင်းပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်နဲ့ ဦးတော်တို့
မိသားစုနဲ့ ခွဲခွာရမှာမို့ပါ'

ဟု ပြောလေ၏။

ထိုအခါ ဝေအောလျန်က တအံ့တသြဖြင့်....

'ဘာရယ် တူမောင်၊ ကျုပ်တို့မိသားစုကို ခွဲခွာသွား
တော့မလို့ ဟုတ်လား'

ဟု မေးပါလေတော၏။

အမှန်တော့ ဝေအောလျန်သည် ထုတ်မပြောခဲ့သော်လည်း
သမီးလေး ဝေဝေရန်နှင့်ကျူးဝမ်ကို နေရာချထားရန်ကြံရွယ်
တားပြီ မဟုတ်ပါလား။

ထိုအကြောင်း ဇနီးသည်ရှောင်ရှောင်ချူးကို ပြောကြည့်သောအခါတွင်လည်း....

'မဆိုးဘူး ထင်တာပဲ၊ စောင့်ကြည့်ကြသေးတာပေါ့'

ဟူသော အဖြေကို ရရှိထားပါ၏။

ဝေအောလျန်က....

'ဘယ်လိုအကြောင်းများလဲကွယ်၊ ပြောပြစမ်းပါဦး'

ဟု မေးလိုက်သောအခါမှာတော့ ကျူးဝမ်က....

'ကျုပ်နဲ့ တစ်ချိန်က ကြုံဆုံ သံယောဇဉ်ရှိခဲ့ဖူးတဲ့ မိန်းကလေး မကြာသေးခင်က ပြန်တွေ့ကြပါတယ်၊ အဲဒါ သူ့အဖေကြီးလဲ ကွယ်လွန်အနီစွရောက်ပြီး သူ့အမေနဲ့ သူတို့မိသားစုမှာလဲ အခြေအနေမကောင်း ဖြစ်နေကြတယ်လို့ ပြောပါတယ် ဦးတော်'

ဟု ပြောလိုက်ကတည်းက ဝေအောလျန် ချက်ချင်းသတောပေါက်သွားပါလေတော့၏။

ထိုင်ရာမှပင် ထလိုက်ကာ အပြင်သို့ ငေးမျှော်ကြည့်ပြီး....

'အင်းလေ....တူမှောင် ဒီလောက်ပြောတယ်ဆိုရင်ပဲ ကျုပ်သတောပေါက်သွားပါပြီ၊ ဒီလိုပဲ့ပေါ့၊ ဆန်ဆုံစား ကံ့ကုန်တော့လဲ သွားကြရမှာပဲပေါ့'

ဟု ဝမ်းနည်းကြေကွဲစွာ ပြောလိုက်ပါလေတော့၏။

ထိုနှစ်က ကျူးဝမ် သူ့ရပ်သူ့ရွာသို့ ပြန်သွားခြင်း ဖြစ်ပေ၏။

ကြ
ည့်

ဒါကြောင့် ဦးလေးကျန်ဖောင်ကို ကျုပ်ခေါ်လာခဲ့တာ ကျုပ်ဦးလေးအရင်းပါခင်ဗျာ၊ ကျုပ်ကိုယ်စားပဲဆိုပါ ခင်ဗျာ

ဟူသောစကားများဖြင့် ဝေအောလျန်ကို အလွမ်းစကား ပြောသွားသည်။

မည်သို့ဆိုစေ....

ကျူးဝမ်ကဲ့သို့ယုံကြည်စိတ်ချရသော လူတစ်ယောက် မိမိ မိသားစုဝင်တစ်ဦးပမာ တိုးလာသည့်အတွက် ဝေအော လ် ပို၍ကျေနပ်နေမိသည်။

ဝေအောလျန်အဖို့ ဦးလေးကျန်ဖောင် ရောက်ရှိလာသည့် ဘက် ပိုပြီးအဆင်ပြေသွားသည့် အချက်တစ်ချက်ရှိသည်။

ထိုအချက်မှာ အရွယ်ရောက်ရှိလာပြီဖြစ်သည့် သမီးအတွက် လောကအတွေ့ဝင်း အနီးကပ် သွန်သင်ဆိုဆုံးမပေးမည့် ကြီးတစ်ယောက် ရှိနေခြင်းပင်ဖြစ်သည်။

နောက်တစ်ဖန်....

သမီးကလေးအရွယ်ရောက်ကာမှ ဇနီးဖြစ်သူ ရှောင်ရှောင် ကူး မဓာမကျန်း ဖြစ်လာခြင်းပင် ဖြစ်သည်။

ကျူးဝမ်တစ်ယောက် မိမိတို့ထံမှ ခွဲခွာသွားပြီး နောက် ပါတစ်အကြာတွင် ကျူးဝမ် တစ်ခေါက်ရောက်ရှိလာလေ သည်နှင့်အတူ ဦးလေးကျန်ဖောင် ပါလာသည်။

'ကျုပ် ဟိုမှာ မိဘလက်ငုပ်လုပ်ငန်းတွေလုပ်နေရလို့ ဒီကို ပြန်သာဖို့ဆိုတာကတော့ မလွယ်တော့ပါဘူးခင်ဗျာ၊ အခု ဆိုရင် ကျုပ်မိန်းမမှာလဲ ကိုယ်ဝန်ရှိနေပါပြီ၊ သူ့မိဘ လုပ် ငန်းတွေကိုလဲ ကျုပ်တို့လင်မယားကပဲ တာဝန်ယူပြီးလုပ်ကိုင် နေရပါတယ်....

သည်တော့လည်း ဝေအောလျန်က ဇနီးသည် ရှောင်ရှောင်ချူး သူ့ရဲ့မွေးရပ်မြေရက်တရက်ပြန်၍ အရှေ့မြောက်ပိုင်း နန်ချမ်းပြည်နယ် သူ့မောင်ကြီးထံ ပြန်ချင်လေပြီလားဟု ဝေအောလျန် အတွေးရောက်ရလေတော့သည်။

'အခုလို မမာမကျန်းဖြစ်နေတာ နှန်ချမ်းကိုပြန်ချင်လို့ များလစး ချူးရယ်၊ ပြန်ချင်တယ်ဆိုလဲ ကျုပ်ကိုဖွင့်သာပြော ပါ၊ ကျုပ်ကို မင်းမောင်ကြီး ရှောင်ဖင်းလီက ဖမ်းဆီးသတ် ဖြတ်စေတော့ အခုလို ပုန်းလျှိုးကွယ်လျှိုး ဇာတ်မြုပ်မနေ တော့ပါဘူးကွယ်'

ဟု ဝေအောလျန်က ပြောပါသော်လည်း ရှောင်ရှောင် ချူးက အမြင်ငြိုင်းသည်။

'ဒီလောက် နတ်မိစ္ဆာဂိုဏ်းသားတွေ ချယ်လှယ်ချင်သလို ချယ်လှယ်နတဲ့နေ့ကို ကျွန်မက ဘာကြောင့် ပြန်ရမှာလဲ၊ ကျွန်မ မပြန်ပါဘူး မောင်ကြီ ရယ်'

ဟူသော စကားကို ပြောကတ်သည်။

ဆို့သော်လည်း တစ်ခါတစ်ရံတွင်မူ....

'နောင်တော်ဘုရားနဲ့တော့ တစ်ခါတလေလောက် တွေ့ချင်တယ် မောင်ကြီးရယ်၊ ဒါပေမယ့် နောင်တော်ဘုရားက နတ်မိစ္ဆာဂိုဏ်းသားတွေကိုမှ တားလးတစား ဆက်ဆံပြီး

အလွမ်းမိုးခံနေတာ မဟုတ်လား၊ ဒီတော့လဲ' နောင်တော် ဘုရားနဲ့ တွေ့ဖို့ဆိုတာ မလွယ်ပါဘူး'

ဟု ပြောလေသည်။

တစ်ခါတစ်ရံ၊ ရှောင်ရှောင်ချူးက....

'ကျွန်မတို့ လူကြီးတွေအကုန်ကတော့ အခြောင်းမဟုတ် ပါဘူး မောင်ကြီးရယ်၊ သမီးလေးအတွက်တော့ဖြင့် စိတ် မကောင်းဖြစ်မိတာ အမှန်ပဲ၊ တကယ်လို့သာ ကျွန်မတို့ အခုလို အနိမ့်စံတာဝကိုရောက်မလာခဲ့ရင်၊ ကျွန်မတို့တတေတာလဲ အားလုံးအဆင်ပြေပြီး သမီးကလေးရဲ့ဘဝဟာလဲ အများကြီး ဂုဏ်ရှိနဂုဏ်ဝါ ရှိမှာပဲနော်'

ဟူသော စကားကို ပြောခဲ့သည်။

သည်လို စကားတွေကို ရှောင်ရှောင်ချူး ပြောလာလေတိုင်း ဝေအောလျန် စိတ်မကောင်းဖြစ်ခဲ့ရသည်။

မိမိစိတ်ထဲမှာမူ အလိုလိုသိနေသည်။

'ဟင်....သူ အခုလိုမကျန်းမမာဖြစ်နေတာဟာ နှန်ချမ်းကို ပြန်ချင်တဲ့ အလွမ်းစိတ်အစဲ့ကြောင့်ပဲ ဖြစ်ရလိမ့်မယ်'

ဟု ဝေအောလျန် တွက်ထာ ပြီးဖြစ် သည်။

သို့သော်လည်း နန်ချင်းကို မိမိလိုက်ပို့၍လည်း မရသလို သူတို့သားအမိချည်း လွှတ်ပါကလည်း မလွယ်သေးပေ။

မိမိ ယခုရနေသော ဘဝမှာ သူကြွယ်ကြီး ဝေအောလျန် အဖြစ်နှင့် နေထိုင်လျက်ရှိသော တည်ဆောက်ပြီးသား ငြိမ်းချမ်းသော ဘဝကလေးကိုပင် နောက်က အရိပ်မည်းတစ်ရိပ် အမှတ်ထင်တင် ထိုးကျလာမည် မဟုတ်ပါလား။

သည်အကြောင်းကို သမားတော်ကြီး ရွမ်နှင့် တိုင်ပင်ဆွေးနွေးကြည့်သောအခါ တွင်လည်းသမားတော်ကြီးရွမ်က၊

'ဟုတ်တယ် သူကြွယ်ကြီးရဲ့ဇနီးဟာ ဘာရောဂါရယ်လို့ မပြောနိုင်ပေမယ့်၊ သူ့မှာ မပြည့်ခဲ့တဲ့ စိတ်ဆန္ဒအတွက် အခုလို မကျန်းမမာဖြစ်လာတယ်ဆိုတာ အမှန်ပါပဲ၊

'သူ သွားချင်တဲ့နေရာကိုသာ သွားရမယ်ဆိုရင် သူ့ရောဂါကို ကျုပ်အခုလောက် ကုသစရာမလိုပါဘူး'

ဟု ပြောလေသည်။

သည်စကားကို ဇနီးသည် ရှောင်ရှောင်ချူးကို ဖွင့်ဟ ပြောဖို့ ဝေအောလျန် စိတ်ကူးမိပါသေးသည်။

သည်လိုစကား မပြောဖို့ကိုတော့ဖြင့်ဦးလေးကျန်ဖောင်က တားဆီးခဲ့သည်။

'အင်း....ဒီကိစ္စမျိုးဟာ၊ သမားတော်ကြီး ရွမ်ပြောသလို ရပ်သူ့ရွာ ပြန်ပို့တာက ပြောတော့သာလွယ်တာ၊ ဒီကိစ္စနဲ့ သက်လို့ ဖြေရှင်းရမယ့်ပြဿနာတွေဟာ မနည်းဘူးနော် ကြီးရဲ့'

'ဟုတ်တယ် ဦးလေးကျန်ဖောင်၊ တက်လာမယ့်ပြဿနာ ဟာ နည်းနည်းမဟုတ်ဘူး အတော်ကိုများတာပါ၊ ဒါ ကြောင့်လဲ ဒီအကြောင်းတွေကို ကျုပ်မပြောဘဲ မြို့သိပ်ခဲ့ရ တာပါ....

'...တစ်ခါတစ်ခါကျတော့လဲ ဖြစ်ချင်တာ ဖြစ် စေတော့ တောနဲ့ သူတို့သားအမိကို သူ့မောင်ကြီးနဲ့ သွားတွေ့ပေး ကိုက်ချင်တော့တာပါပဲဗျာ'

'စိတ်လိုက်မာန်ပါလဲ မလုပ်လိုက်ပါနဲ့ဦး သူကြွယ်ကြီးရယ်၊ ဖြစ်လို့လဲဆိုတော့ ဟိုမှာ အခုကြားသိရသမျှ နယ်မြေကို အုပ်ချုပ်နေတာတောင် နတ်မိစ္ဆာဂိုဏ်းချုပ် ချုံပိုက်ရူးရဲ့ ရိပ်သြဇာ မကင်းဘူးလို့ ပြောနေကြတာပါ'

ဤသို့ဖြင့် ဝေအောလျန်သည် ဇနီးသည် ရှောင်ရှောင် ချူးအား ဆေးကုသသည့် အလုပ်ကိုသာ ဖိဖိစီးစီးလုပ်ခဲ့ပြီး နန်းချမ်းပြည့်နယ်အရေးကိစ္စ မှန်သမျှကို တစ်လုံးတစ်ပါဒမျှ မပြောဘဲ နေခဲ့သည်။

ရှောင်ရှောင်ချူးရောဂါဝေဒနာမှာ သက်သာသည်မဟုတ်ဘဲ တိုးရှာ လာခဲ့၏။

ဟိုယခင်က သွားသွားလာလာရှိသေးသည်။ ယောက်ဖြူး ရှောင်ရှောင်ချူးသည်ဘယ်ကိုမှမသွားမလာတော့ဘဲအိမ်ပြင် အပေါ်ထပ်တွင်သာ နေနေပါတော့သည်။

သည်လိုနှင့် တစ်ခုတောဆောင်းနုံနက်ခင်းတွင်ကား ရှောင် ရှောင်ချူးသည် အတော်ပင် လန်းလန်းဆန်းဆန်း ဖြစ်လာ ပါ၏။

သမီးဝေဝေရန်နှင့်အတူ ဘုရားတွေ လှည့်လည်ဖူးသည်။ ပြီးတော့ တစ်နေကုန် ယော်ဂဋ္ဌကအကြောင်းတွေကို တတွတ် တွတ် ပြောရင် သမီးဖြစ်သူ ဝေဝေရန်မှာ မိခင်နှင့်အတူ ပြုံး လိုက် ရယ်လိုက် ရှိခဲ့သည်။

ဝေအောလျှန်ကိုလည်း သူ့အနားတွင်နေစေခဲ့သည်။ သူ နောင်တော် နယ်စားကြီးရှောင်ဖင်းလီအကြောင်းတွေ ပြော ခဲ့သည်။

'ဟိုတုန်းက အခုလိုမယုတ်ပါဘူး မောင်ကြီးရယ်၊ နောင် တော် ဘုရားဟာ ကျွန်မကို နှမကလေးတစ်ယောက်ထဲ ရှိတာ ဆိုပြီး သိပ်အလိုလိုက်တာ၊

'....ကျွန်မမို့ ဘယ်လိုပဲဆိုးဆို နောင်တော်ဘုရားက သည်းခံ ထားချည်းပါပဲ'

'ပြောရဦးမယ် မောင်ကြီးရယ်၊ တစ်ခါကပေါ့၊ ကျွန်မတို့ အိမ်တော်ဝင်းကြီးအနောက်မှာ လိမ္မော်ပင်ကြီးတွေရှိတယ်၊ လိမ္မော်သီးတွေ အပြိုင်ခူးမယ်ဆိုပြီးခူးကြတာ၊ ကျွန်မကလေ နောင်တော်ဘုရားလောက် အမြန်မခူးနိုင်တူး မဟုတ်လား၊ ဒါနဲ့ သူ့ကို အပင်ပေါ်ကလိမ့်ကျအောင် ကိုင်းကိုလှုပ်ချ ပို့တာ မထင်မှတ်ဘဲ နောင်တော်ဘုရားဟာ လိမ္မော်ပင် အကိုင်းပေါ်က လိမ္မော်သီးတွေနဲ့ အောက်ကိုလိမ့်ကျသွားပါ ရောလား'

'အဲဒီနေ့က အဖဘုရားကရော မယ်ဘုရားကပါ ကျွန်မကို ဒေါသလောက်မိုက်မဲရွဂေါဒးလားဆိုပြီး စိုင်းဆုံးမကြတာ မပြော ပါနဲ့တော့ မောင်ကြီးရယ်၊

'....ဒါပေမယ့် နောင်တော်ဘုရား ရှောင်ဖင်းလီက ကျွန်မကို လုံးလုံးအပြစ်မပြောခဲ့ဘူး၊ သူအပြစ်မပြောခဲ့ပေမယ့် လဲ နောင်တော်ဘုရားရဲ့ ဘယ်ဘက်လက် ကောက်နေ တာဟာ ကျွန်မကြောင့် နောင်တော်ဘုရား သေရာပါဒဏ်ရာတစ်ခုပေါ့ မောင်ကြီးရယ်၊

'....အဲဒီ နာကြည်းချက်ကြောင့် အခုလို ကျွန်မတို့ဘဝကို

အဆိုးထဲရောက်အောင် လုပ်ခဲ့တာတော့ဖြင့် ဟုတ်မယ်မထင်ပါဘူးနော် မောင်ကြီး'

ဤသို့သောစကားတွေကို ရှောင်ရှောင်ချူးပြောလာသည့်နေ့ညတွင် ဝေအောလျန်မအိပ်စံတော့ပြီ။

ရှောင်ရှောင်ချူး မည်မျှပင် လန်းဆန်းလာသည်ဟုဆိုစေလည်း ဝေအောလျန် မယုံကြည်တော့ပေ။

ထို့ကြောင့်....

သမားတော်ကြီးယွမ်ကို အခေါ်လွှတ်လိုက်သည်။

သမားတော်ကြီးယွမ်ကိုသွားပင့်သော ဦးလေးကျန်တစ်ယောက်တည်း ပြန်လာသည်။

'သမားတော်ကြီး အရေးကြီးတဲ့ လူမမာတစ်ယောက်ကို သွားကုနေလို့ မနက်မှကြွလာမယ်လို့ မှာလိုက်ပါတယ်'

ဟုဆော အမှာစကားကိုသာ ကြားခဲ့ရသည်။

'ဒီလိုဆိုရင် သမီးလေးဝေဝေရန် ခုည မင်းအမေနှားမွေးနေနော်'

ဟု ဝေအောလျန်ကပြောသောအခါ သမီးလေး ဝေဝေရန်မှာ ဖခင်ကိုမဝေခွဲတတ်သောအကြည့်ဖြင့်ကြည့်ကာ....

'အမေ့နှားမှာနေရမယ် ဟုတ်လားအဖေ၊ အမေက ဘာဖြစ်လို့လဲဟင်'

ဟု စိုးရိမ်တကြီး မေးပါလေတော့၏။

သည်တော့လည်း ပန်းပင်ကလေးပျိုးစမှာ မုန့်တိုင်းအတိုက် ခံစေချင်သော စိတ်စေတနာမျိုးက မိဘတိုင်းတွင် ရှိနေသည်ဖြစ်၍ သမီးလေးဝေဝေရန်ကို သူ့မိခင်အကြောင်း ပြောပြရန် ခက်ခဲရပြန်သည်။

ထို့ကြောင့်....

'သြော်....သမီးလေးရယ်၊ မင်းအမေက အခုလို လန်းလန်းဆန်းဆန်း ရှိလာတယ်ဆိုတော့ စကားတွေပြောချင်ပြောနေမှာ မဟုတ်လားကွယ်'

ဟု ပြောမိပြောရာ ပြောခဲ့မိပါ၏။

သို့နှင့်....

သည်ညက ညသန်းကောင်ကျော်သည်နှင့် ရှောင်ရှောင်ချူး ကွန်လွန်အနှိစ်ခေါက်ခဲ့ရသည် မဟုတ်ပါလော။

ထိုအခါ....

သမီးလေးဝေဝေရန်က....

'အဖေရယ်....အမေကွယ်လွန်တော့မယ်ဆိုတာကို ကြိုတင်
သိနေတယ်နော်၊

'....သမီးကို ဘာလို့ ကြိုမပြောတာလဲအဖေရယ်၊ ခုတော့
ခုတော့....'

ပြောပြီး....

ရှိုက်ကာ ရှိုက်ကာ ငိုခဲ့ပါတော့၏။

ဝေအောလျန်မှာကား မတုန်မလှုပ်ကျောက်ရုပ်။

အခန်း (၅၆)

ရေခဲနှင်းတောင်ဒေသ အရှေ့မြောက်ပိုင်း နန်ချမ်းပြည်နယ်အတွင်း တစ်နေရာဖြစ်သည်။

မြင့်မားသီခေါင် တောင်ထွတ်တောင်တန်းကြီးများကား မြုခိုးတွေရစ်ဝိုင်းကာ နှင်းပွင့် နှင်းဖတ်တွေက ဖွေးနေသည်။

ဤသည်ပင် ဆောင်းရာသီအစ ရှိပါသေးသည်။

ထို့ကြောင့် သွားလမ်းလာလမ်းများ ချောမောပြေပြစ်နေသည်ဟု ဆိုနိုင်ပါ၏။

သည်လိုမြင်ကွင်းကြီးများကို မြင်နေရသောအခါ ဝမ်လင်းရီ ရင်ထဲတွင် လွမ်းချင်ချင်ဖြစ်လာသည်။

ခရီးမှာ နန်ချမ်းသို့ အသွားခရီးဖြစ်သဖြင့် ကျုံကင်း
နယ်တွင် ဝေးရှ်ကျန်ရစ်လေသော ပန်းကမ်ပိုးကိုသာ
ရပေလိမ့်မည်သာ။

အမှန်တော့လည်း ပန်းကမ်ပိုးသည် သခင်ကြီးအမိန့်
နေရှ်သာ သူ့ချစ်သူ ဝမ်လင်းရိကို လွှတ်လိုက်ရခြင်းဖြစ်
သည်။

သွားရမှည့်အရပ်ဒေသတွင် ဓားနန်းရှင်ကို တွေ့ကြရမည်
မဟုတ်လား။

ထိုအရပ်၌ ဝေဝေရန် ရောက်ရှိနေသည်ကိုလည်း ပန်းက
ပိုး မသိမဟုတ် သိထားပါ၏။

အစက သံယောဇဉ်၏ဇာတ်လမ်းတွေ ရှိနေခဲ့သော ဝေ
ဝေရန် ရှိနေပါသည်ကို သိနေပါလျက် သူ့ချစ်သူဝမ်လင်း
ထွက်ခွာသွားသည်ကို မျက်စိမှိတ်ထားလိုက်ရသည်မှာ စင်စ
စွန့်လွှတ်ခြင်းတစ်ခုဟု ဆိုရမည်ပင်။

ဆရာကြီးဟိုကျောက်ကျိက သခင်ကြီး၏ မှာကြားချက်
အတိုင်း ဝမ်လင်းရိဦးဆောင်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းစေ
လျက် နန်ချမ်းပြည်နယ် ဓားနန်းရှင်နယ်စားကြီး ရှောင်ဖင်း
လီထံသို့ စေလွှတ်ပြီး မိမိတို့အခြေအနေကို တင်ပြ၍ လိုအပ်
သော အကူအညီတောင်းရန် ဖြစ်သည်။

တစ်နည်းအားဖြင့်တော့ သံတမန်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်
ခြင်းပဲ ဖြစ်ပါ၏။

သည်အဖွဲ့မှာတော့ ဝမ်လင်းရိကို သခင်ကြီးကိုယ်တိုင်က
ကျွေးထားပေးလိုက်ပြီးဖြစ်သဖြင့် ဆရာကြီးဟိုကျောက်ကျိက
သခင်သိုင်းအကျော်အမော် ခုနစ်ဖော်ထဲမှ စေဟောင်းရှောင်
နှင့် ဟိုမင်းလူ နှစ်ယောက်ကို ထပ်ဆောင်းပေးလိုက်သည်။

တောအလျှိုလျှို တောင်အထပ်ထပ် ဖြတ်သန်းလာခဲ့ရသည့်
အတွက် လူတွေလည်း ခရီးပန်းလှပြီး သာမန်ခရီးလမ်းမျိုး
အဝီအစဉ်မပျက် သွားလာရသည်မှာ အကြောင်းမဟုတ်။

အခုခရီးမှာ ချောင်းတွေ၊ မြစ်တွေကို ကျော်ဖြတ်ရသေး
သည်။

တောင်တွေပေါ် တက်ကြရသေးသည်။

မြေပြန့်သားတွေ ဖြစ်နေပြန်သော အခါ တောင်ပေါ်
လမ်းတွေမှာ သွားလာကြရသည်မှာ ခပ်စိမ်းစိမ်းဖြစ်နေလေ
သည်။

သည်အရပ်က တောင်တွေဆိုတာကလည်း မိမိတို့ မြေပြန့်
တွင် တွေ့ဖူး၊ မြင်ဖူးသော ရောက်ခဲ့ပေါက်ခဲ့ဖူးသော တောင်
ပြီး မဟုတ်။

ရောမ အုံမှခန် တောင်ကြီးတွေ။

အဆက်သို့ မော်ကြည့်သော် ဆောင်းထားသောဦးထုပ် ပြုတ်ကျမြဲ၊ ငုံ့ကြည့်ပြန်သော်လည်း ရောမချောက်ကမ်းပါး ကြီးတွေလို အလွန်တစ်ရာ နက်ရှိုင်း၏။

ဝမ်လင်းရိသည် မြို့ခိုးတွေ မိမိတို့ကို ဖြတ်ကာ ဖြတ်ကာ စိုးလွှမ်းပါးနေသည်ကို မကြုံစဖူး အထူးဖြစ်နေသည်။

ဟိုအဝေးကို လှမ်းမျော်ကြည့်ပြန်တော့လည်း အဖြူရောင် လွှမ်းပြင်ကြီးကိုသာ မပြတ်မသား မှုန်မှုန်မှားမှား မြင်နေရ သည်။

ကောင်းကင်ပျံငှက်တွေလည်း ဘယ်အရပ်တွေ သွားဆော့ နေကြပြီလဲ မသိနိုင်ရှိ၏။

တောတွင်း ပြေးလွှား ဆော့ကစားနေတတ်သော သား ကောင်ငယ်များသော်မှ မတွေ့မမြင်ရပေ။

တိတ်ဆိတ်ခြင်းလေသား။

သာသာဝင်္ဂမ်းအားတစ်ခုလေလား မပြောနိုင်။

နှာနဆဲတွင်မူ တဝူဝူမြည်နေသည် ထင်၏။

ဝမ်လင်းရိသည် အတန်ကြာ ငေးမောနေ၍ ကြည့်နေရာမှ နောက်ဘက်ပြန်လှည့်လိုက်လေသည်။

ထင်းရှူးပင်ကြီးများ အောက်တွင် စေဟောင်းရှောင်နှင့် ဟိုမင်းလူတို့ကား အထုပ်အပိုးတွေ ခေါင်းခုအိပ်လျက်။

ဝမ်လင်းရိက ပြန်လျှောက်လာပြီး ထင်းရှူးပင် ပင်စည် ဘေးတွင် ထိုင်သည်။

ပြီး ပင်စည်ကို နောက်ကျောဖြင့် မီလိုက်သည်။

မိမိတို့၏ မြင်းများကိုကား တစ်ဖက်တောအစပ်တွင် မြက် ခင်းရှိရာ နေရာသို့ လွှတ်ထားသည်။

ထိုအခါ စေဟောင်းရှောင် အိပ်ပျော်နေရာမှ နိုးထလာ ကာ....

'ဘယ်လိုလဲ ဆရာရဲ့၊ ကျုပ်တို့ အခုညနေ ခားနှန်းရှင်ဆီ ကို ရောက်နိုင်ပါ့မလား'

ဟု မေးသည်။

ဝမ်လင်းရိ တစ်ချက်ပြုံးလိုက်၏။

ထိုအပြုံးကို စေဟောင်းရှောင် သိလိုက်လေသည်။

သို့နှင့် သူက....

'ဘာပြုံးတာလဲ၊ ဆရာရိရဲ'

ဟု မေး၏။

'ဩော်....စေဟောင်းရှောင်ရော၊ ကျုပ်နဲ့ ဟိုမင်းလူရော ဒီအရပ်ဒေသကို ဘယ်တုန်းက ရောက်ခဲ့ဖူးလို့လဲ၊ အတူတူပဲလေ၊ ဒါကြောင့် ပြုံးမိတာပါ'

'ဒါထက် ဆရာရိ၊ ဒီဘက်ကို ရောက်ခဲ့ဖူးတဲ့အကြောင်း ပြောဖူးသလားလို့'

'ဩော်....အဲဒါက ဒီလိုပါ၊ ကျုပ် ဝေဝေရန်နောက်ကို အလိုက် အခု ကျုပ်တို့ ဟိုရောက်ရင်တွေ့ရမယ့် အမတ်ချုပ်ကြီး ချန်စွမ်းတောင်ပေါ့ဗျာ၊ ဟိုထုန်းကတော့ သူ့ကို ဘယ်သူ ဘယ်ဝါ သိမှာလဲဗျာ၊ သူက ကျုပ်ကိုအကြောပိတ်ပြီး ထားခဲ့တာကလား....

'အဲဒီအချိန်က ဒီဘက်ကို ကျုပ်ရောက်ခဲ့ဖူးတယ်ဆိုတာက ဒီအထိရောက်ခဲ့ဖူးတာ မဟုတ်ဘူး၊ ကျုပ်တို့ မြေပြန့်အလွန်လောက် ရောက်ခဲ့တာပါ'

ဝမ်လင်းရိသည် ပြောပြောဆိုဆို အထုပ်တစ်ထုပ်ကို ဖြေပြီး အီကွေ့မုန့်အခြောက် သုံးခုကို ထုတ်လိုက်ပြီး တစ်ခုကို စေဟောင်းရှောင်ကို လှမ်းပေးလိုက်၏။

ထိုအခိုက် ဟိုမင်းလူကလည်း အိပ်ပျော်နေရာမှ နိုးလာသဖြင့် မုန့်ကို လှမ်းပေးလိုက်လေ၏။

တောင်ကုန်းမြင့်တစ်နေရာဖြစ်နေသဖြင့် လေသည် တဟူးဟူး တဖြူးဖြူး တိုက်ခတ်လျက်ရှိ၏။

ထိုလေ ကိုးဝှေ့နေသဖြင့် ထင်းရှူးပင်ထက်မှ ထင်းရှူးရွက်များမှာ တရွှီးရွှီးအော်မြည်လျက်ရှိ၏။

ဟိုမင်းလူကတော့ မုန့်ကိုမစားသေးဘဲ ထရပ်ကာ လက်နှစ်ဖက်ကို မိုးကောင်းကင်သို့ မြောက်တန်းကာ အညောင်းဆန့်၏။

ပြီး ခန္ဓာကိုယ်ကို ကော့ကာ ကုန်းကာ၊ ထိုင်ကာ ထကာ လုပ်နေလေသည်။

အသက်ကိုလည်း ခပ်ပြင်းပြင်းရှူသွင်း မှုတ်ထုတ်နေ၏။

ထို့နောက် ဟိုမင်းလူသည် သိုင်းသမားကောင်း တစ်ယောက်အတွက် အမြဲလို လေ့ကျင့်နေရမည့် လေ့ကျင့်ခန်းများကို ဆက်လက် ပြုလုပ်နေပြန်သည်။

အတော် မောသလောက်ရှိမှ မျက်နှာပေါ်က ချေးစများကို အဝတ်တစ်ခုဖြင့် သုတ်ရင်း ဝမ်လင်းရိတို့ အနီးသို့ ပြန်လျှောက်လာလေသည်။

'ဒီခရီးကို ထွက်လာရတဲ့အတွက် ဆရာရိကတော့ အတော်ကို ဝမ်းသာနေမှာပဲနော်'

တိုမင်းလူက တီကွေ့မုန့်ကို စားရင်းက ပြောလိုက်လေသည်။

ထိုအခါ ဝမ်လင်းရိက....

'ဟော...တစ်ယောက်က လာပြန်ပြီ၊ ကျုပ်က ဘာဖြစ်လို့ ပျော်ရမှာလဲ၊ ဝေဝေရန်နဲ့ တွေ့တော့လဲ တွေ့တာလောက်ပဲ ရှိတော့မှာပါ၊ ဘဝတွေက ဝေးကွာခဲ့ကြပြီလေ'

'ပြီးတော့ ကျုပ်မှာက ပန်းကမ်ပိုးနဲ့ သံယောဇဉ်လဲ မရှိနေတယ် မဟုတ်လား၊ သူကဆိုရင် သခင်ကြီး အမိန့်နဲ့မို့သာ ဘာမှ မပြောပဲ နေရှာတာ၊ဒီခရီးကို လုံးဝ သွားစေချင်တာ မဟုတ်ဘူး'

ဟု ပြောပြီး တီကွေ့ခြောက်ကို အပြီးသတ် စားလိုက်လေသည်။

စေယျောင်းရှောင်က ဝင်၍....

'ဟုတ်တယ်၊ ကျုပ်တို့ကတော့ ဝေဝေရန်ကို မြင်လဲမမြင်ဖူး၊ သိခဲ့ကျွမ်းခဲ့ကြတာလဲ မဟုတ်တော့ ပန်းကမ်ပိုးဘက်က ပြောရတော့မှာပါပဲဗျာ၊ဟုတ်ပါတယ် ပန်းကမ်ပိုးက ဝမ်လင်းရိအပေါ်မှာ သံယောဇဉ် ရှိပုံကတော့ ကြီးလွန်းပါတယ်ဗျာ'

'ကျုပ်မှာလဲ ဒီအကြောင်းတွေ သိလာလေလေ၊ သူ့မေတ္တာ စက်ဝန်းက ရှုန်းထွက်လို့ မရလေလေပဲပေါ့'

သည်မှာ တိုမင်းလူက....

'ဆရာရိက ရှုန်းထွက်ချင်သေးလို့လား၊ ပန်းကမ်ပိုးဟာ အစစအရာရာ ထူးချွန်ကျမ်းကျင်တဲ့ မိန်းကလေး တစ်ယောက်ပါပဲဗျာ၊သူ့အနေနဲ့ ဖခင် သူကြွယ်ကြီး အရိပ်မှာ အေးအေးဆေးဆေးနေနေလို့ ရရက်သားနဲ့ အခုလို ကျုပ်တို့နဲ့ အတူ အရေးတော်ပုံ လုင်ငန်းတွေ လုပ်နေတယ်ဆိုတာကလဲ သူတို့သားအဖရဲ့ မျိုးချစ်စိတ်ဓာတ် ပမာဏ အတိုင်းအဆကို ဖော်ပြနေသလိုပဲ မဟုတ်လား'

ဟု ပြောလေ၏။

'ဝေဝေရန်နဲ့ ကျုပ်တို့ ဘဝကတော့ အတော်ကို ဝေးသွားတာပါဗျာ'

'ဘာဖြစ်လို့လဲ ဆရာရိ'

စေတောင်းရှောင် မေးလေ၏။

'သူက ဓားနှုန်းရှင် မျိုးဆက် နှောက်ဆုံးအနွယ်လေ၊ ဒီဟာ့ ဓားနှုန်းသခင်မအဖြစ် သူ့ကို တင်မြှောက် ရတော့မှာ ဘုံတ်လား၊ သူတို့ အမြင်မှာကတော့ အမျိုးကောင်းကို၊ တွက် ကိုယ့် အကျိုး စီးပွားမှန်သမျှ ဘေးချိတ်ထားလိုက်တဲ့ သဘောပဲပေါ့'

'ကျုပ်မသိလို့ မေးပါရစေဦး ဆရာရှိရဲ့၊ အဲဒီ အစဉ် အလာကို ကာယကံရှင်တွေကသာ သဘောမတူလို့ လက်မခံ ရင်ကော မရဘူးလား'

'အဲဒါပဲပေါ့၊ သူတို့သားအဖ မြေပြန့်မှာ ဇာတ်မြုပ်နေခဲ့ ကြတာ၊ ဒါပေမယ့် မရဘူးလေ၊ ဓားနှုန်းရှင်က လူတွေက အလုပ်တစ်ခုကို မဖြစ်မနေ လုပ်တတ်ကြတာကလား'

ထိုအခါ စေဟောင်းရှောင်က ခေါင်းတညိတ်ညိတ် လုပ် ပြီး နားစိုက်ထောင်နေသည်။

'သတိပေးထားရဦးမယ်၊ ဟိုဆောက်ရင် ကျုပ်တို့နဲ့ ထိပ် တိုက်တိုးမှာက နတ်မိစ္ဆာဝိဏ်းက လူတွေပဲ၊ သူတို့ဟာ လောကီ ပညာမှာ တစ်ဖက်ကမ်းခတ် တတ်ကြတာ၊ အထူးသဖြင့် ကျုပ်တို့ မသိမမြင်သေးတဲ့ လျှို့ဝှက်သိုင်းပညာတွေ ရှိနေတယ် လို့ ပြောကြတယ်'

'ဒီအကြောင်းကိုတော့ ဆရာကြီး ဟိုကျောက်ကျီ ပြောပြ ထားလို့ သိထားပါတယ်'

ဟု စေဟောင်းရှောင်က ပြောလိုက်လေ၏။

စမ်လင်းရိုက...

'ဟုတ်ပါတယ်၊ ကျုပ်တို့နယ်မြေမှာ ဘယ်လို ဖြစ်နေတယ် ဆိုတဲ့ အကြောင်း ကျုပ်တို့ သခင်ကြီးရဲ့ စာချွန်လွှာမှာ အမတ်ချုပ်ကြီး ဖတ်ရှုသိပြီးဖြစ်မယ်လို့ ယူဆပါတယ်၊ အဲဒီ အတွက် သက်သက် သံတမန် ဆင်းလာခဲ့တာပါပဲ'

ဟု ပြောလေ၏။

သို့သော်လည်း အမတ်ချုပ်ကြီး ချန်စွမ်းတောင်က ဝမ်လင်းရိုကို စိတ်ဝင်စားစရာ အမေးတစ်ခုကို မေးလိုက်လေသည်။

'ဒါထက် စကားမစပ် ပြောလိုက်ရဦးမယ်'

အစချီ၏။

'ဟုတ်ကဲ့၊ ပြောပါခင်ဗျာ'

'တခြားမဟုတ်ပါဘူး၊ တူမောင်က ဦးတို့ရဲ့ ဧားနှုန်းရှင် အရေးကိုစွမ်းမှာ အနှောင့်အယှက်တစ်ခုဖြစ်လို့ ဖြစ်ခဲ့တဲ့အတွက် ကျုပ်လဲ မျက်စိမှိတ်ပြီး တူမောင့်ကို အကြောပိတ်ထားလိုက်မိတယ်နော်'

'ဟုတ်ပါတယ်၊ အကြောင်းစုံကို သိလာတဲ့အချိန်မှာ ဒီကိစ္စ ကျုပ်သာ အမှားတစ်ခု လုပ်ခဲ့မိကြောင်း သိခဲ့ရပါတယ်'

အခန်း [၅၇]

နှုန်ချမ်းသို့ ရောက်ရောက်ချင်းပဲ ဝမ်လင်းရိတို့ကို အမတ်ချုပ်ကြီး ချန်စွမ်းတောင်က ဖိတ်ခေါ်လေတော့သည်။

တွေ့ကြသည်နှင့် အမတ်ချုပ်ကြီး ချန်စွမ်းတောင်က...

'တူမောဇီ ဝမ်လင်းရိနဲ့ မမျှော်လင့်တဲ့ အရပ်မှာ မမျှော်လင့်ပဲ ကြုံတွေ့ခဲ့ကြရတဲ့ အဖြစ်အပျက်တွေ အတွက် စိတ်မကောင်းပါဘူး၊ အခု တူမောင်လာတဲ့ ကိစ္စဟာလဲ တူမောင့်ကိုယ်ရေးကိစ္စ မဟုတ်တဲ့အတွက် ဟိုတုန်းက အဖြစ်အပျက် အတွက် မပတ်သက်တာကတော့ အမှန်ပါပဲ'

ဟု ပြော၏။

'အဲဒီလို အကြောပိတ်ခဲ့ရာက အကြောပြန်ဖွင့်ပေးခဲ့တဲ့လူဟာ ဘယ်သူဖြစ်မလဲလို့ တူမောင် မစဉ်းစားမိဘူးလား'

ထိုစကား ကြားလိုက်ရသောအခါ ဝမ်လင်းရိမှာ အလွန်ပဲ စိတ်ဝင်တစား ဖြစ်သွားရပါလေတော့သည်။

သည်ကိစ္စကို ဆရာကြီး လုံကျုံဟုန်နှင့်ပင် တိုင်ပင် ဆွေးနွေးခဲ့သည် မဟုတ်ပါလား။

လုံကျုံဟုန်က ချန်စွမ်းတောင်နှင့် ဝေဝေရန် တစိ ယောက်ယောက် ဖြစ်နိုင်သည်ဟု ဆိုသည်။

ဝမ်လင်းရိအနေနှင့်ကလည်း ဆရာကြီး လုံကျုံဟုန် ယူဆချက်အတိုင်း တွေးထင်ခဲ့ပါ၏။

'ဟုတ်ကဲ့၊ ဒီအကြောင်းတွေကို ကျုပ် တွေးတောစဉ်းစားခဲ့ဖူးပါတယ်၊ ကျုပ် အတွေးအထင် ပြောရမယ်ဆိုရင်တော့ ဒီကိစ္စကို ဆောင်ရွက်နိုင်တဲ့လူဟာ အဲဒီအချိန်မှာ အမတ်ချုပ်ကြီး တစ်ယောက်ပါပဲလို့ ကျုပ် ပြောချင်ပါတယ်'

ဟု ပြောလိုက်လေရာ....

အမတ်ချုပ်ကြီး ချန်စွမ်းတောင်က ဝမ်လင်းရိ အားကြည့်ကာ ပြုံးလိုက်လေသည်။

ထို့နောက် သူက....

'မမှန်သေးဘူးကွယ်၊ ဖြစ်ပုံက ဒီလိုလေ၊ ကျုပ်ကလဲ ဒေါသဖြစ်ဖြစ်နဲ့ အဲဒီလို တူမောင့်ကို အကြောပိတ်ထားလိုက်ပြီး ထွက်လာတဲ့နောက်ပိုင်း ဝေဝေရန်က မြင်းရထားပေါ်က ပြေးဆင်းပြီး တောင်ထိပ်ပေါ်က ခုန်ချမယ်လုပ်သကွယ်၊ ဒါနဲ့ ကျုပ်က ဟဲ့....ဟဲ့....တူမတော် ဝေဝေရန်၊ မင်းဒီလို စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ၊

'....အခု တို့ မင်းကိုခေါ်လာတဲ့ အခြေခံ အကြောင်းအချက်ကိုလဲ မင်းအသိပဲမဟုတ်လားလို့ မေးတဲ့အခါကျတော့ မှ သူ ဒီလို ဘာကြောင့်လုပ်ရတယ်ဆိုတာကို ကျုပ် သိရတော့တာပါပဲ၊ တိုတိုပြောရရင်တော့ တူမောင့်ကို ကျုပ် အကြောပြန်မဖွင့်ပေးဘူးဆိုရင်လဲ သူလဲ အသေခံတော့မယ်ဆိုပါတော့၊ ဒါနဲ့ပဲ ကျုပ်လဲ တူမောင့်ဆီကို ပြန်လာပြီး လုပ်သင့် လုပ်ထိုက်တာတွေ လုပ်ပေးခဲ့တာပါပဲ၊ ကံအားလျော်စွာ တောထဲမှာ သစ်လုံးအိမ်ကလေးတစ်လုံး တွေ့လိုက်လို့ ပိုပြီး ဟန်ကျသွားတာပဲပေါ့၊ အဲဒီကိစ္စတော့ဖြင့် ရှင်းသွားပြီ မဟုတ်လား'

ဟု ရှင်းလင်းပြောပြလေတော့၏။

ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်လင်းရိလို ကာယက ရှင်သာမက စေဟောင်းရှောင်နှင့် ဟိုမင်းလူတို့ပါ ဝေဝေရန်အပေါ်တွင် စေတနာမိုးတွေ သွန်းဖြိုးရွာချလိုက်ရပါလေတော့၏။

ထို့နောက် အမတ်ချုပ်ကြီး ချန်စွမ်းတောင်က ဆက်လက်၍ ....

'အဲဒီကိစ္စတွေပြောလို့ ပြီးတော့ တို့မျိုး သံတမန်ကိုယ်စား ပြောကြတာပေါ့ကွယ်၊ အမှန်ကတော့ တို့မျိုး နှန်ချမ်းပြည်နယ်၊ နယ်စားအဆက်ဆက် ကျုံကင်းပြည်နယ်စား တွေနဲ့ ဆက်သွယ်ခဲ့ကြပြီး အကျိုးထူးပေါင်းဖက်နေခဲ့ကြတဲ့ လူတွေပါ၊ ကျုံကင်းနယ်စားကြီး တီနိုပန်းချမ် ရှိတုန်းကဆိုရင် အများးဆုံး အဆက် အသွယ် ကွးလူး မူတွေ ရှိနေခဲ့တာ အထောက်အထားတွေ ရှိနေတာပဲ၊ ဒီတော့ မကူညီလို့ မဖြစ်ဘူးလေ၊ ကူညီရမှာပေါ့'

ဟု ပြောပြလေရာ ဝမ်လင်းရိုတို့ မျက်နှာများမှာ ကြည်လင်ချမ်းလက်၍ သွားပါလေတော့၏။

'ဒါပေမယ့် အချိန်တော့ဖြင့် နည်းနည်းစောင့်ကြည့်ရလိမ့်မယ်ကွယ့်၊ အကြောကြီးတော့မဟုတ်ပါဘူး၊ ဒါကလဲ တခြားကြောင့်မဟုတ်ပါဘူး၊

'....နယ်စားကြီး ရောင်ဖင်းလီက မမာမကျန်း ဖြစ်နေတယ်ဆိုတော့ သူ့အရိုက်အရာ တူမတော် ဝေဝေရန်ကို လွှဲအပ်ဖို့ကိစ္စ ရုတ်တရက် နှောင့်နှေးကြန့်ကြာနေတာပါ'

'နောက်တစ်ချက်က ဦးဦးတော် နယ်စားကြီး ရောင်ဖင်းလီ ကိုယ်တိုင် တူမတော် ဝေဝေရန်ကို သူ့အရိုက်အရာ

လွှဲအပ်ပါတော့မယ် ဆိုကာမှ တစ်ချို့မြို့စားတွေက မကျေနပ်ဖွယ်လို့ ပြောလာကြတယ်၊

'....သူတို့က ဝေဝေရန်ဟာ ခေးနန်းသခင်မ အဖြစ် တင်မြှောက်သင့်တာကတော့ဖြင့် အမှန်ပါပဲတဲ့၊ ဒါပေမယ့် နယ်စားကြီး ကိုယ်တိုင်က အပြစ်ပေးလို့ ပြစ်ဒဏ်ခံရပြီး ဒီအပြစ်ဒဏ်ကို မခံယူပဲ ထွက်ပြေးတိမ်းရှောင်သွားတဲ့ မိသားစုဖြစ်တဲ့အတွက် ဒီအစီအစဉ်ကို ပယ်ဖျက်သင့်ပါတယ်လို့ ပြောလာကြတယ်'

'အမှန်ကတော့ အဖြစ်အပျက်အမှန်ကတော့တစ်မျိုးကွယ့်။ ဝေဝေရန်ရဲ့ ဖခင် နယ်စားကြီးရဲ့ ယောက်ဖတော် ဝေအောလျန်က နတ်မိစ္ဆာဂိုဏ်းဂဏတွေကို လက်မခံဖို့ ခါးခါးသီးသီး ငြင်းစဉ်အချိန်က နယ်စားကြီးဟာ ကျုပ်ကို တိုင်ပင်ပါတယ်၊ ဝေအောလျန်ဟာ သူ ဘာလုပ်နေတယ်ဆိုတာကို သဘောပေါက်ဘဲဖြစ်နေတယ်၊

'....အမှန်မှာ သူက နတ်မိစ္ဆာတွေဆီက လျှို့ဝှက် သိုင်းပညာကို ရယူဖို့ကိုသာ အဓိကထား ဆက်ဆံနေတာပါလို့ ပြောတယ်၊ ဒါနဲ့ပဲ သူက ဝေအောလျန်ကို ဖမ်းချုပ်ထားလိုက်မယ်၊ ပြီးတော့ အလျှော့အတင်း လုပ်ကြည့်တယ်ပေါ့ကွယ်'

'အဲဒီတုန်းကလဲ သူ့ယောက်ဖတော် ဝေအောလျန်က

ဝတ်စားထားသည်ကလည်း ဝတ်စုံနက်လည်း မဟုတ်၊ အ
ရောင် သင်္ဆန်းဟုလည်း မဆိုသာသော ခပ်ညစ်ညစ် ခပ်မ
မည်း အဝတ်အစားများကို ဝတ်လျက် လက်တွင် ကူ
ခေါင်း တောင်ဝှေးရှည်ကြီးကို ကိုင်လျက် ပျာယီးပျာယ
လျှောက်လာနေသော လူအိုကြီးတစ်ယောက်ကို တွေ့လိုက်
ရာ ဟိုလူမင်းကပင် စတင်၍....

'ဒီအဘိုးကြီးက တစ်မျိုးပဲနော်၊ တစ်ချို့ သက်ကြီး ဝ
ကြီး အဘိုးကြီးတွေနဲ့လဲ မတူဘူး၊ ပျာယီးပျာယာနဲ့ မျက်လုံ
တွေကလဲ ကစားလိုက်တာ လွန်ပါရော'

ဟု ပြောဏ်။

လမ်းတစ်လျှောက် ကြုံသူမှန်သမျှ သူ့အရိပ်ကို ရှောင်
ကာ တိမ်းကာ တရိုတသေပေး၍ ဝေးကျန်ရစ်၏။ ဝမ်လင်း
တို့ သုံးဦးကမူ သည်လို လူအိုမျိုးကိုကား အရိုအသေပေး
နေနေသာသာ လမ်းဖယ် ဘေးဖယ်ပေးရမည်ကိုပင် မကောင်
တတ်လွန်း၍ စတိသဘော လမ်းကို အနည်းငယ် တိမ်းပေး
လိုက်သည်။

ထို့ကြောင့်လည်း လူအိုကြီးက ဝမ်လင်းရိတို့ကို စောင်
ငမ်း စောင်းငမ်း ကြည့်၍ သွားလေသည်။

စေဟောင်းရှောင်က ဝမ်လင်းရိအား ဘေးမှ လက်တို့လိုက်
သည်။

'ဆရာရီ'

'ဘာလဲ့ဗျ'

'အဲဒီလူအိုကြီးဟာ သူတို့ပြောပြောနေတဲ့ နတ်မိစ္ဆာဂိုဏ်း
လူအိုကြီးနဲ့ တူတယ်'

ဟု ပြောဏ်။

ဝမ်လင်းရိက....

'ဟုတ်တယ်၊ အများဆုံး ဖြစ်နိုင်တယ်၊ အတော်ကို လူ
တွေအပေါ် ဩဇာသက်ရောက်ဖို့ ကြိုးစားနေတဲ့ လူတွေပဲပေါ့
ဗျာ၊ ကြည့်လိုက်ကတည်းက သိသာလွန်းပါတယ်၊ ဘာပဲပြော
ပြော ကျုပ်တို့နဲ့ ကင်းကင်းရှင်းရှင်း ဖြစ်ဖို့က အရေးကြီး
တယ်'

ဟု ပြောလေသည်။

သို့နှင့် သုံးယောက်သား စကားတပြောပြောနှင့် ဧည့်ရိပ်
သာ အဆောက်အအုံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်၊ ဧည့်
ရိပ်သာ အဆောက်အအုံကြီးမှာ ဧည့်သည်များ အရောက်

အန်း [၅၀]

နန်ချမ်းကို ရောက်ရှိလာသည်မှာ သုံးရက်ခန့်ရှိပြီ။
ဝမ်လင်းရိုမှာ ဝေဝေရန့်ကို နာမည်မျှသာ ကြားနေရသည်၊ လူချင်းကား လုံးဝ မတွေ့ရသေးပေ။
ဆည်ကိုစွန့်ပယ်သက်ပြီး ပထမတော့ဖြင့် စိတ်ထဲ ခုတုတ်စ်နေမိသည်။
'နေနိုင်လိုက်တာ ဝေဝေရန်ရယ်၊ ဘဝတွေပြောင်းလို့ အခြေအနေတွေပါ ပြောင်းကုန်တာလား'
စိတ်ထဲမှာ ပြောနေမိသည်။
ဘိုးသော်...
ဟိုမင်းလူက စပ်စုသမား၊ ဘယ်သူ့ကို လိုက်စုံစမ်းလိုက်သည် မသိ။

အပေါက် နည်းလှသဖြင့် အမိုးဘက်တွင် ပင့်ကူအိမ်များ ကြီးတွင်ကား ခိုများ လှုပ်လှုပ်ရှားရှား ညည်းညည်းတွားတွား ရှိနေကြပါ၏။

'ဆရာရိရေ၊ ဝေဝေရန်ကို ကျုပ်တို့က တရပ်တကျေးက လာတဲ့ လူတွေကို လာတွေ့ဖော်တောင် မရဘူးလို့ တွေးနေကြတာ၊ တကယ်တော့ ကျုပ်တို့ ဆန္ဒစောနေကြတာ၊ အမတ် ချုပ်ကြီးကလဲ အခုလောက် အသေးအဖွဲကို မှုပြောတော့ဘူးလေ'

ဟု ပြောနေ၍ ဝမ်လင်းရိ စိတ်မရှည်ဘဲ....

'ကဲပါ၊ အကြောင်းရင်း ပြောစမ်းပါဦး'

ဟု ပြောလိုက်ရလေတော့၏။

ထိုအခါကျတော့မှ ဟိုမင်းလူက....

'အခုအချိန်မှာ ဝေဝေရန်ဟာ နယ်စားကြီး ရှောင်ဖင်းလို ခဲ့ခဲ့နှန်းရှင် အရိုက်အရာကို ခံယူမယ့် ခားနှန်းရှင်သခင်မ အလောင်းအလျာ ဖြစ်နေပြီတဲ့၊ ဒါကြောင့် အဆောင်ထဲမှာပဲ နေနေရတော့တယ်တဲ့၊ သူတို့ အစဉ်အလာအရ အခုလို အခိုင်း မျိုးမှာ ဝေဝေရန်ဟာ အလွန် ဘေးအန္တရာယ်များတဲ့ အခြေ အနေမှာ ရှိနေတယ်လို့ ပြောကြတယ်၊ သူ့အဆောင်ကို သွား တွေ့ဖို့လဲ မလွယ်ဘူး၊ အတွေ့ပေးမှာ မဟုတ်ဘူး၊ ကဲ....ပြော ချင်တာကတော့ ဒါပါပဲ'

ဟု ပြောလေသည်။

သည်တော့မှ ဝမ်လင်းရိလည်း....

'အင်းပေါ့လေ၊ ဒီလိုပဲရှိတော့မှာပေါ့၊ သူ့အရပ် သူ့ဘာတိပဲဆိုပါတော့လေ'

ဟု ပြော၏။

ခားချိတ်အနေအထား ပြုပြင်နေသော စောဟောင်းရှောင်ကလည်း....

'ဒီလိုကြားရတော့လဲ ဆရာရိအတွက် ကျုပ်တို့လဲ စိတ်မကောင်းပါဘူး'

ဟု ပြောလေသည်။ ထိုအခိုက် အစောင့်ရဲမက် တစ်ယောက် မြင်းစီး၍ ညွှေ့ရိပ်သာသို့ရောက်ရှိလာကာ ဝမ်လင်းကို မေးလေသည်။

'ကျုပ်ပဲ၊ ဘာကိစ္စရှိလို့လဲ'

ဟု မေးလိုက်သောအခါ အစောင့်ရဲမက်က....

'လူတစ်ယောက်က ဆရာဝမ်လင်းရိနဲ့ တွေ့ချင်တယ် ပြောလို့ လာခေါ်တာပါ'

ဟူသောအဖြေကို ကြားလိုက်ရသောအခါ ဝေဝေရန်ပင် ဖြစ်မည်ဟု အားလုံး အသိစိတ်ထဲ စီးဝင်လာလေသည်။

ထို့ကြောင့်လည်း ဝမ်လင်းရိုက အစောင့်ရဲမက်အား...

'အမျိုးသမီးလား'

ဟု မေးလိုက်မိ၏။

အစောင့် ရဲမက်ကမူ...

'မဟုတ်ပါဘူးဗျာ၊ အမျိုးသားပါ'

ဟု ပြောလာသဖြင့် အားလုံး ဇဝေဇဝါ ဖြစ်သွားခဲ့ကြ၏။ သည်မှာ စေဟောင်းရှောင်က...

'ကဲ.... ဘယ်သူဘယ်ဝါသိရအောင် ဆရာရိုပဲ လိုက်သွားလိုက်ပါ။ ကျုပ်တို့လိုမယ်ဆိုလဲ အသင့်ပါပဲ'

ဟု ပြောလိုက်လေသည်။ ဝမ်လင်းရိုက မည်သူကိုမျှ မခေါ်၊ သူတစ်ယောက်တည်းပဲ ထလိုက်သွားခဲ့လေသည်။

နယ်စားကြီး၏ စံအိမ်တော်ဝန်းကျင် ဆိုသော်လည်း ခြေလျင်သွားလျှင် ကြာမည်ဖြစ်သည်။ မြင်းကိုပဲ စီးလာခဲ့ရပါ၏။

သုံးအဆင့် မြောက်မြားစွာရှိသော တဖြေဖြေ ပြောင်တလက်သက် အဆောက်အအုံကြီးတစ်ခုရှေ့သို့ မရောက်ခင်ကတည်းက လေ့ကားရှည်ကြီးရှေ့တွင် ရပ်၍ စောင့်ကြိုလျက်

ရှိသော လူကြီးတစ်ယောက်ကို ဝမ်လင်းရိ တွေ့မြင်လာရပါ၏။

ထိုလူကြီးကား အခြားသူမဟုတ်၊ ဇဝေဝရန်၏ဖခင်ကြီး ဇဝအောလျန်ပင်ဖြစ်ပေသည်။

ဇဝအောလျန်သည် စံအိမ်တော် အင်္ကျီပုံစံမျိုး၊ အင်္ကျီနှီကြိုးကို ဝတ်ထားသဖြင့် ယခင်တွေ့စဉ်အခါကထက် ခံ့ညားနေလေသည်။

'မနက်ကပဲ ရောက်လာတာကွယ့်၊ တူမောင်ပါ ဒီကို ရောက်နေတဲ့အကြောင်း အမှတ်ချပ်ကြီး ပြောပြောချင်း တွေ့ချင်လွန်းလို့ အခေါ်လွှတ်လိုက်ရတာပါ'

'ဦးရီးတော်ကို အရင်လို မမျှော်လင့်ပဲ တွေ့လိုက်ရတော့ ကျုပ်ဖြင့် ဘယ်လို ဝမ်းသာသွားသလဲ မသိရလောက်အောင် ကျုပ်ဝမ်းသာခဲ့ရပါတယ်၊

'....ဦးတော်ရဲ့စာရွက်ကြီးကိုကျုပ်ဖတ်ပြီးရုံမကဒီကိုရောက်တော့လဲ အမတ်ချုပ်ကြီးကပါ သူ့အပိုင်းတွေ ပြောပြလို့ ကျုပ်ဖြင့် အားလုံးကိုနားလည် သဘောပေါက်နေပါပြီ'

ဟု ပြောပြီး နောက်က အဆောင်ခန်းတွင်းသို့ ဝင်ထိုင်ကာ တည်ခင်းသော သစ်သီးဖျော်ရည်များ သောက်ရင်း ဝမ်လင်းရိက ဇဝဝရန်နောက် လိုက်ခဲ့စဉ်က အဖြစ်ကို ပြန်လည်ပြောပြလိုက်လေ၏။

'အဲဒီတုန်းက တူမောင့်ကို ကျုပ်ကြိုပြော ပါတယ်၊ မလိုက်သင့်တော့ဘူးလို့၊ ပြီးတော့ ဓားနန်းရှင်က လူတွေ သိုင်းပညာ အလွန်မတန် ကျွမ်းတဲ့အကြောင်းတွေကို ကျုပ် ပြောတဲ့အတိုင်း ဖြစ်ခဲ့ရတာပဲပေါ့၊ ဒါတွေကလဲ ခုတော့ ဘယ်သူ့မှာ အပြစ်ရှိတယ် မဟုတ်တော့ပါဘူး တူမောင်ရယ်'

'ဟုတ်ကဲ့၊ အချိန်ဆိုတဲ့ တရားသူကြီးက ချမှတ်လိုက်တဲ့ စီရင်ချက်ပဲပေါ့၊ ဦးတော်ရယ်'

ထိုအချိန်မှာပဲ အဆောင်အတွင်းသို့ အထူးပုဂ္ဂိုလ်ဟုထင် မှတ်ရသော လူကြီးများဝင်သွားလိုက်ချေ၊ စိုးရိမ်မကင်းသော မျက်နှာအမူအရာများဖြင့် ပျာယီးပျာယာ ထွက်လာသူတွေ မသိမသာ ပိုရှုပ်လာသဖြင့် သူကြွယ်ကြီး ဝေအောလျန်က...

'ဝမ်လင်းရိ လာလာ၊ ကျုပ်နဲ့ အကွင်းဆောင်ကိုလိုက်ခဲ့၊ အတွေအကြုံ တစ်ခုပေါ့'

ဟု ပြောကာ အတွင်းဆောင်သို့ ခေါ်ဆောင်သွားလေ သည်။ အတွင်းဆောင်မှာ အခန်းဆောင်ကြီးများက အလွန် ကျယ်ပြီး အမိုးများကား အလွန်မြင့်မားလျက်ရှိ၏။

နေရာတိုင်းလိုလို မှန်အိမ်များ ချိတ်ဆွဲထားသဖြင့် တစ် ဆောင်လုံး လင်းလင်းလက်နေပေလိမ့်မည်။

အပြာရောင် ပန်းခက်ပါသော လူတစ်ရပ်မကရှိသည့် ကြေ

ပန်းအိုးကြီးများမှာ အခန်းတိုင်းတွင် အနည်းနှင့်အများ တွေ့ရ၏။

အောက်ကြမ် ပြင်တွင်လည်း ကောတုံဖြစ် ကော်ဇောနီ ကြီးများကို ခင်းထားသည်မှာ နင်းရက်စရာမရှိပေ။

အခန်းဆောင်ကြီး တစ်ခုရှေ့သို့ရောက်သော အခါ အခန်း တံခါးဝတွင်ရော၊ အခန်းတွင်းမှာပါ စံအိမ်တော် အိမ်သူ အိမ်သားများနှင့် မြို့စားကြီးများ ကိုယ့်အစုနှင့်ကိုယ် ရပ်နေ ကြသည်။ စကားလည်းမပြောကြပေ။

သလွန် ညောင်စောင်းပေါ်မှာကား နယ်စားကြီး ရှောင် ဖင်းလီသည် အမှောဖောက်နေလေ၏။

ဘေးတွင် အမတ်ချုပ်ကြီး ချိန်စွမ်းတောင်နှင့် သမား တော်ကြီးများရပ်ကာ နယ်စားကြီးမျက်နှာကို စူးစိုက်ကြည့် နေကြလေသည်။

နယ်စားကြီးက....

အမတ်ချုပ်ကြီး ချမ်စွမ်းတောင်အား....

'အမတ်ချုပ်ကြီး ကျုပ်ခေါ်ခိုင်းထားတဲ့ လူတွေရော ရောက်ပြီလား'

ဟု မေး၏ အမတ်ချုပ်ကြီး ချန်စွမ်းတောင်က....

'ဟုတ်ကဲ့၊ ရောက်နေကြပါပြီ'

ဟု ပြောလေရာ နယ်စားကြီး ရှောင်ဖင်းလီက အနား ခေါ်ရန် လက်ဟန်ပြ၏။ ပြီး အသက်ပြင်းပြင်း ရှူသွင်း မှုတ်ထုတ်နေလေသည်။

ထိုစဉ် မြို့စားကြီး ၃ ဦးနောက်ရှိလာကြလေ၏။

သူတို့က နယ်စားကြီး၏ လက်နှုန့်ကို ကိုင်ဆုပ်ထားကြ၏။

နယ်စားကြီး ရှောင်ဖင်းလီက မြို့စားကြီး သုံးဦးတို့၏ မျက်နှာများကို မော်ရှုကြည့်ကာ....

'ကျုပ်ရဲ့ လုပ်ဆောင်ခဲ့တာတွေ အခုတစ်ခါ တူမတော် ဝေဝေရန်ကို နောက်ဆုံး ခားနန်းရှင် ချီးဆက်အနေနဲ့ ခားနန်းသခင် မတင်မြောက်ဖို့ကိစ္စတွေအား လုံးကို အပ်ချုပ်ကြီး ရှင်းပြပြီးရော ပေါ့'

ဟု တိုးသက်ညင်သာ ပြောလေ၏။

သည်လိုအချိန်မျိုးကတော့လည်း ယခင် အကြိတ်အနယ် ပြောခဲ့ဆိုခဲ့သော မြို့စားကြီး သုံးဦးတို့သည် ဆက်လက် လုပ်ဆောင်မည့် အရေးကိစ္စများကို ကန့်ကွက်ရန် လုံး၀ စိတ်မကူးကြတော့ပေ။

'ကျုပ်တို့ကနယ်စားမင်းကြီးရဲ့ အဓိက ဆောင်ရွက်ခဲ့တာတွေကို သဘောမပေါက်ခဲ့လို့ ဝေဖန် ဟောပြော လုပ်ခဲ့မိတာ

ပေါ့ မှန်ပါတယ်၊ ခုတော့လဲ ကျုပ်တို့ သဘောပေါက်သွားပါပြီ'

ဟု ပြောလိုက်လေသည်။

ဤတွင် အမတ်ချုပ်ကြီး၏ အစီအစဉ်အရ မြို့စား သုံးဦး နယ်စားကြီးကို တွေ့ဆုံ ပြောဆိုပြီးသောအခါ အမတ်ချုပ်ကြီးချန်စုမ်းတောင် ယောက်ဖတော် ဝေအာလျန်ကို ရှေ့သို့ တင်ပေးလိုက်လေသည်။

နယ်စားကြီးသည်အတော်ပင်မှောပိုက်နေပြီဖြစ်၍ သမား တော်ကြီးတစ်ဦးက ရှတ်တရက်ဝင်ကာ အခြေ အနေကို စမ်းသပ်ကြည့်၏။

လက်ကောက်ဝတ်တွေကို ကိုင်ကြည့်သည်။

နှာခေါင်းတွေကို အသေအချာ လေ့လာသည်။

ဝေအောလျန်မှာ ယောက်ဖတော် ကံကုန်တော့မည့် အရေးကို အတွေးမဟုတ်ဘဲ အရေးပေါ် တွေ့လိုက်ရသော အခါ ရင်ထဲ ကြပ်လို့ သွားလေသည်။

သမားတော်ကြီးက ဖန်ကလပ်ကလေးထဲ ရေသန့်သန့် အနည်းငယ်ထည့်ပြီး ထိုရေသန့်သန့်ထဲ သွေးဆေးမှုန့် အချို့

ကိုထည့်ကာ နယ်စားကြီး ရှောင်ဖင်းလီအား တိုက်ရန်ကြိုးစား၏။

သို့သော်....

နယ်စားကြီး ရှောင်ဖင်းလီ လက်မခံတော့၊ လက်ကာပြသည်။

ပြီး....

ဝေအောလျန်ကို ရှေ့သို့ တိုးလာစေ၏။

'ဝေအောလျန် ကျုပ်ကိုစိတ်ဆိုးနေမှာပေါ့'

ဟု မေးသည်။

ဝေအောလျန်မှာ အမတ်ချုပ်ကြီးထံမှ နယ်စားကြီး ရှောင်ဖင်းလီ နတ်မိစ္ဆာဂိုဏ်းမှ လျှို့ဝှက် နက်နဲသော သိုင်းပညာကလွဲ၍ အခြားမည်သည့် ပညာမျိုးကိုမှ မယူကြောင်း လက်မခံဘဲ နေခဲ့ကြောင်း။

တချိန်ကမိမိအား ဖမ်းချုပ် အကျဉ်းချခဲ့သည်မှာလည်း နယ်စားကြီး၏ ရည်ရွယ်ချက်မှာ တစ်မျိုးတစ်ဖုံ ဖြစ်ကြောင်း မိမိအား အကျဉ်ခန်းဆဲက ခေါ်ထုတ်ခဲ့သည်ပင် အမတ်ချုပ်ကြီးသည် နယ်စားကြီး ရှောင်ဖင်းလီ၏ အမိန့်ဖြင့်သာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိထားခြင်းဖြစ်၏။

ထို့ကြောင့်လည်း ဝေအောလျန်က....

'ကျုပ်အဖြစ်မှန်တွေ သိလာရလို့ ဝမ်းလဲသာ၊ နောင်တော်ဘုရားအပေါ်မှာ အထင်အမြင် တိမ်းချော်ခဲ့တာကိုလဲ ဝမ်းနည်းမိပါတယ်'

ဟု ပြောလိုက်လေသည်။

'အေးအေး....အဖြစ်မှန်ကို သိကြဖို့ လိုတာပါပဲ၊ ခုနေခါမှာ ကျုပ်တို့လူမျိုးစုဟာ စုံစုစည်းစည်း ကျစ်ကျစ်လစ်လစ်ရှိမှ တော်ကာကျမှာ၊ မြောက်ပိုင်းက ပြိုပြိုဆင်းလာခဲ့တဲ့ နယ်မြေရဲ့ အရိုင်းတွေကို ကျုပ်တို့ ခုခံကာကွယ်ဖို့ လူအင်အား လိုတယ်၊ ညီညွတ်မှု လိုတယ်၊ ပြီးတော့ သိုင်းပညာဒါတွေ ပြည့်စုံနေဖို့လိုတယ်၊ တူမတော် ဝေစေရန်ဟာအလွန် ထက်မြက်တဲ့ မိန်းကလေးပါ၊ ဩော်....ကျုပ် နှမလေး ရှောင်ရှောင်ချူး မရှိတော့တာ စိတ်မကောင်း လိုက်တာ၊ ဘာပဲပြောပြောလေ၊ ခုတော့ ပြန်လည် စုံစည်းမိကြပြီပဲပေါ့'

ဟု ပြောပြီးနောက်တွင်ကား နယ်စားကြီး ရှောင်ဖင်းလီသည် အသံများ တိမ်ဝင်သွားသလို မျက်နှာများလည်းချကာ လက်အစုံတို့သည်လည်း ဆုပ်ကိုင်ထားရာမှ ခွဲခွာသွားလေပြီ ဟုသော အထိမ်းအမှတ်ဖြင့် ရုတ်တရက် လျော့ပြေ၍ကျသွားပါလေတော့သည်။

အခန်း [၅၉]

ရေခဲနှင်းတောင် ဒေသတွေဖြစ်နေသည်မို့ သသာညများမှာ မှုန်ဝါးလွန်း၏။

ဝမ်လင်းရိသည် ဧည့်ရိပ်သာ ဝရန်တာပေါ်တွင် ထိုင်ရင်းလရောင်ညကို ကြည့်ငေးလျက် ရှိနေလေသည်။

စေဇဟာင်းရှောပ်နှင့် ဟိုမင်းလူတို့မှာ သည်ကနေ့ အမတ်ချုပ်ကြီး စီစဉ်ပေးထားချက်အရ အရက်ပွဲတစ်ပွဲနှင့် တွေ့သဖြင့် ရေချိန်လွန်ပြီး အိပ်ရာ စောစောဝင်သွားပြီ ဖြစ်သည်။

စံအိမ်တော်အတွင်းဆောင်မှာကား နယ်စားကြီး ရှောင်ဖင်းလီ ကွယ်လွန် အနိစ္စံရောက်ခဲ့သည့်အတွက် ရိုးရာ အစဉ်အလာ အလုပ်များဖြင့် လူတိုင်းလိုလို အလုပ်တွေ ရှုပ်နေကြ၏။

ထိုကိစ္စများကိုမူ ဝမ်လင်းရိတို့မှာ ဘာမျှ ကူညီလုပ်ပေးနိုင်သည်လည်း မရှိ၍သာ နေလိုက်ရသည်။

အမတ်ချုပ်ကြီး ချန်စွမ်းတောင်နှင့်လည်း မတွေ့ရပေ။ ဝေအောလျန်ကတော့ နယ်စားကြီး၏ စျာပနကိစ္စ ပြီးလျှင် ဝေဝေရန်ကို အမြန်ဆုံး ဓားနန်းရှင် သခင်မအဖြစ် တင်မြှောက်တော့မည်ဖြစ်၍ ထိုကာလအထိ စောင့်ရန် ပြောသည်။

ဤအခြေအနေကိုလည်း ဤနယ်က ဆက်သားနှင့် စာမျှန်ဘာပေးသင့်ကြောင်း၊ သို့သော်လည်း လမ်းခရီးတွင်တုချင်းလူများ နှင့်တွေ့သွားမည်စိုး၍ ဆက်သားကိုမလွှတ်ဘဲ မိမိတို့သုံးဦး အနက်မှ တစ်ဦးဦးကို ပြန်လွှတ်၍ အကြောင်းကြားထားလျှင် ကောင်းမည်ဟု ဆိုသည်။

ထိုအကြောင်း မိမိတို့သုံးဦးသား တိုင်ပင်ဆွေးနွေးသောအခါ မိမိတို့ထွက်လာစဉ်က အသွားအပြန် ရက် ၃၀ ကာလ သတ်မှတ်ထားသဖြင့် ထိုရက်များအတွင်း ဤဓားနန်းသခင်မ ရေးကိစ္စများ အပြီးသတ် ပြီးငြိမ်းသွားနိုင်သည် ဖြစ်၍ အေးအေးဆေးဆေး စောင့်ကြရန် အဆုံးအဖြတ် ပြုထားသည်။

သည်ရက် သည်ကာလ ကျော်မည်ဆိုပါမူ ဟိုမင်းလူက

သူအရင်ပြန်၍ အကြောင်းစုံကို ရှင်းလင်း ပြန်ကြားပေးမည် အကြောင်း ပြောလေသည်။

ထို့ကြောင့်လည်း ယခုရက်ပိုင်းအတွင်း သွား လာ ခဲ့ အတိုင်းအတာအတွင်း သွားလာ လှုပ်ရှားနေခဲ့ကြ၏။

အခုညလည်း အစောင့်မျူးတစ်ဦး၏ သီခြား ဖိတ်ခေါ် ကျွေးမွေးသည့် ပဲတွင် သူတို့နှစ်ဦး အရက်အနည်းငယ်သောက် ခဲ့ကြသည်။

အရက်မှာ နှင်းတောင်ဒေသ ရိုးရာအရက်မျိုးဖြစ်လေ စေဟောင်းရှောင်တို့အတွက် ပြင်းသလိုရှိ၏။

သို့နှင့် အဆောင်ရိပ်သာကိုပြန်ရောက်လာသည်နှင့် သူ့ မှာ ခေါင်းမဆောင်နိုင်ဘဲ အိပ်ရာမျှားပေါ် လဲလျောင်း နေကြလေတော့သည်။

အခုတော့လည်း ကိုယ်တော်ချောတွေ တခေါခေါ အိပ် မောကျနေ ပါလေတော့သည်သာ။

ဆောင်းရာသီအစဟုဆိုသော်လည်း မြူတွေက ဝေဆိုင်း နေပြီး နှင်းပွင့်တွေက ကြွေသက်နေကြပြီ၊ အခုလို ညှဉ်ဦးတွင် သည်နှင်းပွင့်တွေ ဘာ့ကြောင့်ကြွေကျသလဲ တွေးစရာပင်။

လရောင်မှုန်ရီရီ မြင်ကွင်းတွင် နှင်းဖြူပွင့်တွေ သဲသဲလှုံ

ကြွေသက်နေသည်ကို မြင်တွေ့ရသောအခါ ဝမ်လင်းရိုက ဝေဝေရန်ကိုလည်း တွေ့ချင်နေသည်။ ပန်းကမ်ပိုးကိုလည်း လွမ်းနေမိသည်။

သည်လောက် ရက်စွန်းလာသည် ဆိုသည်နှင့်ပဲ ပန်းကမ်း ကတော့ဖြင့် လွမ်းမောနေတော့မည်မှာ သေချာသည်။

ဝေဝေရန် အဆက်တောင်းနှင့် တွေ့နေ ရလား စိုးရိမ် စိတ်ကလည်း သူမ၏ရင်မှာ အလွန်လှုပ်ရှား နေပေလိမ့်မည်။

ထိုအခိုက် အစိမ်းရောင် အရိပ်တစ်ရိပ်ကို ဝမ်လင်းရိ တွေ့ လိုက်ရလေသည်။

သိုင်းသမားတစ်ယောက်ဖြစ်နေကြောင်း၊ ထိုအစိမ်းရောင် အရိပ်တစ်ရိပ်ကို မြင်သည်နှင့် ဝရန်တာအတွင်းဘက် အောက် ခုန်ဆင်းလိုက်သည်။

အစိမ်းရောင်အရိပ်သည် လမ်းကြောင်းမပြောင်း ညှဉ့် ခိုပ်သာ အဆောက်အအုံဘက်သို့ တူရူပြု၍ ရွှေ့လျားလာ၏။ ညှဉ့်ရိပ်သာ အစောင့်ရဲမက်မှာ အိပ်ငိုက်နေလောက်ဖြီ။

'ဝှစ်'

'ဝှစ် ဟူး'

'ဟူး'

'ဟူး'

အစိမ်းရောင် အရိပ်သည် ရှေ့တူရှည့် တည့်တည့်မတ်မတ် ပြေးလာပြီးနောက် ဘယ်ဘက်သို့ ဖျတ်ခနဲ ကွေ့သွားသည်။

'ဝှီး'

'ဒုတ်'

'ဘုတ်'

ဝမ်လင်းရိဘေးတွင် တစ်စုံတစ်ခုလာကျသည်ကို သိလိုက်သည်။ ထိုအရာကို ကြည့်လိုက်သောအခါ ပိုးပဝါနီကလေး ဖြစ်နေသည်။

ကျောက်ခဲငယ်တစ်လုံးကို တစ်ဘက်ထောင့်တွင် ချည်ထားပြီး လွှဲ၍ပစ်တင်လိုက်ဟန်တူသည်။

ပဝါနီလေးကို ဝမ်လင်းရိက ဖျတ်ခနဲကောက်ပြီး စစ်ဆေးကြည့်လိုက်သောအခါ ပဝါနီလေးတွင် စာတန်းတစ်ခု တွေ့၏။

'ဝေဝေရန်'

ဝမ်လင်းရိသည် ဧည့်ရိပ်သာ အစောင့်အကြပ် ရဲမက်များ

အခြေအနေကို လှမ်းကြည့်လိုက်ပြီး လျှင်ပြီးခြင်း ဟူးခနဲ ဝရန်တာကို ကျော်လွှား၍ အစိမ်းရောင်အရိပ်ပြေးထွက်သွားသောနောက်သို့ ပြေးလိုက်သွားလေသည်။

ပထမဆုံး ဝမ်လင်းရိ တွေ့လာရသောနေရာမှာ ရေပြွန်ပေါက်တစ်ခုဖြစ်သည်။

ရေပြွန်ပေါက်ကို ကန့်လန့်ဖြတ်ထားသော တံတားငယ်တစ်ခုကိုတွေ့ရသည်။

အောက်တွင် စမ်းရေသည် တသွင်သွင် စီးဆင်းနေလေသည်။

သည်တံတားနီကို ဖြတ်ကျော်ရန်မလွယ်၊ ညဘက်တာဝန်ကျ၍ လှည့်လည်သွားလာနေသော စံအိမ်တော် လုံခြုံရေး အစောင့်ရဲမက်များနှင့် တိုးကာဖြေရှင်းနေရမည် ဖြစ်သည်။

သည်တံတားနီ၏ ဟိုမှာဘက်တွင် စံအိမ်တော် ဥယျာဉ်တော်ရှိသည်။

ဥယျာဉ်တော်ဟု ဆိုသော်လည်း ကြီးမားသော ဥယျာဉ်ကြီးတစ်ခုတော့ဖြင့် မဟုတ်ပေ။

ဝေဝေရန်ကား ဘယ်ရောက်နေပြီမသိ၊ ထို့ကြောင့် အစိမ်းရောင်အရိပ်ကိုရှာဖွေကြည့်ရှုရင်းတံတားနီသည်ဘက်မှာ ငြိမ်ငြိမ်ကလေး ရပ်လိုက်သည်။

'ဟား ဟား ဟား'

လှည့်လည် စောင့်ရှောက်နေသော ညစောင့်ရဲမက် ၃-၄ ယောက် လျှောက်လာ၏။

'ဟေ့ ၊ မင်းရယ်သံက ကျယ်လိုက်တာ၊ နယ်စားကြီး ရှောင်ဖင်းလီ အနီစွဲရောက်လို့ အားလုံးဝမ်းနည်းကြေကွဲနေကြရတဲ့အထဲ'

အစောင့်ရဲမက်တစ်ဦးက ဝင်ပြောသည်။

'အစ်ကို'

ဝေဝေရန်ကား တံတားနီကလေး၏ဟိုမှာဘက်မှာ မဟုတ် တံတားနီကလေး၏ သည်မှာဘက်တွင်ပင် ရှိနေသည် မဟုတ်ပါလား။

'ဩော်....ဝေဝေရန်က ဒီမှာကိုး'

'ဟုတ်တယ်၊ အစ်ကို ထွက်လိုက်လာတာကို ကြည့်ကောင်း ကောင်းနဲ့ ကြည့်နေတာ၊ ခေါ်မလို့ဟန်ပြင်လိုက်တဲ့ အချိန် ညစောင့်ရဲမက်တွေ ဖြတ်လာတာနဲ့ အသာငြိမ်နေလိုက်တာ'

ဝမ်လင်းရိက လဆောင်ရိပ်ကို ရှောင်ကာ ဝက်သစ်ခြံ ပင်ကြီးတစ်ပင်အောက် မှောင်ရိပ်ထဲသို့ဝင်ရပ်လိုက်လေသည်။ ဝမ်လင်းရိ နောက်သို့ ဝေဝေရန်က လိုက်လာလေသည်။

သူမ၏ အစိမ်းရောင်ပိုးအင်္ကျီရှည်ကြီးမှာ ခုလို လသာညတွင် အလွန်လှနေ၏။

အိပ်မက်ထဲက မင်းသမီးလေးတစ်ပါး လမ်းလျှောက်လာနေသည်ဟုပင် တွေးထင်စရာ ဖြစ်နေလေသည်။

ဝမ်လင်းရိက....

'ဝေဝေရန် အပြင်ကို မထွက်ရဘူးဆို၊ ဘာဖြစ်လို့ ခုလို ခိုးထွက်လာရတာလဲဟင်'

ဟု မေးလိုက်လေရာ ဝေဝေရန်က....

'ဩော်....ခက်လိုက်ပါဘိတော့ အစ်ကိုရယ်၊ နောက်ဆို ကျွန်မလေ အစ်ကို့ကို ဘယ်တော့မှ တွေ့ရမှာ မဟုတ်ဘူး'

ဟု ဒေါသလေသံလေးဖြင့် ပြောလေသည်။

'ဘာဖြစ်လို့လဲ ဝေဝေရန်'

'အစ်ကိုမသိဘူးလား၊ ကျွန်မ အခုခေးနန်းရှင်သခင်မဖြစ် တော့မယ်လေ'

'မင်းတို့လူမျိုးစုရဲ့ အရှင်သခင်မဘဝကို ခံယူရတော့မှာ မဟုတ်လား'

'ဝမ်းသာစရာမဟုတ်ဘူးလား ကွယ်'

ထိုစကားကို ဝမ်လင်းရိုက ရင်ထဲနာကျင်စွာ ပြောလိုက်ခြင်း ဖြစ်သည်။

ဝေဝေရန်က မျက်နှာကလေးမော့ကာ ဝမ်လင်းရိုဘာတွင် ဘယ်သောအခါမှ မမေ့နိုင်လောက်သော အကြည့် မျက်လုံးကလေးများဖြင့် အတန်ကြာကြည့်နေရာမှ....

'အစ်ကိုရယ်....'

စကားကို ကြေကွဲစွာ ပြောလိုက်လေ၏။

သည်တော့လည်း....

ဝမ်လင်းရိသည် မိမိ၏ရင်တွင်းခံစားမှုကို ထိန်းချုပ်မရ ဖြစ်လာကာ ဝေဝေရန်၏ခန္ဓာကိုယ်လုံးကလေးကို အမှတ်မထင် ပွေ့ဖက်လိုက်မိပါလေတော့၏။

ဝေဝေရန်ကသည်း ရုန်းကန်တွန်းဖယ်ခြင်းမပြုတဲ့ ဝမ်လင်းရိကိုပင် အတန်ကြာ ပြန်၍ဖက်ထားပြန်၏။

ဤသို့ဖြင့်....

တစ်ခဏတာအချိန်ကလေးမှာ မကြုံဆုံကြရသော ချစ်သူ

နှစ်ဦးအဖို့ တစ်ဘဝတစ်ကမ္ဘာဟုပင် မှတ်ထင်နေမိ ပါလေတော့၏။

'အစ်ကို့ ကိုခွင့်လွှတ်ပါ'

'ခွင့်လွှတ်ပါတယ် အစ်ကိုရယ်'

တိုးတိတ်ညင်သာသောစကားလုံးကလေးများမှာ ဤတံတား အနီး ဝက်သစ်ချပင်ကြီးအောက်မှ ပေါ်ထွက်လာလေရကား ဝမ်လင်းရိအဖို့ကတော့ဖြင့် မပြောသာသော်လည်း ဝေဝေရန်အဖို့မှာကား အမှတ်တရ ဖြစ်နေရပေပြီ။

'ကိုယ့် လူမျိုးစုံအတွက် အသည်းနှလုံးကို စတေးခံလိုက်ရတာပါ အစ်ကိုရယ်'

ဝေဝေရန်က မျက်နှာကလေးမော်၍ ပြောလေသည်။ မျက်လုံးကလေးတွေက ပုတ်ခတ်မုတ်ခတ်။

'အစ်ကို ကျေနပ်ပါတယ်'

လေဆာငါသည်ကား မှန်တစ်ခါကြည်တစ်လှည့် မဟုတ်။ နှင်းပွင့်ကလေးတွေ ကြွေကျနေပြီမို့ မှန်၍ သာနေလေသည်။

'ကြည့်စမ်း'

ဝေဝေရန်၏ လက်မောင်းကလေးပေါ်မှာ နှင်းရည်စက်တွေ ပါကလား။

ထိုအခိုက်။

စံအိမ်တော်ဘက်တွင် လူတစ်စု ရုတ်ရုတ်သဲသဲဖြစ်နေသည့် အသံကို ကြားရလေ၏။

'အစ်ကို'

'ဘာလဲ ဝေဝေရန်'

'ကျွန်မ အစ်ကို့ကို ချစ်ပါတယ်'

'အစ်ကိုကလဲ ဝေဝေရန်ကို ချစ်ပါတယ်'

'ဒါပေမယ့်'

'အစ်ကို ဘာဘေပေါက်ပါတယ်ကွယ်၊ ကဲ....ဝေဝေရန် သွားတော့နော်'

ဝမ်လင်းရိုက ဝေဝေရန် မိမိရင်ခွင်ထဲမှ ထွက်ခွာသွားသည်ကိုပဲ ပြေး၍ ဆွဲထားရမည်လား အတွေးရောက်လိုက် မိလေသည်။

သို့သော်လည်း မနီးတော့ပြီ ဖြစ်သော ဘဝနှစ်ခုမှာ ကဲ့။

လသာညမှာ မှုန်ဝါးဝါး။

နှစ်ချမ်း နယ်စားကြီး ရှောင်ဖင်းလီ ကွယ်လွန်အနိစ္စ ရောက်သည်နှင့် ကျန်မြို့စားများ အားလုံး ပူဆွေး သောက ရောက်ကြရပါ၏။

ထို့အတူ တုန်လှုပ် ချောက်ချားခြင်းလည်းဖြစ်ကြရပြန်၏။

မြောက်ပိုင်းနယ်မြေရဲ့ မှုန်ဂိုလူမျိုးနွယ်စု လူရိုင်းများကား ကျိတ်၍ ဝမ်းမြောက် ဝမ်းသာကောင်း ဝမ်းမြောက် ကြပေလိမ့်မည်။

အကြောင်းမူကား နယ်စားကြီး ရှောင်ဖင်းလီ ကဲ့သို့သော ပုဂ္ဂိုလ်မျိုး တစ်မြောက်နိုင်ခြင်း မရှိက နယ်မြေကြီး တစ်ခုလုံး အစည်းပြေမည်။

ဝမ်လင်းရိတို့ သုံးဦးမှာလည်း မြေပြန့် ညှော့သည်တော်များအဖြစ် တက်ရောက်လာခဲ့လေသည်။

မျက်နှာစာ အနီးပတ်ဝန်းကျင်ပင်လျှင် သာမန် နယ်သူနယ်သားတွေ အုန်းအုန်းကျက်ကျက် ရောက်ရှိနေကြပါ၏။

အစောင့်အကြပ် ရဲမက်များကိုကား ဤဝန်းကျင်နေရာမှ တာဝန်ချထား၏။

မိမိတို့အပိုင်းကို မိမိတို့ကသာ တာဝန်ယူ ထမ်းဆောင်ကြမည်။

အစောင့်အကြပ် ရဲမက်များမှာကား ဤနေ့ ဤရက်တွင် သူးတက်ကြနေရမည်ဟုလည်း အမတ်ချုပ်ကြီးက သတ်ဆိုပ်ထုတ်ပို့အား အသိပေး ညွှန်ကြားထား၏။

ဤပွဲမျိုးတွင် အမှားပါ၍ မဖြစ်။

တက်ရောက်လာကြသူတိုင်း လိုလိုပင် စိတ်လှုပ်ရှားနေကြသည်။

အချို့ကား ဘယ်လို ဖြစ်လာမလဲ မစဉ်းစားဝံ့လောက်အောင် တုန်လှုပ်ချောက်ချားနေပါ၏။

အမှန်တော့လည်း အခြေအနေမှန်ကို သိရှိထားသူများမှာ နည်းသုံးယောက်သာ ရှိပါ၏။

ထိုအခါ မိမိတို့လို အကွက်ချောင်းနေသူများအဖို့ အခါအခွင့် မဟုတ်ပါလား။

အမှန်တော့လည်း သည်လို နယ်မြေကြီးများမှာ နေပြည်တော် ဘုရင်မင်းတရား၏ အုပ်ချုပ်ရေး အာဏာကလည်း အလွန်ဝေးကွာလှသည်ဖြစ်၍ ဦးဆောင် ခေါင်းရွက်မရှိသည်နှင့် အချင်းချင်း မာန်စောင်ကာ ပြဿနာငယ်များကိုပင် လျှင် ခဲ့ထွင်၍ ပေါ်ပေါက်စေမည် ဖြစ်သည်။

ယခုအခါ...

နယ်စားကြီး ရှောင်ဖင်းလီမှာလည်း အရိုက်အရာ ဆက်ခံရမည့် မျိုးဆက်နွယ် မရှိတော့ဟုလည်း ကြားသိနေရသဖြင့် ထိုအရိုက်အရာကို သူရန်းနီး ကိုယ်ရန်းနီးဖြင့် အမျှော်လင့်ကြီး မျှော်လင့်နေကြလိမ့်မည် ဖြစ်သည်။

ဤသို့မဖြစ်ခဲ့ပါလေ...မဖြစ်အောင်လည်း အမတ်ချုပ်ကြီး ချန်ဝမ်းတောင်က လိုအပ်သော အစီအစဉ်များကို နယ်စားကြီး မရှောင်ဖင်းလီကို စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ထားခဲ့ပြီးဖြစ်ပါ၏။

ထို့ကြောင့်လည်း ဗဟိုပြုရာ စုရုံးတွေ့ဆုံရာ ခန်းမဆောင်ကြီးတဲ့သို့ မင်းပရိသတ်များ အားလုံး ရောက်ရှိနေချေပြီ

သူတို့လည်း အခုတော့ နယ်စားကြီး ရှောင်ဖင်းလီ ပြော
ပြချက်အရ ကျေနပ်လက်ခံသွားကြမြီ ဖြစ်သည်။

ကျန်မြို့စားများမှာကား နယ်စားကြီး ရှောင်ဖင်းလီ
အရိုက်အရာကို မီမီတို့မြို့စားတွေထဲက ဘယ်သူတွေ ကံထူ
လေမှလဲ တွေးတော ဝဉ်းစားနေပါ၏။

ဝမ်လင်းရိတို့ လူစုမှာ အဖြေကိုသီထား၍ စိတ်လှုပ်ရှား
ခြင်း မရှိသော်လည်း ဝမ်လင်းရိအဖို့မှာကတော့ လွမ်းမော
ဖွယ်ရာ အဖြစ်အပျက်တစ်ခု ဖြစ်နေပါ၏။

ခန်းဆောင်ကြီးကား ကြီးမားလှ၏။

ကျောက်မျက်ရတနာများ တပ်ဆင်ထား၏။

ကျယ်ဝန်းလှသော ခန်းမဆောင်ထဲတွင် များပြား
သော အကြီးအကဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ်များ ရှိနေ
လေ၏။

သူတို့အားလုံး ပကတိ တည်ငြိမ်စွာရှိ၏။

ထူးခြားစွာ တိတ်ဆိတ်နေသည်ဟု ဆိုရပေမည်။

ခန်းမဆောင်၏ ခေါင်းရင်းပိုင်း (ယခင် နယ်စား

ရှောင်ဖင်းလီထိုင်ခဲ့သည့်နေရာ)ကိုကား ကြက်သွေးရောင်ကတ္တီ
လိုက်ကာကြီးတစ်ခုကို ကာရံထား၏။

မည်သည့်အတွက်ကြောင့်ကတ္တီပါနီကြီး ချထားသည်ကို
ား မည်သူ တစ်ဦးတစ်ယောက်မျှ မသိကြသေးပေ။

မြို့စားများကား ဝမ်လင်ရိတို့ ရှေ့တွင် သီးခြား နေရာ
ပေးထား၏။

သူထို့သည်လည်း မမြင်စဖူး အသွင်ထူးနေသော ထိုကတ္တီပါ
ကြီးကြောင့် တစ်ဦးမျက်နှာတစ်ဦး ကြည့်ကာ ဖြစ်နေကြ
ပါ၏။

ထူးခြားမှုတစ်ခုခု ရှိနေပြီဟူသော အသိကားသူတို့ ရင်ထဲ
သည်းထဲ ၁ယ် ဝင်ရောက် နေရာယူထားချေပြီ။

အမတ်ချုပ်ကြီး ချန် စွမ်း တောင် သည် အဝါရောင်
အင်္ကျီရှည်ကြီးကို မဟာဆန်စွာ ဝတ်လျက် ပရိသတ်အလယ်
နေရာသို့ လျှောက်လှမ်း၍ လာချေပြီတကား။

အမတ်ချုပ်ကြီးကို ကြည့်မြင်ရသည်မှာ ယခင်ကနှင့်မ တူ
ခန့်ငြားထယ်ဝါလှပါကလားဟု ဝမ်လင်းရိ တွေးထင်
ကိမိလေ၏။

ပရိသတ်ကြီးကား အမတ်ချုပ်ကြီး ပြောမည့်စကား
သာလျှင် စိတ်ဝင်တစား မျှော်လင့် စောင့်စားနေပါ၏။

အမတ်ချုပ်ကြီး ချန်စွမ်းကောင်က စကားကိုရှတ်တရက်
မပြော၊ ပရိသတ်ကြီးတစ်ခုလုံးကိုက အရင်ဆုံး လေ့လာ
အကဲခတ်၏။

ထို့နောက်။

'ကြွရောက်လာကြတဲ့ မြို့စားမင်းများနဲ့ မင်းပရိသတ်
အပေါင်းတို့ ခင်ဗျား၊ အခုအချိန်ဟာ သခင်ဟောင်း နယ်
စားကြီး ရှောင်ဖင်းလီ မရှိတော့တဲ့ စပ်ကြား အချိန် ဖြစ်
တယ်'

'အထူးသဖြင့် ပြောချင်တာကတော့ နယ်စားကြီးနေ
မှာ သခင်သစ်၊ တစ်နည်းပြောရရင် ဓားနန်းရှင် တစ်ဦး
တင်မြောက်ကြရမှာ ဖြစ်တဲ့အချိန်ပါပဲ'

'သခင်သစ်ဟာ ကျုပ်တို့နယ်မြေကို ကျူးကျော်လာ
သမျှ ရန်သူများကို ခုခံတော်လှန် တိုက်ခိုက်နိုင်တဲ့ စွမ်းရည်
လဲ ပြည့်စုံတဲ့ လူမျိုးသာ ဖြစ်ရပါမယ်၊ ကျုပ်ပြောတာ
ဟုတ်ပါသလား အဆွေတော်တို့ခင်ဗျား'

ဟု အောင်မြင်သော လေသံဖြင့် ပြောလိုက်လေရာ
သတ်ကြီးက....

'မှန်ပါတယ်၊ အမတ်ချုပ်ကြီး စကားဟာ သင့်တင့်
လျော်ကန်တဲ့ စကား ဖြစ်ပါတယ်'

ဟု ဖြေသည်။

ပြီး....

အမတ်ချုပ်ကြီး အာဆက်ပြောမည်ကို သိလိုလှစွာဖြင့်
ငေးစိုက်၍ ကြည့်နေလေသည်။

ခေါင်းဆောင်သစ် ဓားနန်းရှင်ကို မရွေးလျှင် မည်သူ့ကို
ရွေးမည်နည်း။

မိမိတို့ထဲကတစ်ယောက်ယောက်ကိုတော့ဖြင့် အမှန်တကယ်
ရွေးရမည် မဟုတ်ပါလား။

မှန်သည်။ ယခင်နယ်စားကြီး ရှောင်ဖင်းလီ၏ အနွယ်
တော်မှာ ပြတ်ခဲ့ပြီပဲ။

သူတို့ထဲက မည်သူသည် သူပြောသည့် အရည်အချင်းနှင့်
ပြည့်စုံနေသူ မည်သူနည်း၊ ဤသည်ကိုကား သိလိုလှပါ၏။

မည်သူကိုများ အမတ်ချုပ်ကြီးက ရွေးချယ်တစ်မြောက်
ပါမည်နည်း။ ထိုသူအားကျေနပ်သည်။ မကျေနပ်သည်ဆို
သည့် အချက်ကား နောက်တစ်ကိစ္စဖြစ်ပါ၏။

ထိုအချိန်တွင် အမတ်ချုပ်ကြီး ချိန်စွမ်းတောင်ထံမှ အ
ဩဇာနှင့် ပြည့်စုံလှသော အသံကား ထွက်ပေါ်လာ
တော့သည်သာ

'ကျူးကျော်စော်ကားမှု မှန်သမျှကို တွန်းလှန်တိုက်ခိုက်
နိုင်စွမ်းရှိတဲ့ အရှင်သခင်ရဲ့ ဦးဆောင်မှုအောက်မှာ ကျုပ်တို့
ညီညီညွတ်ညွတ် နေသွားကြရမှာလဲ ဖြစ်ပါတယ်'

'မှန်ပါတယ်၊ အမတ်ချုပ်ကြီး'

'ခေါင်းဆောင်သစ်ကို အမတ်ချုပ်ကြီးရွေးချယ်ပါတော့'

အားလုံးကတော့ အမတ်ချုပ်ကြီး၏စကားကိုပဲ ထောက်
ပြောကြားနေလေပြီ။

အမတ်ချုပ်ကြီး၏မျက်လုံးတို့သည် တန်းစီ၍ ထိုင်နေသော
မြို့စားများထံသို့ ရောက်ရှိသွား၏။

သူတို့ထဲတွင် နယ်စားကြီး မကွယ်လွန်မီ ပြောဆိုသွား
သော မြို့စားသုံးဦးကား ပါရှိပြီးဖြစ်ပါ၏။ သို့သော် သူတို့
သည်လည်း အတိအကျတော့ဖြင့်မသိကြသေးပေ။ ဤသည်မှာ
အမတ်ချုပ်ကြီးက လျှို့ဝှက် လေ့လာမှုဖြင့် သိရှိထားခြင်း
သာဖြစ်ပါ၏။

သူတို့အားလုံးသာမက အမတ်ချုပ်ကြီးကိုယ်တိုင် စိတ်
ယူပ်ရှားနေပါ၏။

ပြီးသော် အမတ်ချုပ်ကြီးသည် လည်ချောင်း တစ်ချက်
ရှင်းလိုက်ပြီး ထည်ဝါသော အသံဖြင့် အားလုံးကြားလောက်
အောင် ကြေငြာလိုက်ပါလေတော့သည်။

'ကြွရောက်လာကြတဲ့ အကြီးအကဲ ပရိသတ်အပေါင်းတို့
ခင်ဗျာ၊ ကွယ်လွန်သွားခဲ့တဲ့ နယ်စားကြီး ရှောင်ဖင်းလီရဲ့
အရိုက်အရာကိုဆက်ခံဖို့ ကျုပ်တို့ သခင်သစ်ကို ရွေးချယ် တင်
မြှောက်လိုက်ပါပြီ၊ အကြီးအကဲ အားလုံး သခင်သစ်ကို
ပြီးညွတ်ဂါရဝပြုကြပါခင်ဗျား'

အမတ်ချုပ်ကြီးစကားအဆုံးတွင်ခန်းမဆောင်ခေါင်းရင်း
ပိုင်းတွင် ချထားသော ကြက်သွေးရောင် ကတ္တီပါနီ လိုက်ကာ
ကြီးမှာကား ဘေးဘက် တစ်ဖက်ဆီသို့ ပွင့်ဟသွားပါလေ
တော့၏။

ထိုကတ္တီပါလိုက်ကာ စကြီး ဖွင့်ဟသွားသည်နှင့် တစ်ပြိုင်
နက်တည်း ရတနာများ စီခြယ်ထားသော ထိုင်ခုံကြီး တစ်
လုံးတွင် အလွန် ပျိုမြစ် ချောမောလှစွာသော ဝေဝေ
ရန်မှာ ဓားနှန်းသခင်မ အဆောင်အယောင်များဖြင့် ခံ့ညား
စွာထိုင်နေသည်ကို တွေ့ရပါလေတော့၏။

ပရိသတ်များအားလုံး တစ်ပြိုင်နက်တည်းလိုပင် ကြိုတင်
သိရှိထားသူက လွဲ၍ ကြက်သေသေသွားသည်။

'ဟာ'

'ဟင်'

'အို'

'ကြည့်စမ်း'

မထင်မှတ်သော ထူးခြားဆန်းကြယ်သည့် မြင်ကွင်းကို မြင်တွေ့လိုက်ရခြင်းကြောင် ပရိသတ်ကြီး၏ အာမေဋိတ်သံများအား စီစီညံသွားပါလေတော့၏။

အချို့မှာ အံ့ဩလှသည်ဖြစ်၍ ပါးစပ်အဟောင်းသား

'ကြွရောက်လာကြတဲ့ အားလုံးသော အကြီးအကဲအပေါင်းတို့။ အခုဆက်ခံခဲ့တဲ့ ဓားနန်း သခင်မလေးဟာ အခြားသူ မဟုတ်ပါဘူး၊ နယ်စားကြီး ရှောင်ဖင်းလီရဲ့ တူမတော် ဝေဝေရန်ဖြစ်ပါတယ်၊ သူဟာ ကျွန်ုပ်တို့အထက်မှာ ဖော်ပြခဲ့တဲ့အရည်အချင်းတွေနဲ့ပြည့်စုံတဲ့ မိန်းကလေးတစ်ဦးဖြစ်ပါတယ်'

အမတ်ချုပ်ကြီးက ထပ်မံ ပြောပြလိုက်ပြီးသော အခါ တစ်ယောက်တစ်မျိုး၊ အမျိုးမျိုးသော စကားအနည်းငယ်ကို တော့ဖြင့် ပြောကြပါသေးသည်။

သို့သော်....

နောက်ပိုင်း မပြောကြတော့ပေ။

အကြောင်းမူကား အမတ်ချုပ်ကြီး၏ လူယုံတော် အကြီးအကဲများကလည်း နောက်တွင် အသင့်နေရာယူထားကြပါ၏။

အရေးရှိက အမတ်ကြီး အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တည်း သူတို့က သွက်လက်စွာ လှုပ်ရှားကြတော့မည် မဟုတ်ပါလား။

အချို့က ပြောချင်ဆိုချင် ကြပါသေးသည်။ သို့သော်လည်း သူတို့ အခြေအနေကို ရိပ်စားနားလည်ကြပါ၏။

ဝိုင်းရံထားသော လူယုံတော်များကား အမတ်ချုပ်ကြီး၏ ဝံအိမ်တွင် တိတ်တဆိတ် ခေါ်ယူတွေ့ဆုံခဲ့သော လူရင်းလူယုံ အကြီးအကဲများပင် မဟုတ်ပါလာ။

ထို့နောက် အမတ်ချုပ်ကြီး ချန်စွမ်းတောင်က....

'ဟောဒီစာဟာ နယ်စားကြီး မကွယ်လွန်မီ သူ့တူမတော်ကို အရိုက်အရာ လွှဲပြောင် ပေးခဲ့ကြောင်း ရေးသားထားတဲ့ စာချွန်တော်ပါပဲ၊ နယ်စားကြီးရဲ့ တံဆိပ်တော် ခပ်နှိပ်ထားပါတယ်၊ ကြည့်နိုင်ကြပါတယ်'

ဟု ပြောလိုက်ပါလေတော့၏။

ထမ်းစင်ပေါ်တွင် ပိုးပဲ ကတ္တီပါများ ခင်းထားသည့် အခင်းတွင် လိုက်ပါလာသူကား နတ်မိစ္ဆာဂိုဏ်းချုပ် ချုံပိုက်ရှားပင် ဖြစ်ပါ၏။ သူသည် အလွှန်စိတ်ဆိုးသော မျက်နှာကြီးဖြင့် လိုက်ပါလာခြင်းပင်။

ချုံပိုက်ရှားသည် ထမ်းစင်ဘေး လက်ကိုင်နှစ်ဘက်ကို ဝင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

ဗဟိုခန်းမဆောင်ရှေ့သို့ ရောက်သောအခါ အစောင့်အကြပ်များလည်း မမျှော်လင့်ပဲ ချုံပိုက်ရှားကို တွေ့လိုက်ရခြင်းကြောင့် တုန်လှုပ် ချောက်ချား သွားကြရလေ၏။

ဤအရပ်ဒေသမှ လူများအား နတ်မိစ္ဆာဂိုဏ်းက အင်းအိုင် လက်ဖွဲ့ စသော လောကီအဓိတ်ပညာများဖြင့် အညွှာကိုကိုင်ထားသဖြင့် အားလုံး သူတို့ကို လွှန်စွာကြောက်ရွံ့ကြရပါ၏။

ချုံပိုက်ရှားဆိုလျှင် နတ်မိစ္ဆာ ဂိုဏ်းချုပ် ၃၀ မြောက်ဂိုဏ်းချုပ်ဖြစ်ပါ၏။

သူက ထမ် စင်ပေါ်မှ....

'ဟေ့၊ ငမိုက်သားတွေ ဗဟိုခန်းမဆောင် တံခါးကို အခု ဖွင့်လိုက်စမ်း'

ဗဟိုခန်းမဆောင်ကြီး ရှေ့မျက်နှာစာတွင် အုပ်အုပ်သဲသဲ ဖြစ်ချေပြီ။

လူအုပ်ကြီးကိုကျော်လွှားကာ တစ်စုံတစ်ခုသည် ဗဟိုခန်းမဆောင်၏ တံခါးပေါက်ဆီသို့ လျှင်မြန်သော အရှိန်အဟုန်ဖြင့် တိုးရွှေ့သာနေ လပြီ။

လူအုပ်သည်ပင်လျှင် စိုးရိမ်ကြောက်ရွံ့စွာဖြင့် ဘေးဘီသို့ အလျှင်အမြန်ဖယ်ပေးလိုက်ကြ၏။

တိုအရာကား အခြားမဟုတ်၊ ထမ်းစင်ကြီးတစ် ခုသာတည်း။

ထိုထမ်းစင်ကြီးကို ညွှန်ရှင်းသော အဝတ်များ ဝတ်ဆင်ထားသည့် သိုင်းသမားခြောက်ဦးက ထမ်းလာကြလေ၏။

ဟု ကျွန်းဟိန်းသံကဲ့သို့သော အသံကြီးဖြင့် အော်ဟစ် အမိန့်ပေး၏။

အစောင့်အကြပ်များ တံခါးကို ဖွင့်မပေးဘဲ မနေဝံ့ကြပေ။ သူဝယ်သည် ချုပ်ပိုက်ရှူးအသံကို ကြားရသည်နှင့်ပင် ခန်းမဆောင် တံခါးကို ဖွင့်ပေးလိုက်ပါလေတော့၏။

အမတ်ချုပ်ကြီး အမှာစကားကိုပင် မေ့လျော့သွားပါ၏။ ပြုစားမည်လား ဟူသော ကြောက်စိတ်ကြောင့် ဟုလည်း မှတ်ယူနိုင်ပါ၏။

'မြန်မြန်ဝင်ကြစမ်း'

ချုပ်ပိုက်ရှူးက ဒေါသတကြီး အော်ဟစ်လိုက်သဖြင့် အထမ်းသမား ခြောက်ယောက်သည်လည်း ရုတ်တရက် ဗဟိုခန်းဆောင်ထဲသို့ ဝင်လိုက်ကြလေတော့၏။

ရုတ်ရုတ်သဲသဲ အသံဗလံများကြောင့် ပရိသတ်အပေါင်းသည်လည်း အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ကြလေ၏။ ဒေါသတကြီးဖြင့် ဝင်ရောက်လာသော နတ်မိစ္ဆာ ဂိုဏ်း ချုပ်ကြီး ချုပ်ပိုက်ရှူးကို တွေ့လိုက်ရသောအခါ ပရိသတ်ကြီး ရုတ်တရက် ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ချောက်ချား သွား၏။

ချုပ်ပိုက်ရှူးကား မီးထွက်မတတ်သော မျက်လုံးများဖြင့်

ပရိသတ်ဘက်လှည့်ကြည့်ကာ လက်ထဲ ကိုင်ထားသည့် တောင်ဝှေးကြီးကို ဒိုင်းခနဲမြည်အောင် ဆောင့်ကာ....

'မင်းတို့ ဘာတွေလုပ်နေတာလဲ၊ ကျုပ်ကိုလဲ ပြောစမ်း ပါဦး၊ ဟင် ဒါက ဘယ်သူ့ အစီအစဉ်လဲ၊ ဘယ်သူ့ အကြံ အစည်လဲ'

ဂိုဏ်းချုပ်ကြီး၏ အသံမှာ ဟိန်းနေသည်။ ခန်းမဆောင် တစ်ခုလုံး သူ့အသံကလဲ့လျှင် အားလုံးတိတ်ဆိတ် ငြိမ်သက် နေလေသည်။

ခန်းမဆောင်ထဲရှိ သူတို့အားလုံး ကြောင်ကိုချွေ ဘယ်သူ ဆွဲမလဲ ကြည့်နေသည့် ကြောက်မျှားပမာ။

သိုင်းသမားခြောက်ယောက်တို့က သူတို့ပုခုံးထက်မှ ထမ်းစင်ကို ချပေးလိုက်ကြသည်။

ချုပ်ပိုက်ရှူးအဘိုးကြီးသည် ထမ်းစင်ပေါ်က စုန်းခနဲ ခုန်၍ ဆင်းလိုက်ပြီး ဆက်လျှောက်သွားကာ တစ်နေရာအရောက်တွင် ရပ်လိုက်၏။

မီးထွက်မတတ် တောက်ပနေသော မျက်လုံးများဖြင့် အားလုံးကို လှည့်ပတ်ကြည့်ရှုကာ တောင်ဝှေးကြီးကို ဒုန်းကနဲမြည်အောင် ဆောင့်ချလိုက်ပြန်၏။

'ဒုန်း....'

'ဒုန်း....'

'ကျုပ်မေးနေတာ မကြားကြဘူးလားဟေ့၊ ပြောကြစမ်းလေ'

နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရူးက ဟိန်းဟောက်နေပြန်ပါ၏။

အားလုံး ငြိမ်သက်နေကြသည်။

ထိုအချိန်တွင်....

ဝမ်လင်းရိက ဝေဝေရန်အား လှည့်ကြည့်လိုက်လေရာ ဝေဝေရန်နှင့် အကြည့်ချင်း ဆုံသွားလေသည်။

မည်သို့ဆိုစေ၊ ဝမ်လင်းရိကတော့ ဝေဝေရန်အား ထိပါးလာလျှင် ဝင်ရောက် ကာကွယ်ရမည်ဟု တွက်ထား၏။

အမတ်ချုပ်ကြီးနှင့် ဝေအောလျန်တို့ကမူ အခြေအနေကို ကြည့်နေသည်။

ပခုံးချင်း ယှဉ်လျက် ရပ်လျက် လက်တွေကို တင်းတင်းပိုက်လျက် ချုံပိုက်ရူ အား စူးစိုက်ကြည့်နေသည်။

ထိုအခါ....

ချုံပိုက်ရူး၏ အမျက်ဒေါသမှာ အမတ်ချုပ်ကြီးထံသို့ ရောက်ရှိသွားပါလေတော့၏။

သို့နှင့် အဘိုးကြီးနှင့် သိုင်းသမား ခြောက်ယောက်တို့သည် ရှေ့သို့ လျှောက်လာကာ....

'ဩော်....လက်စသပ်တော့ တရားခံက မင်းတို့ကိုး၊ ဓားနန်းရှင် နေရာအတွက် တင်မြောက်ရအောင် ကျုပ်ရဲ့ ခွင့်ပြုချက်ကို ယူခဲ့ကြသေးလို့လား ပြောစမ်း'

ဟု ဒေါသသံဖြင့် မေး၏။

အမတ်ချုပ်ကြီး ချန်စွမ်းတောင်နှင့် ဝေအောလျန်တို့က လုံးဝ ဂရုမစိုက်လေဟန်၊ လက်ပိုက်မြဲ လက်ပိုက်နေလေ၏။

ချုံပိုက်ရူး အဘိုးကြီးက ဝေအောလျန်နှင့် ဝေဝေရန်တို့ သားအဖကို တစ်လှည့်စီ လက်ညှိုးထိုး၍....

'ဒီသားအဖဟာ နတ်မိစ္ဆာဂိုဏ်းတော်ကြီးရဲ့ ပညာရပ်တွေကို သစ္စာဖောက်လို့ သေဒဏ်ပေးခံရတဲ့ လူတွေ မဟုတ်လား၊ သစ္စာဖောက် ရာဇဝတ်ကောင်တွေကိုမှ တင်မြောက်ရတယ်လို့ မင်းတို့ ရူးနေကြသလား'

ဟု အော်ပြန်၏။

သည်အခါကျတော့ အတန်ကြာ ချုပ်တည်းထားခဲ့သော အမတ်ချုပ်ကြီး ချန်စွမ်းတောင်၏ဒေါသမှာ ပေါက်ကွဲလျှံထွက်လာပေ လေတော့၏။

'ဒီမှာအဘချုံပိုက်ရူး၊ ဒီကိစ္စဟာ ကျုပ်တို့ ဆန္ဒချည်းမဟုတ်ပါဘူး၊ ကွယ်လွန်သူ နယ်စားကြီး ရှောင်ဖင်းလီ အဆုံးစွန်ကသာ အဓိကပါ'

ဟု ပြောလိုက်လေ၏။

ထိုစကားကြောင့် ချုံပိုက်ရူးမှာ ပို၍ပင် ဒေါသ ထွက်လာပုံရ၏။

အသားများ တဆတ်ဆတ် တုန်လာကာ....

'ဟိတ်....ဘယ်သူ့ ဆန္ဒပဲဖြစ်ဖြစ် ကျုပ် သဘောမတူရင် မတောင်မြောက်ရဘူးဆိုတာ မသိဘူးလား၊ အမိုက်တွေ၊ လူကားလတွေ၊ ကဲ....ဒီဟာမကို အခုချက်ချင်း နုပ်နုပ်စင်းကြစမ်း၊ သင်းတို့အားလုံးကို သုတ်သင်ကွပ်မျက်ပြီး ခွေးစာကျွေးကြစမ်း'

ဟု အော်ဟစ် အမိန့်ပေးလိုက်လေ၏။

သို့သော်လည်း....

မည်သူမျှ တုပ်တုပ်မျှ မလှုပ်၊ ငြိမ်လျက်သာရှိ၏၊

ထိုအခါ ချုံပိုက်ရူးမှာ ပို၍ ဒေါသဖြစ်လာပြန်၏။

'ဟိတ်....ကျုပ်ပြောနေတာကို မကြားဘူးလား၊ မင်းတို့နားတွေ ပင်းနေကြသလား၊ တုံးတွေ ငအကွေ့'

သည်ကွင်....

အမတ်ချုပ်ကြီး ချန်စွမ်းတောင်က....

'အဘချုံပိုက်ရူးဟာလွန်လာပြီထင်ပါတယ်၊ အဘချုံပိုက်ရူးရဲ့ သဘောတူ ခွင့်ပြုချက် ယူတယ်ဆိုတဲ့ အစဉ်အလာကို အခု ကျုပ်တို့လက်မခံတော့ဘူး၊ မှာ ယွင်းတဲ့ နတ်မိစ္ဆာ အယူဝါဒတွေ ပြန့်ပြူးနေတဲ့ အဘချုံပိုက်ရူးသာ ဒီနေရာက အမြန်ဆုံး ထွက်သွားပါ၊ ချက်ချင်း ထွက်မသွားဘူး ဆိုရင် တော့ ခြေနှစ်ဖက်ကို ဒူးဆစ်က ဖြတ်ပစ်ရပါလိမ့်မယ်'

ဟု တည်တည်ငြိမ်ငြိမ် ပြောလိုက်ပါ၏။

ထို့နောက်....

ဝေအောလျန်ကပါ။

'မှန်ပါတယ် အဘိုးကြီး၊ သင်းတို့ကို ကျုပ်တို့ အလိုမရှိ

တော့ဘူး၊ ကျုပ်တို့မျက်စိအောက်ကသာ အမြန်ဆုံး ထွက်သွားပါ၊ ထွက်သွားရင် အန္တရာယ်ကင်းပါလိမ့်မယ်'

ဟု ပြောလိုက်၏။

နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရှားသည် မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားကာ...

'ဘာပြောတယ်၊ ဘာပြောတယ်'

ဟု ပြော၏၊ ဒေါသက ထွက်လွန်းသဖြင့် စကားကိုပင် ဆက်မပြောနိုင်ရှိ၏။

သူတို့၏ တစ်သက်နှင့်တစ်ကိုယ် သည်လို ကြိမ်းမောင်းခြိမ်းခြောက်ခံရခြင်းမျိုးကို ယခုမှ ကြုံရဖူးသည် မဟုတ်ပါလော့။

သည်းကာ့။

'ဟီး...ဟီး'

'ဟာ...ဟာ...ဟာ'

ဟူသော ရယ်မောသံကြီးနှင့်အတူ...

ချုံပိုက်ရှား၏ ခန္ဓာကိုယ်ကြီးသည် လေထဲသို့ ရုတ်တရက် ပျံခဲသွားကာ ချန်စွမ်းတောင်အား စတင်တိုက်ခိုက်ပါ၌ လတော့၏။

နတ်မိစ္ဆာသိုင်းသမား ခြောက်ယောက်က ဝေအောလျှန်အား စိုင်းဝန်းတိုက်ခိုက်ပြန်ရာ ဝမ်လင်းရိတို့ သုံးဖော်ကား ဝေအောလျှန်ဘက်မှ ကူညီတိုက်ခိုက်၏။

ထိုအခါ....

ဝေဝေရန်ကပါ ဝမ်လင်းရိနှင့် ယှဉ်ကာ တိုက်ခိုက်၏။

ချန်စွမ်းတောင်မှာ နတ်မိစ္ဆာဂိုဏ်း၏ လျှို့ဝှက် သိုင်းပညာကို တတ်မြောက်ထားလင့်ကစား ရှီးရာ သိုင်းပညာကိုသာ အသုံးပြု၏။

'ယား....'

'ဟိတ်....'

'တိုင်း....'

ဓားနန်းရှင် ဘက်တော်သားများသည် တစ်ပြိုင်တည်း လိုလို ကြွေးကြော် အော်ဟစ်ကာ လေထဲသို့ ခုန်ပျံတက်သွားကြသည်ရှိရာ နတ်မိစ္ဆာတို့လည်း သူတို့၏ သိုင်းကွက်များကို တည်ကြတော့၏။

ပရိသတ်ကြီးမှာ လှုတ်ရာနေရာများသို့ ဝုန်းခနဲ ရှောင်

ကွင်းပေးကြရသည်ရှိရာ ဗဟိုခန်းမကြီး တစ်ခုလုံး ရုတ်ချည်းသဲသဲ ဖြစ်နေပါတော့၏။

'ဒိုန်း....'

'ဒလိမ်း....ဒိန်း'

'ဂျိမ်း....ဂျတ်...ဖြောင်း'

မြင့်မားလှသော ဗဟိုခန်းမဆောင်၏ မျက်နှာကျက်တွင်ပင် အမြှီးအဆိုင် ဆောင့်မိလျက်သား ဖြစ်သွားလေရကား....

တွေ့မြင်ရသော ပရိသတ်များမှာ ရင်သပ်ရှုမော ဖြစ်နေကြရပါ၏။

အထူးသဖြင့် ချုံပိုက်ရူး နှင့် အတူ ချန် စွမ်း တောင်၊ ဝေအောလျန်နှင့် ဝမ်လင်းရိတို့၏ ဘိုက်ကွက်များမှာ အံ့မခန်းရှိ၏။

မျက်နှာကျက်တွင် လျှပ်စီးများ လက်နေသည်သို့ရှိ၏။

'ချမ်း....'

'ဟိတ်....'

'ရှပ်....'

'အား....'

'ချစ်....'

ဝမ်လင်းရိနှင့် ဝေဝေရန်သည် နတ်မိစ္ဆာ သိုင်းသမားကြီး နှစ်ယောက်ကို တဝန့်ယူ တိုက်ခိုက်နေ၏။

ဝမ်လင်းရိက နဂါးငွေခေး သိုင်းကွက်ကို ထုတ်သုံး၍ ဝေဝေရန်က အရိပ်ပြေး သိုင်းကွက်ကို ထုတ်သုံး၏။

'ယား....'

'ဝိုး....'

'ဝုတ်....'

'ရှပ်....'

တိမ်စိုင်တိမ်ညွှန့်များ ကြားတွင် ဂဠုန်များနှင့် နဂါးများ အကြိတ်အနယ် တိုက်ခိုက်နေသည်သို့ရှိ၏။

တိုက်ခိုက်သံများ ကား ပြင်းထန်၏။ မိုးချုန်းသံများနှယ် ပဲ့နှဲ့၍နေ၏။

ချုံပိုက်ရူးကား အသက် (၆၀) ကျော် အဘိုးကြီး တစ်ယောက် ဖြစ်သော်လည်း သူ၏ နတ်မိစ္ဆာ သိုင်းကွက်များကား ကြောက်မက်စရာကောင်း၏။

ပရိသတ်သည် အလွန်ကြောက်လန့်ကြသော လူများသာ ပြန်ပြေးသွား ကြ၏။ အများစုမှာ လှုတ်ကင်းနိုင်မည့် နေရာ

များတွင် ခိုကပ်ကာ ကြုံရခဲသော အဆင့်မြင့် သိုင်းပညာတွေ့ များ၏ တိုက်ပွဲကြီးကို ကြည့်ရှုနေကြ၏။

အဖြစ်အပျက်နှင့် တိုက်ခိုက်မှုများမှာ မျက်စိတမှိတ် လျှပ်စစ်ပြက်အတွင်း သိုင်းသမားများ အသီးသီးတွင် သွေးစွန်းသွေးစများ စွန်းပေသွားချေပြီဘကား။

'ဝုန်....'

'ဝှီး....'

'ယား....'

စေဟောင်းရှောင်နှင့် ဟိုမင်းလူတို့မှာလည်း မိမိတို့ သင်ကြားတတ်မြောက်ထားသောရိုးရာမဟာမဟာသိုင်းကွက်များကို ထုတ်သုံးရသည့် အခြေအနေသို့ပင် ရောက်ရှိနေရပါ၏။

အကြောင်းမူကား နတ်မိစ္ဆာ ဂိုဏ်းသား သိုင်းသမားကြီးများ၏ နတ်မိစ္ဆာ သိုင်းကွက်များမှာ လျှို့ဝှက်နက်နဲလှသောကြောင့် ဖြစ်ပါ၏။

မျက်လုံးပြူးပြူးနှင့်ကြောက်စရာမျက်နှာပိုင်ရှင်နတ်မိစ္ဆာ သိုင်းသမားကြီးက ဟိုမင်းလူ၏ မဟာမဟာသိုင်းကွက်၏ လျှို့ဝှက်ချက်ကိုသိလိုရှိ ပထမပိုင်း ခံစစ်သဘောနှင့် တိုက်နေ၏။

သိုင်းကွက် ဆယ်ကွက်တိတိ ခံစစ်ဖြင့် တိုက်ခိုက်၏။ မဟာ မဟာ သိုင်းကွက်မှာ ရန်သူ့ထံမှ အတွင်းအား များလှင်များသလောက် နည်းလျှင်နည်းသလောက် ချိန်ဆတိုက်ခိုက်ရသော နည်းဗျူဟာ ဖြစ်သည်။

'ယား'

'ယိစ်'

ထို့နောက်ခုန်ပျ ဝင်ကာ ရန်သူ၏ ရင်ဘတ်နှင့်အကြောများမှအကြောအကွက်ကွင်းများကိုလက်ညှိုးများဖြင့်ထောက်ရမြင်းဖြစ်သည်။

သိုင်းကွက် ၁၀ ကွက်တွင် အကြောအကွက် အကွင်းနှစ်နေရာကို ထောက်မိသွားလေရာ နတ်မိစ္ဆာသိုင်းသမားကြီးမှာ သူ၏ မျက်လုံးပြူးကျယ်ကြီးများကိုပင် မပြူးနိုင်တော့ပေ။

သို့သော်....

မျက်လုံးပြူး နတ်မိစ္ဆာ သိုင်းသမားက ဟိုမင်းလူ၏ ခန္ဓာကိုယ်အောက်မိုင်း မလုံသည့်အချက် ရန်သူသိရှိသွားမှန်း သိသည်နှင့် ခုလိုလူချင်း လဲလှယ်၍ တိုက်ခိုက်ခြင်းပင်။

ဤသည်မှာလည်း ဆရာကြီး လုံကျုံဟုန်က....

'သိုင်းပညာ အဆင့်တူနေတဲ့အခါမှာ ဉာဏ်ပညာကိုပါ အသုံးပြုရတယ်၊ သဘောကတော့ ဉာဏ်ပညာကိုပါ ပေါင်းထည့်ပေးရတဲ့နည်းပါပဲ'

ဟုပြောကြားသည်ကို စေကောင်းရှောင် ပြန်လည်ကြားယောင် မိသောကြောင့်ပါပေ။

ထိုအချိန်တွင် ဝမ်လင်းရိနှင့် ဝေ့ဝေရန်တို့ မှာလည်း နတ်မိစ္ဆာ သိုင်းသမားနှစ်ယောက်အား ဟာကွက်မရှိရအောင် အလစ်မပေးဘဲ တိုက်ခိုက်နေရပါ၏။

'ဟိတ်'

'ဟိုက်'

'ရှတ်'

'စုန်း'

'အား'

နတ်မိစ္ဆာ သိုင်းသမား တစ်ယောက်က ဗလကောင်း၏။ ကျန်တစ်ယောက်က မျက်စီစွေစောင်းဖြစ်၏။

သူတို့နှစ်ယောက်စလုံး နတ်မိစ္ဆာဂိုဏ်းတွင် ထိပ်တန်း သိုင်းသမားများဖြစ်ကြောင်း သူတို့၏သိုင်းကွက်များက သက်သေခံလျက်ရှိ၏။

'ဝုန်းခနဲပျောက်သွားပြီး ဝုန်းခနဲပြန်ပေါ်လာကာ တိုက်ခိုက်သော ကိုယ်ပျောက် သိုင်းကွက် မှာ ကြောက်စရာကောင်း၏။

အကယ်၍သာ ကိုယ်ပျောက်သိုင်း၏ ပျော့ကွက်ဖြစ်သော အပူငွေ့နှင့် အနံ့အသက်၊ အသက်ရှူသံ ဖျောက်မရဟူသည့် အချက်ကို ဝမ်လင်းရိမသိခဲ့လျှင်သော်လည်းကောင်း ထိုအကြောင်း ဝေဝေရန်အား အရိပ်ပြေးသိုင်းကွက် သင်ကြားပေးစဉ်က မပြောမိလျှင်သော်လည်းကောင်း ဝမ်လင်းရိနှင့် ဝေဝေရန်တို့မှာ ယခုလောက် တိုက်ခိုက် ရတော့မည် မဟုတ်။

သိုင်းကွက် ဆယ်ကွက်လောက်နှင့် အသက် ပျောက်၊ ခန္ဓာကိုယ်အိုးစားကွဲလောက်ပါ၏။

'ဌိုး'

'ဝုန်စ်'

'ဝုန်စ်'

မျက်စိစေ့စေ့ဆောင်းက ညီညာစ်ညစ်အင်္ကျီထဲက ကြယ်ပွင့်လက်နက်ပုန်းများကို ပစ်လွှတ်၍ တိုက်ခိုက်လာ၏။

လက်နက်ပုန်းများကို ပစ်လွှတ်တိုက်ခိုက်သည်ကို ထောက်ချင့်မိသဖြင့် ၎င်းတို့ သိုင်းပညာကျမ်းကျင်မှုသော် လည်းကောင်း....

အတွင်းအားစုစည်းမှုသော်လည်း လျှော့နည်းမည်ဆိုသည့် အချက်ကို ဝမ်လင်းရိ ကောင်းကောင်း သိရှိလိုက်လေ၏။

သို့နှင့်....

ဝမ်လင်းရိသည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး....

'ယား'

အားပြိုသံနှင့်အကူ အထက်သို့ ခုန်ပျံတက်သွား လေ၏။ မျက်စိစေ့စေ့ဆောင်းလည်း ထပ်ခြင်းကာ ခုန်ပျံတက်လိုက်လာလေ၏။

'ယား'

အထက်သို့ရောက်သည်နှင့် လေထဲတွင် သိုင်းကွက် နှစ်ကွက် တိုက်ခိုက်၏။

'ဝုန်စ်'

'ဖတ် ဖတ်'

'ဖြောင်း'

'အင့်'

သည်တိုက်ကွက်တွင် မျက်စိစေ့စောင်း၏ ရင်ဘတ်တစ်ခုလုံးပင့်သွားသည်နှင့်အမျှ ဝမ်လင်းရိ၏ ထိမိသောတိုက်ကွက်တစ်ကွက်ကို ခံလိုက်ရပါ၏။

သို့နှင့် အောက်သို့ 'အင့်' ဟူသော ညည်းညူသံနှင့်အတူ ပြန်ကျသွားလေသည်။

သို့သော် မျက်စိစေ့စောင်းက ဒက်ကျီအိတ်ထဲက ဆေးလုံးတစ်လုံးကို ပါးစပ်ထဲ ပစ်ထည့်လိုက်၏။

ဒဏ်ကြေဆေးလား။

သို့မဟုတ်။

တစ်ပွဲထိုး အောက်လမ်း ဆေးလေလား ဝမ်းလင်းရိ မသိပေ။ မည်သို့ဆိုစေ၊ ဝမ်လင်းရိကမူ မိမိ၏တိုက်ကွက်အချိတ်အဆက်များ၊ စီစဉ်ထားသည့်အတိုင်း နဂါးငွေ့ခေါင်းသိုင်းကွက် အမှတ်စဉ် တစ်ရာကို ထုတ်သုံး၏။

ယင်းသိုင်းကွက်မှာ 'ရန်သူ့လမ်းကြောင်းပိတ်' သိုင်းကွက်ဖြစ်၏။

'ကဲ နတ်မိစ္ဆာ သိုင်းသမား ခုတော့ ဘာတတ်နိုင်သေးလဲ လောကမှာ မင်းတို့တတ်ထားတဲ့ လောကီ ပညာ တွေဟာ မမှန်ကန်တဲ့ မျက်လှည့်ဆန်ဆန် အတတ်ပညာတွေပါ'

ဟု ဝမ်လင်းရိက တိုက်ကွင်းအတွင်း ကြားလောက်ရုံ လှမ်းပြောလိုက်၏။

မျက်စိစေ့စောင်း နတ်မိစ္ဆာသိုင်းသမားက....

'ဟား ဟား ဟား....ဟီး ဟီး ဟီး'

ဟူ၍သာ သရဲဘစ္ဆေတစ်ကောင်လို ပုံစံဖြင့် ရှေ့သို့ခုန်ဝင်လာသည်။

ဝမ်လင်းရိက ညာဘက်သို့တိမ်းရှောင်ပြီး ရန်သူ၏ကုပ်ပိုးကို လက်ဝါးစောင်းကို ခားအဖြစ်သုံးကာ ခုတ်ပိုင်းလိုက်၏။

'အင့်'

'ဒုန်း'

မျက်စိစေ့စောင်းသည် ရှေ့ကို ဟပ်ထိုးလဲကာ မှောက်လျက်သား ဖြစ်သွား၏။

ကုပ်ပိုးကိုရိုက်ချလိုက်သော ဒဏ်ချက်က ပြင်းလွန်းသဖြင့် ပါးစပ်ထဲကသွေးများ ပြုတ်ခနဲ ယွက်ကျလာလေ၏။

ထိုအချိန်တွင်....

ဗလကောင်းကောင်း နတ်မိစ္ဆာသိုင်းသမားကြီးနှင့် ဝေဝေရန်မှာ တိုက်ခိုက်စဉ်ပထမပိုင်းတွင် လက်ရည်တူ၏။

ရေရှည်တွင်ကား ဝေဝေရန် သိုင်းစွမ်းရည်မှာ မသိမသာ ကျလာ၏။

ထိုသို့သောအခြေအနေကို ဝမ်လင်းရီ သတိပြုမီသည်နှင့် ဓားမြောင်ကိုထုတ်ပြီး မျက်စိစွေစောင်းအား တိုက်ခိုက်နေရာမ နောက်သို့ ဓားမြောင်ကိုပစ်သွင်းလိုက်၏။

'ဝှစ်....'

ဝမ်လင်းရီ၏ ဓားမြောင်ပစ်ချက်က ပတ်မှတ်ကိုတည့်တည့်သွား၏။

ဖစ်မှတ်မှာ ဗလကြီး၏ဗိုက် ဖြစ်သည်။

ဗလကြီး ရှောင်သည်။

မလွတ်။

'အင့်'

ဓားမြောင်သည် ဗိုက်တည့်တည့် ထိုးဖောက် ဝင်ရမည့်အစား ဗိုက်၏ဘယ်ဘက်ဘေးကိုသာ ထိုးဖောက်ဝင်သွားလေသည်။

သို့သော်....

ဗလကောင် နတ်မိစ္ဆာသိုင်းသမားကလည်း မကောင်းဆိုးရွား တစ်ကောင်နှင့် မခြားပေ။

ဓားမြောင်တန်းလန်းနှင့်ပင် ဝေဝေရန်ကို ဆက်လက်တိုက်ပွဲဝင်၏။

'ယား'

'ယိစ်'

'ဝှစ် ဝှစ်'

ဝေဝေရန် အနည်းငယ်ဖြုံသွားသည်။

'ဖြောင်း'

ဝေဝေရန်မှာ ဗဟိုခန်းမဆောင် ဝရန်တာမှ အောက်သို့လွင့်ကျသွားလေတော့ရာ ဗလကောင်ကဓားမြောင်တန်းလန်းနှင့် ခုန်ဆင်းလိုက်၏။

ပြီးလျှင်....

သူ၏ဗိုက်တွင် စိုက်နေသော ဓားမြောင်ကိုထုတ်ကာ ဝေဝေရန်အား ထိုးသတ်ရန်ဟန်ပြင်ရင်း....

'ဟီး ဟီး ဟီး'

'ဟား ဟား ဟား'

'ဝါး ဝါး ဝါး'

ဟူသော ခြောက်လှန့်သံများကို ပေးနေ၏။

ဝေဝေရန်သည် အောက်သို့အကျ ကိုယ်ဖော့ပညာကို ထုတ်သုံးနိုင်ခဲ့ခြင်းကြောင့် ပုံရက်သာ လဲရှံသာလဲသည်။

ထိခိုက်မှုမရှိပေ။

သို့သော်....

ဗလကောင် နတ်မိစ္ဆာသိုင်းသမား၏ ဓားမြောင်ထိုးချက်ကို ရှောင်တိမ်းရန်ကိုမူ နှောင့်နှေးခဲ့လေသည်။

'ကဲ....ဓားနန်းရှင်သခင်မ သေပေရော့'

ဟု အော်ဟစ်ကာ ဝေဝေရန်၏ရင်ဘတ် အသည်းနှလုံးတည့်တည့်သို့ ထိုးစိုက်လိုက်ပါလေတော့၏။

'ဝှစ်....'

'ဝှီး....'

'ဖြောင်း'

'ဒုတ်'

'အား'

အသံတွေ ဆက်ဘိုက်ပေါ်ထွက်လာပြီး နောက်မှာတော့

ဗလကောင် နတ်မိစ္ဆာသိုင်းသမားကြီး ဓားမြောင်ကိုင်ထားသောလက် မြောက်တက်သွား၏။

ဓားမြောင်မှာလည်း လွင့်စဉ်သွားလေ၏။

အကြောင်းမူကား ဝေဝေရန်အား ဓားမြောင်ဖြင့် ထိုးသည်အပြု ဝရန်တာကို ကျော်ဆင်းလာသော ဝမ်လင်းရိက ဓားမြောင်ကို ခြေဖြင့်ခတ်ကာ ဗလကောင်ကြီး ပါးချိတ်ကို ထက်ဝါးစောင်းဖြင့် ပင့်တင့်လိုက်သောကြောင့် ဖြစ်ပါ၏။

အဝန်း [၆၃]

မည်သို့ဆိုစေ တိုက်ပွဲကား အဆုံးမသတ်နိုင်သေးပေ။

ဝေအောလျန်နှင့် ချန်စွမ်းတောင်တို့သည် အကြိတ်အနယ် တိုက်ခိုက်နေကြဆဲရှိ၏။

သူတို့၏ခန္ဓာကိုယ်ပေါ်တွင်ကား သွေးများနှင့် ချင်းချင်း နီရဲနေကြပါ၏၊

ချုံပိုက်ရှုးအဘိုးကြီး၏သိုင်းပညာကိုအလေးမှမူလျှင် မှား သွားမည် မဟုတ်ပါလား။

သူတို့၏လျှို့ဝှက်သိုင်းကွက်များမှာ အံ့မခန်း ကြောက်စ ကောင်း၏။

တောင်ဝှေးချက်ကား ပြင်း၏။

အရှောင်အတိမ်း။

အယိမ်းအနွဲ၊ အခုန်အပျံ။

အဝစ်အထွက်၊ အပင့်အရစ်နှင့် အကန် အလွန်ကောင်း သည်။

ထိုအကွက်များမှာ လူ့ခန္ဓာကိုယ် သွေးကြောများ စီး ဆင်းမှုအတိုင်း အစီအစဉ်တကျ တိုက်ခိုက်ရသည်ရှိရာ ထိုလျှို့ ဝှက်ချက်ကို သိထားသော ဝေအောလျန်နှင့် ချန်စွမ်းတောင် တို့အဖို့ တိမ်းသာရှောင်သာ၏။

'ယား'

'ယိစ်'

သည်မှာချန်စွမ်းတောင်က ချုံပိုက်ရှုးအဘိုးကြီးကို ဝရန် တာဘက် မျှားခေါ်ခဲ့သည်။

'ဝှစ် ဝှစ်'

'ဖျောက် ဖြောင်း'

'ဟိတ်'

'ဟိုင်း'

သိုင်းကွက်တိုင်း လွတ်ထွက်သွားသည်မရှိ။

သို့သော်....

မိမိနှင့် ရန်သူ။

ရန်သူနှင့် မိမိ လက်ရည်တူနေသည့်အခါ မှန်ကိုကြည့်ရင်း ကစားသလို ဖြစ်နေသည်။

ရိုက်ချလိုက်သော ရိုက်ချက်တိုင်း တစ်ဖက်လူက အမိဖမ်းနိုင်သည်။

လွှတ်အောင် ရှောင်နိုင်သည်။

သိုင်းကွက်တွေကို ကျေတော့လည် ကြို၍သိနေ၏။

'ဟေ့....ချန်စွမ်းတောင်၊ မင်းက ကျုပ်ကို ခုလို ယှဉ်ပြိုင်တိုက်ခိုက်နိုင်တယ်ဆိုပြီး သိပ်စိတ်ကြီးဝင်မနေနဲ့ဦး'

အဘိုးကြီးက နောက်သို့တစ်လှမ်းဆုတ်ပြီး ပြော၏။

တောင်ဝှေးကြီးကို ထောက်လိုက်၏။

ချန်စွမ်းတောင်က ဝရန်တာပေါ် ခုန်ပျံတက်ရင်း....

'နတ်မိစ္ဆာသိုင်းကွက်တွေရဲ့ လျှို့ဝှက်ချက်တွေကို သိနေမှတော့ ဘယ်လိုသိုင်းကွက်နဲ့ပဲ လာလာ ကျုပ်ကတော့ လုံးဝ မမှုဘူးမှတ်ပါ'

'ကောင်းပြီလေ၊ နတ်မိစ္ဆာဂိုဏ်းအပေါ်မှာ သစ္စာမရှိတဲ့ ကျေးဇူးကန်းတဲ့ငမိုက်သား သိကြသေးကာပေါ့'

ချုံပိုက်ရူးက ပြောပြောဆိုဆို အင်္ကျီလက်တစ်ဖက်ကို ဆတ်နဲ့ ခါယမ်းထုတ်လိုက်၏။

အင်္ကျီလက်အစွင်းမှ အဆိပ်အပ် လက်နက်ပုန်းများသည် များကောင်များနှင့်မခြား ခုန်ပျံပြေးထွက်သွား၏။

'ဝှစ်'

'ဝှစ်'

'ဝှစ်'

ချန်စွမ်းတောင်က အဆိပ်အပ်များကို တစ်ခုချင်းရှောင်တိမ်း မနေတော့ဘဲ ဝရန်တာပေါ်က နောက်သို့ ကော့ပျံဆင်းသွားပါလေတော့၏။

ချန်စွမ်းတောင် အောက်ဘက် မြက်ခင်း စိမ်းပေါ် သို့ ကျရောက်သွားသည့် အချိန်တွင် ချုံပိုက်ရူးက ဝရန်တာကို ကျော်လွှားပြီး မြက်ခင်းပေါ် ခုန်ဆင်း၏။

'ဟား'

'ချလွမ်'

'ဝှစ် ဝှစ်''

'ဖြောင်း'

ဝေအောလျန်ကလည်း မိမိတာဝန်ယူထားမိသော နှုတ်ခမ်းမွေးနှင့် နတ်မိစ္ဆာ သိုင်းသမားနောက်သို့ တရကြမ်း လိုက်လံတိုက်ခိုက်၏။

'ယား'

'အိစ်'

'ဗိုး....ဗိုး'

တိုက်ကွင်းကို အကျဉ်းမခံ၊ ဝေအောလျန် စတင်၍ တိုက်ကွင်းကို ချဲ့ယူသည်၊ ဝရန်တာဘက် မျှားခေါ်သည်။

ဝရန်တာဘက်တွင် အလင်းရောင် ရှိသည်၊ နောက်ပြီး အောက်ဘက် မြက်ခင်းသို့ ကူးပြောင်း တိုက်ခိုက် နိုင်သည်၊ သိုင်းသမားကောင်း တစ်ယောက်အဖို့ တိုက်ခိုက်နိုင်သည့် တိုက်ကွင်းကို အသေမထားဖို့လည်း လိုသည်။

နှုတ်ခမ်းမွေးကဲ့ မသိရှာပေ၊ နောက်က ဇတ်တိုး လိုက်လံ တိုက်ခိုက်လေ၏။ တိုက်ပွဲမှာ အချိန်အတော်ကလေး ရှည်ကြာ၏။

အခုလောက် လက်ရည်တူ တိုက်ခိုက်နိုင်သည့်အတွက် ဝေအောလျန် မကြောက်တော့ပေ။ သိုင်းကွက် ရှည်ကြာမှု ရှိမှ

တစ်ဖက်ရန်သူ၏ ပျော့ကွက်၊ ဟာကွက်များကို တွေ့မြင်လာရန် ဖြစ်သည်။

ဝေအောလျန်သည် နှုတ်ခမ်းမွေးအား ဝရန်တာဘက်သို့ လှောက်သည်နှင့် တစ်ပြိုင်နက်တည်း အောက်ဘက်သို့ ခုန်ပျံဆင်းသွားပြန်၏။

နှုတ်ခမ်းမွေး နတ်မိစ္ဆာ သိုင်းသမားကြီးမှာ ကိုယ်ခံအာကောင်း၏။

သို့သော်....

တစ်ချက် တစ်ချက် လစ်ဟာသွားတတ်သည်။ ထိုလစ်ဟာချက်ကို ဝေအောလျန်က အမိအရ စောင့်၍ တိုက်ခိုက်တတ်သည်။

နတ်မိစ္ဆာဂိုဏ်းသားများမှာ ထိပ်တန်း သိုင်းသမားများ၊ သိုင်းပညာရှင်အဆင့် ရှိသူများဖြစ်ကြောင်း ညစ်ပတ်မှု မရှိခြင်းဖြင့် ဖော်ပြ၏။

ယခုလို ညစ်ပတ်မှုမရှိမှလည်း တိုက်ပွဲမှာ တရားမျှတသော တိုက်ပွဲဖြစ်မည်။

ကြည့်ရှုကောင်းသော ပွဲစဉ်မည်၏။

'ယား'

'ဟိတ်'

သူ၏ ပစ်မှတ်ကတော့ ဝေအောလျှန်၏ အသည်း နှလုံး ကည့်တည့် ဖြစ်ပါ၏။

'ဝုန်စ်'

'ဗြိုး'

ဝေအောလျှန်က အချိန်မီ ရှောင်လိုက်၏။

'ဝိုန်း'

'ဟူး....ပူး'

နှုတ်ခမ်းမွေး နတ်မိစ္ဆာ သိုင်းသမားကြီး၏ လက်ညှိုးသည် သစ်ပင် ပင်စည်အတွင်းသို့ စူးနစ်၍ ဝင်သွားပါလေတော့သည်။

ထိုးချက်ကို တွေ့မြင်လိုက်ရသော ဝေအောလျှန်မှာ လွန်စွာ ထိတ်လန့်စွာ ဖြစ်သွားရပြန်ပါ၏။ သို့သော် စိတ်ဓာတ်ကိုတော့ လျော့မခဲ့။

လက်ဝါးဝိုက်ဖောက် ကွက်ကို အသုံးပြု တိုက်ခိုက်မှု၏၊ မတတ်သာတော့ပေ။

ဤတိုက်ပွဲတွင် နှုတ်ခမ်းမွေး နတ်မိစ္ဆာ သိုင်းသမားနှင့်

'ယိစ်'

အထိ အတို့၊ အဆုံတ် အတက်တွေက အလွန် ကြည့်ကောင်းသည်။

မြက်ခင်းပေါ်သို့ ရောက်သည်နှင့် နှုတ်ခမ်းမွေး နတ်မိစ္ဆာ သိုင်းသမားသည် လက်ညှိုးဖောက် သိုင်းကွက်ကို အသုံးပြု အသံအမဲ တိုက်ခိုက်လေတော့၏။

'ဝုန်စ်'

'ဝိုး'

လက်ညှိုးနှစ်ခုဘိုကား လုံဖျားနှယ် မာကျောလှ ခွံ့ခိုင်နေသည်ဟန် ရှိ၏။

နှုတ်ခမ်းမွေး၏ လက်ညှိုးဖောက် သိုင်းကွက်ကို ရှောင်ရှင်းထင်းရှူးပင်တွင် ကျောမှီလျက်သား ကျ၏။

ဝေအောလျှန်မှာ နောက်ကျော အောင့်သွားသဖြင့် အတွင်းအားဖြင့် ကျောအောင့်နေခြင်းကို ဖြေလျှော့နေစဉ်

'ယား'

အတွင်းအား အပြည့် သုံးထားသော လက်ညှိုးတစ်ချောင်းမှာ ကြောက်မက်ဖွယ် ပြုဝံလာပါ၏။

ဝေအောလျန်တို့မှာ တစ်ယောက်က အသည်းဖောက် ပစ်ပြီး တစ်ယောက်က ဗိုက်ဖောက်မည် မဟုတ်လား။

သည်တော့ ဝေအောလျန်က နွှတ်ခမ်းမွေး၏ ဗိုက်ကို ဖောက်ရန်သာ ချောင်း၏။ တိုက်ကွက် ဆင်၏။

ပညာရှင်ချင်းဆိုတော့ တစ်ယောက်က ဘာလုပ်မည်ဆိုတာ ကို ကျန်တစ်ယောက်က သိနေသည်၊ သတိလစ်သူ ခံရမည်သာ။

ထိုအချိန်တွင် နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရူးက....

'ယား'

ဟူသော အားပြိုသံနှင့် သစ်ပင်ပေါ်သို့ ကိုယ်ဖော့ပညာ ဖြင့် ပေါ့ပါးစွာ ခုန်ပျံတက်သွားလေသည်။ သစ်ပင်ပေါ်သို့ ရောက်လျှင်....

'ဟိတ်....ချန်စွမ်းတောင်၊ တက်ဝံ့ရင် တက်ခဲ့စမ်း'

ဟု လှမ်းအော်၏။

'အို....ဘာကြောင့် မတက်ဝံ့ရမှာလဲ'

ဟု ပြောပြီး ကိုယ်ဖော့ပညာဖြင့်ပင် ဝှစ်ခနဲ ခုန်ပျံတက်သည်။

သစ်ကိုင်းပေါ်သို့ ရောက်လေသော် အကြံရှိထားသော ချုံပိုက်ရူးက တောင်ဝှေးကြီးနှင့် ရိုက်ချ၏။

'ဖြောင်း'

တောင်ဝှေးကြီးကို ချန်စွမ်းတောင်က လက်ဝါးစောင်း နှက်ချက်ဖြင့် သွင်သွင်ကျိုးသွားသည်အထိ ချိုးပစ်လိုက်လေသည်။

ချုံပိုက်ရူး တအံ့တသြ ဖြစ်သွား၏။ သို့နှင့် လည်ပင်းတွင် ဆွဲထားသော ပေသီးပုတီးကို ဖြတ်ကာ ပေသီးပုတီးများဖြင့် ပစ်ခတ် တိုက်ခိုက်ပြန်ပါ၏။

'ဝှစ်'

'ဝှစ်'

သို့သော် ချန်စွမ်းတောင်သည် ပေသီး ပုတီးစေ့ကြီးများကို ရှောင်ရှင်း ပြေးဝင်ကာ ချုံပိုက်ရူးအား လည်ပင်းက ဖြတ်ဆုပ်ကိုင် ချလိုက်လေတော့၏။

'အင့်'

'အား'

'ဝုန်း'

အဖြစ်အပျက်နှင့် တိုက်ခိုက်မှုမှာကား မကြာလှပေ။

'ဟာ'

'ဟယ်....'

'အလိုဘုရား....ဘုရား'

ပရိသတ်များ တစ်ယောက်တစ်ပေါက် ပြောနိုင်လောက်အောင် နှတ်မိစ္ဆာဂိုဏ်းသားများနှင့် တိုက်ခိုက်မှုများမှာ ပြီးဆုံးခြင်းသို့ တိုင်ခဲ့ပါ၏။

အမတ်ချုပ်ကြီးနှင့် အနွံ့သားများဖြစ်ကြသော ဝေအော်လျန်၊ ဝေဝေရန်၊ ဝမ်လင်ရီ၊ စေ့ဟောင်းရှောင်နှင့် သူတို့အားလုံး အတူရပ်လိုက်ကြလေ၏၊

ဒဏ်ရာများနှင့် ကင်းလွတ်သူဟူ၍ကား မရှိပေ။ ဒဏ်ရာအများဆုံး ရသူမှာ ဟိုမင်းလူ ဖြစ်ပါ၏။

နှတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရှုးမှာလည်း မလှုပ်နိုင်တော့၊ ကျန်ဂိုဏ်းသား ခြောက်ယောက်တို့လည်း မသေရုံတမည် ဒဏ်ရာများဖြင့် လဲနေကြ၏။

သူတို့ရရှိထားသော ဒဏ်ရာများမှာတစ်နှစ်လောက်တော့ ဆေးကုကြရမည်ဖြစ်သည်။

'ကဲဟော....သင်တို့ရဲ့ သခင်ကို ဒီနေရာက အမြန်ဆုံး ခေါ်သွားကြတော့၊ ပြီးတာနဲ့ သင်တို့ အားလုံး ကျုပ်တို့နယ်မြေထဲက နစ်ရက်အတွင်း ထွက်ခွာသွားကြပေတော့'

အမှတ်ချုပ်ကြီး ချုံစွမ်းတောင်ကလွှမ်းအော်၍ ပြောဆိုအမိန့်ပေးလိုက်၏။

ထိုအခါ....

ဝေဝေရန်က ဓားနှင်းသခင်မအနေဖြင့်....

'သင်တို့ရဲ့ နှတ်မိစ္ဆာဝါဒကိုလဲ ကျုပ်တို့ လုံးဝ လက်မခံဘူး၊ ကျုပ်တို့မှာ အလွန်မြင့်မြတ်တဲ့ ဝေရာဝါဒ တာသာတရားရှိတယ်၊ သင်တို့ နှတ်မိစ္ဆာတွေက ထိုဝါဒအနေနဲ့ ဆန့်ကျင်တယ်၊ ဒါ့ကြောင့် လက်မခံနိုင်တာပဲ၊ အမြန်ဆုံးသာ ထွက်ခွာသွားကြပါ'

ဟု ဝင်ရောက် ပြောဆိုလိုက်ပါလေတော့၏။

မက အနီးအနားဦးပင် နေခွင့်မပြုခဲ့။ ထိုအခါ သူတို့လည်း မကျေမနပ်ဖြင့် ထွက်ခွာသွားကြပါ၏။

သူတို့၏ ထွက်ခွာသွားခြင်းမှာ ကောင်းသော ထွက်ခွာသွားခြင်းကား မဟုတ်ပေ။ ယခု သူတို့ ရောက်ရှိနေသော နေရာမှာ နယ်လှည့် အရိုင်းအဖွဲ့ တစ်ဖွဲ့ ဖြစ်သည်။ ဒါကို အမတ်ကြီး ချန်စွမ်းတောင် သိထား၏။

နတ်မိစ္ဆာဂိုဏ်းသားများ မိမိတို့ နယ်မြေထဲ ရောက်မလာရန်မှာ အရေးကြီး၏။

ယခုလို တိုက်ထုတ်နှင် လွှတ်နိုင်ခဲ့သည်မှာ အမတ်ချုပ်ကြီး ချန်စွမ်းတောင်၏ ကျေးဇူးဟု မှတ်ယူနိုင်ပါ၏။

သို့သော်....

ဤကဲ့သို့သော အများအကျိုး သယ်ပိုး ထမ်းဆောင်ကြရတွင် အမတ်ချုပ်ကြီး ချန်စွမ်းတောင် တစ်ဦးကောင်း တစ်ယောက်ကောင်းရုံနှင့်ကား လားလားမှ မရပါပေ။

အများကောင်းမှသာ။

အများဆုံး ကောင်းမှသာ။

အောင်မြင်မှု ပန်းတိုင်ကို ရောက်ရမည် မဟုတ်ပါလား။

အချိန်မှာ ကြာလှသည် မဟုတ်ပေ။

သို့သော်....

နန်ချမ်း ပြည်နယ်သည်ကား မူလက ရိုးရာ ယဉ်ကျေးမှုအတိုင်း သာယာငြိမ်းအေးခဲ့ရပါ၏။

ဤသို့ ဖြစ်လာရသည်မှာ ဤအရပ် ဤဒေသသို့ အနောက်ပိုင်းမှ ထိုးဖောက် ဝင်ရောက်လာသော နတ်မိစ္ဆာဂိုဏ်း၏ လောကီ ပညာရပ်များ အကြောင်းပြု၍ ဂိုဏ်းသားများ၏ နေရာတကာတွင် စိုးမိုး ချုပ်ချယ်လိုသည့် အကျင့်စရိုက်များ လွှမ်းမိုးလာသောကြောင့်တည်း။

အခုတော့ ထိုဂိုဏ်းသားများကိုပင် ဤမြို့ ဤရွာတွင်သာ

သည်နေ့တော့ဖြင့် ည့ွှေရိပ်သာ ခန်းမဆောင်တွင် ည့ွှေ သည်တော်မျှား ဖြစ်ကြသော....

ဝမ်းလင်းရိ၊ စေဟောင်းရှောင်နှင့် ဟိုမင်းလူတို့အား ဂိုဏ်ပြုရင်း ဓားနန်းသခင်မထံသို့ မင်းသားကြီး တိန်ရှေးဟုန်ထံမှ တောင်းရသော စစ်ရေး အကူအညီပေးမည့် ကတိပေးပွဲ အခမ်းအနား စတင်တော့မည် ဖြစ်ပါ၏။

ဤ အခမ်းအနားကိုကား လူနည်းနည်းနှင့် ကျဲကျဲဝိုင်း ထားလေသည်။

ဝမ်းလင်းရိ၊ စေဟောင်းရှောင်နှင့် ဟိုမင်းလူဘို့ သုံးဦးကို အဓိကဘား၍....

အမတ်ချုပ်ကြီး ချန်စွမ်းဇောင်၊ ဝေအောလျှန်နှင့် ဓား နန်းသခင်မ ဝေဝေရန်တို့က ဂုဏ်ပြု ည့ွှေခံကြပေမည်။ အခြား ည့ွှေသည်တော်ဆို၍ လက်လှမ်းမှီအမျှ မြို့စား သုံးလေးဦး ထား ပါရို့၏။

အခမ်းအနား စတင်တော့မည့် အချိန်ကိုက် ဓားနန်း သခင်မ ဝေဝေရန်အား တင်ဆောင်လာသော မြင်းလေး ကောင် ကသည့်မြင်းရထား ဆိုက်ရောက်လာလေသည်။

အစောင့်အကြပ် ရဲမက်များရံကာ ကြိုဆိုမည့် စံအိမ် တော် အပျိုရံ၊ လူပျိုရံများနှင့် အတူ ဓားနန်းသခင်မ ဝေ

ဝေရန် မြင်းရထားပေါ်က ဆင်မယဉ်သာ ဆင်းလာပါလေ သည်။

ကြိုကောင် ရောက်ရှိနေသော အမတ်ချုပ်ကြီးတို့အဖွဲ့က ဆက် လက် ဦးဆောင် ခေါ်ယူလာသည်။

ည့ွှေရိပ်သာ ခန်းမဆောင်တွင် ခင်းကျင်းထားသောနေရာ တွင် အားလုံး နေရာယူလိုက်ကြ၏။

ဓားနန်းသခင်မ ဝေဝေရန်ကိုကား နယ်စားကြီးလည်း ဖြစ်သည်နှင့်အညီ အားလုံးကို တွေ့မြင်နိုင်သော အလယ်ခုံ နေရာတွင် နေစေ၏။

ဝေဝေရန်သည် ဤနေရာသို့ ရောက်လာပါက ဝမ်းလင်းရိ နှင့် တွေ့ရမည်ဖြစ်၍ ရင်ထဲတွင် တလှုပ်လှုပ် ခံစားနေရသည် အထိ စိတ်အစဉ်က လှုပ်ရှားနေလေသည်။

ဝမ်းသာခြင်းလား။

ဝမ်း နည်းခြင်းလား။

ဝေဝေရန် ဝေခွဲ၍ မရပေ။

ဤနေရာသို့ တတ်ခဲ့ဘီကလည်း ကြေးမုံပြင် ရှေ့တွင် အလှပြင်ရသည်မှာ ဝေဝေရန် စိတ်တိုင်းကျသည်မရှိခဲ့။ အစိမ်း

ရောင်ကို ကြိုက်နှစ်သက်သော်လည်း ဝမ်လင်းရိနှင့် ဆက်စပ်ပတ်သက်နေသောကြောင့် စိမ်းကားမှု သဘောတွေများသက်ဝင်လေမလား အတွေးရောက်ရသည်။

သို့နှင့်....

အနီရောင် ပိုးဝတ်စုံကို ရွေးသည်။

ဒါလည်း ကြိုက်လှသည် မဟုတ်။ အထိန်းတော် အိစင်းကွမ်က....

'သခင်မလေး အချိန်နီးကပ်နေပါပြီ'

ဟု သတိပေးလာတော့မှပဲ ဖက်ဖူးရောင် ဝတ်စုံကို အပြီးသတ် ရွေးချယ်လိုက်ရပါတော့၏။

ဝေဝေရန်ကဲ့သို့ပင် ဝမ်လင်းရိမှာလည်း သည်ကနေ့ကျ ကာမှ စိတ်တွေက ဆောက်တည်ရာမရ လှုပ်ရှားလှန်းသည်ထင်၏။

သည်အထဲ စေဟောင်းရှောင်က....

'ဆရာရိကတော့ ဝေဝေရန်နဲ့ တွေ့ရမှာမို့ ဝမ်းသာနေပြီပေါ့နော်'

ဟု ပြောလာသည်။

သို့သော်....

ဟိုမင်းလူက....

'ဒါပေမယ့် အခုတွေ့ရမှာက နူတ်ဆက်ပဲ့ကလေးဆိုတော့ လွမ်းစရာအဖြစ်မျိုးပါ ဆရာရှောင်ရယ်'

ဟု ပြောပြန်ပါပကော။

ဟိုမင်းလူပြောသည်မှာ မှန်သည်။

ယခုတစ်ကြိမ် ဝေဝေရန်နှင့် တွေ့ဆုံခြင်းသည် ဝမ်းသာစရာ မဟုတ်တော့။

လွမ်းမောစရာ ဖြစ်ခဲ့ရချေပြီ။

ညည်ရိပ်သာ ညည်ခံခန်းမဆောင် အတွင်းတွင် နေရာယူပြီးသည်နှင့် ဝေဝေရန်သည် ဝမ်လင်းရိကို အရင်ဆုံးကြည့်မိလျက်သား ဖြစ်သွား၏။

ဝမ်လင်းရိကသည်း ဝေဝေရန်အား ကြည့်နေမိသည့် အတွက် အကြည့်ချင်းမှာ မဆုံမဖြစ် ဆုံခဲ့ကြရလေတော့သည်။ သည်အကြောင်းကို စောင့်ကြည့်နေသည် မဟုတ်သော်လည်း ဝေဝေရန်၏ဖခင်ကြီး ဝေအောလျန် သိရှိနားလည်နေသည်။

'ဩော်....သမီးရယ်'

ဝေအောလျန်စိတ်ထဲမှာ သမီးအတွက် စိတ်မကောင်းဖြစ်ခဲ့ရပါပကောလား။

သည်သမီးအတွက် အရွယ်ငရာက်စက လူရိုးလူဖြောင့် လူရွယ် တစ်ဦးဖြစ်သော ကျူးဝမ်နှင့် နေရာချထားပေးရလျှင် ကောင်းလေမလား၊ မိမိရော ဇနီးရှောင်ရှောင်ချူးပါ တွေးခဲ့မိဖူးသည်။

သည်တုန်းက ကျူးဝမ်က သူ့ငယ်ရည်းစားနှင့် ပြန်တွေ့သွားသည့်အတွက် ဖခင်ဝေအောလျန် စိတ်ကူးပျက်ပြယ်ခဲ့ရသည်။

သမီးဝေဝေရန်ကိုယ်တိုင် ဖူးစာဆုံသည့်သဘော၊ မင်းယောက်ျားကောင်းတစ်ယောက်ဖြစ်သော ဝမ်လင်းရိနှင့်ကြုံဆုံရသည့် အချိန်ကျပြန်တော့ ခုလို ဓားနန်းရှင်သခင်မဘဝကို ခံယူခဲ့ရခြင်းဖြင့် သူတို့ဘဝတွေက နီးမလိုနှင့် ဝေးခဲ့ရသည် မဟုတ်ပါလော။

ဝေအောလျန်သည် သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်လေသည်။

ထိုအချိန်တွင်ပင် အမတ်ချုပ်ကြီး ချန်စွမ်းတောင်က မတ်တတ် ရပ်ကာ....

'ဆရာကြီးဝေအောလျန်ကလွဲလို ကျွန်ုပ်တို့အားလုံး ဓားနန်းရှင်သခင်မကို အရိုအသေပြုတဲ့အနေနဲ့ မတ်တတ်ထစေလိုပါတယ်ခင်ဗျ'

ဟု ပြော၍ ဝေအောလျန်ကလွဲ၍ အားလုံး မတ်တတ်ရပ်လိုက်ကြ၏။

ထိုနောက် ချန်စွမ်းတောင်က....

'ထိုင်နိုင်ပါတယ်'

ပြော၍ ထိုင်လိုက်ကြလေသည်။

ချန်စွမ်းတောင်ကပင် ဆက်လက်၍....

'ပြီးခဲ့တဲ့ နတ်မိစ္ဆာဂိုဏ်းသားများကို တိုက်ခိုက်နှိမ်နင်းခဲ့တဲ့ ကိုစ္စမှာ အသိစိတ်ဓာတ်အပြည့်အဝနဲ့ ပါဝင်တိုက်ပွဲဝင်ခဲ့ကြတဲ့ ဝမ်လင်းရိခေါင်းဆောင်တဲ့ ကျုံကင်းပြည်နယ်က မင်းသားကြီး တိန်ရှေဟုန်စေလွှတ်လိုက်တဲ့ သံတမန်အဖွဲ့ကို ကျွန်ုပ်တို့က ဓားနန်းရှင်သခင်မကိုယ်စား များစွာပဲ ဂုဏ်ယူ မှတ်တမ်း တင်ပါတယ်....

'ဝမ်လင်းရိအဖွဲ့ရဲ့ သိုင်းပညာကိုလဲ မျက်မြင်တွေ့ဖြစ်တဲ့အတွက် ချီးကျူးဂုဏ်ယူပါတယ်၊ မှတ်တမ်းလဲ တင်အပ်ပါ

တယ်၊ သံတမန်အဖွဲ့ရဲ့ မူလအစီအစဉ်ဖြစ်တဲ့ ကျွန်ုပ်တို့ထံမှ အကူအညီရယူရေးကို ပြောရမည်ဆိုပါက....

'ကျွန်ုပ်တို့သည် ရှေးမဆွကတည်းက မင်းသားကြီး တိန်ရှေဟုန်နှင့် ချစ်ခင်ရင်းနှီးမှုနှင့် ယုံကြည်စွာဆက်ဆံခဲ့ကြသည့် မေတ္တာစေတနာ ရှိရင်းစွဲဖြစ်သည့်အတွက် ကျွန်ုပ်တို့ ဝေးနန်းရှင် သခင်မက ထိုအကူအညီကို မပေးမဖြစ် ပေးရမည်သာဖြစ်ပါတယ်၊ တယ်လို အစီအစဉ်ရှိကြောင်း ဆရာကြီး ဝေအောလျန်က ဆက်လက်တင်ပြမှာဖြစ်ပါတယ်'

ချန်စွမ်းတောင်က ပြောရှိအပြီး သူ၏ထိုင်ခုံတွင် ပြန်ထိုင်သည်။

ထိုင်နေသော ဝေအောလျန်က ထရပ်လေ၏။

'အမတ်ချုပ်ကြီး ချန်စွမ်းတောင် ပြောပြသွားတဲ့ ကျွန်ုပ်တို့က ကူညီရမယ့် ကိစ္စကို ကျွန်ုပ်တို့ တိုင်ပင်ဆုံးဖြတ်ပြီးဖြစ်ပါတယ်၊ အစီအစဉ်ကိုဖော်ပြရန် ကျွန်ုပ်ကိုယ်တိုင်ခေါင်းဆောင်မယ့် ဝေးနန်းရှင်သခင်မ၏ လက်ရွေးစင်ရဲမက်တစ်ရာ လိုက်ပါဖို့ပါပဲ'

ထိုစကားကို ကြားလိုက်ရသောအခါ ဝမ်လင်းရီ၊ စေဟောင်းရှောင်နှင့် ဟိုမင်းလူတို့မျက်နှာများ ကြည်လင်ဝင်းပသွားပါလေတော့၏။

ဝမ်လင်းရီက ဝေဝေရန်အား လှည့်၍ကြည့်လိုက်၏။

အမှန်တော့လည်း သည်ကိစ္စ အခုလောက်မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ခြင်းသည် ဝေဝေရန်တို့သားအဖ၏ ပံ့ပိုးကူညီမှုတွေ အများဆုံး ပါဝင်နေကြောင်း ဝမ်လင်းရီ မမေးဘဲ သိထားလိုက်သည် မဟုတ်ပါလား။

'ခုလိုစကားမျိုးကို ကြားရတဲ့အတွက် ကျွန်ုပ်တို့က မင်းသားကြီး တိန်ရှေဟုန်ကိုယ်စား ကျွန်ုပ်တို့က ဝေးနန်းရှင် သခင်မကို အထူးကျူးဇူးတင်ရှိပါကြောင်းနှင့် နောင်ကာလများမှာလဲ မဟာမိတ်အဖြစ် အေးအတူ ပူအမျှ မျှဝေခံစားသွားကြပါဆိုတဲ့အကြောင်းကို ထပ်လောင်းပြောကြားလိုပါတယ်ခင်ဗျာ'

ဝမ်လင်းရီက ထုတ်ဖော်ပြောကြားလိုက်လေ၏။

ထို့နောက်....

အမတ်ချုပ်ကြီး ချန်စွမ်းတောင်က စံအိမ်တော်အမှုထမ်းများအား အချက်ပြလိုက်သည်နှင့် ကြို့တင် စီစဉ်ထားသော စားကောင်း သောက်ဖွယ်များ အမြန်ဆုံး ရောက်ရှိလာလေသည်။

'ကဲ ဆောင်ရွက်စရာတွေ အောင်မြင်ပြီးစီးသွားတဲ့အထိမ်းအမှတ် အခမ်းအနားလို့ သတ်မှတ်ပြီး စားသောက်ကြတာပေါ့၊ ခုချိန်ကစပြီး လွတ်လွတ်လပ်လပ် စားကြသောက်ကြပါ'

ဟုလည်း ချန်စွမ်းတောင်က ဆက်လက်ပြောလိုက်လေသည်။

သည်မှာ အခြား အာလာပသလွှဲပစကားများ ပြောကာ စားကောင်းသောက်ဖွယ်များကို စတင်စားသောက်ကြသည်။

စားနန်းရှင်သခင်မဝေဝေရန်ပါဝင်သောပွဲဖြစ်နေသဖြင့် အရက်တော့ဖြင့် မပါဝင်ခဲ့ပါပေ။

ဤသို့ဖြင့်....

ခန်းမဆောင်ထဲတွင် ဇွန်းသံ၊ တူသံနှင့် စကားပြောသံတို့မှတိုးမကျယ် ပေါ်ထွက်လာပါလေတော့၏။

သခင်ကြီး တိန့်ဂျွမ်ဟုန် တောင်းခံထားသည့် စစ်ရေးအကူအညီကို ပေးပါမည်ဟူသော ကတိစကားရရှိပြီး ကတိစကားအရ ဓားနန်းသခင်မ၏ လက်ရွေးစင်ရဲမက် တစ်ရာ ရွေးချယ်နေသည့် အချိန်ဖြစ်ပါ၏။

ဝေအောလျန်က ဝမ်လင်းရိအား အရေးတကြီးတွေ့ဆုံစကားပြောလာ၏။

'မမျှော်လင့်တဲ့ ပြဿနာတွေကတော့ ဝင်လာပြီ ဝမ်လင်းရိရေ၊ အခြေအနေက တို့တွေ မြေပြန့်ကို လက်ရွေးစင်ရဲမက်တွေ တစ်ရာနဲ့ သွားကြဖို့အရေး ရင်မှုအေးစရာ ဖြစ်လာပြီကွယ့်'

ထိုအခါ ဝမ်လင်းရီသည် ဝေလောလျန် ပြောလိုက်သော စကား အဓိပ္ပာယ် အသွားအလာ၊ အဝင်အထွက်ကို စဉ်းစား မရ ဖြစ်သွား၏။

သို့နှင့် ဝမ်လင်းရီက....

'ဘယ်လို အကြောင်းကြောင့် ပြဿနာတွေက ဝင်လာ ရတာလဲ ဘယ်လိုပြဿနာတွေလဲ ဦးတော်၊ ကျုပ်မသိရ ဘူးလား'

မေးလေတော့၏။

ဝမ်လင်းရီနှင့် ဝေအောလျန်တို့ နှစ်ယောက်မှာ မြို့ပတ် လမ်းမကြီးပေါ်တွင် မြင်းများကို အသားကျ စီးလျက် စကားပြောနေကြခြင်းဖြစ်သည်။

ဝေအောလျန်က မြင်းဇက်ကြိုးကို ခပ်လျော့လျော့ ကိုင် ရင်း...

'ပြဿနာဆိုတာက ဟို အဘိုးကြီး ပဲပေါ့'

ဟု ပြော၏။

'ဘယ် အဘိုးကြီးလဲ ဦးတော်၊ နတ်မိစ္ဆာ ဂိုဏ်းချုပ်ကြီး ချုံပိုက်ရူးကို ပြောတာလား'

'ဟုတ်တယ်ကွယ့် သူက ကျုပ်တို့ကို အမြဲစောင့်ကြည့် နေတဲ့တောင့်တန်းကျားရိုင်း ဟိုဖုန်းရွမ် အဖွဲ့နဲ့ သွားပေါင်း တယ်'

'သေချာရဲ့လား ဦးတော်'

'သေချာသလား မသေချာဘူးလား မေးစရာမလိုတော့ ဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဘယ်ကိုသွားကယ် ဆိုတာကို နောက်ယောင်ခံလိုက်ခိုင်း ထားခဲ့လို့ပါပဲ'

ဝမ်လင်းရီ ဘာမှမပြောတော့ပေ။ခေါင်းကိုသာ တညိတ် ညိတ် လုပ်လိုက်ရလေသည်။စိတ်ထဲတွင်လည်း ထင့်ခနဲ့ဖြစ်သွား မိ၏။

အကြောင်းမူကား ဝေအောလျန်ပြောသော နတ်မိစ္ဆာ တိုက်းနှင့် တောင်တန်းကျားရိုင်းအဖွဲ့ ပေါင်းမိသွားပြီး နန် ချမ်းပြည်နယ်ထဲ ထိုးဖောက်ဝင်လာလျှင် ဓားနန်းသခင်မ၏ လက်ရွေးစင်ရဲမက်တစ်ရာ မိမိတို့အား ကူညီနိုင်ပါမည်လား။

ဝမ်လင်းရီ ဆက်မှတွေးတော့ပေ။

'ဟိုဖုန်းရွမ်က ဟန်ကျသွားတာပေါ့၊ သူ အစကတည်းက နေစရာအတည်တကျမရှိပဲ ရောက်ရာအရပ်မှာ အဆင်ပြေ

သလို နေနေတဲ့ အဖွဲ့တစ်ဖွဲ့ မဟုတ်လား၊ နောက်ပြီး ကျုပ်တို့ နေရာဒေသကို သတောကျနေတာကလား'

'ဒါဆိုရင် အဲဒီကိစ္စ သတင်းအတိအကျ ရထား မြို့လား ဦးတော်'

'သတင်းအတိအကျ ရထားပြီးပါပြီ။ သူတို့လူတွေ ကျုပ်တို့ကို လာတိုက်ခိုက်ကြဖို့တောင် အစီအစဉ် ချပြီးသွားပြီလို့ ပြောတယ်၊ ဘယ်အချိန်လဲဆိုတာ လောက်ပဲ မသိရသေးတာပါ'

ဟု ဝေအောလျန် အဟုတ်ပြောလိုက်သောအခါ ဝမ်လင်းရိ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သို့နှင့်....

ဝမ်လင်းရိက ဝေအောလျန်အား....

'ဒီလိုဆိုရင် သွေးအေးနေလို့ မဖြစ်ဘူးလေ၊ ကြိုတင် ကာကွယ်မှုတွေ လုပ်ထားမှပေါ့'

ဟု ပြောလေ၏။

ဝေအောလျန်က....
'ဟုတ်ပါတယ်၊ ဒီလိုသာင်းကျိုးကြောလာမှတော့ ကြိုတင်

ပဲ့တွေ့ မလုပ်လို့ကတော့ညံ့ရာကျနေမှာပေါ့၊ခက်တာက သမီးကွယ့်'

ဝေဝေရန်က ဘာပြောလို့လဲ။

'ဝေဝေရန်က အဲဒီကြိုတင်ကာကွယ်မှုတွေကို နောက်မှ လုပ်မယ်၊ လောလောဆယ် လက်ရှေးစင် ရဲမက်တစ်ရာကို အရင်ဆုံး စုဆောင်းပြီး တူမောင်နဲ့ သွားဖို့ ပြောနေတယ်'

'ဟာ....ဒီလိုလဲ ဘယ်ဟုတ်ဦးမှာလဲ'

'အဲဒါပြောတာပေါ့၊ ခုနေမှာ ဦးသမီးဆီပေမယ့် သူဟာ ခေးနန်းသခင်မ မဟုတ်လား၊ နယ်စားကြီးလဲ နယ်စားကြီး မဟုတ်လား'

'မဟုတ်ဘူး၊ မှဟုတ်ဘူး ဒီလိုတော့ မဖြစ်သင့်တာပဲ၊ ကျုပ်တို့ဆွေးနွေးကြသေးတာပေါ့'

'တူမောင်ပဲ ကူညီစမ်းပါကွယ်'

ထိုနေ့က ဝေအောလျန်နှင့် တွေ့ဆုံ ပြောဆိုပြီးသည့်နှင့် ဝမ်လင်းရိလည်း မိမိအဖွဲ့နှင့် ချက်ချင်းပြန်တွေ့သည်။

ပြီးတော့....

ဝေအောလျန်မှတစ်ဆင့် ကြားသိရသော လက်ရှိ အခြေအနေကို ပြောပြသည်။

ရုတ်တရက်ကျတော့ ဘာကို ဘယ်လိုစီစဉ်ရမည်မသိပဲဖြစ်သွားကြရပါတော့သည်။

အခြေအနေက နှစ်ဦးနှစ်ဖက်အတွက် အကျိုးနည်းစရာတွေ ဖြစ်နေသည်။

ဤအချက်ကို စေ့ဟောင်းရှောင် သဘောပေါက်သည်။

'ဒီသတင်းမှန်ကန်တယ်ဆိုရင်ဝေဝေရန်ရှဲ လုပ်ဆောင်ချက်ဟာ သူ့ပြည်နယ် သူ့မျိုးနွယ်စုအတွက် မကြည့်ဘဲ ကိုယ်ရေးကိုယ်ဘာဘက် အလေးသာနေတာပဲပေါ့၊ ဆရာရှိ မှတ်ချက်မမှားပါဘူး'

ဟုလည်း ထုတ်ဖော်ပြော၏။

ဝမ်လင်းရိက ပြတင်းပေါက်ဘက် ကြည့်နေရာမှ ပြန်လှည့်ကာ....

'လောလောဆယ် ကျုပ်တို့ ဘာဆက်လုပ်ကြမလဲဆိုတာလဲ အရေးကြီးနေပါတယ် စေ့ဟောင်းရှောင်၊ ကျုပ်တို့ ဒီမှာ ဒီကိစ္စနဲ့ရောက်နေကြတာ တစ်လလောက်ရှိနေပြီ ဆိုတော့လဲ ပြန်ရက်ကို အတိအကျ သတ်မှတ်သင့်ပြီ'

ဟု ပြောလေ၏။

ထိုအခါ....

ထိုင်ခုံတစ်လုံးတွင်ထိုင်၍ နားထောင်နေသော ဟိုမင်းလူက....

'ဝေးနန်းသခင်မ ဝေဝေရန်က ကျုပ်တို့ကို ရဲမက်တမ်ရာနဲ့ ပြန်လွှတ်မှာကို အခုလိုအခြေအနေရှိလာရင်တော့ အမတ်ချုပ်ကြီးလဲ ကျေနပ်မယ်မဟုတ်ဘူး'

ဟု ပြောလေသည်။

စေ့ဟောင်းရှောင်က ဟိုမင်းလူဘက်လှည့်ကာ....

'ဆရာကြီးဝေအောလျန်ကတောင် သဘောမတူပါဘူးလို့ ဆရာရှိပြောခဲ့ပြီကော၊ အမတ်ချုပ်ကြီးက ပိုပြီး မကျေနပ်ဘူးပေါ့'

ဟု ပြောလိုက်လေရာ ဝမ်လင်းရိက အနီးသို့လျှောက်လာပြီး သောက်ရေတကောင်းထဲကရေကို သောက်ရေခွက်ထဲ၌ မော့သောက်လိုက်လေ၏။

ပြီးလျှင်....

'ဒီကိစ္စမှာ ကျုပ်တို့ ဘာတွေဆက်လုပ်သင့်သလဲဆိုတာ ပထမဆုံး စဉ်းစားဖို့လိုလာပြီ'

ဟု ပြောလိုက်လေသည်။

သည်တော့မှ....

စေ့ဟောင်းရှောင်နှင့်ဟိုမင်းလူတို့လည်း အဓိကနှင့်သာမည သို့ ခဲ့ခဲ့ခြားခြား နားလည်သဘောပေါက်လာမိ၏။

'ဟုတ်တယ်၊ ကျုပ်တို့ လောလောဆယ် ဘာလုပ်ရမလဲဆိုတာ စဉ်းစားရမယ်'

စေ့ဟောင်းရှောင်က တိုးတိုးတိတ်တိတ် ရေရွတ်လိုက်ပါ၏။

'ဟုတ်ပါတယ်'

ဟိုမင်းလူက တိုတိုပဲဖြေသည်။

သည်မှာ....

စေ့ဟောင်းရှောင်က ဝမ်လင်းရိုကို အားကိုးတကြီးကြည့်လိုက်ပြီး

'ဆရာရိုအစီအစဉ်ကို ကြေညာပါဦး'

ဟု မေး၏။

ဝမ်လင်းရိုက....

'ကျုပ်တို့ ဒီမှာ ဒီထက်ပိုနေရင် သခင်ကြီး ကျုပ်တို့အပေါ် အမြင်မှားတော့မှာ သေချာတယ်၊ ကျုပ်ဟာ ခေးနန်းသခင်မနဲ့ ပတ်သက်တဲ့လူဆိုတာကိုလဲ သူသိလာမှာ မဟုတ်လား၊ ဒါကြောင့် ခုလို ကျုပ်တို့ချည်းပဲ ထပြန်မယ်ဆိုပြန်တော့လဲ ဒီလိုအခြေအနေမျိုးနဲ့ ဘာကြောင့် မြန်မြန်ပြန်မလာတာလဲလို့ အပြစ်ပြောမှာသေချာတယ်'

ဟု ပြောလေရကား ဝမ်လင်းရိပြောသမျှ ကျေနပ်အားရစရာ တစ်ခုမျှမပါသည့်အတွက် စေ့ဟောင်းရှောင်နှင့် ဟိုမင်းလူတို့ နှစ်ယောက်လုံး မှိုင်တွေချသွားပါလေတော့၏။

သည်နေရာတွင် ဝမ်လင်းရို၏ရင်ထဲ ဝေဒနာတစ်ခုအတွက် ထုတ်မပြောသောအချက်တစ်ချက် ရှိပါသေး၏။

ယင်းအချက်မှာကား....

ပန်းကမ်ပိုးနှင့်တည်းဟူသော အချက်ဖြစ်ပါ၏။

သည်အချိန်လောက်ဆိုလျှင် ပန်းကမ်ပိုးမှာ အမျက်ဒေါသတွေ ထွက်ကောင်းထွက်နေမည်။

သို့မဟုတ်....

သူမသည် ဝမ်လင်းရိုရှုသို့ ငြေးလိုက်လာရကောင်းလေ
မည်လား အတွေးစတွေနှင့် ဒေသကတွေ ပိုပွားနေပေရော့
သည်။

အမှန်စင်စစ်တော့လည်း မိမိ ပန်းကန်ပိုးအပေါ်တွင် ထား
ရှိသော မေတ္တာစေတနာမှာ လျော့ရဲကျနေသည်။

အမှန်တော့....

ဝမ်လင်းရိုသည် ပန်းကန်ပိုးကို ချစ်ခဲ့ကြင်နာခဲ့ သည်က
အမှန်ပါပေ။

ဝေဝေရန်နှင့်ဆိုတာ အစကတည်းက မနှီးစပ်မှန်း သိခဲ့ပြီး
ပြီပဲ၊ ဒေါ်ကြသူမျှားမနှီးတော့သည့် အဖြစ်ကလည်း သတ်မှတ်
ပြီးခဲ့ပြီပဲ့။

ဝမ်လင်းရိသည် အတွေးစမျှားဖြန့်ကျက်မိရာက သူပြောလို
သည့် စကားစကို ပြန်ကောက်ရပါလေတော့၏။

'ဒီတော့ ကျုပ်တို့ အလုပ်တစ်ခုကိုလုပ်မယ်၊ အဲဒီအလုပ်က'

'ပြောပါ ဆရာရိ'

စေ့ဟောင်းရှောင်သိချင်လှပြီ။

'ဒီလိုပါ'

ဝမ်လင်းရိကစကားစပြီး ဟိုမင်းလူကိုကြည့်လိုက်လေ၏။

'အခု လက်ရှိအခြေအနေအထိ အခြေအနေအားလုံးကို
သခင်ကြီးထံကို တိုက်ရိုက်ဖြစ်စေ၊ ဆရာကြီးသုံးပါးကဖြစ်စေ
အစီရင်ခံစာပေးပို့ ဟိုမင်းလူကတာဝန်ယူပါ၊ ကျုပ်နဲ့ စေ့
ဟောင်းရှောင် နေခဲ့မယ်၊

'....ကြားနေရတဲ့ တောင်တန်းကျားရိုင်း ဟိုပုန်းရှမ်တို့
ကျူးကျော်ရန်စမှုကို စောင့်ကြည့်မယ်၊ သခင်ကြီးရဲ့ပေးအပ်
တဲ့တာဝန်ကို အခြေအနေပေါ်မှာ တာဝန်ထမ်းဆောင်တဲ့
သဘောပေါ်၊ ခေးနှုန်းသခင်မနဲ့ ကျုပ်တို့ဆိုတာကလဲ တစ်မြေ
ကစ်ရေထဲ နေသူတွေ မှဟုတ်လား'

'ခေးနှုန်းသခင်မတို့နယ်မြေထဲ ကျူးကျော်လာစဲ့ရန်သူဟာ
စင်စစ် ကျုပ်တို့ရဲ့ရန်သူတွေပါ၊

'....ဒီရန်သူတွေကို စုပေါင်းပြီး တို့တွေညီညွတ်မှုအားတွေ
နဲ့ တိုက်ဆုတ်ကြရမှာပါပဲ့၊ ကဲ ပြောကြပါဦး'

ဟု ဝမ်လင်းရိကပြောလိုက်သောအခါတွင်ကား စေ့ဟောင်း
ရှောင်ဆော ဟိုမင်းလူပါ ခေါင်းတညိတ်ညိတ် ဖြစ်သွားပါလေ
တော့၏။

'ဆရာရိပြောတဲ့အစီအစဉ်ဟာ အကောင်းဆုံးပါပဲ'

စေ့ဟောင်းရှောင်က စတင်ပြော၏။

'ကျုပ်လဲသဘောကျပါတယ်၊ ပွဲကြီးပွဲကောင်း မဆင်နဲ့
လိုက်ရတာကတော့ နာတယ်ဗျာ'

'ကျုပ်တို့က ဟိုမင်းလူကို မပြန်စေချင်သေးပါဘူးဗျာ၊ မဖြစ်သို့ပါ၊ ဒါလဲ သေးတဲ့တာဝန်မဟုတ်ပါဘူး'

ဟု စေ့ဟောင်းရှောင်က ဝင်ပြောလိုက်လေ၏။

အခန်း [၆၆]

ဟိုမင်းလူ ကျုံကင်းပြည်နယ်သို့ တစ်ယောက်တည်း ပြန်သွားပြီးနောက် သုံးရက်မြောက်သောနေ့ ညဦးပိုင်းတွင်ကား တောင်တိန်းကျားရိုင်း ဟိုပုန်းရွမ် အဖွဲ့သည် မြင်းတပ် အင်အား ၂၀၀ ကျော်ဖြင့် ချီတက်လာပါလေ၏။

သူတို့သည် ရောင်စုံကြက်လျှာစွန်းအလံများကို တစ်လူလူလွှင့်ကာ ကြွေးကြော်သံများကို အော်ဟစ်နေကြ၏။

ခရာများကဲ့သို့သော အရာများကိုလည်း မှုတ်နေကြသည်။

နန်ချမ်းမြို့ တံခါးကြီးရှေ့ ခပ်ပျပျမြင်ရသလောက်သော နေရာအရောက်တွင်မူ ရှေ့သို့ ဆက်လက် မလာတော့ဘဲ ရပ်လိုက်ကြ၏။

အော်ဟစ်သံ၊ ခရာမှုတ်သံများကိုတော့ဖြင့် အဆက်မပြတ် အော်ဟစ်ကာ မှုတ်ကာရှိနေကြ၏။

နန်ချမ်းမြို့တွင်းမှာကတော့ ပြေးကြ လွှားကြ ပြောဆို တိုင်ပင်ကြနှင့် ရှုပ်ထွေးနေ၏။ ခွေးများက ဟောင်၏။ ကလေးများ အော်ဟစ်ငိုကြွေးကြကုန်၏။

အမတ်ချုပ်ကြီးနှင့် ဝေအောလျန်တို့သာလျှင် ဤနေရာကို ကြို့တင်ကြားသိထားသူများဖြစ်၍ ယခုလိုပွဲတွေဒီဌအချိန်မျိုး ရောက်၍ လာသောအချိန်တွင်လည်း ခေါင်းအေးအေးထား၍ ဆောင်ရွက်နိုင်ကြပါ၏။

ဝမ်လင်းရိနှင့် စေ့ဟောင်းရှောင်တို့က မြို့စောင့်တပ်မှူးများ ဖြစ်ကြသော ကူစီဟွာ ချန်းကင်းတိန် စသူတို့နှင့် လက်တွဲကာ တာဝန်ယူထားပြီး ပြစ်သည်။

သို့နှင့်....

ဝမ်လင်းရိသည် ဗဟိုစံအိမ်တော်မှ အမတ်ချုပ်ကြီးတို့နှင့် တိုင်ပင် ဆွေးနွေးပြီးလျှင် ပြီးချင်း မြို့တံခါးသို့ မြင်းကို ဒုန်းစိုင်းနှင်လာခဲ့ကြလေသည်။

'ခွပ်....'

'ခွပ် ခွပ် ခွပ်'

'ဘေးဖယ်ကြ၊ ဘေးဖယ်ကြ တပ်မှူးတွေ လာနေကြတယ်'

'ဟေ့....ဘာဖြစ်လို့ ဒီလောက် ပြေးနေကြတာလဲ'

'ကျုပ်တို့ ယောကျ်ားသားတွေ ပါဝင် တိုက်ပွဲဝင်ဖို့လာကြတာပါ'

'ကောင်းတယ်၊ ကောင်းတယ်'

'ဒီလိုဆိုရင် နောက်ပိုင်းမှာ စနစ်တကျ သွားနေကြပေါ့၊ လိုအပ်တဲ့ လက်နက်တွေ တောင်းကြတာပေါ့၊ ဓားတွေ၊ လှံတွေ၊ လေးကိုင်းတွေ အစုံရှိတယ်'

ဝမ်လင်းရိတို့သည်လမ်းတစ်လျှောက်ကြားခဲ့ရသောစကားသံများကို ကျေနပ်နေမိသည်။

မြို့တံခါးဝသို့ ရောက်သောအခါ ထိုနေရာတွင် တာဝန်ယူထားသူ မြို့စောင့် တပ်မှူး ကူစီဟွာက ဝမ်လင်းရိကို ဆီးကြိုနှုတ်ဆက်၏။

ထို့နောက် အခြေအနေကို ပြောပြ၏၊

'လူအင်အား နှစ်ရာကျော်လောက် ရှိတယ်၊ တောင်တန်း

ကျွန်ုပ်၊ ဟိုပုန်းရွှမ်နဲ့ နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရွေးတို့ ဦးဆောင်လာကြပုံ ရှာယ်

ဟု ကူစီဟွာက ပြောလိုက်သောအခါ ဝမ်လင်းရိုက....

'သူတို့ မြို့တံခါးကို ဖြိုဖျက်ဝင်လာဖို့ ကြိုးစားကြမှာကတော့ အမှန်ပဲ တပ်မှူး၊ ဒီတော့ အမှတ်ချုပ်ကြီး ချန်စွမ်းတောင်ရဲ့ အစီအမံအရ မြို့တံခါးကို ဖြိုဖျက်မခံရအောင် ကျုပ်တို့ကပဲ သူတို့ကို အရင်ဆုံး သွားတိုက်ခိုက်မှယ်လို့ ပြောတယ်၊ တပ်မှူး ချန်ကင်းတို့က ဆက်လက် တာဝန်ယူထားပါတယ်၊ ဟော....ပြောရင်းဆိုရင်း တပ်မှူး ချန်ကင်းတို့ရဲ့ တပ်ဖွဲ့တွေ တောင် ရောက်လာကြပြီထင်တယ်'

ဟု ပြောရင်း မြို့အတွင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်ကြရာ တပ်မှူး ချဲန်ကင်းတို့၏ ရဲမက် နှစ်ရာကျော်ခန့် မြင်းများကိုယ်စီစီးလျှံ့ လာနေကြသည်ကို တွေ့မြင်ရပါတော့၏။

အနီ၊ အဝါ၊ အပြာ အလံမျှားမှာ လေတွင် တလွင့်လွှင့်....

'ဟီး....ဟီး....ဟီး'

မြည်းဟည်းသံများ၊ မြင်းခွာသံများမှာလည်း နီးကပ်လာလေ၊ ဆူညံလာလေလေရှိ၏။

ထိုအခိုက်....

ဆက်သား ရဲမက်တစ်ယောက် မြင်းကိုဒုန်းစိုင်းလာပြီး မြို့စောင့် တပ်မှူး ကူစီဟွာလက်ထဲ သူ့အမိန့်စာချန်လှာတစ်စောင်ပေး၏။

ကူစီဟွာက စာချန်လှာကို ချက်ချင်းဖတ်ပြီး လက်ထောက် တပ်မှူး ချမ်းသန်းစီအား လှမ်းလိုက်လေ၏။

'နောင်ကြီး ဝမ်လင်းရဲ့ ခုနကပြောပြတဲ့အတိုင်း တရားဝင် အမိန့် ထုတ်ပြန်လိုက်တာပါ'

တပ်မှူး ကူစီဟွာက ပြောပြောဆိုဆို လျှို့ဝှက် တံခါးပေါက်မှ မြို့ပြင်သို့ လှမ်းကြည့်၏။

ညမှာ လခြမ်းကွေးကလေး ကောင်းကင်တွင် ချိတ်တွဲနေသောအချိန် ဖြစ်သဖြင့် လုံးဝ မှောင်မိုက်နေသည် မဟုတ်။

မှုန်ပြာပြာ မှိုင်းဝေဝေရှိသည်။ ရန်သူတို့ကား မြို့တံခါးအနီးသို့ မလာသေးဘဲ စောစောကအတိုင်းပင် အော်ဟစ်လျက် လှုပ်လှုပ်ရှားရှား ရှိမြဲရှိနေသည်။

မြို့တွင်းက အခြေအနေကို စောင့်ကြည့်နေလေသလား တော့ဖြင့် မသိပေ။ သို့မဟုတ် မကြောက် ကြောက်အောင် လှုပ်ပြီးမှ မြို့တံခါးကို ဖြိုဖျက်ဝင်ရောက်တိုက်ခိုက်ရန် အကြံရှိလေသလား စဉ်းစားစရာပင်။

ထို့နောက်....

တပ်မှူး ကူစီဟွာနှင့် ဝမ်လစ်းရိတ့ိနှစ်ယောက် မြို့တံခါး မျှော်စင်ပေါ်သို့ တက်ခဲ့ကြသည်။

လှေကားမှာ နှစ်ဆစ်ချိုးလှေကားဖြစ်သည်။ နှစ်ဆစ်ချိုး ပြီးသည်နှင့် အဆောင်ငယ်တစ်ခုသို့ ရောက်၏။

ထိုမြို့တံခါးမျှော်စင် အထက်မှ လှမ်းကြည့်လိုက်သော အခါ မြင်ကွင်းမှာ ပိုမိုကြီးမား ကျယ်ပြန့်သွားလေတော့၏။ မြင်းတစ်စီးက မြို့အနောက်ဘက် မျက်နှာကို ခိုင်လုံသော တံတိုင်းကြီးသဖွယ် တည်ရှိနေသဖြင့် မြို့ရှေ့ မျက်နှာတည့်တည့် နေရာနှင့် မြို့အရှေ့ဘက် မျက်နှာနှစ်ခုအတွက် အန္တရာယ်ရှိနေသည်။

'သူတို့လာရင် ဒီလမ်းနှစ်လမ်းပဲ ရှိမယ်'

ဟု တပ်မှူး ကူစီဟွာက ပြောရင်း ထိုနှစ်နေရာကို လက်ညှိုးထိုးပြသည်။

'မြို့တောင်ဘက် မျက်နှာစာကရော ရန်သူ မထိုးဖောက်နိုင်ဘူးလား'

'မထိုးဖောက်နိုင်ဘူး၊ တောင်တန်းကြီးတွေ ခံနေပါတယ်'

တပ်မှူး ကူစီဟွာမှာ စိတ်ဓာတ်ရင့်ကျက်ပုံရသည်။ရန်သူ

များ မြို့တံခါးရှေ့သို့ ရောက်နေသည့် တိုင်အောင် သူသည် တည်တည်ငြိမ်ငြိမ် ရှိသည်။

အမှန်မှာ သတ္တိနည်းသူကြောင်သူတွေဆိုပါမူယခုလိုအခြေ အနေမျိုး ရောက်လာသည်ဆိုလျှင် ပျာယီးပျာယာဖြစ်နေ တော့မည်သာ။

ကူစီဟွာကတော့ ရန်သူများကို လှမ်းကြည့်လိုက်ချေ။ မည်သို့ ခုခံကာကွယ်တိုက်ခိုက်ရမည်ကိုသာ တွက်ချက်နေပုံရသည်။

'ဟေး....ဟေး'

'ဝှေး....ဝှေး'

'မြို့တံခါးကိုဖျက်ကြမယ်'

'ဟေး....ဟေး'

ခပ်လှမ်းလှမ်းမှ အော်ဟစ်နေကြသော အသံဗလံများ ဖြစ်နေသဖြင့် ညာသံများကိုသာ အများဆုံး ကြားနေရသည်။

'သူတို့ကို ကြည့်ရတာ ချုံပိုက်ရူး အဘိုးကြီးလောလော နဲ့သာ လိုက်လာကြပုံရတယ်၊ တကယ်တမ်း တိုက်ခိုက်ရမှာ ကို နည်းနည်းလန့်နေသလိုပဲ'

'ဟုတ်တယ် နောင်ကြီး၊ ဝမ်လင်းရဲ အဲဒီစကားဟာ အမှန်ဆုံးပဲ'

ထိုအခိုက်....

မြို့တံခါးအောက်တက်တွင် တပ်မှူး ချွန်ကင်းတိန် နှင့် စေ ဟောင်းရှောင်တို့ မြင်းများ စီး၍ ရောက်ရှိလာကြသည်။

မျော်စင်ပေါ်မှ တပ်မှူး ကူစီဟွာက အသံပြုလိုက်ခြင်းကြောင့် မျော်စင် အဆောင်ပေါ်သို့ တက်လာကြသည်။

ပြေးမတက်ရုံတမည် ခပ်သုတ်သုတ် ခပ်မြန်မြန် တက်လာကြလေ၏။

တပ်မှူး ချွန်ကင်းတိန်က တပ်မှူး ကူစီဟွာကို....

'ဘာထူးခြားလဲ တပ်မှူးဟွာ'

ဟု မေး၏။

တပ်မှူး ကူစီဟွာက....

'မထူးခြားဘူး ရောက်တဲ့ နေရာမှာပဲ အော်မြဲအော်နေကြတယ်'

ဟု ဖြေသည်။

'လူအင်အား နှစ်ရာကျော် သေချာလား'

'အစီရင်ခံထားတဲ့အတိုင်း မှန်ကန်နိုင်ပါတယ်'

'တပ်မှူး မှတ်ချက်ပေးနိုင်ပါ့မလား'

'ဟောဒီက နောင်ကြီး ဝမ်လင်းရဲ့ မှတ်ချက်ကို အရင် ပြောပါရစေ'

'ပြောပါဦး'

'နတ်မိစ္ဆာဂိုဏ်းချုပ် ချုံပိုက်ရူးက အမှောင့်ပဒေသာဂကြောင့်သာ သူတို့ဒီကိုရောက်လာပုံရတယ်၊ တကယ်တမ်း တိုက်ခိုက်ဖို့ကျတော့ ကြောက်ရွံ့နေသလိုပါပဲ'

'ဖြစ်နိုင်တယ်၊ သူတို့ရောက်တာကြာပြီပဲ၊ တကယ်တိုက်ခိုက်ချင်ရင် မြို့တံခါးကို ရောက်လာသင့်ပြီ'

ထိုသို့တပ်မှူးနှစ်ယောက် အပြန်အလှန် ပြောနေကြစဉ် ရန်သူဆီမှ မြင်းစီးသမားတစ်ဦး အလံဖြူတစ်ခုကို ကိုင်ဆွဲလျက် မြင်းကိုအသွေ့စိုင်းလာကြလေ၏။

မြင်းစီးသမားသည် နက်ပြာရောင် ဝတ်စုံကို ဝတ်ထားသည်။

ဝါးခမောက်ဆောင်းလျက် နောက်ကျောတွင် ခေါင်းကို လွယ် ခြိတ်ထား၏။

သူ၏အသက်မှာ ၃၀ ကျော် ၄၀ လောက် ရှိခဲ့မည်။ ဆံပင်ကို ဖားလျား ချထား၏။

'ဟီတ်....ရပ်လိုက်'

လေးကိုင်းတပ်ဖွဲ့မှူးက လှမ်း၍ တားလိုက်၏။ လေးကိုင်းတွင် မြေးတံများ တပ်ဆင်လျက် ရန်သူမြင်းစီးသမူးကို ဝိုင်း၍ ချိန်ရွယ်ထား၏။

ရန်သူ မြင်းစီးသမားက မြင်းကို စုံ့ခနဲရပ်ကာ သူကိုင်ထားသော အလံဖြူကို မြှောက်၍ မြှောက်၍ ပြ၏။

ထိုအခါ တပ်မှူး ချွန်ကင်းတိန်က မြို့စောင့်တပ်၏ လက်ထောက် တပ်မှူး ချမ်းသန်းစိုကို ရွေးချယ်၍ မလွယ်ပေါက်မှ ထွက်စေလျက် ရန်သူ့ဆက်သားထံသို့ လွှတ်လိုက်သည်။

ချမ်းသန်းစိသည် မြင်းကောင်းမြင်းသန့် မြင်းညိုကြီးကို အသာစီးကျ စီးသွားကာ ရန်သူ့ဆက်သားနှင့် စတွေ့လေသည်။

ထိုအခြိန်တွင် ရန်သူဘက်က အော်ဟစ်သံများ၊ ခရာမှုတ်သံများ ကိတ်ဆိတ်သွား၏။

နန်ချမ်းမြို့တံခါးရှိ လူတွေ အားလုံး မှာကား မြင်ကွင်းတစ်ခုတည်းကိုသာ စူးစိုက်ကြည့်နေကြလေသည်။

မြင်းစီးသမားနှစ်ဦးတို့ကား လရောင် မှုန်ပြတ်ပြတ်တွင် တွေ့ကြလေပြီတကား။

အခန်း [၆၇]

အခုတော့....

ပုံစံကတစ်မျိုး ဖြစ်လာသည်။

မြောက်ဘက်တွင် မြင်းနီကြီးကို ခွၽတ်စီးထားသည့် တိုက်ခိုက်ရေး မြင်းစီးသမားကြီးတစ်ယောက်။ သူ့နောက်ဘက်တွင်ကား တောင်တန်း ကျားရိုင်း ဟိုပုန်းဒွန်၊ နတ်မိစ္ဆာ ဂိုဏ်းချုပ်ကြီး ချုပိုက်ရွှေနှင့် မြင်းစီး တိုက်ခိုက်ရေးသမားများ။

မြင်းနီကြီးပေါ်က တိုက်ခိုက်ရေးသမားကြီးကား ဆံပင်ရှည် နှုတ်ခမ်းမွေးရှည်ထားသူ သိုင်းသမားကြီး ဖြစ်သည်။ ကိုယ်ကြပ် အင်္ကျီနီကြီး ဝတ်ထား၏။ သူ့ကိုယ် တွင် လက်နက်မျိုးစုံ တပ်ဆင်ထားပါ၏။

သူ့ကိုတွေ့မြင်လိုက်ရသည်နှင့် ကြောက်မက်ဖွယ်ကိုဆောင်ပါ၏။

သည်မှာဘက်မှကား ဝမ်းလင်းရီသည့် အဖြူရောင်ဝတ်စုံကို ဝတ်လျက် မြင်းညိုကြီး ကျောထက်တွင် တစ်လောကလုံးကို စိန်ခေါ်နေသည့်ပုံ ရှိသည်။

နောက်ဘက်တွင် မြို့စောင့် တပ်မှူးနှစ်ဦးနှင့် စေ့ဟောင်းရှောင်တို့နှင့်အတူ အဝိအားနှစ်ထုကျော် မြင်းတပ်ကြီးသည် အသင့်။

ဤတိုက်ပွဲမှာ ရန်သူဘက်မှ ကမ်းလှမ်းလာသော ဆန္ဒအတိုင်း အရှုံးအနိုင်ကို တစ်ဖက်လျှင် တစ်ယောက် ရွေးချယ်ပြီး တိုက်ခိုက် အနိုင်ယူရမည့် တိုက်ပွဲဖြစ်သည်။

သည်စကား ကမ်းလှမ်းသည့် အချိန်ကမူ အမတ်ချုပ်ကြီး ချန်စွမ်းတောင်က လက်မခံဘဲ ငြင်းသည်။

'ဒါကို ဝမ်ဘင်းရိုက သူ့အား တာဝန်ပေးရန်တောင်းဆိုသည်။ သည်ကိစ္စကို ချန်စွမ်းတောင်က ဓားနန်းသခင်မ ဝေဝေရန်၏ အမိန့်ကို နာခံသောအခါ ဓားနန်းသခင်မ ဝေဝေရန်က ဖြစ်သင့်ပါကြောင်း ပြောသည်။

ဝေအောလျန်ကိုယ်တိုင်ကလည်း သူ့အနေနှင့် ဝမ်းလင်းရီ

ကို နဂါးငွေ့ဓား၏ တောင်းဆိုမှုကို လုံးဝ ယုံကြည် လက်ခံသည်ဟု ဆိုသည်။

ထို့အခါ....

အမတ်ချုပ်ကြီးလည်း ဝမ်းလင်းရိ၏ တိုက်ခိုက်မှုသက်စွမ်းလက်စကို သိထားပြီး ဖြစ်သည်နှင့် ခွင့်ပြုလိုက်ခြင်းပင်။

တချိန်တည်းမှာပဲ ဝမ်းသင်းရိအား သူရဲကောင်း တိုက်ပွဲဝင် ရိုးရာကိုယ်ကြပ်အင်္ကျီကြီးကို ဝတ်ဆင်ပေးလိုက်၏။

ဤသို့ဖြင့် နှန်းမြို့ပြင် မြက်ခင်း လွင်ပြင်ကြီးတွင် အခုလို စီးချင်းတိုက်ခိုက်ရန် အခြေအနေသို့ ရောက်ရှိလာခြင်းပင်။

ရန်သူတက်မှာက....

'ကျားဟိန်းသံ ဓားကုံလုံဟူး'

မိမိတို့ဓားနှန်းသခင်မတက်မှာက....

'နဂါးငွေ့ဓား ဝမ်းလင်းရိ'

'တိုက်ခိုက်ရန် အချိန်တန်ပြီ'

ဟု တစ်နေရာက အော်ဟစ်လိုက်သည်နှင့် သတ်မှတ်သည့် လေးကိုင်းသမား ခြောက်ယောက်၊ (တစ်ဖက် သုံးယောက်)

တို့က လေးကိုင်းတွင် တပ်ဆင်ထားသော မြားတံများကို ကောင်းကင်သို့ ပစ်လွှတ်လိုက်လေ၏။

'ဝှစ်....'

'ဟူး....'

'ဝှစ်....'

'ဟူး....'

'ဝှစ်....'

'ဟူး....'

'ဝှစ်....'

'ဝှစ်....'

'ဟူး....'

'ဝှစ်....'

'ဟူး....'

လေးကိုင်းဖြလက်မ မြားတံများ အထက်မိုးကောင်းကင်သို့ တက်သွားသည်နှင့် စီးချင်းတိုက်ခိုက်ရေးသမား နှစ်ဦးတို့မှာ မိမိတို့၏ဓားများကို ရွှမ်းခနဲ ရွှမ်းခနဲ ဆွဲထုတ်လိုက်ကြလေ၏။

ထို့နောက်....

ခေးများကိုမြောက်ကာ တိုက်ကွင်းအတွင်း လှည့်ပတ်ပြေးလေ၏။

အသွားအပြန် မြင်းတစ်ပတ်ဆုံမှတ်သို့မရောက်မီ ပစ်လွှတ်ထားသော မြားတိုများ မြေကြီးပေါ်သို့ ပြန်ကျလာလေရာ ထိုနေရာသို့ ဝမ်လင်းရီအရောက်သွားကာ မြားတိုများကို ခေးဖြင့် တဖြောင်းဖြောင်းခတ်ထုတ်လေ၏။

မြားတိုများသည် အခုမှ ရန်သူကျားဟိန်းသံခေး ကုံလုံဟူး၏ ရင်ဝဆီသို့ ကည့်တည့်မှတ်မတ် ခတ်ဝင်သွားကြလေ၏။

'ဝှစ် ဝှစ် ဝှစ် ဝှစ် ဝှစ် ဝှစ်'

'ထန် ထန် ထန် ထန် ထန် ထန်'

ကျားဟိန်းသံခေးကုံလုံဟူးမှာ တိုက်ပွဲစသည်နှင့် အကြိတ်အနယ် ခုခံလိုက်ရ၏။

သို့သော်...

ညာဘက်လက်မောင်း သွေးစွန်းပေသွားလေ၏။

ဤအချက်အတွက် ကျားဟိန်းသံခေးကုံလုံဟူး အရှက်ခွသွားလေသည်။

နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရူးမှာ ကြိတ်မနိုင်ခဲ့မရဖြစ်နေသည်။

သို့နှင့် သူ့ဘို့လူအတွက် အတွင်းအုံးများကို စုညှပ်ပို့လွှတ်လိုက်လေရာ....

'ယား'

အားပြိုသံကြီးကို အာခေါင်ကပ်လုမတတ် အော်ဟစ်လျက် ကျားဟိန်းသံခေးကုံလုံဟူးသည် ဝမ်လင်းရီတူရှသို့ ပြေးဝင်သွားကာ လေယူရာယိမ်းထိုင်းကွက်ဖြင့် တိုက်ခိုက် ပါလေတော့၏။

'ထန် ထန် ထန်'

နဂါးငွေ့ခေးမို့သာ ခံသာခဲ့ရခြင်းဖြစ်၏။ ခေးချက်တိုင်းမှာ ငလျင်များထုံကျဉ်သည်အထိ ဝမ်လင်းရီ ခံလိုက်ရသည်။

သိုင်းကွက် ၅ ကွက်အရောက်တွင် သူလည်း ညာဘက်လက်မောင်း ခေးထိကျန်ရစ်၏။

သွေးများဖြာခနဲကျဆင်းလာ၏။

'ဟား ဟား ဟား ဘာရမလဲကွာ'

ဟူသော အသံများ ကျားဟိန်းသံခေးကုံလုံဟူး၏အသံမဟုတ်။

ချုံပိုက်ရှူး၏အသံ ဖြစ်နေ၏။

သည်တွင်....

အမတ်ချုပ်ကြီး သိလိုက်လေသည်။

ချက်ချင်းပင်....

'နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရှူးခင်ဗျာ၊ အတွင်းအားပို့လွှတ်ခြင်းကို အခု ရုတ်သိမ်းလိုက်ပါ'

ဟု လှမ်းအော် အသိပေးလိုက်၏။

ချုံပိုက်ရှူးသည် မိမိအမှားကို လူပုံလည်ထောက်ပြခြင်း ခံလိုက်ရသဖြင့် အတွင်းအားပို့လွှတ်ခြင်းကို ဆက်သက် မလုပ်ဝံ့တော့ပေ။

ထိုစဉ်....

ဝမ်လင်းရိသည် မြင်းခြေနှင်းကွင်းပေါ်တွင် မတ်တတ်ရပ်၍ စီးနင်းလျက် မြင်းကိုဒုန်းစိုင်းကာ ကျားဟိန်းသံ ခေါ်ကုံလုံဟူးအား မြောက်ထားသောခေါဖြင့် ခုတ်ပိုင်းတိုက်ခိုက်လေ၏။

'ထန်း'

'ဖြောင်း'

မီးပွားများပွင့်ထွက်ကာ ကျားဟိန်းသံ ခေါကုံလုံဟူး၏

ခေါမှာ အလယ်တည့်တည့်မှ သွင်သွင်ကျိုးထွက်သွားပါလေတော့၏။

ကျားဟိန်းသံခေါ ကုံလုံဟူးသည် လက်ထဲကခေါကျိုးနှင့် ဝမ်လင်းရိကျောဆို့ ပစ်သွင်းလိုက်၏။

သို့သော်လည်း လွဲချော်သွား၏။

ခေါကျိုးပြေးဝင်လာသည်ကိုသိသော ဝမ်လင်းရိက မြင်းကိုပါ တိမ်း၍ စောင်းရှောင်လိုက်သောကြောင့် ဖြစ်သည်။

မြင်းကို နောက်ပြန် လှည့်လိုက်သောအခါ ကုံလုံဟူးက လက်ထဲရှိလှံဖြင့် မိမိအား လှမ်းထိုး၏။

'ဝှစ်....'

'ဟူး....'

သည်တစ်ခါ ဘယ်ဘက်လက်မောင်း ထိသွား၏။

သွေးများ ယိုစိမ့်ထွက်လာလေ၏။

အခုတော့ ခေါနှင့်လှံ တိုက်ခိုက်နေသည့်တိုက်ပွဲ ဖြစ်နေပြန်ပြီ။

ကျားဟိန်းသံခေါ ကုံလုံဟူး၏ တိုက်ချက်များ သာနေသဖြင့် ခေါနန်းရှင်သခင်မဘက်တွင် ရိုးတိုးရှတ ဖြစ်လာ၏။

အမှတ်ချုပ်ကြီး ချွန်စွမ်းတော်နှင့် ဝေအောလျှန်တို့က တော့ ဝမ်လင်းရဲ့ လက်ရည်မကျသေးဘဲ ဆက်လက်တိုက်ခိုက် ဝင်နေသည်ကို တွေ့သဖြင့် မိမိတို့လူ၏ ပျော့ကွက် ဟောက်ကို ရှာနေမိ၏။

နဂါးဌေးခေး ဝမ်လင်းရိသည် ရန်သူ၏ တိုက်ကွက် တိုက်ကွင်းများကို တွေ့မြင်နေရပြီဖြစ်၍ နဂါးဌေးခေးကို ခေးအိမ်ထဲ အသေအချာ ပြန်ထည့်လိုက်လေ၏။

ပြီးသော်....

မြင်းဇော်ကြီးကို ဆ၍ မြင်းညိုကြီးကိုရိုက်ကာနှင်၍ ကုံလုံဟူးထံကို ဦးတည်လိုက်ရပြန်၏။

မြင်းညိုကြီးက ပတာတ်ရပ်ပြီးနောက်....

'ယား'

'ယား'

မြင်းများကို မျက်နှာချင်းဆိုင် ပြိုင်ပြေးလာပြီးနောက် ကျေးဟိန်းသံခေး ကုံလုံဟူးက နဂါးဌေးခေး ဝမ်လင်းရိ၏ ရင်ညွန့်ကိုဦးတည်၍ သူ၏လှံကို ထိုးသွင်းလိုက်၏။

'ဝစ်....'

'ဖျပ်....'

ဝမ်လင်းရိကလည်း သူ၏စိတ်ကူးထားသည့်အတိုင်း ပြေး ဝင်လာသောလှံကို အမိအရဆုပ်ဖမ်း၏။

ခေးကိုပင်ဖမ်းနိုင်ခဲ့သော် ဝမ်လင်းရိသည် အခု လှံတံကို ဖမ်းရတွင် မခက်ခဲလှပေ။

လှံတံကို ဝမ်လင်းရိ ကောင်းကောင်းမိသည်။

သိုင်းသမားချင်းဖြစ်နေသောအခါ လှံပိုင်ရှင်ရော လှံဖမ်းသူမှာပါ ပူးတွဲနေတော့လေ၏။

မြင်းများလည်း ကိုယ့်လမ်း ကိုယ်ဆက်မသွားနိုင်တော့ဘဲ လှံတံကြားတွင် ဝင်ရိုးတစ်ခုလိုဖြစ်ပြီး ပူးတွဲကာ ဝိုင်းချာလည်နေပါတော့၏၊

အတန်ကြာ ဝိုင်းချာလည်ရာမှ မြင်းများရပ်တန့်သွားလေသည်။

ကုံလုံဟူးက သူ၏လှံကို သူ့ရန်သူ ဝမ်လင်းရိလက်ထဲက လွတ်ထွက်သွားရန် အတွင်းအားကို စုစည်းစိုက်ထုတ်၍ ဆွဲယူသည်။

ဆွဲယူ၍ကား မရ။

လုံးဝမရ။

ဝမ်လင်းရိကမူ လှံတံကို အဖျားပိုင်းက ဆွဲကိုင်ထားသူ ဖြစ်သည်။

သူက မိမိဘက်သို့ပါလာအောင် မဆွဲတော့။

ရန်သူအားပင်မြှောက်ကာ လွှင့်ပေါက်ရန်ကိုသာ အတွင်းအားကို အသုံးပြုနေ၏။

'ယိစ်'

'ယိစ်'

အတွင်းအားကို ထပ်မံစုစည်းလိုက်၏။

ခန္ဓာကိုယ်ကြီးတစ်ခုလုံး အနီရောင်သို့ ပြောင်းလဲလာလေသည်။

ကောင်းလိုက်ဆည့် အတုင်းအား။

ထို့နောက်....

လျှပ်တစ်ပြက် အဖြစ်အပျက်မှာကား မြင်တွေ့လိုက်ရသူများအား လုံး အံ့မခန်း တိုက်ကွက်တစ်ကွက်ပင် ဖြစ်ပါ၏။

'ယား'

ဝမ်လင်းရိသည် ခန္ဓာကိုယ်တွင် ရှိရှိသမျှသော ကြွက်သားများကို ညှစ်ကာ....

'ယား'

ဟု အောင်မြင်စွာ အော်ဟစ်လိုက်၍ မြင်းနှင့်တစ်ပြိုင်နက်တည်း။

ရှေ့တွင်ရှိနေသော ကျားဟိန်းသံခား ကုံလုံဟူးအား ကစား:စရာအရုပ်ကလေးတစ်ရုပ်ကို ကောက်မြှောက်၍ လွှင့်ပစ်လိုက်တိသကဲ့သို့....

အရှိန်ဖြင့် မြှောက်ပင့်၍ ဆန့်ကျင်ရာဘက်သို့ လှမ်း၍ ပစ်လွှတ်လိုက်ပါလေတော့၏။

ကျားဟိန်းသံခား ကုံလုံဟူးမှာလည်း အုံသြစရာကောင်းလောက်အောင်ပင် ဝါးတစ်ရိုက်မျှ မြှောက်တက်သွားလေသည်။

တစ်ဖန် လက်ထဲကျန်ရစ်သော လှံတံဖြင့် ကုံလုံဟူးထံ ပစ်လွှတ်လိုက်ပြန်ရာ....

'အင့်'

'အား'

ကျားဟိန်းသံခား ကုံလုံဟူးမှာကား ပစ်ပေါက်ခြင်းခံရ၍မက လှံတံနှင့် ပစ်လိုက်ခြင်းကိုပင်ခံစား၍ လောက်ကြီးမှ ထွက်ခွာသွားပါလေတော့၏။

နန်ချမ်းမြို့ကြီး တစ်မြို့လုံးသာမက နယ်တစ်နယ်လုံးသို့တိုင် အောင် နဂါးငွေ့ခား ဝမ်လင်းရဲ၏ သူရဲကောင်း သတင်း ကား မြည်ဟိန်း သွားဘိသကဲ့သို့ ကျော်ကြားသွားလေပြီ တကား။

သို့သော်....

ဝမ်လင်းရဲမှာကတော့ သမားတော်ကြီး ကျူဝှာစင်း၏ စံအိမ်တွင် လက်မောင်းနှစ်ဖက်ကဒဏ်ရာများကို ကုသနေရဆဲ ရှိသည်။

ဘယ်ဘက်လက်မောင်းက ဒဏ်ရာထက် ညာဘက် လက် မောင်းက ဒဏ်ရာမှာ အနည်းငယ် ပို၍ကြီး၏။

သမားတော်ကြီးကျူဝှာစင်း၏ ဆေးဝါးကလည်း အလွန် ပင် ကောင်းလေသည်။

နှစ်ရက်နှင့် အသားတက်ကာ မူလပကတိအတိုင်း ဖြစ်ပေ တော့မည်။

အမတ်ချုပ်ကြီး ချန်စုမ်းတောင်ကလည်း ဂို့ဏ်ပြုပဲ့ အခမ်း အနားကို ပြုလုပ်ချင်လှပြီဟု ဆို၏။

သမားတော်ကြီးကျူဝှာစင်း၏စံအိမ်သို့ မကြာခဏရောက် ရှိနေသူကား ဝေဝေရန်၏လူယုံကော် အိစင်းကွမ်အမျိုးသမီး ပင် ဖြစ်၏။

အိစင်းကွမ်မှာ ဝေဝေရန်ထံမှ စားသောက်ဖွယ်ရာများကို သစ်သီးများနှင့် အခြားလိုအပ်သမျှ ပို့ပေးနေရသည်။

ပြီးတော့ အမှာစကားတွေဖြစ်၏။

ဝေဝေရန်မှာလည်း ခားနန်းရှင်သခင်မဘဝကို ရောက် လာကာမှ အသွားအလာကအစ အလွန် ဆင်ခြင်နေရသည်။

ဘာကိုပဲမဆို စိတ်လိုက်မာန်ပါ လုပ်တတ်လွန်းသော ဝေ ဝေရန်။

အခုတော့ ဘာကိုပဲလုပ်လုပ် ချိန်ဆနေရသည်ချည်းသာ။

အထူးသဖြင့် စံအိမ်တော်က အပြင်သို့ထွက်ရသည့်အခါ စံအိမ်တော်မှူးကြီးနှင့် အမြဲတိုင်ပင်ရ၏။

အချို့ကိစ္စများတွင် အမတ်ချုပ်ကြီးနှင့်ပင် တိုင်ပင်ရပါသေးသည်။

အမှန်ကတော့ နန်ချမ်းနယ်စားကြီးဟူသောဂုဏ်ပုဒ်နှင့်....

ခေးနန်းရှင်သခင်မဟူသော အရှိန်အဝါများ ထိခိုက်မည်စိုးသောကြောင့်ပါပေ။

မည်သို့ဆိုစေ....

ဝေဝေရန်၏ ကိုယ်ရေးကိုယ်တာပိုင်းမှာကား ဘဝတစ်ခုလုံးကို ဤနေရာတွင်ပင် မြုပ်နှံထားဘိသကဲ့သို့ ဖြစ်နေရပြန်ပါ၏။

ကြည့်သော်....

အခု ဝေဝေရန် ဝမ်လင်းရိတ်ကိုသွားချင်သည်မှာ အချိန်တိုင်းလိုလို ဖြစ်နေသည်။

မသွားရသည့်အချိန်တိုင်း ပြည်နယ်အရေးကိစ္စတွေနှင့်သာ ရှိနေသည်။

'သူ့မှာက နားရတယ်မရှိပါဘူးရှင်၊ တော်တော်ကြာ အမှတ်ချုပ်ကြီးက ဝင်တွေ့၊ တော်တော်ကြာ မြို့စားတွေနဲ့

စကားပြော၊ တပ်မှူးတွေနဲ့လဲ ဆွေးနွေးတိုင်ပင်ရနဲ့ အချိန်ပြည့်ပါပဲရှင်၊ ဒါကြောင့် သခင်မ ဒီကိုမရောက်လာတာပါ၊ ဒါပေမယ့်လဲ သူကိုယ်တိုင် လာကိုလာဦးမယ်လို့ အမြဲပြောနေပါတယ်'

ဟူသောစကားကို အိစင်းကွမ်အမျိုးသမီးက ပြောလေသည်။

ဝမ်လင်းရိကတော့....

'ဝေဝေရန် ကျုပ်ကို အခုလောက် သတိတရနဲ့ ဂရုဏိုက်နေတာကိုပဲ ကျုပ်ကျေနပ်နေရတဲ့အကြောင်း မင်းတို့သခင်မကို ပြောပြလိုက်ပါ'

ဟု ပြောလိုက်ရသော့လည်း....

ရင်ထဲမှာက ခံစားချက်တစ်မျိုး....

'ဩော်....ဘာလိုလိုနဲ့ ခုလို နီးရက်နဲ့တောင်မှ ဝေးနေရပြီပဲ၊ ဝေးသွားခဲ့ရင်တော့ တစ်ကမ္ဘာခြားရသလို ဖြစ်ကြရတော့မှာပါကလား'

ဟူသော အတွေးများကို တွေးတော စိတ်ကူးမိုက်ပြန်ပါ၏။

သို့နှင့်....

အမှတ်မထင် သက်ပြင်းတစ်ချက်ချလိုက်သည်ဘဝ် သမ္မာ
တော်ကြီး ကျူဝှာစင်းက....

'အခုတလော တူမောင်ဝမ်လင်းရိ သက်ပြင်းချတာ မကြာ
ခဏပဲနော်'

ဟူသောစကားကို ပြောလေရကား....

ဝမ်လင်းရိမှာ ရုတ်တရက် ဘာပြန်ပြောရမည်မသိ ဖြစ်ရ
ပြန်ပါ၏။

'ဟုတ်ကဲ့၊ ဒီလိုပါပဲ ဆရာကြီးစင်းရယ်'

ဟု ဝမ်လင်းရိက ပြောရုံရှိသေးသည်။

သမားတော်ကြီး စံအိမ်ဝင်းထဲသို့ ခေးနန်းရှင်သခင်မ၏
မြင်းလေးကောင် ကသော မြင်းရထား ဝင်လာခဲ့လေသည်။

သည်မြို့တွင်သာမက သည်နယ်သည်ပယ်အနှံ့ ခေးန နှ်းရှင်
သခင်မ၏ မြင်းရထားဖြင်သည်နှင့် အထူးအရှိအသေ ပြုကာ
အထူးကြိုဆိုကြရသည် မဟုတ်ပါလား။

အလုပ်ကြီးတင် အကြောင်းကြားထားခြင်း မရှိပါဘဲ
ရောက်ချလာသောအခါ ကြိုဆိုရသူ သမားတော်ကြီးကျူဝှာ
စင်းအဖို့ အထူးကြိုဆိုခြင်းမရှိသလို ဖြစ်သွားသည်။

သည့်အတွက် သမ္မားတော်ကြီးကျူဝှာစင်း မျက်နှာပျက်
ရ၏။

သည်ကြားထဲက စံအိမ်မှူးကိုခေါ်ကာ လိုအပ်သည်များ
ကို အချိန်မီညွှန်ကြားရပါလေတော့၏။

ဝမ်လင်းရိကတော့ သမားတော်ကြီးကျူဝှာစင်း အမေး
ကို မဖြေတတ်ဘဲဖြစ်နေသူ ဖြစ်သော်လည်း ထိုအမေးကို လက်
တွေ့ အဖြေပေးခဲ့သလို ဖြစ်သွား၏။

ဝေဝေရန်မှာ ဝမ်လင်းရိနှင့် ပတ်သက်လာလေတိုင်း သူ့
ဘဝကို မေ့နေပုံရသည်။

သို့မဟုတ်....

အမှုမထားလေဟန်ရှိသည်။

အခုကြည့်....

သူမသည် သမားတော်ကြီးကျူဝှာစင်း ညှဉ်ခံကြိုဆိုနေ
သည့်ကြားက ဝမ်လင်းရိရှိရာ အခန်းဆောင်ကို အထောက်
လာသည်။

လာစဉ်မှာ လူယုံတော်အိစင်းကွမ် ပါလာသည်။

နောက် အပျိုရုန်စဉ်း....

သူတို့ကား ချင်းကျိုယူနှင့် ကျင်ကျင်။

သူတို့သည် ဝေဝေရန်၏ အချစ်တော်များ ဆိုပေမယ့် အခန်းဆောင်ရှေ့တွင်ပင် ထားခဲ့သည်။

ခြေသံကို ကြားလိုက်ကတည်းက ဝေဝေရန်ရောက်လာပြီ ဆိုတာကို ဝမ်လင်းရီ သိရှိလိုက်လေသည်။

တကယ်လည်း ဝေဝေရန်ကို တွေ့မြင်လိုက်ရချေပြီ။

ဝေဝေရန်မှာ အရင်ကလို ကျေးလက် အဝတ်အစားနှင့် ဆင်ယင်ထုံးဖွဲ့မှုမျိုး မဟုတ်တော့ပြီ။

အခု ဝေဝေရန်ကား မဟာဆန့်လှပါ၏။

ဆံပင်ကိုပင်လျှင် ထုံးဖွဲ့ထားသည်မှာ သူမ၏ဦးကင်းတွင် မကိုင်ရှ သရဖူကြီး အုပ်ဆောင်းထားသကဲ့သို့ပင် ဆံပင်ကို ကျောက်မျက်ရတနာ စီခြယ်သော ရွှေပန်းခက်ဘယက်တစ်ခု ဖြင့် အုပ်သိမ်းထားသဖြင့် အလယ်တွင်သိမ်ကာ အထက်တွင် ဆံပင်ခေါင်းပွသုံးခုတို့သည် ပန်းသီးများနှယ် ရှိနေလေ၏။

မျက်တောင်တို့သည် ဆေးကူကာ ကော့ချိနေ၏။

မျက်တောင်ကော့များ အထက်တွင် အပြာနုရောင် သန်း ထား၏။

နှာတံသည် စင်းရှိကျကာ နှုတ်ခမ်းတို့တွင် နှုတ်ခမ်းမွေး ညင်းနု ပါးပါးသည် ရိပ်ရိပ်မြေးလျက်ရှိ၏။

နှုတ်ခမ်းနှစ်လှာတို့ကား ထူးခြားသော အနီရင့်ရောင်ကို ဆောင်၍ ထိုနှုတ်ခမ်းနှစ်လှာ အပြုံးရိပ်ကြားတွင်မှ တွေ့ရ တတ်သော သွားကလေးများမှာ ပုလဲနှစ်သဖွယ် ဖွေးရှိစီတန်း နေ၏။

အဖြူရောင် ပိုးအင်္ကျီရှည်ကြီးတို့ အခြေခံထား၍ ပတ်ပြီး အပေါ်က အဝါရောင်ပိုးအင်္ကျီကို ဘယ်ဘက်ရင်ခြမ်းကို လှစ် ဟာစေလျက် ဝတ်ဆင်ထား၏။

သို့သော်လည်း အတွင်းခံအဖြူရောင်ပိုးအင်္ကျီထက်အောက် အရှည်ကို အောက်တွင်ခံ၍ ဝတ်ထားသဖြင့် အတွင်းသား များကို မမြင်နိုင်ပေ။

ခါးကျဉ်ကလေးကိုမူ အင်္ကျီမှကြိုးစများနှင့် ပုတီးကြိုးစ များ ချည်နှောင်ထားသဖြင့် မြင်နေကျ တွေ့နေကျမဟုတ်သူ များအဖို့ မျက်စိနောက်စရာလို ဖြစ်နေသည်။

ဝေဝေရန်၏ မျက်နှာကလေးနှင့် လက်ကလေးများကမူ ခုထိ ပြောင်းလဲခြင်းတစ်စုံတစ်ရာ မရှိသေးပေ။

'အစ်ကို'

လူနာတစ်ယောက်လို ခုတင်ညောင်စောင်းတွင် ခေါင်းအုံးတစ်လုံး နောက်ကျောတွင်ခုခံ၍ ခပ်မှီမှီထိုင်နေသော ဝမ်လင်းရိအနီးသို့ မရောက်သေး 'အစ်ကို' ဟု ခေါ်လိုက်ခြင်းဖြစ်သည်။

'ဩော်....ဝေဝေရန်ရယ်'

ဟု ရေရွတ်ရင်း ဝမ်လင်းရိက ထထိုင်လိုက်လေသည်။

ဝေဝေရန်က အနီးသို့ရောက်ခါမှ ပြေးလိုက်ရလေ၏။

အကြောင်းမူကား ဝမ်လင်းရိအား ဖေးကူ တွဲထူလို၍ ဖြစ်ပါ၏။

'ကျေးဇူးတင်ပါတယ် ဝေဝေရန်'

'အမယ်လေး....အစ်ကိုရယ်၊ ဒါလောက်လေးမျး ကျေးဇူးတင်ရတယ်လို့'

ဟု ပြောကာ ဝေဝေရန်က မျက်စောင်းကလေး ဝင့်ချီ၍ ကြည့်လိုက်လေ၏။

ပြီးတော့...

စကားတွေကို မပြတ်ပြောပါလေတော့သည်။

အထူးသဖြင့်ကတော့ တောင်တန်းကျားရိုင်း ဟိုပုန်းရွမ်နှင့် နတ်မိစ္ဆာဂိုဏ်းချုပ်ကြီး ချုံပိုက်ရူးတို့၏ ကျားဟိန်းသံဝား ကုံလုံဟူးအား ဝမ်လင်းရိက ကောင်းကောင်းလက်စွမ်းပြလိုက်သည့်အတွက် သူမမှာ မည်သို့သော ကျေးဇူးမျိုးကို ဆပ်ရမည်မှန်းမသိ ဖြစ်နေကြောင်း....

ဖြစ်နိုင်လျှင် ဖခင်ကြီး ဝေအောလျန်ကိုယ်စား မိမိ ကိုယ်တိုင် ပါဝင်၍ ကျုံကင်းပြည်နယ်သို့လိုက်လံကာ အရေးတော်ပုံကြီးကို ပါဝင်ဆင်နွဲလိုကြောင်း ပြောလေ၏။

'ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို ထပ်ပြီးပြောရမှာ ပါပဲ ဝေဝေရန်ရယ်'

ဝမ်လင်းရိက ဝေဝေရန်၏ မျက်လုံးကြီးကို စိမ်းစိမ်းကြည့်ပြီး ပြောလိုက်သောအခါ....

ဝေဝေရန်က ဝမ်လင်းရိ၏လက်ကို လှမ်းယူဆုပ်ကိုင် လိုက်လေသည်။

ထိုအခါ....

ဝမ်လင်းရိကပါ သူ၏ ကျန်လက်တစ်ဖက်ဖြင့် ပြန်လည်ဆုပ်ကိုင်ထားလိုက်ပြန်၏။

'ဝေဝေရန် ကျုပ်ဆီကို ဘာ့ကြောင့် လာတွေ့ရတာလဲ ဟင်....'

'ဘာရယ် အစ်ကို၊ အစ်ကို့ဆီကို ဘာကြောင့် လာရတာလဲ ဟုတ်လား၊ မေးရက်လိုက်တာ အစ်ကိုရယ်'

ဝေဝေရန်၏ အပြုံးစကလေးမျှသာမှာ မူနဝေသွေးရပြန်ပါ၏။

သည်တော့လည်း ဝမ်လင်းရိမှာ သူ၏ စကားမှားသွားလေသလား၊ သံသယစိတ်ဖြင့် တောင်းပန်ကြည့်ရပြန်၏။

ထိုအခါ....

ဝေဝေရန်က...

'အစ်ကို့ ဒဏ်ရာတွေ ဘယ်လိုနေသေးလဲ'

ဟု ကောက်ကာငင်ကာ မေးလေ၏။

ဝမ်လင်းရိ တောင်းပန်ခွင့် မရလိုက်ပေ။

'ဒဏ်ရာက မမျှားပါဘူး၊ အပေါ်ယံလောက်ပါ'

'အေးတော့ အနာရင်းပြီး ကိုက်မှာပေါ့'

'သမားတော်ကြီးစင်္ကြံရဲ့ ဆေးစွမ်းကောင်းကြောင့် ထင်သလောက် မကိုက်တော့ပါဘူး'

'အဲဒီတုန်းက အစ်ကိုက ဘာဖြစ်လို့ စီးချင်းဝင်တိုက်ရတာလဲ'

'အစ်ကို မဝင်လို့ မရတော့ဘူးလေ....ဒီမှာက အစ်ကို့မဝင်ရင် အမတ်ချုပ်ကြီးနဲ့ ဦးတော် ဝေအောလျှန်တို့ရှိတာပဲ မဟုတ်လား၊ သူတို့မတော်လို့ကျဆုံးခဲ့ရင်'

ဝေဝေရန်သက်ပြင်းကလေးချကာ ဝမ်လင်းရိစကားမဆုံးတတ်သေးခင် ဝင်ပြော၏။

'ဟုတ်ပါတယ်လေ'

ဟူ၏။

'ကျုပ်က မဖြစ်လို့ ကြားဝင်လိုက်ရတာပါ'

'ကျွန်မအတွက်လား'

'ပါတယ်လေ....အားလုံးအတွက်ပေါ့'

ချစ်သူနှစ်ဦးတို့ကား ကြည်နူး ပြုံးပျော်ရွှင်၍နေကြရလေပြီတကား။

ဖခင်ကြီး ဝေအောလျန်က သမီး ဝေဝေရန်ကို အမှာရှိသည်ကို ဝေဝေရန်သည် ဖခင်ကြီးကို လာရောက် တွေ့ဆုံခြင်း ဖြစ်သည်။

ဗဟိုစံအိမ်တော် ဝင်းအတွင်းမှာဖြစ်နေခြင်းကြောင့် လူယုံတော် အိစင်းကွမ်နှင့်အတူ သစ်ရိပ်တန်း ခြေကျင် လှမ်းလျှောက်လာခဲ့ကြသည်။

'အဖေကြီး ထူးထူးခြားခြား ခေါ်တာ ဘာကြောင့်များပါလိမ့်နော်....ကွမ်'

သစ်ရိပ်တန်းကိုအဖြတ် ဝေဝေရန်က အိစင်းကွမ်ကို ထုတ်မေးမိ၏။

အိစင်းကွမ်က....

'ကျုံကင်းကို ရဲမက်တစ်ရာနဲ့အတူ ခရီးထွက်တော့မှာမို့ သခင်မလေးကို မှာစရာရှိတာ မှာမလို့ ခေါ်တာ ဖြစ်မှာပေါ့'

အိစင်းကွမ်က တိုတိုရှင်းရှင်းပဲ ဖြေ၏။

ဝေဝေရန်ကမူ....

'ဒီကိစ္စ တစ်ခုပဲလား'

ဟု မေးလေ၏။

အိစင်းကွမ်အဖို့တော့ ဝေဝေရန်အနီးတွင် နေလာသည်မှာ ကြာပြီ၊ ဝေဝေရန်အကြိုက်ကို ဆောင်တတ်နေပေပြီ။

'နောက်တစ်ကြောင်းဆိုရင် ဦးရီးတော်ကို ခရိုင်တာဝန် ခံမှုကြီး ရာထူးကို ပြန်ပေးမယ့်ကိစ္စ ဖြစ်မှာပေါ့ သခင်မရဲ့'

အိစမ်းကွမ် ပြောမှပဲ ဝေဝေရန် လည်း ဖခင်ကြီး အကြောင်း စဉ်းစားမိတော့သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဖခင်ကြီး ဘဝအတွက် ယခင်စွန့်လွှတ်ထားခဲ့သော ခရိုင်တာဝန်ခံမှူးကြီး ရာထူးမှာ ဖခင်ကြီးအနေဖြင့် ပြန်လုပ်မလုပ် ဆန္ဒကိုဖော်ထုတ်ဖို့ လိုအပ်နေပေမည်။

'သည်ကိစ္စ...

မိမိနှင့်များ တိုင်ပင်ချင်လို့များလား ဝေဝေရန်တွေးပြီး။

တစ်လမ်းလုံး စဉ်းစားမိခဲ့သည်။

တကယ်တမ်း ဖခင်ကြီး ဝေအောလျန် ရှေ့မှောက်ရောက်သောအခါ...

ဖခင်ကြီး ဝေအောလျန်က....

'ထိုင်....သမီး'

ဟု ပြောပြီး....

'သမီး အိစင်းကွမ်ကတော့ အပြင်မှာသွားနေ၊ ဦးရီးတော်တို့ သားအဖ အရေးကြီးတဲ့ စကား ပြောစရာရှိလို့'

ဟု ပြောသည်။

အိစင်းကွမ်လည်း....

'ဟုတ်ကဲ့'

ဟု တစ်ခွန်းပြောပြီး သုတ်ခနဲ ထသွားလေတော့၏။

သည်ကတည်းက မိမိတို့ တွေးထင်ခဲ့သော အကြောင်းဖြင့် မဖြစ်တန်ကောင်းတော့ဟု ဝေဝေရန် အဖြေထုတ်လိုက်မိပြီး ဖြစ်သည်။

ဖခင်ကြီး ဝေအောလျန်သည် အိစင်းကွမ် ခန်းဆောင် အပြင်ထွက်သွားသည့် အချိန်အထိ ဘာမျှမပြောသေးဘဲ နှစ်ခေါက်သုံးခေါက်ပြန် လမ်းလျှောက်နေလေသည်။

ဖခင်ကြီး၏ မျက်နှာရိပ် မျက်နှာကဲကို ဝေဝေရန် မော့ ၍ ကြည့်ရှုအကဲခတ်၏။

ဖခင်ကြီး ဝေအောလျန်၏ မျက်နှာမှာ ညှိုးနွမ်းနေသည် မဟုတ်ပေမယ့် မကြည်မသာ ဖြစ်နေသည်။

ဘာ့ကြောင့်....

မကြည်မသာ ဖြစ်နေသလဲ ဝေဝေရန် စဉ်းစား တွေးတောနေဆဲမှာ ဖခင်ကြီး ဝေအောလျန်က....

'သမီး....ဝေဝေရန်'

ဟု စကားလုံး တစ်လုံးချင်း ခေါ်လိုက်လေ၏။

ဝေဝေရန် ခေါင်းကို အထူးမော့်ကြည့်စရာ မလိုတော့ပေ....

စောစောကတည်းက ဖခင်ကြီး ဝေအောလျန် မျက်နှာကို မော့်ကြည့်၍ အကဲခတ်နေမိသည် မဟုတ်ပါလား။

'ဟုတ်ကဲ့အဖေ ပြောပါ၊ သမီးနားထောင်နေပါတယ်'

အဖေကြီး ဝေအောလျန်က သမီးရှေ့ရှိ ထိုင်ခုံတစ်လုံးတွင် အသာအယာ ဝင်ထိုင်လိုက်ပြီး....

'သမီးကို အခု အဖေပြောတာက သမီးအနေနဲ့ ပဲပြောနေတာနော်၊ သမီးကို နန်ချမ်းပြည် နယ်စားကြီး ခားနန်းရှင် သခင်မအနေနဲ့ ပြောနေတာ မဟုတ်ဘူး'

ဟု ပြောလေရာ ဝေဝေရန်မှာ ချက်ချင်းပဲ။

'ဩော်....အဖေရယ် သမီးနားလည်ပါတယ်၊ သားသမီးတွေ ဘယ်ဘဝမျိုးတွေကိုပဲ ရောက်ရောက် သားသမီးနဲ့မိဘရဲ့ ဆက်ဆံရေးကတော့ ပြောင်းလဲလို့ မဖြစ်ပါဘူး အဖေရယ်'

'ကောင်းပါတယ်၊ သမီးမှာ ဒီအသိစိတ်ခံစားမှုကို အဖေသဘောကျပါတယ်'

'အဖေ သမီးလို ဘာပြောချင်လို့ပါလဲ'

'အဖေ သမီးမှာမျှား တစ်စုံတစ်ရာ အမှားအယွင်း ရှိနေပြီလားလို့ပါ'

သမီး ဝေဝေရန်က လေသဆော်လိုက်လေ၏။

'အဖေပြောချင်တာက တခြားမဟုတ်ဘူး'

ဟု ပြောပြီး ဖခင်ကြီး ဝေအောလျန်က သမီးမျက်နှာကို တစ်ချက် ကြည့်မိလျက်သား ဖြစ်သွားသည်။

ဒါကို သမီးဝေဝေရန်ကလည်း သိသည်။

မသိသေးရသည်မှာ ဖခင်ကြီးဘာပြောချင်တာလဲဟူတော့ အချက်ဖြစ်သည်။

သည်အချိန်မှာတော့ ဝေဝေရန် ဘာမှမပြောတဲ့ အသာငြိမ်နေ၏။

'သမီးနဲ့ ဝမ်လင်းရိတို့ရဲ့ ဆက်ဆံရေးပါ'

ဟူသော စကားကိုကြားလိုက်ရသောအခါ ဝေဝေရန် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပါတော့၏။

မျက်လုံး အဝိုင်းသားဖြင့် ကြည့်နေမိချေပြီ။

'အခုအချိန်မှာ သမီးဟာ ဟိုဟုန်းက ဝေဝေရန်ဆိုတဲ့ မိန်းကလေးတစ်ယောက် မဟုတ်တော့ဘူး ဆိုတာကို သတ်ရှိဖို့လိုတယ်ကွယ့်၊ အခုသမီးရဲ့ဘဝဟာ သမီးမျိုးနွယ်စုကြီးတစ်စုလုံးအတွက် တာဝန်ယူထားရတဲ့ အကြီးအကဲတစ်ယောက် ဖြစ်နေပြီလေ'

'သမီးဘဝကို အဖေလဲမပိုင်တော့ဘူး သမီးကိုယ်တိုင်လဲ မပိုင်တော့ဘူးဆိုတာ အမှန်ပဲ၊ သမီးဟာ လူမျိုးစု တစ်စုရဲ့ အကြီးအကဲလဲဟုတ်တယ်။ ဒေသကြီးတစ်ခုရဲ့ အကြီးအကဲ ဆိုလဲမှန်တာပဲ၊ ဒါတွေကို သမီးမေ့လို့ မဖြစ်ဘူး၊ ဓားနန်း သခင်မရဲ့ အဖြစ်ကို ခံယူစဉ်က သမီး အဓိဋ္ဌာန်ပြုခဲ့တယ် မဟုတ်လား။ ဒီတာဝန်တွေ ကျေပွန်ဖို့ဆိုတာ မနည်းဘူး သမီး အတော်ကို ကြိုးစားကာမှ တော်တန်ကာကြမှာ'

ဟု ရှည်လျားစွာ ပြောနေသည်။

ဝေဝေရန်မှာ မီမီ မနေ့က ဝမ်လင်းရိရှိရာ သမားတော်ကြီးကျူဝှာစင်းအိမ်သို့အသွား သမားတော်ကြီးက တစ်ဆင့်ထိုသတင်း ထိုအကြောင်းဖခင်ကြီး သိရှိသွားဟန်တူသည်။

'အေးလေ... ပတ်ဝန်းကျင်ဆိုတာ အများသူငါမို့ သီရှိတဲ့လူတွေကိုမှ ပိုပြီး စိတ်ဝင်စားတတ်ကြတာ မဟုတ်လား ငါဟာ ဒီနယ်ကြီးတစ်ခုလုံးမှာ အကြီးဆုံး ပုဂ္ဂိုလ်မျိုး ဖြစ်နေခဲ့ပြီပဲ၊ ဩော်....ငါ့ဘဝမှာ မလွတ်လပ်လိုက်ပါကလား။ ဟိုတုန်းကလို ပြေးဟယ် လွှားဟယ်နဲ့ လွတ်လွတ်လပ်လပ် နေခဲ့ရတဲ့ ဘဝမျိုး ပြန်နေချင်လိုက်တာ'

အတွေးစတွေ ပျံ့လွင့်သွားသဖြင့် ဝေဝေရန်မှာ ဖခင်ကြီးကိုပင် အမှတ်မဲ့ဖြစ်သွား၏။ ဖခင်ကြီး ဝေအောလျန်က သိလိုက်ဟန်တူသည်။ ထိုစ်ရာမှထကာ တစ်ဖက်သို့ လျှောက်သွားလေ၏။

'သမီးအဖေပြောတာကို သဘောပေါက်ရဲ့လား'

'သဘောပေါက်ပါတယ် အဖေ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်လဲသမီး'

'သမီးနဲ့ အစ်ကို ဝမ်လင်းရိတို့ဟာ တခြား လူတွေမှ မဟုတ်ဘဲ၊ နောက်ပြီး သူ့ဆီကတ္ကျန်မတို့သားအဖရယူထားတဲ့ အကူအညီတွေဟာ ကျွန်မတို့ ကိုယ်ရေးကိုယ်တာအတွက်ရော အခုလို ကိုယ့်ပြည်နယ်ကိုယ့် မျိုးနွယ်စုအတွက်ပါ နည်းတော့ တာမှမဟုတ်တာ အဖေရယ်'

'သူ့ကျေးဇူးတွေ အဖေတို့သားအဖအပေါ်မှာ အမှာ ကြီးရှိနေခဲ့တာကိုလဲ အဖေသိတာပါပဲ အခုလိုဓာ နတ်မိစ္ဆာတို့ ပြန်လည်ခွာကြရတဲ့အရေးမှာလဲ ဝပ်လဖိကာ.... တကယ့်ကို ရွပ်ရွပ် ချ့ချ့ ပါဝင်ဆင်နွဲခဲ့တာကိုလဲ ပေါက် တွေမြင်နေရတာပါပဲ'

'အဲဒီ ကျေးဇူးတရားတွေကို ထောက်ထားပြီး နှုတ် အစ်ကို ဝမ်လင်းရိကို ဆက်ဆံနေရတာပါ ဒီအတွက် ကျွန်မာခဲ့ အမှားအယွင်းများ ရှိနေပြီလား အဖေရယ်'

'သမီးမှာ အမှားအယွင်းမရှိပါဘူးကွယ် အမှားအယွင်း ဖြစ်သွားမှာကို စိုးလို့သာ အဖေက သတိပေးနေတာပါ။

'သမီးတို့ လူငယ်တွေ သံယောဇဉ် ကြီးခဲ့ကြတယ် ဆိုတ အကြောင်းကိုလဲ အဖေနားလည် သဘောပေါက်ထားပါ တယ်နော်'

ထိုအခါ ဖခင်ကြီး ဝေအောလျန်က လေပူသက်ပြင်း တစ်ချက် မှုတ်ထုတ်လိုက်ကာ....

'အဖေဟာ ငယ်ရာက ကြီးလာခဲ့တဲ့ လူကြီးတစ်ယောက် ဖြစ်နေပြီကွယ်၊ ဒီအကြောင်းတွေကအစဆဲကသိနေတာပဲပေါ့၊ ဘယ်လောက်သံယောဇဉ်ရှိကြတယ် ဆိုတာလဲအဖေသိပါတယ်ကွယ်၊ အဲဒီတုန်းကဆိုရင် အဖေဟာ ဒီသူငယ်မျိုးရိုးဗီဇ မည့်လှဘူး သမီးလေးနဲ့တော့ဖြင့် ဟန်ကြလေရဲ့လို့တောင် စိတ်ကူးခဲ့သေးတာပဲ မဟုတ်လား'

ဒါပေမဲ့လဲ လူ့လောကမှာ တစ်ခါတစ်ခါ ကိုယ်လုပ်ချင်ကို မဖြစ်ဘူးလေ၊ ကိုယ်လုပ်ချင်တာကတစ်မျိုး ကိုယ်လုပ်ရကြီးကျူးတစ်မျိုးတွေ ဖြစ်ကုန်ရောမဟုတ်လား'

ထိုသတင်

ဒီအကြောင်းတွေကို အမတ်ချုပ်ကြီးကမျှားပြောလိုက်

'အေား အဖေ'

ရှိတဲ့လူ

ငါဟာဝေဝေရန်က ဖခင်ကြီးစကားကိုဖောက်၍မေးလိုက်သည်။ ဖြစ်ငေ်ကြီး ဝေအောလျန် ကြောင်၍ပင် သွားလေ၏။

ဟိုဝ

နေ 'မဟုတ်ပါဘူး အမတ်ချုပ်ကြီးကို သွားပြီး မပတ်ပါနဲ့ သမီးရယ်။ ဘယ်သူကမှ ပြောခိုင်းလို့ အဖေပြောတာမဟုတ်ပါဘူး၊ သမားတော်ကြီးကလဲ ပြောတာလဲ မဟုတ်ပါဘူး မနေ့က သမားတော်ကြီး စံအိမ်ဝင်း အရှေ့ကအဖြတ် အဖေ ကိုယ်တိုင် တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့်ပါ'

ဟု ပြောလိုက်တော့မှ ဝေဝေရန် ဘာမျှ ပြန်မပြောဝံ့တော့ပဲ ငြိမ်သွားရပါလေတော့၏။

အတန်ကြာပင် ငြိမ်နေမိ၏။

'ဘဝနှစ်ခုဟာ မနီးစပ်တော့မှန်းသိရင် နီးနီးမနေကြတာဘဲ ကောင်းပါတယ်၊ သမီး သူ့မှာလဲ သူကြွယ်ကြီး တစ်ဦးရဲ့သမီး အလှပငေးမလေးတစ်ဦးနဲ့ ဖူးစာဆုံနေမှပဲကွယ်၊ သူ့အဖို့လည်း သမီးဝေဝေရန်ဟာ အနှောက်အယှက်တစ်ခုလို ဖြစ်ချင်နေမှာပါ'

ဟူသောစကားကို ပြောလိုက်သော အခါမှာကတော့ ဝေဝေရန်၏ ရင်ထဲ ကျိတ်ခဲမျိုသိပ်ထားသော ဝေဒနာမှာ ပေါက်ကွဲထွက်လာပြီထင်၏။

ဝေဝေရန်သည် နားနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့်ဖိကာ....

'တော်ပါတော့အဖေရယ် သမီးနားလည် သဘောပေါက်ပါပြီ'

ဟုသာ ပြောနိုင်ပါတော့သည်။ ဖခင်ကြီးကိုပင်လျှင် နှုတ်ဆက်ရန်မေ့ကာ အခန်းဆောင်ထဲက ခပ်သုတ်သုတ်ထွက်လာခဲ့လေသည်။

အခန်းဆောင်ဝတွင်ထိုင်၍ ငိုက်နေသော အိစင်းကွမ်မှာ ဝေဝေရန် ခပ်သုတ်သုတ် ထွက်သွားသည်ကိုပင် မသိလိုက်။

အဆောင် အစောင့်တပ်မှူးတစ်ဦးက လာ၍လက်တို့နှိုးပြီး အကျိုးအကြောင်း ပြောလိုက်တော့မှ အိစင်းကွမ်လည်း ကမူးရှူးထိုးနှင့် ထလိုက်သွားရလေတော့၏။

သို့တိုင်အောင် သူမသည် သူ့သခင်မကို မမီသေး။
'သခင်မ'
'သခင်မ'
ဝေဝေရန်ကမူ ရှေ့သို့သာ တစိုက်မတ်မတ် သွားနေပါ
တော့၏။ ။

[တဒိယ * စဘုတ္ထတွဲ ပြီးပါပြီ]

(ပဋ္ဌမတွဲ - ဇာဆိသိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်)

မောင်နှင်းဆွေ